
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၁၀၀/၂၀၀၀ ( ၂ ) ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၃၂၁/၂၀၀၀ ( ၆ ) ]

●

မျက်နှာဖုံး
စောမင်းဝေ

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
ဒီဇင်ဘာ၊ ၂၀၀၀

---

စာအုပ်ချုပ်
ကိုမြင့်

●

ဒေါ်ရွှေအိမ်(ဝ၁၂၉၉)၊ တိုင်းလင်းစာပေတိုက်
အမှတ် ၃၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း
အင်းစိန်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြ ဝ၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

# အဏ္ဏဝါစိုးမိုး

## ဒုက္ခရယ ဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏ အမှာစာ | - |
| ၁။ | သတင်းစာအဟောင်းနှင့် မီးချောင်းအကျွမ်း | ၂ |
| ၂။ | လာမကြောနဲ့ မောသွားမယ် | ၁၆ |
| ၃။ | ချစ်တာကို ရှက်စရာ မထင်လိုက်ပါနဲ့ | ၂၈ |
| ၄။ | ကိန္နရာ သမုဒ္ဒရာခြားသည့်နှယ် | ၄၄ |
| ၅။ | ချောင်းကိုပစ်တဲ့ ချစ်သမီးငယ် | ၆၂ |
| ၆။ | အမေရိကမှ သာကေတ အိပ်မက် | ၇၄ |
| ၇။ | စူပါစတီးနှင့်ညားသော စူပါစတား၏ ဓားဝေဒနာ | ၉၀ |
| ၈။ | ပေါ်ပြန့်လည်း မသက်သာ | ၁၀၆ |
| ၉။ | သေခန်းပြတ် ကုထုံး | ၁၂၂ |
| ၁၀။ | ချစ်ရှိခေါ်ရာ | ၁၃၈ |
| ၁၁။ | ရမ်ဘိုပါးစပ်နှင့် မီးယပ်သွေးဆုံး | ၁၅၀ |
| ၁၂။ | ဒိုင်ပွဲရပ်အချစ် | ၁၅၈ |
| ၁၃။ | သိုက်နန်းသို့အပြန် | ၁၇၂ |
| ၁၄။ | တို့အဖြစ်က နင့်ထက်ဆိုးတယ် | ၁၈၆ |
| ၁၅။ | ငါးသောင်းတန် ပက်ပ်စီ ကိုလာအိပ်မက် | ၁၉၈ |
| ၁၆။ | ဆရာတစ်ယောက် နောက်ထပ်တိုးခြင်း | ၂၀၆ |
| ၁၇။ | ပါရမီဖြည့်ဖက် အလိုရှိသည် | ၂၁၄ |
| -။ | စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ် | ၂၂၆ |






BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

ကျွန်တော် အဏ္ဏဝါစိုးမိုးသည် ယောက်ျား ဖြစ်ပါသည်။ ယောက်ျားဖြစ်၍ စာမရေးတတ်သော်လည်း အရက်ကိုကောင်းစွာ သောက်တတ်ပါသည်။ အရက်သောက်ရင်းမှ သောက်ဖော် စားဖက်တွေ မြှောက်ပေး၍ လမ်းစရပြီး စာရေးဆရာ ဖြစ်လာသူတွေထဲမှာ ကျွန်တော် အဏ္ဏဝါစိုးမိုးလည်း ပါသည်။

ဆယ့်ငါးနှစ်သားအရွယ်မှစ၍ စာရေးခဲ့သော်လည်း လစဉ်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ရေးသားရန် ဆန္ဒနှင့် ရည်မှန်းချက် လုံးဝမရှိခဲ့ပါ။ ဆယ့်ငါးနှစ်သားအရွယ်တွင် ရေးခဲ့သောစာများမှာ ဘုန်းကြီးကျောင်းတွင် အတူနေသော ကျောင်းသားကြီးများအတွက် ရည်းစားစာများ ရေးပေးရခြင်း၊ ရွာက ဘုံကထိန်၊ ရဟန်းခံရှင်ပြု အလှူမင်္ဂလာဖိတ်စာများကို ဆရာတော်ဘုရားရေးခိုင်း၍ ကာရန် နဘေများညှပ်ပြီး ရေးစပ်ခဲ့ရခြင်းများကို ဆိုလိုပါသည်။

၁၉၅၈ ခုနှစ် အသက် ၁၆ နှစ်သား အရွယ်တွင် ရန်ကုန်မြို့သို့ ရောက်လာပြီး နောက် နှစ်ပေါင်းသုံးဆယ် လောက်ဘဝမျိုးစုံကို ကျင်လည်ပြီးသောအခါ စာရေးစရာ အကြောင်းအရာတွေ အများကြီးကို မြင်တွေ့ကြားသိရခဲ့ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေနဲ့ ဆက်စပ်နေသော အကြောင်းအရာ၊ အဖြစ်အပျက်မျိုးစုံတို့ကို စာရေးတတ်သူများကို ပြောပြ၍ ရေးစေခဲ့ပါသည်။

၁၉၈၀ ခုနှစ် ဝန်းကျင်ကာလများသို့ ရောက်လာသောအခါ သောက်ဖော်စားဖက် စာရေးဆရာနှစ်ယောက်သည် စစ်ပြန်မဂ္ဂဇင်းတွင် အယ်ဒီတာတွေ ဖြစ်လာကြပါသည်။ ဆရာနန္ဒမိတ်နှင့် အောင်သာမိုးတို့ ဖြစ်ပါသည်။ ဆရာနန္ဒမိတ်သည် သံတွဲမြို့သားဖြစ်၍ ကျွန်တော်နှင့် ရပ်ဆွေရပ်မျိုးဖြစ်သလို အောင်သာမိုးသည် တစ်ရွာတည်းသား ငယ်သူငယ်ချင်းဖြစ်သည်။ ရပ်ဆွေရပ်မျိုး စာရေးဆရာနှင့် သူငယ်ချင်း စာရေးဆရာ တို့နဲ့ အတူတွဲပြီး အရက်သောက်ရာမှ တစ်နေ့တွင် နန္ဒမိတ်က

'မင်း စာရေးပါလားကွ၊ မင်း စာရေးရင် ဖြစ်မယ်'

'စာရေးတယ်ဆိုတာ လွယ်တဲ့အလုပ်မှ မဟုတ်တာ၊ ပါရမီရှိမှ ဖြစ်တာ'

'မင်းမှာ ပါရမီရှိတာ ငါသိတယ်၊ ရှိတဲ့ ပါရမီကို ဒီအတိုင်းထားရင် ဒီအတိုင်းပဲ နေမှာပဲ၊ လေ့ကျင့်မှုနဲ့ ပေါင်းစပ်ပေးမှ လိုရာ ခရီးကို ရောက်တယ်'

ကျွန်တော့်ကို စာရေးချင်အောင်တိုက်တွန်းသော ဆရာနန္ဒမိတ်၏ စကားတွေက စိတ်ဝင်စားစရာ ကောင်းသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် ဖြည့်ဆည်းလာခဲ့သော ပါရမီတော်တွေကိုတောင် ဒီအတိုင်းထားရင် ဘုရားဖြစ်မှာ မဟုတ်ဟု ဆိုသည်။ ပတ်ဝန်းကျင်၏ စေ့ဆော်မှုကြောင့် လေ့ကျင့်မှုနဲ့ ပေါင်းစပ်လိုက်သောအခါ ဘုရားအဖြစ်ကို ရရှိသွားခဲ့သည်ဟု ဆိုပါသည်။

ပါရမီတော် အရင့်အမာရှိသော ဗုဒ္ဓလောင်းလျာသည် နိမိတ်ကြီးလေးပါးတည်းဟူသော ပတ်ဝန်းကျင် စေ့ဆော်မှုကြောင့် တောထွက်ပြီး ခြောက်နှစ်ကြာအောင် လေ့ကျင့်လိုက်သောအခါ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီး ဘုရားဖြစ်တော် မူခဲ့လေသည်။ ဤတွင် ပါရမီရယ်၊ ပတ်ဝန်းကျင် စေ့ဆော်မှုရယ် ပေါင်းစပ်လျှင် ဘုရားတောင် ဖြစ်နိုင်သည်ဟူသော အသိတစ်ခုကို ကျွန်တော် ရလိုက်ပါသည်။

ကျွန်တော့်တွင် စာရေးဆရာဖြစ်ရန် ပါရမီရှိသည် မရှိသည်ကို ကျွန်တော် မသိပါ။ အရက်သောက်လျှင် စကားမပြောဘဲ သူများတွေပြောတာကို နားထောင်နေတတ်သူ ဆရာနန္ဒမိတ်ကတော့ ကျွန်တော့်မှာ စာရေးဆရာဖြစ်ရန် ပါရမီရှိသည်ဟု အရက်သောက်ရင်း ပြောခဲ့ပါသည်။ ဆရာနန္ဒမိတ်နှင့် အောင်သာမိုးဆိုသော ပတ်ဝန်းကျင်တို့က ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၂ ခုနှစ်တွင် သင်္ဘောသားဘဝဖြင့် နိုင်ငံခြားသို့ ရောက်သွားသဖြင့် သင်္ဘောသားလောကမှ ပြောပြချင်စရာကောင်းသည့် အကြောင်းအရာလေးများကို ရေးပြီး မဂ္ဂဇင်းတိုက်များသို့ ပို့ခဲ့သည်။ ၁၉၈၀ ခုနှစ်မှစ၍ ၁၅ နှစ် ကာလအတွင်းမှာ အကြောင်းအရာမျိုးစုံ ရေးထားသည့် ဝတ္ထုတို၊ ဆောင်းပါး ပုဒ်ရေ ၈၀ ကျော် ဖော်ပြခြင်း ခံခဲ့ရပါသည်။ အယ်ဒီတာ ဆရာတွေက ကြိုက်ပါလျက် အကြောင်း အမျိုးမျိုးကြောင့် ပယ်ထားသော စာမူလေးများလည်း သိမ်းဆည်းထားတာ ရှိပါသည်။

ကျွန်တော်သည် စာရေးနည်း အတတ်ပညာနှင့် စာရေးဆရာတစ်ယောက်တွင်ရှိအပ်သော အရည်အချင်းတွေကို မသိဘဲ စာရေးနေခြင်းဖြစ်ပါသည်။ ရေးချင်သည့် အကြောင်းအရာတွေကို နားထောင်သူအား ပြောပြနေသလို စိတ်ထဲမှာပေါ်လာသည့်အတိုင်း စီတန်းပြီး ချရေးနေခြင်းဖြစ်ပါသည်။ စာဖတ်သူ နားလည်ပြီး ခံစားနိုင်စေရန်သာ အတတ်နိုင်ဆုံးကြိုးစား တင်ပြလေ့ ရှိပါသည်။ ဖြုတ်စိုရိုက်ရား လေးပါး အပေါ်တွင်အခြေခံ၍ စာပေရသ ကိုးပါးတွင် တစ်ပါးပါးဖြင့် စာဖတ်သူ ခံစားနိုင်အောင် စေတနာထားပြီး ရေးသားပါသည်။

ဆရာ အောင်သင်း ကတော့ ၁၉၉၀ ခုနှစ် မတ်လထုတ် နှင့် ၁၉၉၁ ခုနှစ် ဇန်နဝါရီလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွေမှာ ကျွန်တော့်ဝတ္ထုလေးတွေကို ကြိုက်ကြောင်း ရေးသားဖူးပါသည်။ ဆရာ အောင်သင်းလို ပုဂ္ဂိုလ်ကြီးက ချီးမွမ်းတော့ ကျွန်တော် လန့်၍ သွားပါသည်။ ငါတကယ်တော် တကယ်တတ်အောင် ကြိုးစားရတော့မည်ဟု နားလည်လိုက်ပါသည်။ အိမ်ယောင်ဝါးဘဝနဲ့ ကံကောင်းမြောင်းတည့်ပြီး အဆင်ချောနေတာကို အတွင်းကျကျ မသိသည့် ဆရာက ချီးကျူးလိုက်သောကြောင့် ငါးပါးသီလတောင် မပေးတတ်ဘဲ တရားဟော ပလ္လင်ပေါ် တက်ထိုင်မိသည့် ဓမ္မကထိကလို ကြက်သီးမွေးညှင်းထသွားခြင်း ဖြစ်ပါသည်။

စာရေးတတ်သည်ဖြစ်စေ၊ မရေးတတ်သည်ဖြစ်စေ ကျွန်တော်ရေးသည့်စာတွေကို မဂ္ဂဇင်းစာစောင်တွေက ပုံနှိပ် ဖော်ပြပေးနေသောအခါ စိတ်ပါ တက်ကြွလာပြီး ဝါသနာ၏ စေ့ဆော်မှုကြောင့် စာတွေအဆက်မပြတ် ရေးနေရခြင်းဖြစ်သည်။ ကျွန်တော့်စာများသည် ပညာပေးခြင်း၊ လမ်းညွှန်ခြင်း၊ ထောက်ပြခြင်း၊ ဟောကိန်း ထုတ်ခြင်းများ မဟုတ်၍ ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် စေတနာများ မှုန်ဝါးဝါး ဖြစ်နေတာကို

စာရေးရန် စေ့ဆော်နေလေပြီ။ ကျွန်တော့်ဘက်က လေ့ကျင့်ရန်သာလိုတော့သည်ဟု နားလည်လိုက်ပါသည်။

'ကျွန်တော် စာရေးတော့ ဘယ်သူက သုံးမှာလဲ'

'ငါ့ကိုပေး ငါ သုံးမယ်'

ဒီလိုနဲ့ စာရေးဖြစ်သွားသည်။ အရက်သောက်ရင်း စာရေးချင်စိတ်ပေါက်လာသူ ဖြစ်၍ ရေးသည့် အကြောင်းကလည်း အရက်သမားအကြောင်းပင် ဖြစ်သွားပါသည်။ အရက်သမား တစ်ယောက် အကြောင်းတစ်ပုဒ်နှင့် အခြားအကြောင်း နှစ်ပုဒ်၊ စုစုပေါင်း ဝတ္ထုတို သုံးပုဒ်ဆက်တိုက်ရေးပြီး စစ်ပြန် မဂ္ဂဇင်းတိုက်ကို ပို့ခဲ့ပါသည်။

၁။ သတင်းစာအဟောင်းနှင့် မီးချောင်းအကျွမ်း

၂။ စစ်ပြန်ကြီး

၃။ ဗိုလ်ချုပ်ကြီးနှင့် မင်းသမီးလင်တို့ ဖြစ်ပါသည်။

၁၉၈၀ ခုနှစ် ဝန်းကျင်ကာလ၏ စာပေလောက အကြောင်းနှင့် ခေတ်စနစ် အခြေအနေတွေကို ဘာမှ မသိ နားမလည်ဘဲ ရေးချင်တာတွေကို လွတ်လွတ်လပ်လပ်ရေးပြီး ပေးလိုက်သည့် အထက်ပါ ဝတ္ထုတိုသုံးပုဒ်အနက် နှစ်ပုဒ် အရွေးခံရသည်။

အရွေးခံရသည့် နှစ်ပုဒ်အနက်မှ တစ်ပုဒ်၏ ဝတ္ထု နာမည်ကို ပြောင်းလိုက်ပါသည်။ ဝတ္ထုနာမည် ပြောင်းတာလောက်တော့ သိပ်သဘောတူတာပေါ့။ အရွေးခံရတာကိုပဲ ဝမ်းသာလှပါပြီ။ မိမိရေးသည့် ဝတ္ထုတိုနှစ်ပုဒ်ကို မကြာမီကာလမှာ ပုံနှိပ်စာလုံးတွေနဲ့ မြင်တွေ့ရတော့မည်ဆိုသည့် အတွေးဖြင့် မဂ္ဂဇင်း အထွက်ကို မျှော်ရင်း တစ်နှစ်လောက် အိပ်မပျော် ဖြစ်နေခဲ့ရသည်။ ၁၉၈၀ ခုနှစ်က အရွေးခံထားရသည့် ဝတ္ထုတိုနှစ်ပုဒ်သည် ၁၉၈၂ ခုနှစ်မှာ တစ်ပုဒ်၊ ၁၉၈၃ ခုနှစ်မှာ တစ်ပုဒ် မဂ္ဂဇင်းမှာ ဖော်ပြခြင်းခံရသည်။ စောင့်လိုက်ရတာ လည်ပင်းအတော်ရှည်သွားသည်။

အဲဒီ နှစ်ပုဒ်ကို မဂ္ဂဇင်းမှာ ဖော်ပြခြင်းခံရတယ်ဆိုရင်ပဲ စိတ်ဓာတ်တွေ တက်ကြွပြီး ဝတ္ထုတို မျိုးစုံကို ရေးတော့သည်။ မဂ္ဂဇင်းတိုက် မျိုးစုံသို့ ပို့တော့သည်။ ကလောင်သစ်မို့ ဖတ်တောင် မကြည့်သော မဂ္ဂဇင်းတွေက ပယ်ကြသော်လည်း ဖတ်ကြည့်ဖော်ရသည့် မဂ္ဂဇင်းတွေက ရွေးကြသဖြင့် စစ်ပြန်၊ စန္ဒာ၊ စာပေလုပ်သား၊ လုံ လေး မဂ္ဂဇင်းများတွင် ခပ်စိပ်စိပ် ဖော်ပြခြင်းခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

သတိထားမိလိုက်ပါသည်။ ရဲရဲဝံ့ဝံ့ ပြောရဲတာ တစ်ခုတော့ ရှိပါသည်။ ကျွန်တော့်စာတွေကို ဖတ်ပြီး ကျွန်တော်ခံစားသလို ခံစားစေချင်သည့် ဆန္ဒ၊ ကျွန်တော့်ရင်ထဲမှာ အမြဲရှိနေခြင်းပင် ဖြစ်ပါသည်။

ဝတ္ထု၊ ဆောင်းပါး ပုဒ်ရေ အနည်းငယ် များလာသောအခါ ဆရာလင်းယုန်မောင်မောင်၊ ဆရာမောင်ပေါ်ထွန်း၊ ဆရာမာလတ် (သောင်းပြောင်း) တို့က ဝတ္ထုတိုပေါင်းချုပ် ထုတ်ပါလားဟု အကြံပေးဖူးကြသည်။ ကျွန်တော့် စာတွေကို ကြိုက်၍သော်လည်းကောင်း၊ စာဖတ်သူများလည်း ကြိုက်နှစ်သက်လိမ့်မည် ထင်၍ လည်းကောင်း အကြံပေးကြတာ ဖြစ်ဖွယ်ရှိသည်။ စာပေလောကအကြောင်း၊ စာအုပ်ထုတ်ဝေရေး အကြောင်းတွေကို ဘာမှ မသိ နားမလည်သော ကျွန်တော်က ဘာမှ မတုန့်ပြန်ဘဲ မေ့မေ့ပျောက်ပျောက် နေခဲ့ပါသည်။

ကျွန်တော်တို့မြို့သား စာရေးဆရာ ဒေါက်တာဖေမြင့်နှင့် ပတ်သက်ပြီး သိကျွမ်းခွင့်ရသော စာပေလောက ကိုမျိုးညွန့်နှင့် တွေ့တော့မှ ကျွန်တော့် ဝတ္ထုတိုတွေ ပေါင်းချုပ်ထုတ်ရေး ကိစ္စပြတ်တော့သည်။

အဖြစ်အပျက်တစ်ခု၊ အကြောင်းအရာတစ်ခု၊ မြင်ကွင်းတစ်ခုကြောင့် ကျွန်တော့်ရင့်ကို လှုပ်ခတ်သွားသောအခါ ရသ တစ်မျိုးမျိုးပါသည့် ဝတ္ထုတိုလေးတစ်ပုဒ်ကို ချရေးလေ့ ရှိပါသည်။ ကျွန်တော့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်မြင်တွေ့ရသော အကြောင်းအရာ အဖြစ်အပျက်တို့သည် ဒုက္ခဝေဒနာ နှင့် ဆက်စပ် ရောယှက် နေတတ်ပြန်သဖြင့် 'ဒုက္ခရသ' ဝတ္ထုတိုများဟု အမည်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

ရင်ထဲမှာ လှုပ်ခတ် ဖြစ်ပေါ်လာသည့် ခံစားမှု ဝေဒနာတွေကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ချရေးထားသည့် ပင်ကိုရေး ဝတ္ထုတိုလေးတွေဖြစ်၍ စောစောက ပြောခဲ့သလို အပျင်းပြေသဘောမျိုးပင်ဖြစ်စေ ဖတ်ကြည့်ပြီး ထောက်ပြ ဝေဖန် အကြံပြုမည်ဆိုပါက ကျေးဇူး အထူးတင်ပါမည်။

စာပေ ပညာရှင်များ၊ စာပေ ဝါသနာရှင်များနှင့် စာဖတ်ပရိသတ်အားလုံးကို အထူးလေးစားစွာဖြင့်။

အဏ္ဏဝါစိုးမိုး

# ဒုက္ခရသ ဝတ္ထုတိုများ

အဏ္ဏဝါစိုးမိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




# သတင်းစာအဟောင်းနှင့် မီးချောင်းအကျွမ်း

ဘိုင်ပြတ်နေ၍ အလွန်ကြိုက်တတ်သော အဖြူဆိုင်နား မကပ်နိုင်သည်မှာ ကြာပေပြီ။ သည်နေ့တော့ ရုံးမှာ လက်နှိပ်စက်စာရေးမ မတင်မြထံမှ လခထုတ်ပေးဖြင့် အစိတ်တန်လေး တစ်ရွက် ရထားသည်။ လခထုတ်သည့်နေ့တွင် နှစ်ဆယ့် ခုနစ်ကျပ်ခွဲ ပြန်ပေးရမည် ဖြစ်သည်။ ရုံးမှ အိမ်အပြန် ပုဇွန်တောင် ပန်းခြံထောင့် ဆိုင်မှာ အမြည်းကောင်းကောင်းဖြင့် ခုနစ်ပက်လောက်တော့ ချလိုက်တော့မည်ဟု စိတ်ကူးထားသည်။

နံနက် အိမ်မှ ထွက်လာစဉ်က အိမ်ရှင်မ၏ ညည်းညူသံကို ကြားခဲ့ရသည်။ လကုန်ရန် ဆယ်ရက်ခန့် လိုသေးသည်။ အိမ်မှာ ပိုက်ဆံပြတ်ပြီဟု သိရသည်။ သတင်းစာ အဟောင်းများနှင့် လေးပေ မီးချောင်းအကျွမ်း နှစ်ချောင်းကို ရောင်းလျှင် တစ်ဆယ်ခန့်တော့ ရနိုင်သည်ဟု ပြောသည်။ သူ့ဟာသူ ဖြစ်သလို ကြံဖန်လိမ့်မည်။ မတင်မြထံမှ ချေးထားသည့် နှစ်ဆယ့်ငါးကျပ်ကို လျှို့ထားရမည်။ မလွှဲမရှောင်သာ လိုအပ်မှ အိမ်ရှင်မကို ပေးမည်။ သည်နေ့ အရက်ချပြီး အကျန်ကို နက်ဖြန်အတွက် မှတ်ပုံတင်ကတ်ပြား၏ အတွင်းခေါက်ထဲမှာ ညှပ်၍ ကပ်ထားရမည်။ ဒါမှ အိတ်နှိုက်တတ်သော အိမ်ကဟာမ၏ အန္တရာယ်မှ ကင်းလွတ်မည်။

ညနေလေးနာရီခွဲသည်နှင့် အချိန်ပို မဆင်းတော့ဘဲ တစ်ချိုးတည်း သုတ်ခြေတင် လာခဲ့သည်။ သာကေတရှိ ကျွန်တော့် အိမ်နားက ဆိုင်တွင် သောက်လျှင် အသိ မိတ်ဆွေနှင့် တိုးနေမှာစိုး၍ ပုဇွန်တောင်ဆိုင်မှာပဲသောက်ပြီး ခရီးဆက်မည်ဟု စိတ်ကူးသည်။ ပန်းခြံထောင့် မှတ်တိုင်မှာ ဆင်းလိုက်သည်။



အရက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့ပလက်ဖောင်းပေါ်မှ ဖိနပ်အဟောင်း ရောင်းဝယ်သူများ၊ အင်္ကျီ လုံချည်အဟောင်း အရောင်းအဝယ် ဖြစ်တော့မလို့ ဈေးဆစ်နေသူများ၊ ပစ္စည်းပြနေသူများ၊ ကပ်တီးမှူးလဲလုပ်ရန် မျက်နှာသိ စောင့်နေသူများကို တိုးဝှေ့၍ အမြည်းဆိုင် တန်းကြီးရှိရာ သံဆူးကြိုးဝင်းထဲ ဝင်လာခဲ့သည်။ အမြည်းကောင်းကောင်း သန့်သန့်ရနိုင်ပြီး လူရှင်းသည့်ဆိုင်ကို ရှာဖွေနေစဉ်

'ဟေ့ ကိုလှမောင်'

ဗလုံးဗထွေး လေးတွဲ့တွဲ့ အသံကြီးဖြင့် ကျွန်တော့်နာမည်ခေါ်သံ ကြားလိုက်ရသည်။ အသိနှင့်တွေ့မှာ ကြောက်ပါတယ်ဆိုမှ ပီပီသသ ကြားလိုက်ရသော အနီးအနားမှ ခေါ်သံကြောင့် လှည့်မကြည့်ချင်ဘဲ ကြည့်လိုက်ရသည်။

'ဟာ'

ကျွန်တော့်ပါးစပ်မှ 'ဟာ'ခနဲ အသံမြည်သွားအောင်ပင် အံ့ဩသွားပါသည်။ အရက်သောက်နေသော ကိုမြအေးကို မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

'ဘယ်လိုဖြစ်တာလဲ ဆရာကြီးရဲ့'

ကိုမြအေးတစ်ယောက် အရက်ပြန်သောက်နေတာ တွေ့ခဲ့ပါတယ်လို့ သူများလာပြောလျှင် ကျွန်တော် ဘယ်လိုမှ ယုံမည်မဟုတ်။ အခုတော့ ကျွန်တော့်မျက်စိကိုပင် ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားရတော့သည်။ ရေချိန်ကိုက်စ ပြုနေပြီဖြစ်သော ကိုမြအေးကို မယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်၍ ဘယ်လိုဖြစ်တာလဲဟု မေးလိုက်ရခြင်း ဖြစ်သည်။

'ကြားတဲ့အတိုင်းပဲလေဗျာ၊ ကြားတဲ့အတိုင်းဆိုတော့ အခုလို မြင်တဲ့အတိုင်း ဖြစ်သွားတာပေါ့ဗျာ၊ ဟား ဟား လာ ထိုင်ဗျာ'



သူ့ဘေးနားမှ လွတ်နေသော ခွေးခြေအနိမ့်လေးပေါ်တွင် ဝင်ထိုင်ရသည်။ ခုနစ်ကျပ် ပြားနှစ်ဆယ်တန် အကြီးတစ်လုံးကို တစ်ယောက်တည်း ဖြိုနေဟန်တူသည်။ ဆယ့်ငါးပက်ဆံ့သော ဘီယာပုလင်းကြီးတွင် လက်လေးလုံးခန့်သာ ကျန်တော့သည်။ အမြည်းရောင်းသည့် မိန်းကလေးထံမှ ဖန်ခွက်တစ်လုံးတောင်း၍ ကျွန်တော့်အတွက် ပြည့်ပြည့်တစ်ခွက် ငှဲ့ထည့်လိုက်ပြီး

'ကဲ ချဗျာ၊ ကျွန်တော့်မှာ ပါတာတော့ ကုန်ပြီ၊ ခင်ဗျားမှာ ပါရင်တော့ ဆက်လုပ်ရအောင်၊ ဟဲ ဟဲ'

'ရပါတယ်ဗျာ'

အတိုးဖြင့် ချေးလာသော အစိတ်တန်တစ်ရွက် အားကိုးဖြင့် ရပါတယ်ဟု ပြောလိုက်ရသော်လည်း အသံနည်းနည်းတုန်သွားသည်ဟု ထင်လိုက်ရသည်။

ကိုမြအေး ထည့်ပေးထားသော ကျွန်တော့်ခွက်ထဲမှ အရက်မှာ နည်းနည်းများနေ၍ ရေရောလိုက်သောအခါ ဖန်ခွက်ပြည့်သွားသည်။ ကျွန်တော့် အလေ့အထအတိုင်း 'ဖတ်စ်ကပ်' ခေါ် ပထမ တစ်ခွက်ကို တစ်ချိုတည်း မော့လေ့ရှိသော်လည်း နှစ်ခါနား၍ မော့လိုက်ရသည်။ အောင့်နေသော ဗိုက်မှာ ထွေးထွေးနွေးနွေး ဖြစ်သွားပြီး ငါးရှဉ့်ကြော်လေး နည်းနည်း ဝါးလိုက်တော့မှ နေသာထိုင်သာ ဖြစ်သွားသည်။

ကိုမြအေးဆိုတာက လူငယ့်ရေးရာညကျောင်းမှာ ကျွန်တော်နှင့် တစ်ခုံတည်း ထိုင်ခဲ့သော ကျောင်းနေဖက် သူငယ်ချင်းမျှသာ ဖြစ်သော်လည်း ဝါသနာတူ စရိုက်တူချင်းမို့ တစ်ကိုယ်ရေ တစ်ကာယ ကိုမြအေး တစ်ယောက် ကျွန်တော့်အိမ်ပေါ်သို့ ရောက်ခဲ့ရသည်။

အထက်တန်းစာရေး ကိုမြအေးက ထမင်းလခ တစ်ရာ့ငါးဆယ် ပေးသောကြောင့် ကျွန်တော့်ဇနီး မခင်မူက ကြည်ကြည်ဖြူဖြူပင်

www.burmeseclassic.com

www.burmeseclassic.com



လက်ခံ ကျွေးမွေးခဲ့ပါသည်။

လူပျိုကြီး ကိုမြအေးနှင့် ကလေးအဖေ ကျွန်တော်တို့ ညနေတိုင်း လိုလို ယစ်ရွှေရည်ကလေး တမြမြ လုပ်ခဲ့ကြသည်။ ကျွန်တော်ကမှ ဘိုင်ကျလျှင် ကြွေရသေးသည်။ ကိုမြအေးတစ်ယောက်ကတော့ မသောက်ရလျှင် မနေနိုင်လောက်အောင် ဖြစ်လာသည်။ နေ့စဉ် သောက်နိုင်အောင်လည်း ကိုမြအေးက အကြံအဖန်ကောင်းသူ ဖြစ်သည်။

ကိုမြအေး ကျွန်တော့်အိမ်ပေါ်ရောက်ပြီး တစ်နှစ်လောက်အကြာ မှာတော့ လူပျိုကြီး သုံးဆယ်ကျော် ကံပေါ်သည်ဟု ပြောရမလား၊ ကံဆိုးသည်ဟု ဆိုရမလား မပြောတတ်။ သူ့ရုံးမှ စာရေးမ မေမေခင်နှင့် လူမသိရှင်မကြား အသံချဲ့စက်ဖွင့်သံတောင် မကြားလိုက်ရဘဲ တရား သူကြီးကို လက်ဖက်ရည်တိုက်၍ လက်ထပ်လိုက်ကြသည်။ နောက်နေ့မှ စ၍ ကိုမြအေး ကျွန်တော့်အိမ်မှ ပြောင်းရွှေ့သွားခဲ့သည်။

မင်္ဂလာသတင်းစကားကတော့ အမျိုးမျိုး ကြားလိုက်ရသည်။ လှည်းကျိုး ဝင်ထမ်းရသည်ဟူ၍ လည်းကောင်း၊ အချဉ်ဖမ်းခံရသည် ဟူ၍ လည်းကောင်း အပေါင်းအသင်းတွေ ပြောနေသံကြားရသည်။ ဘယ်သူတွေ ဘာပြောပြော ကိုမြအေးတစ်ယောက်ကတော့ သောက်ဖော် စားဖက်တွေကို ရှောင်ကြဉ်၍ မေမေခင်၏ ရင်ခွင်မှာ ထာဝစဉ် ခိုလှုံ သွားခဲ့လေသည်။

ကျွန်တော့်အိမ်မှ ပြောင်းသွားပြီး တောင်ဥက္ကလာမှာ အိမ်ငှားနေ ကြသလိုလို၊ အင်းစိန် ဖော့ကန်မှာပဲ အိမ်ဝယ်လိုက်သလိုလို ကြားလိုက် ရပြီးကတည်းက တစ်နှစ်လောက် အဆက်အသွယ် ပြတ်သွားတော့သည်။

သို့သော် အပေါင်းအသင်းတွေဆီမှတစ်ဆင့် သူ့သတင်းလေး များကို တစ်စွန်းတစ်စ ကြားနေရသည်။ လင်မယားနှစ်ယောက်လုံး အလုပ်မှ ထွက်သွားကြပြီဟူ၍လည်းကောင်း၊ ကြီးပွားနေကြပြီဟူ၍



လည်းကောင်း၊ မေမေခင်က ဗေဒင်လက္ခဏာဆရာ လုပ်နေသည်ဟူ၍ လည်းကောင်း၊ ကိုမြအေးတစ်ယောက် သမထပေါက်သွား၍ အရက် မသောက်တော့ဘူးဟူ၍လည်းကောင်း ဝမ်းသာစရာ သတင်းစကား လေးတွေကိုလည်း ကြားရသည်။

ယမန်နှစ် သင်္ကြန်မကျမီ တစ်လလောက်ကတော့ ကျွန်တော့်နှမ တစ်ယောက်၏သား ရှင်ပြုမှဖိတ်၍ ကျိုက်ကလို့ ဘုရားသို့ သွားခဲ့သည်။ အဲသည်မှာ မမျှော်လင့်ဘဲ ကိုမြအေးတို့ ဇနီးမောင်နှံနှင့် ပြန်လည်ဆုံတွေ့ ခဲ့ရသည်။ သို့သော် ကိုမြအေးကို စကားပြောခွင့်မရခဲ့။ ကိုမြအေး မှာ 'ဝစီပိတ်အဓိဋ္ဌာန်' ဝင်နေသည်ဟု ဆိုသည်။ အဓိဋ္ဌာန်ရက် မပြည့်မီ မည်သူနှင့်မှ စကားမပြောရဟု ဒေါ်မေမေခင်က ရှင်းပြသည်။ မူးဖော် သောက်ဖက်ကြီး အဓိဋ္ဌာန်ဝင်နေသည်ကို တွေ့နေရလေတော့ ဦးချရမှာ လည်း အခက်၊ မျက်နှာချင်းဆိုင် ထိုင်နေရပါလျက် စကားမပြောဘဲ မျက်လုံးကြီးပြူးပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်နေရ၍ ရယ်ချင်လာသဖြင့် ဆရာမ မေမေခင်ကို နှုတ်ဆက်ပြီး ထလစ်ခဲ့ရပါတော့ သည်။ ကိုမြအေးနှင့် မေမေခင်တို့ကို အများက ဆရာ၊ ဆရာမဟု ဝိသေသပြု၍ ခေါ်ပြောသံ ကြားခဲ့ရသည်။

တစ်လောကတော့ ပပဝင်းရုံ နှစ်ကျပ်ခွဲတန်းမှာ တန်းစီနေတုန်း ကိုမြအေးတို့ရုံးမှ စာရေးတစ်ယောက်နှင့်တွေ့၍ သူတို့အကြောင်းကို မေးကြည့်မိရာ ကိုမြအေးနှင့် မေမေခင်တို့ ကွဲသွားကြပြီဟု ဆိုသည်။ သူတို့ ကိုးကွယ်နေသော ဂိုဏ်းချုပ်က မေမေခင်ကို သုတ်သွားကြောင်း မကောင်းသတင်း ကြားခဲ့ရသည်။

ကတော်ရုပ်၊ လုံးကြီးပေါက်လှ မေမေခင်တစ်ယောက် နေ့စဉ် ကစော်စုပ်ပြီး ထမင်းလခ ပေးစားနေသော ကိုမြအေးနှင့် အပေးအယူ တည့်သွားကြစဉ်ကပင် ကျွန်တော်က သိပ်ကပြီး စိတ်မချ။ ကိုယ့်လူကို

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှာ မဟုတ်၍သာ အသာငြိမ်နေလိုက်ရသည်။ တစ်နေ့နေ့မှာ သည်ပြဿနာမျိုးနှင့် တိုးနိုင်သည်ကိုတော့ ကြိုတွက်ထားပြီးသား။

'အေးဗျာ၊ ခင်ဗျားအကြောင်း တစ်စွန်းတစ်စတော့ ကြားသားဗျ၊ ဒါပေမယ့် ဟုတ်မှန်းမသိ မဟုတ်မှန်း မသိ၊ တချို့ကလဲ မနာလိုမျက်မုန်းကျိုးပြီး မှိုချိုးမျှစ်ချိုး ပြောတတ်ကြတော့ မယုံမိဘူးဗျ'

သူတို့ သတင်းစကား ကြားလိုက်ကတည်းက အကြွင်းမဲ့ယုံပြီးသား။ ဒါပေမယ့် ကိုယ့်လူကို နှိမ်သလို ဖြစ်သွားမှာစိုး၍ အနည်းငယ် ပင့်ပြီး ထောင်ပေးလိုက်ရသည်။

'ဟုတ်သမှ သိပ်ဟုတ်တာပေါ့ဗျာ၊ ဟား ဟား၊ သိပ်ဟုတ်သိပ်ဟုတ်၊ လုပ်ဗျာ၊ ခင်ဗျား တယ်နေးတာပဲ၊ ချဗျာ ချဗျာ'

ရေချိန်ကိုက်နေပြီဖြစ်သော ကိုမြအေးကို ခံစားချက်ကလေးဆွပေးလိုက်တော့ 'ချဗျာ' ဟု ပြောရင်း ပုလင်းလက်ကျန်အားလုံးကို ဖန်ခွက်နှစ်လုံးမှာ မျှထည့်လိုက်ခြင်းဖြင့် နောက်ပုလင်းအတွက် ကျွန်တော်တာဝန်ယူလိုက်ရတော့သည်။

'ကျွန်တော့်ကို တစ်ခါတုန်းက ခင်ဗျားရွတ်ပြတဲ့ ကဗျာလေးတစ်ပုဒ် မှတ်မိသေးရဲ့လား၊ ကျွန်တော်ကတော့ နားထဲမှာ စွဲနေလို့ အလွတ်ရသေး တယ်ဗျာ၊ အခုတော့ ဒီကဗျာလေးဟာ ကျွန်တော့်အတွက်များ ရေးစပ်ထားလေသလားလို့တောင် ထင်မိတယ်ဗျာ၊ ဟဲ ဟဲ'

'ဘယ် ကဗျာပါလိမ့်'

ကိုမြအေးနှင့် ကျွန်တော်တို့ ကဗျာအကြောင်း စာအကြောင်း ဆွေးနွေးခဲ့ကြဖူးသည်။ သို့သော် ဘယ်တုန်းကဘာအကြောင်း ဆွေးနွေးမိခဲ့သည်ကိုတော့ မမှတ်မိတော့။

'သီးခေါက်ကဗျာ လေဗျာ၊ ဘာတဲ့

အပွေးကိုမြင်၊ အပင် မယ် မသိသာကြောင့်



ဝယ်မိတာမှား။

လိမ်းမယ်လို့ သွေးတော့မှ

မွှေးနံ့သာ ဘယ်မပေါက်တယ်

သီးခေါက်နဲ့ညား ဆိုတာလေ၊ အပွေးမြင်အပင်မသိလို့ မြအေးတစ်ယောက် သီးခေါက်နဲ့ညားခဲ့ပါရောလား ကိုယ့်လူရာ၊ ဟား ဟား'

'ဒါနဲ့ ခင်ဗျားတို့ ဇနီးမောင်နှံ သမထပေါက်ပြီး အကြားအမြင်ရကြသေးတယ်ဆိုလားလို့'

ကိုမြအေးက မချိပြုံးကြီး ပြုံး၍ ရေမရောဘဲ မော့ချလိုက်ပြီး

'ထို့ ဒီမှာ ဒီအကြောင်းတွေ နောက်မှပြောပြမယ်၊ အလကားပါဗျာ၊ သောနုတ္တိရိက သက်နှိုးပတ်တာ ဘာကြောင့်လဲသိလား၊ ဆဒ္ဒန်ဆင်မင်းကို သတ်ချင်လို့ပေါ့ဗျ။ ဟား ဟား ခင်ဗျား အတော်ညံ့တဲ့လူပဲ'

မေမေခင် ဗေဒင်ဆရာမ ဖြစ်လာပုံ၊ ဘိုးတော်နာမည်ကြီးရန် အတွက် သူတို့ ဇနီးမောင်နှံက ဒလန်လုပ်၍ အထာဖန်ပေးခဲ့ရပုံများကို အရက်သံ နှော၍ အားရပါးရ ပြောပြတော့သည်။

'မသိပါဘူးဗျာ၊ ခင်ဗျား ဝစီပိတ် အဓိဋ္ဌာန် ဝင်နေတာ တွေ့ရတော့ ကျွန်တော့်မှာ သာဓုတောင် ခေါ်ခဲ့ပါသေးတယ်'

'ဘာ ဘာပြောတယ်၊ သာဓုခေါ်တယ် ဟုတ်လား၊ ဟား ဟား ဒါဆိုရင် ခင်ဗျားက ကျွန်တော့်မိန်းမ နောက်မီးလင်းတာကို သာဓုခေါ်သလို ဖြစ်သွားတာပေါ့ဗျ၊ ဟား ဟား'


အားရပါးရ ရယ်မောရင်း ရေမရောသည့် လက်နှစ်လုံးခန့်ကို တစ်ချက်တည်း မော့ချလိုက်ပြီး လေးဆယ့်ငါးရက် အဓိဋ္ဌာန် ခရီးအကြောင်းကို နာကျည်းစွာ ပြောပြတော့သည်။

သူတို့ ဆရာဘိုးတော်၏ အသက် လေးဆယ့်ငါးနှစ် ပြည့်သော နေ့တွင် သက်စေ့ပုဂ္ဂိုလ် လေးဆယ့်ငါးဦးကို ဘိုးတော်က ဝစီပိတ်အဓိဋ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com





ဝင်စေသည်ဟု ဆိုသည်။ အခြား ပုဂ္ဂိုလ်များမှာ ခုနစ်ရက်ဖြင့် အသီးသီး အဓိဋ္ဌာန်ရက် စေ့သွားကြသော်လည်း ကိုမြအေးကိုမူ အထူးစပယ်ရှယ်အဖြစ် ရာသက်ပန် လုပ်စားနိုင်ရန်အတွက် တစ်ကွက်လိုနေ သောဝစီပိတ် အဓိဋ္ဌာန်အဖြစ် လေးဆယ့်ငါးရက်ကို မေမေခင်၏ တိုက်တွန်းချက်ဖြင့် ဝင်ခဲ့ရသည်ဟု ဆိုသည်။ လေးဆယ့်ငါးရက် လုံးလုံး စကားပြောခွင့် မရခိုက်မှာ မေမေခင် တစ်ယောက် ဘိုးတော်နောက်သို့ လိုက်သွားခဲ့သည်ဟု ဆိုသည်။

'အေးဗျာ၊ ခင်ဗျားအဖြစ်က သိလျက်ကြီးနဲ့ ခံလိုက်ရသလို ဖြစ်နေတာပေါ့'

'သိလျက်နှင့်ပင် ဝိပါက်ကြမ္မာငင် ၍ ရွှေညာဏ်ရှင် မဝေခွဲနိုင်ဘုပွဲတွေ့အမှား'

ဇာတ်မင်းသားဟန်မျိုးဖြင့် ဆွဲဆွဲငင်ငင် ဆိုလိုက်ခြင်းဖြင့် ရေချိန်ကိုက်၍ အတော်လေး ခိုက်နေပြီဖြစ်ကြောင်း သိနိုင်သည်။

'ကဲ တော်ပလား၊ ချဗျာ'

လက်ကာပြသည်။ အတော်မူးနေပြီဖြစ်သည်။ စကားများများ ပြောလိုက်ရ၍လည်း အတော်မောသွားဟန်တူသည်။

ကိုမြအေး မသောက်နိုင်တော့၍ လက်ကျန်ဖြတ်ပြီး စာရင်းရှင်းလိုက်ရာ အရက်၊ အမြည်း၊ ရေခဲ၊ ဆေးလိပ် အားလုံး နှစ်ဆယ့်သုံးကျပ်ကျသည်။ နှစ်ကျပ်သာ ကျန်တော့သည်။



ကိုမြအေး၏ အခြေအနေမှာလည်း လမ်းလျှောက်နိုင်စွမ်း မရှိတော့ဘဲ လှဲအိပ်တော့မည့်ဟန် ဖြစ်နေ၍ ထားခဲ့ရမည်မှာလည်းအခက်၊ ခေါ်သွားရမှာလည်း သည်ပုံနှင့်ဆိုလျှင် သုံးဘီးကား ခေါ်ရလိမ့်မည်။ သုံးဘီးကားတွေကလည်း သာကေတဆိုလျှင် နေ့လယ်နေ့ခင်းပင် မလိုက်ချင်ကြ။ အခုရှစ်နာရီ ထိုးခါနီးလေပြီ။ ပိုက်ဆံကလည်း နှစ်ကျပ်သာ ကျန်တော့သည်။ သာကေတ သုံးရပ်ကွက်ဈေးဆိုလျှင် အနည်းဆုံး တစ်ဆယ်တော့ တောင်းပေလိမ့်မည်။

ကိုမြအေးကို လမ်းဘေးသစ်ပင်မှာ မှီထားပြီး သုံးဘီးကားခေါ်သည်။ ငါးစီးလောက် လက်ခါပြပြီးမှ သာကေတသို့ ပြန်အိပ်မည့် သုံးဘီးကားတစ်စီးက ရပ်ပေးသည်။ ခုနစ်ကျပ်နှင့် ဈေးတည့်ပြီး ကိုမြအေးကို ပွေ့တင်လိုက်ရတော့သည်။

သုံးဘီးကားခ ငွေငါးကျပ်လိုသေးသည်။ မနက်က အိမ်ကထွက်လာစဉ်က ဇနီးသည် မခင်မှု ညည်းညူသံ ကြားခဲ့ရသေးသည်။ သတင်းစာအဟောင်းတွေနှင့် လေးပေမီးချောင်း အကျွမ်းတွေ ရောင်းတာဘယ်လောက် ရထားလဲမသိ။ ငါးကျပ်လောက်တော့ ကျန်တန်ကောင်းပါရဲ့၊ မရောင်းရသေးရင်တော့ ပြဿနာပဲ။

'ဆရာကြီး သုံးဈေးရောက်ပြီလေဗျာ'

ကားသမားက သတိပေးလိုက်တော့မှ သုံးဈေးရှေ့ ရောက်နေမှန်းသိတော့သည်။ ကိုမြအေးကတော့ ကျွန်တော့် ပေါင်ပေါ်မှာ အိပ်ပျော်၍နေပေပြီ။

'အဲဟိုရှေ့က လမ်းထဲ ချိုးဝင်လိုက်ပါဗျာ၊ လက်ယာဘက်သုံးအိမ်ကျော်က ရေနံဆီမီးခွက်ထွန်းထားတဲ့ သုံးခန်းတွဲ အိမ်ရှေ့မှာ ရပ်လိုက်ပါ'

ကျွန်တော် ငှားနေသော အိမ်တန်းလျားသို့ အခြားအခန်းမှ ပုဂ္ဂိုလ် များမှာလည်း အငှားကားဖြင့် အိမ်ပြန်လာနိုင်သူ တစ်ယောက်မှမရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားစီး၍ လာလည်နိုင်သော မိတ်ဆွေဟူ၍လည်း ရှိကြဟန်မတူ။ သည်နေ့မှ တစ်မူ ထူးခြား၍ ကားရပ်သံ ကြားရသဖြင့် သုံးခန်းလုံးမှ အိမ်သားများအားလုံးပင် ထွက်ကြည့်နေကြသည်။ ကျွန်တော့်ဇနီး မခင်မူက ရေနံဆီ မီးခွက်ကို ကိုင်မြှောက်၍ အိမ်ပေါက်ဝမှ ကြည့်နေသည်ကို တွေ့ရသည်။

'မူရေ၊ ခဏလာပါဦးဟ၊ ဒီမှာ ကိုမြအေးကြီး ပါလာလို့'

ကျွန်တော့်အသံကြားတော့ရမှ မခင်မူမှာ ပျာယီးပျာယာဖြင့် ပြေးဆင်းလာတော့သည်။ ထူးထူးခြားခြား ကားဖြင့် ပြန်လာရုံသာမက ကိုမြအေးပါ ပါလာတယ်ဆိုတော့ အထုပ်နဲ့အထည်နဲ့လာသော အားကိုး လောက်သည့် ဧည့်သည်ဆိုလျှင် အခုလို ရက်ကျပ်ကြီးမိုးမှာ ကြိုဆိုရမည် မဟုတ်ပါလား။ ဒါကြောင့်များလားမသိ။ အပြေးအလွှား ရောက်လာ ပြီးကိုမြအေးကို ကြိုဆိုရှာသည်။

'မူ ပိုက် ပိုက်ဆံ ငါးကျပ်လောက်ရှိလား၊ ဒီမှာ ကားခပေးဖို့ ငါးကျပ်လိုနေလို့'

'ရှင် ပိုက်ဆံငါးကျပ်၊ ဘယ်က ရှိမလဲတော်၊ ဒုက္ခပါပဲ'

မှောင်ထဲမှာမို့ မမြင်ရသော်လည်း ငိုသံပါနေ၍ မျက်နှာမဲ့နေမည် ထင်သည်။

'ရှာစမ်းပါဦးကွာ၊ ကိုကုလား ရောက်ပလား၊ ဒေါ်ခင်တို့ဆီရော မေးကြည့်ပါဦး'

ကိုကုလားမှာ အလယ်ခန်းမှဖြစ်၍ ဆိပ်ကမ်းအလုပ်သမားဖြစ် သည်။ ဒေါ်ခင်မှာ ခေါက်မုန့်သည် မုဆိုးမဖြစ်သည်။

မခင်မူ အိမ်ထဲပြေးဝင်သွားပြီး မကြာမီပြန်လာသည်။ ကျပ်တန် သုံးရွက်နှင့် ပိုက်ဆံအကြွေ နှစ်ကျပ်ပါလာသည်။ သုံးခန်းပေါင်းငါးကျပ် ရလာခဲ့ဟန်တူသည်။ ကျွန်တော့်ဆီမှာရှိသော နှစ်ကျပ်နှင့် ပေါင်း၍ ကားခ



ရှင်းပေးလိုက်သည်။

ကားဆရာကို ကျေးဇူးတင်စကား ပြောကြား၍ ကားခရှင်းပေး လိုက်စဉ် ကားဆရာက ခေါင်းတဆတ်ဆတ်ညိတ်၍ ပြုံးစိစိ လုပ်နေပုံမှာ အာရုံခံစားမှုအတွက် အသက်ထွက်မတတ် ပင်ပန်းနေသော ကျွန်တော်တို့ အဖြစ်ကို ကရုဏာသက်မိ၍ပေလား။ ကျွန်တော်တို့ကို ကြည့်ပြီး တရားရ၍ သဘောကျပြီး ပြုံးလေသလား မဝေခွဲတတ်ပြီ။

ကားပေါ်မှ တွဲခေါ်၍ အိမ်ပေါ်ရောက်သည်အထိ ချထားလိုက် သည့်နေရာမှာပင် တခေါခေါနှင့် အိပ်မောကျသွားသော ကိုမြအေး ကို လုံချည် ဟောင်းများဖြင့် အုပ်ထားလိုက်ရသည်။ စောင်၊ ခြင်ထောင် စပယ်ယာ အပိုမရှိလေတော့ရှိတာနှင့် အုပ်ရတော့သည်။ သာကေတဆိုတာ လည်း မိုးချုပ်သည်နှင့် ခြင်ထောင်ထဲဝင်ပြီး ထိုင်နေရသောမြို့ဖြစ်သည်။

အဝတ်အစားလဲပြီး ညစာမစားတော့ဘဲ အိပ်ရာထဲ ဝင်လိုက် သည်။ အိပ်မပျော်သေးသော်လည်း စကားမပြောဘဲ ကျွန်တော့်ကို ကျောပေး၍ တစ်ဖက်သို့လှည့်ပြီး ကွေးနေသော ဇနီးသည် မခင်မူကို စကားစလိုက် သည်။ သူကတော့ ကျွန်တော့်ကို စကားပြောချင်ပုံမရ။

'ဒီနေ့ သတင်းစာစက္ကူနဲ့ မီးချောင်းအဟောင်းတွေ မရောင်းသေး ဘူးလား'

စကားမရှိ စကားရှာ၍ မေးလိုက်ရသည်။ သူ့လက်ထဲ ပိုက်ဆံ မရှိကတည်းက မရောင်းရသေးမှန်း ကျွန်တော် သိသည်။ မီးချောင်း အဟောင်း နှစ်ချောင်းရှိသည်။ အခုတစ်လော လေးပေမီးချောင်းအကျွမ်း တွေကို လိုက်ဝယ်နေသည်။ အိမ်ငှားများက မီတာခ မဆောင်၍ မီးဖြတ် ခံထားရသည်မှာ ခြောက်လခန့်ရှိပြီ။

မီတာခကို အိမ်ရှင်က ပေးမလိုလို၊ အိမ်ငှားက ပေးမလိုလိုနှင့် အငြင်းပွားနေဆဲ ဖြစ်သည်။ မီးကလည်း မထွန်းရ၊ ဘိုင်ကလည်းကျ၍

www.burmeseclassic.com

www.burmeseclassic.com



မီးချောင်းတွေ ဖြုတ်ရောင်းကုန်ကြသည်။

မူက ကျွန်တော့်အမေးကို ပြန်မဖြေဘဲ သားအငယ်ကောင်ကို စောင်ခြုံပေးသလိုလို၊ ခေါင်းအုံးနေရာ ပြင်ပေးသလိုလိုဖြင့် စကားမပြောချင်ဟန် အချိန်ဆွဲနေသည်။ ကျွန်တော် စိတ်တိုလာမိသည်။

'မူ ကိုယ်မေးနေတာ မကြားလို့လား'

ကျွန်တော် ပက်လက်လှန် ခြေကလိမ် ချိတ်ထားရာမှ ခြေကလိမ်ချိတ်ကို ဖြုတ်ချလိုက်ပြီး ခေါင်းကို သူ့ဘက် စောင်းလိုက်သည်။ လိုအပ်ပါက ထထိုင်ရန် အသင့်အနေအထား ယူလိုက်ခြင်း ဖြစ်သည်။

'ဘာမှ မရှိတော့ဘူး၊ ရှင့်သား ရောင်းစားလို့ ကုန်ပြီ၊ ရှင့်စာအုပ်တွေလဲ မရှိတော့ဘူး၊ ဒီနေ့မှ ရောင်းမလို့ ကြည့်လိုက်တော့ ထင်းရှူးပုံး အခွံပဲ တွေ့တော့တယ်'

စကားအဆုံးမှာ ရှိုက်သံနှင့်အတူ နှပ်ရှုပ်သံတစ်ချက်ပါ ကြားလိုက်ရသည်။ အခုမှ သတိထားမိသည်။ ရှစ်တန်းကျောင်းသား အကြီးကောင် ဒီနေ့ အစောကြီး အိပ်ရာဝင်နေသည်။ အခါတိုင်း ကျွန်တော်ပြန်လာချိန်တွင် စာကြည့်နေတာတွေ့ရလေ့ရှိသည်။ အခုတစ်လော ဒီကောင် အပေါင်းအသင်းတွေနှင့် ရုပ်ရှင်ကြည့်တာကိုလည်း အခုမှ သဘောပေါက်တော့သည်။

ကျွန်တော် ပင့်သက်ကို ဖြည်းညင်းစွာ ချလိုက်သည်။ နက်ဖြန်ရုံးသွားရန် လမ်းစရိတ်၊ ဈေးဖိုး၊ ကလေးမုန့်ဖိုးနှင့် လက်ကျန်ဆန်လေးကို ထမင်းဖြစ်အောင်ချက်ဖို့ မီးသွေးဖိုး၊ ထင်းဖိုး၊ ခြိုးခြိုးခြံခြံ သုံးပါက တစ်နေ့ကို တစ်ဆယ်လောက်ဆိုလျှင် မိသားစုလေးယောက် ညမနက် စားလောက်သည်။ သည်နေ့ ကျွန်တော်တစ်ယောက်တည်းအတွက် အရက်ဖိုး ငွေနှစ်ဆယ့်ငါးကျပ် ကုန်ခဲ့သည်။

လက်ထဲ ပိုက်ဆံလေး ရောက်လာပြီဆိုလျှင် မိသားစုနှင့်အတူ



နည်းအမျှ များအဝ ခြိုးခြံသုံးစွဲမည်ဟု အလျဉ်း မစဉ်းစား။ အိမ်ကမိန်းမ မသိအောင် တိုလျှိုထားပြီး ဇာတ်ကားကောင်းကောင်း ဘယ်ရုံမှာ ဝင်သလဲ သတင်းစာထဲ လှန်ကြည့်မည်၊ ရုပ်ရှင်ရုံမှ ထွက်လျှင် အရက်ဆိုင် ဝင်မည်ဟု စိတ်ကူးထားပြီးသား ဖြစ်သည်။

စိတ်အလိုဆန္ဒကို ဦးစားပေးလွန်းသော ကျွန်တော့် စရိုက်ကြောင့် ဇနီးနှင့်သားသမီးများ ပင်ပန်းဆင်းရဲခံကြရသည်။ အသက်ရှင် အလုပ်လုပ်နေပါလျက် သတင်းစာအဟောင်း တစ်ရွက်လောက်သာ အသုံးတည့်အဖတ်တင်တော့သော ကျွန်တော့်ဘဝကို အချိန်မီ ပြုပြင်သင့်ပြီဟု တွေးမိသည်။

အိမ်ရှေ့ခန်းမှ ကိုမြအေး၏ ဟောက်သံကို ကြားနေရဆဲဖြစ်သည်။ အထက်တန်းစာရေး လူပျိုကြီးဘဝဖြင့် ဂုဏ်သရေရှိနေနိုင်ပါလျက် အပေါစား မေတ္တာရှင်၏လက်တွင် အချစ်ကို ပုံအပ်မိခဲ့သဖြင့် အရက်ဖြင့် ပြန်လည် ကုစားနေရသော ကျွမ်းပြီးသား သူ့အသည်းကို ပြန်လည်ပြုပြင်၍ တိုင်းပြည်အတွက် သင့်ရာတော်ရာ အကွက်တွင် ဝင်ရပေဦးမည်။ ကျွမ်းပြီးသား မီးချောင်းကိုပင် ပြန်ကောင်းအောင် ပြုပြင်၍ရသေးလျှင် ကိုမြအေးလို နဂိုက စိတ်ထားကောင်းသူအဖို့ လူကောင်းလူတော်တစ်ယောက် ပြန်လည်ထွန်းတောက်လာနိုင်သေးသည်။

ကျွန်တော်နှင့် အသားချင်း မထိအောင် ခပ်ခွာခွာ ကျောခိုင်းပြီး လဲလျောင်းနေသော ဇနီးသည်၏ သက်မချသံကြီးကို မကြားရက်တော့သဖြင့် တစ်ဖက်သို့လှည့်၍ ကျောချင်းခိုင်းပြီး မျက်စိမှိတ်လိုက်ချိန်မှာတော့ အိမ်ရှေ့ခန်းမှ အမူးသမား ဟောက်သံနှင့်အတူ မခင်မူ၏ ရှိုက်သံကို ကြားလိုက်ရပါတော့သည်။

[ စစ်ပြန်။ ။ဩဂုတ်၊ ၁၉၈၂ ]

www.burmeseclassic.com

www.burmeseclassic.com

# လာမကြောနဲ့ ပျောသွားမယ်

နေ့လယ်ပိုင်း ဆိုင်မှာ လူပါးချိန်ဖြစ်၍ ပက်လက်ကုလားထိုင်တွင် ခါးဆန့်ရင်း မှိန်းနေမိသည်။ နေ့စဉ် ရောင်းရငွေနှင့် အထွေထွေ ကုန်ကျစရိတ်များကို စိတ်တွက်ဖြင့် စာရင်းချနေမိသည်။ ဆိုင်ကဖွင့်စဆိုတော့ အကျိုးအမြတ်ကို မှန်းဆ၍ မရသေး။ တဖြည်းဖြည်းတော့ လည်ပတ်ပြီး အမြတ်ထွက်လာလိမ့်မည်ဟု ယုံကြည်နေသည်။


တပ်မတော်မှ နုတ်ထွက်ခွင့်ရသောအခါ လုပ်သက်ဆုကြေးငွေ နှစ်ထောင်ကျော် ထုတ်ရသည်။ ဆုကြေးငွေလေးကို ရင်းနှီးမတည်ပြီး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လက်ဖက်ရည်ဆိုင်တည်ပါလားဟု အပေါင်းအသင်းများက တိုက်တွန်းကြသည်။ ကျွန်တော့်အိမ်ကလေးက ဈေးနှင့်လည်း နီး၊ ကားမှတ်တိုင်နှင့်လည်း မဝေးလှသဖြင့် ပေးကြသည့် အကြံကလည်း မဆိုး လှသောကြောင့် အိုးခွက်၊ ပန်းကန်၊ မှန်ဘီရိုအသေး



တစ်လုံး၊ စားပွဲကုလားထိုင် မီးဖို စသည့် တိုတိုထွာထွာ လိုတာလေးများ ဖြည့်ဆည်းလိုက်သောအခါ ရှိတာအကုန်ပြောင်ခါသွားသည့်အပြင် မခင်မူ၏ နားကပ်ပါ ပြုတ်သွားလေတော့သည်။

နေ့စဉ် အရောင်းပစ္စည်းများအတွက် လိုအပ်ချက်ကိုတော့ အကြံပေးသည့် အပေါင်းအသင်း ရောင်းရင်းများထံမှ ဆွဲလွဲထည့်လိုက်သောအခါမှာတော့ သာကေတမြို့ ခုနှစ်ရပ်ကွက်ဈေးအနီးမှာ 'စစ်ပြန်ကြီး ကဖီး' ရယ်လို့ ဆိုင်းဘုတ်ကြီး တင်နိုင်ခဲ့ပါပြီ။

'ကိုရေ ခဏ ခဏ'



အိမ်ရှေ့ခန်း လက်ဖက်ရည်ဆိုင် အရောင်းစားပွဲမှ မခင်မူ၏ ခေါ်သံကြောင့် ဆိုင် ရှေ့ထွက်လာသောအခါ မခင်မူ၏ ရှေ့မှစားပွဲလွတ် တစ်လုံးတွင် အသက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ခန့်အရွယ် လူငယ် ကုလားတိမ်လေး တစ်ယောက် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

'ကို၊ နို့ဆီရမယ်တဲ့ ယူမလား'

ဖနီးသည် မခင်မူ၏ စကားနှင့် ကုလားလေး၏ အမူအရာကြောင့် ကျွန်တော် အတော်စိတ်ပျက်သွားမိသည်။ ရမည်ဆိုသည့် နို့ဆီကလည်း အလွန်ရှား၊ လာစပ်သည့် ပုဂ္ဂိုလ်ကလည်း ကုလားတိမ်ဆိုတော့ လိမ်မလို့ ဝင်လာတာများလားဟု သံသယဖြစ်မိသဖြင့် ကုလားလေးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်ဆိုလျှင်ပင် ကုလားလေးမှာ အမူအရာ အတော်ပျက်သွားသည်။ ကျွန်တော် ဝတ်ထားသည့် စစ်စွပ်ကျယ် လက်ပြတ်၊ လည်ပင်းမှာ ပတ်ထားသည့် စစ်တပ်က မျက်နှာသုတ်ပဝါ၊ ရုပ်ကလည်း အရာရှိကြီးလိုလို ဘာလိုလို ဆိုတော့ လွယ်လွယ်နဲ့ လိမ်လို့ ရမှာပဲထင်ပြီး 'စစ်ပြန်ကြီး' ဆိုတဲ့ ဆိုင်းဘုတ်ကို မမြင်ဘဲ ဝင်လာတာ ဖြစ်ရမည်။

'ဘယ်က ရမှာလဲကွ မင်းနို့ဆီက'

ကုလားလေး၏ မျက်နှာကို တည့်တည့်မကြည့်ဘဲ မျက်လုံးထောင့်ကပ်၍ စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး အရာရှိကြီးလေသံမျိုးဖြင့် ဟောက်မေးလေး မေးလိုက်သည်။

'ဟို ဟို တိုင်းဌာနတစ်ခုက ပစ္စည်းလာထုတ်တဲ့ လူတွေဆီကပါ၊ ဆ ဆရာ'

ကုလားလေး အသံတွေ တုန်နေသည်။

ဟင်း ဟင်း ဘယ်ရမလဲကွာ၊ ဒီအထာတွေဟာ ကျွမ်းပြီးသားပါ၊ လိမ်မယ်များတော့ မကြံနဲ့၊ နားရင်းအုပ်ခံရမယ်ဟု စိတ်ထဲက ရေရွတ်ကြိမ်းမောင်းနေမိသည်။

'ဘယ်လောက်ရမှာလဲ၊ ဘယ်မှာ လိုက်ယူရမှာလဲကွ'



'များများတော့ မရနိုင်ဘူး ဆရာ၊ နှစ်ပုံး သုံးပုံးလောက် ရနိုင်မှာပါ၊ ၂၇ လမ်းထိပ်က အဝေးပြေးကားဂိတ်မှာ လိုက်ယူရမှာပါ'

နှစ်ပုံး သုံးပုံးဆိုသည်မှာ နှစ်သေတ္တာ သုံးသေတ္တာဟု ဆိုလိုသည်။ တစ်သေတ္တာမှာ လေးဒါဇင်ဆိုတော့ သုံးသေတ္တာသာ ရမည်ဆိုလျှင် ဆယ့်နှစ်ဒါဇင်၊ ကိုယ်သုံးပြီး အကျန်ကို ပြန်ရောင်းဦး အရင်းရပြီး အမြတ်ကျန်နိုင်သည်။

'ဘာတံဆိပ်တွေလဲကွ၊ ဈေးကော ပြောလိုက်ရဲ့လား'

'အဲဒါတော့ မသိဘူးဆရာ၊ သူတို့နဲ့တွေ့တော့ ကြည့်ညှိပေါ့ဆရာ၊ ကျွန်တော်တို့က ပွဲခပဲရတာပါ'

ဟုတ်လား မဟုတ်လားတော့ မသိ။ ပေါက်ဈေးနှင့် တွက်ကြည့်မိသည်။ ကုလားမခြင်းတောင်းဆိုလျှင် သမဆိုင်ဈေး တစ်ရာ့ခုနစ်ဆယ်ကျော်၊ ဘလူးခရော့စ် ဆိုလျှင် တစ်ရာ့ငါးဆယ်ကျော်၊ မှောင်ခိုဈေးဆိုလျှင် တစ်သေတ္တာကို အနည်းဆုံး နှစ်ရာ့ငါးဆယ်တော့ ပေးရလိမ့်မည်။ သုံးသေတ္တာဆိုတော့ ငွေခုနစ်ရာကျော်လောက် လိုသည်။

ယခုနေအခါ နို့ဆီသာ အမှန်တကယ်ရမည်ဆိုပါက လိုချင်သည်။ မှန်ဗီရိုထဲမှာ အလှပြထားရန် လိုအပ်သလို၊ ချက်နို့ဆီနဲ့ မဖျော်ပါနဲ့ဟု ဆိုလာသူ လူအိုလူနာများအတွက်လည်း မရှိမဖြစ် လိုအပ်သည်။ ပိုတာကို ရောင်းစားဦးတော့ မရှုံးသည့်အပြင် အမြတ်ရဦးမည်။ မခင်မူကို ကြည့်လိုက် တော့လည်း လိုချင်သည့် အမူအရာကို ပြနေသည်။

'တို့က ချက်နို့ဆီ သုံးတာပါကွာ၊ လိုတော့ မလိုပါဘူး၊ ဒါပေမယ့် မှန်မှန်ကန်ကန်ဆိုလျှင်တော့ နည်းနည်းပါးပါးတော့ ကူညီရတာပေါ့၊ မင်းလဲ အလုပ်ဖြစ်အောင်လို့ပါ၊ ခက်တာက ဘာရမယ် ညာရမယ်နဲ့ အလိမ်ခံရတာတွေ များလွန်းလို့ သတိထားနေရတယ်ကွ'

'ဟာ ဆရာကလဲ၊ ကျွန်တော်တို့ကို ပေါင်းကြည့်ပါဦး ဆရာရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့က ဆိုင်သစ်မို့ ကျွန်တော်တို့ကို မသိတာပါ၊ ဒီအနားကဆိုင်တွေ အားလုံးအတွက် ကျွန်တော်တို့ပဲရှာပေးနေရတာပဲ၊ တစ်နပ်စား မလုပ်ဝံ့ပါဘူး၊ ပစ္စည်းရပြီးမှ ပိုက်ဆံပေးရတာပါ ဆရာရယ်၊ အမှားအယွင်း မဖြစ်နိုင်ပါဘူး'

'ကောင်းပြီလေ၊ မင်း ခဏစောင့်ဦး၊ ကဲ ခင်ရေ ခဏလာဦး'

မခင်မူကို အတွင်းခန်းသို့ ခေါ်၍ တိုင်ပင်ရသည်။

'ကဲ ခင်၊ ကိုယ်လိုက်သွားကြည့်မယ်၊ ပိုက်ဆံပေးစမ်း၊ ဒီနေ့ ရောင်းရတာနဲ့ဆိုရင် တစ်ထောင်လောက် ရနိုင်မလား'

'ဒီနေ့ဟာနဲ့ပါဆိုရင် ကိုးရာလောက်တော့ရှိတယ်၊ ပစ္စည်းမရဘဲနဲ့တော့ ပိုက်ဆံ လုံးဝမပေးနဲ့နော် ကို'

မခင်မူက စိုးရိမ်သံဖြင့် သတိပေးသည်။ ပစ္စည်းရမည်ပြောပြီး အလိမ်ခံရတဲ့ ဇာတ်လမ်းတွေ ကြားဖူးနေ၍ ဖြစ်သည်။ အိမ်မှာ ဆွမ်းခံကြွသော ဘုန်းဘုန်းကို သွပ်နှင့် အိမ်ရိုက်သံရမည်၊ လျှောက်လွှာတွေ ပြေစာအတုတွေ ပြပြီး အလိမ်ခံလိုက်ရသည်မှာ မကြာသေး။

'ငါ နားလည်ပါတယ်ကွာ၊ ရော့ ပတ္တမြား၊ ရော့နဂါးပေါ့၊ ပစ္စည်းမရဘဲနဲ့ ပိုက်ဆံ ဘယ်ပေးလိမ့်မလဲ၊ စိတ်ချစမ်းပါ'

အကြိမ်ကြိမ် အဖန်ဖန် ရေတွက်ပြီးမှ သားရေကွင်းဖြင့် ပတ်ထားသော ငွေကိုးရာကို စစ်တပ်သုံး လက်ကိုင်အိတ် အစိမ်းလေးထဲတွင် ကျကျနနထည့်၍ ချိုင်းကြားမှာ ပြားနေအောင် ညှပ်လိုက်ပြီး ဂျန်းဂဲဟက်ခေါ် တပ်မတော်သုံး အနားကျယ် ဦးထုပ်အစိမ်းပုပ်ကို ဆောင်း၍ ကုလားလေးနှင့်အတူ ကားမှတ်တိုင်ရှိရာသို့ လှမ်းထွက်အလာ မကြာမီ ဆိုင်ဘက်ဆီမှ လက်ခုပ်သံကြား၍ လှည့်ကြည့်လိုက်ရာ လက်ယပ်ခေါ်နေသော ဇနီးသည် မခင်မူကို မြင်တွေ့လိုက်ရသည်။

'ကိုရေ၊ ခဏလေး ပြန်လာပါဦး'



ဘာများ ဖြစ်နေပြန်ပြီလဲ၊ ပိုက်ဆံထပ်ဖြည့်ပေးမလို့နဲ့တူတယ်၊ လောဘကလဲ အကြီးသား။

'ဘာတုံးဟ'

'ပိုက်ဆံကို အထူးသတိထားပါနော်၊ ပစ္စည်းလက်ရောက်ပြီးမှ ငွေချေပါလို့'

'အမယ်လေးကွာ၊ ငါ့ ဘာများလဲလို့ ဒီမှာယောက်ျားကွ၊ စစ်ထွက်ယောက်ျား၊ အူတူတူ ငဆနူ မဟုတ်ဘူး၊ စစ်တပ်က ထွက်တဲ့ယောက်ျား၊ နုံတုံတုံ အတတကောင်များ အောက်မေ့လို့လား၊ စိတ်ချစမ်းပါကွာ'

ကုလားလေး ရပ်စောင့်နေသော ကားမှတ်တိုင်နား ရောက်လာသောအခါတော့ ကျွန်တော့်လက်မှ နာရီမှာ နှစ်နာရီပင် ထိုးလုနေပြီ။ သာကေတဘတ်စ်ကား ဆိုတာကလည်း အများကြားသိတော်မူကြသည့်အတိုင်း မှတ်တိုင်တိုင်းမှာ ဆင်းသူတစ်ယောက် တက်သူတစ်သိုက်၊ တွယ်လိုက်သူ တစ်အုပ်ကြီး၊ တစ်စီးလာ ရပ်မပေး၊ နှစ်စီးလာ တက်မရ။

'ကဲ ချာတိတ်၊ ဒီတစ်စီးလာရင်တော့ ရအောင်သာ တိုးတက်ပေတော့ကွာ'

စတုတ္ထမြောက် ဆိုက်ရောက်လာသော နံပါတ်သုံး အမြန်ကားကို နှစ်ယောက် အတင်းတိုးတက်လိုက်ကြသည်။ ကုလားလေးကို ရှေ့မှာထား၍ ပိုက်ဆံကိုတော့ ချိုင်းကြားမှာ ပြားသထက် ပြားအောင် ဖိကပ်၍ ညှပ်ထားသည်။ သတိဆိုတာ ပိုသည်ဟုမရှိ။ ကျပ်သည့်ကြားမှ တအားတိုးဖြို၍ အထဲရောက်အောင်ဝင်ပြီး မတ်တပ်ရပ်လျက် အသက်ရှူကျပ်စွာ လိုက်ပါလာခဲ့သည်။ ကိုရွှေကုလား၏ ချိုင်းပက်ကြားမှ ဆိုးရွားလှသည့် အနံ့ကြောင့် အသက်ရှူခြင်းအလုပ်ကို တစ်ချက်ရှူ နှစ်ချက်မှတ် စနစ်ဖြင့် ခရီးဆက်နေရသည်။

www.burmeseclassic.com

ယာဉ်မောင်းဆရာ၏ ကြိမ်းမောင်းသံ၊ လက်မှတ်ရောင်းရဲဘော်၏ ဟိန်းဟောက်သံ၊ ခရီးသည်များ၏ ဘုရားတသံ၊ အချင်းချင်း တက်နင်းမိ၍ ရန်ဖြစ်သံများ အဆုံးဝယ် လမ်းသုံးဆယ်မှတ်တိုင်သို့ ရောက်၍ နှစ်ယောက်သား ရှန်းကန်တိုးထွက်၍ ခုန်ဆင်းလိုက်ရပုံမှာ စိန်မာဒင်၏သားမင်းသား မိုးဝင်း ကွန်ဖူးကပုံလေးနှင့် တူသေးတော့သည်။

၂၇ လမ်းနှင့် ကုန်သည်လမ်းထိပ်ရှိ အဝေးပြေး ကားဂိတ်တစ်ခု၏ ရှေ့သို့ ရောက်သောအခါ

'ဆရာ ဒီက ခဏလေး စောင့်ပါနော်၊ ကျွန်တော် ဂိတ်မှူးကို မေးကြည့်လိုက်ဦးမယ်'

ကိုရွှေကုလား မိန့်ကြားသည့်အတိုင်း မတ်တပ်ရပ်၍ စောင့်ဆိုင်းနေစဉ် ကုလားလေးသည် ဂိတ်မှူးဟု ယူဆရသူနှင့် တစ်စုံတစ်ခုမေးမြန်းပြောဆိုနေသည်ကို မြင်ရသည်။ မကြာမီ ကုလားလေး ပြန်လာသည်။

'ဆရာ ဒီမှာပဲ စောင့်နေပါနော်၊ ဟိုလူတွေ တည်းခိုခန်းမှာပဲ ရှိသေးတယ်တဲ့၊ ကျွန်တော် လိုက်သွားလိုက်ဦးမယ်'

'ကောင်းပါပြီတဲ့ဗျား'

ကုလားလေး ထွက်သွားသောအခါ ချိုင်းကြားမှ ညှပ်ထား၍ ချပ်ပြားနေသော အိတ်ကလေးကို သေချာစွာ ပြန်လည်စစ်ဆေးမှုပြုလိုက်သည်။ အားလုံး အနေအထားမပျက်။ ပိုက်ဆံ အရေအတွက်လည်း မလျော့သဖြင့် ပလက်ဖောင်းပေါ်တွင် အားပါးတရ ထိုင်ချလိုက်သည်။

အရပ်ထဲ လှည့်လည်၍ လိမ်စားတတ်သော ကုလားတိမ်လေးများ အကြောင်းကို စဉ်းစားနေမိသည်။ လင်ယောက်ျား ရုံးသွားနေခိုက် အိမ်ရှင်မ အမျိုးသမီးများကို ဒီကအစ်ကို မှာထားသော ပစ္စည်းများ နိုင်ငံခြားမှ ရောက်နေသည်၊ ကာစတန်ရုံးကြီးမှာ လိုက်ယူပါ ဟူ၍လည်း ကောင်း၊ အဖိုးတန် ရှားပါးလှသော အင်္ကျီစ ထဘီစများရမည် လိုက်ကြည့်ပါဟူ၍ လည်းကောင်း ခေါ်သွားပြီး ပြေစာအတုပြ၊ ငွေရသည်နှင့် ပျောက်သွားတော့သည်။



သူငယ်ချင်း တစ်ယောက်ဆိုလျှင် ခံလိုက်ရသည့် အဖြစ်က သူများနှင့်မတူ တစ်မူထူး၍ ဆန်းတင့်ငုံ ဖြစ်ခဲ့ရသည်။ အပျံစားလေး တစ်ယောက်ကို ပြ၍ ရမည်ဟု ဆိုသဖြင့် လိုက်သွားမိသည်။ မြို့အစွန် ချောင်ကျသော ရပ်ကွက်မှ အိမ်တစ်အိမ်တွင် အဖိုးအခ အကျေအလည် ရှင်းလင်းပြီး အလုပ်ဖြစ်တော့မလို့ အိမ်အတွင်းတံခါးကန့်လန့် ထိုးနေတုန်း ဖြုန်းဆို အိမ်ရှေ့မှ ဆူဆူ ညံညံကြား၍ နားစွင့်နေစဉ်မှာပင် ကောင်မလေးက 'ကောင်စီလူကြီးတွေ လာနေပြီ' ဆိုပြီး အခန်းတံခါးဖွင့် ထွက်ပြေးသဖြင့် သူခိုးမယား မငိုဝံ့ဖြစ်ခဲ့ရသေးသည်။

'အခု ဒီကုလားလေးလဲ ရမလားလို့ လာစမ်းကြည့်တာ၊ မဟာန်မှန်း သိတာနဲ့ လစ်ပြီနဲ့တူတယ်၊ ဘာရမလဲကွာ' ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

အဝေးပြေးကားဂိတ်၏ ရုံးခန်းမှ တယ်လီဖုန်း စားပွဲတွင်ထိုင်နေသူ ဂိတ်မှူးပင် အပြင်ထွက်တော့မလို့ ထင်ပါရဲ့။ ချွတ်ပြီး ချိတ်ထားသည့် တိုက်ပုံအင်္ကျီကို ပြန်ဝတ်နေပေပြီ။ လက်မှ နာရီကို ငုံ့ကြည့်လိုက်ရာ လေးနာရီကျော်နေပေပြီ။ ကုလားလေး ထွက်သွားသည်မှာ တစ်နာရီနီးပါး



www.burmeseclassic.com

www.burmeseclassic.com



ရှိပေပြီ။ တိုက်ပုံနှင့်ဆရာကို မေးကြည့်လျှင် ကောင်းမည်ဟု စိတ်ကူးရသဖြင့် ရုံးခန်းရှိရာသို့ လျှောက်သွားမိသည်။

'ဆရာကြီး ဒီမှာ တိုင်း ဌာနတစ်ခုကလူတွေ နို့ဆီသေတ္တာတွေများ လာထားသေးလားဗျ'

'မထားပါလားဗျာ၊ ဘယ်တိုင်း ဌာနကလဲ'

'အဲဒါတော့ မသိဘူးဗျ။ စောစောက ကုလားလေး ဆရာကြီးကို ဘာ လာပြောတာလဲ'

'ဘယ်သူဆိုလား မလာဘူးလားတဲ့၊ ကျွန်တော်လဲ မသိဘူး၊ မလာဘူး ပြောလိုက်တယ်'

'ဟဲ ဟဲ ကျေးဇူးတင်ပါတယ် ဆရာ'

'ဟုတ်ပါပြီ၊ ဖြစ်မလားလို့ လုပ်ကြည့်တာ သူ့ဟာသူ ကြောက်ပြီး ပြန်ခေါက်သွားတာပဲ ဖြစ်ရမယ်၊ ဟင်း ဟင်း လာကြောရင် မောသွားမှာပေါ့ကွာ'ဟုသာ ကုလားလေးကို သနားသေးတော့သည်။

ကဲ၊ ပြန်တော့မည်။ နီးနီးနားနားပါပဲ။ နည်းနည်းလေး လျှောက်သွား လိုက်ရုံဖြင့် သာကေတ ကားမှတ်တိုင်သို့ ရောက်သွားနိုင်သဖြင့် ဂိတ်ကို ပတ်စီးပြီးပြန်မှ ထိုင်ခုံနေရာရမည်။ မှတ်တိုင်မှာတော့ အကြိတ်တူ လူအုပ်ကြီးကလည်း မနည်းပေ။ ရုံးဆင်းချိန်ဆိုတော့ ဂိတ်ပတ်စီးသူ များနေသည်။

နာရီဝက်ခန့်စောင့်ပြီး မကြာမီ မာန်ဖီလာသော ကျွဲရိုင်းကြီး ဓာတ်ကောင်အလား လူအုပ်ကြားသို့ တအားပြေးဝင်လာသော နံပါတ်သုံး ကားတစ်စီးနောက်သို့ ပြေးလိုက်ကြပုံမှာ ရုပ်ရှင်ကြော်ငြာကားနောက်သို့ ကလေးတွေ စာရွက်လိုက်ကောက်သည်နှင့် တူသေးတော့သည်။

တရုတ်သိုင်းမင်းသား၏ လှုပ်ရှားပုံမျိုးဖြင့် ကားပေါ်သို့ ခုန်တိုး လိုက်သော်လည်း အချည်းနှီးသာ။ နေရာကတော့ မရတော့။ ခရီးတစ်ဝက်



တွင် ဆင်းမည်ဟုထင်ရသူ အနားတွင် ရပ်၍ ရှေ့နောက် ဝဲယာမျက်ခြည် မပြတ် အကဲခတ်ကြည့်ရှု၍ နေရာလုရန် အသင့်အနေအထားယူထား လိုက်သည်။

'ကဲ ကဲ အထဲကိုရောက်အောင်ဝင်ပါ၊ အစ်ကိုတို့ အဘတို့ အစ်မတို့၊ ကျွန်တော် တောင်းပန်ပါတယ်နော်၊ ကားပေါ်ရောက်ရင် ပိုက်ဆံကို ကိုင်ထား၊ ခါးတို့ပြီး မတောင်းပါရစေနဲ့၊ တွယ်လိုက်မယ်ဆိုရင် မလိုက်နဲ့၊ ပြန်ဆင်း၊ လိုက်ချင်ရင် အထဲရောက်အောင်ဝင်၊ လူတင်နိုင်မှ ပိုက်ဆံရမှာ၊ ဓာတ်ဆီက အလကားရတာမဟုတ်ဘူး၊ အပေါက်ဝမှာ ပိတ်မထားနဲ့လေ၊ ရုံးချိန်ကြီး ဒီအထုပ်ကြီး ဘယ်သွားမှာလဲ၊ အပေါ် ရောက်အောင် တက်၊ အထဲရောက်အောင်ဝင်၊ အမျိုးသမီးဟာ အထဲ မှာနေမှ သဘာဝကျတယ်၊ ယောကျ်ားတွေနဲ့ တူပြီး တွဲလောင်းလုပ်လို့ မရဘူး'

ခရီးသည်အားလုံးမှာတော့ အရက်မူးပြီး ဆူပူကြိမ်းမောင်းနေသော ဖခင်ကို ကြောက်နေကြသည့် ကလေးငယ်များသဖွယ် ကုပ်နေကြသည်။

'ဟရေ ပါနီဘာဘူ၊ အန္တေဂျောင်း၊ အန္တေဂျောင်း'

ကုလားစကား နားလည်ဟန်တူသော ခရီးသည်တစ်ယောက်က ပြုံးစိစိလုပ်သဖြင့် 'အဲဒါ ဘာအဓိပ္ပာယ်လဲ'ဟု မေးကြည့်ရာ နို့ပုံးနဲ့ ကုလားကြီးကို အထဲဝင်ခိုင်းသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

'ဆွဲ ဆရာရေ့ မရတော့ဘူး၊ သာကေတကို ဒါရိုက်မောင်း၊ လမ်းမှာ မရပ်နဲ့တော့၊ ပုဇွန်တောင်ပါလား၊ ဝါဆို၊ သဘော်ကျင်း၊ သောက်သောက်လဲ၊ မပါဘူး ဆွဲထား'

သောက်သောက်လဲ ဆိုသည်မှာ အရက်ဆိုင်နှင့်နီးသော ရန်ပြေ မှတ်တိုင်ကို ဆိုလိုကြောင်း သာကေတမြို့နေ ခရီးသည်များ သိပြီးသား ဖြစ်သည်။ ကားမှတ်တိုင်အနီးတွင် အရက်သောက်ပြီး မူးလဲနေသူများကို

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ တွေ့ရတတ်သောကြောင့် သည်အမည်မှာ အတည်လိုတောင် ဖြစ်နေပေပြီ။ ကားသမားက တရားဝင် သုံးနေပေမင့်ကိုး။

'မှတ်တိုင်ပါရင် ကြိုပြောနော်၊ ဘဲသံမကြားရင် ဆွဲထား၊ မှတ်တိုင် လွန်ပြီးမှပြောရင် ရပ်မပေးနဲ့၊ သုံးဈေး၊ ဓာတ်ဆီဆိုင်၊ မီးသတ်၊ ခုနစ်ဈေး ပါလား'

'ခုနစ်ဈေးပါတယ်ဗျို့'

'ပါရင် ထွက်ထား၊ ရွှေဘလို တက်လာပြီး ခင်သန်းနုလို မဆင်းနဲ့၊ ရှေ့က ပြီးပြီလား'

ဝုန်းခနဲ ရပ်လိုက်သည်နှင့် ဘုန်းခနဲ ခုန်ချလိုက်ရသည်။ လေထဲမှ မြေကြီးပေါ်မကျခင်မှာပင် 'ဆွဲ'ဆိုသော လက်မှတ်ရောင်း ဆရာ၏ အသံထက်မြန်သော သုံးနံပါတ် ဆူပါဆောနစ် ဂျစ်ကားကြီး တစ်ဟုန်ထိုး ပျောက်ကွယ်သွားလေတော့သည်။

ကားမှတ်တိုင်ဘက်သို့ လှမ်းမျှော်ကြည့်နေသော ဇနီးသည် မခင်မူကို အဝေးမှပင် လှမ်းမြင်နေရသည်။ နို့ဆီသေတ္တာတွေနှင့် ပြန် လာမည့် ကျွန်တော့်ကို မျှော်နေတာဖြစ်ရမည်။ ဆိုင်ထဲလှမ်းဝင်လိုက် သည်နှင့် မဆိုင်းမတွပင် မေးတော့သည်။

'နော့ နို့ဆီသေတ္တာတွေ ဘယ်ထားခဲ့လဲ'

ကျွန်တော်က မျက်စောင်းတစ်ချက် ပစ်ထိုးလိုက်ပြီး ဦးထုပ်နှင့် ပိုက်ဆံအိတ်ကို စားပွဲပေါ် ပစ်တင်လိုက်သည်။

'အလိမ်ခံရတော့မလို့ဟေ့၊ ဒီက အကောင်က လျင်ပေလို့၊ စစ်ထွက်ယောကျ်ားပဲကွာ၊ အလကားကောင်မှတ်လို့၊ လာကြောရင် မောသွားမှာပေ့ါ၊ သောက်ကုလား သူ့ဟာသူ ကြောက်ဖျားဖျားပြီး တစ်ချိုးထဲက ဖျောက်သွားတော့တာပဲ၊ ဝိုး ပေးစမ်း၊ ငါ့ကို ရေတစ်ခွက်'

'ဟောတော့ အဲဒီကုလားလေး နောက်တစ်ခေါက် ပြန်ရောက်လာ



သေးတယ်၊ နို့ဆီတွေ ထပ်ရမယ်၊ ပိုက်ဆံငါးရာလောက် ထပ်ရှာပေးလိုက် ပါလို့ ရှင်က စာရေးပြီး လွှတ်လိုက်တယ်ဆို၊ ကိုကြီးမြင့်တို့၊ ကိုထွန်းရီ တို့ဆီက ဆွဲပေးလိုက်ရပါရောလား၊ ငွေယူပြီး ပြန်သွားတာ နာရီဝက် လောက်ပဲ ရှိဦးမယ်'

'ကြိကြိဖန်ဖန်ကွာ၊ ဘယ်မှာလဲ အဲဒီစာ'

မဟာပထဝီမြေကြီး ချာချာလည်သွားသည်ဟု ကျွန်တော်စိတ်ထဲ က ထင်လိုက်မိသည်။ မအူမလည် ဇနီးသည်ကိုလည်း အကြီးအကျယ် ဒေါပွသွားမိသည်။

'ဟောဒီမှာ'

သူကမ်းပေးသော စာတိုလေးကို လှမ်းယူလိုက်စဉ်မှာတော့ မခင်မူ၏ လက်တွေတုန်၍ မျက်ရည်တွေ စို့နေပါပြီ။

ဘတ်စ်ကားလက်မှတ်၏ နောက်ကျောမှာ ဘောပင်ဖြင့် ရေးသား ထားသော အောက်ပါ စာလုံးသေးသေးလေးများကို ခါးသီးနာကျည်းစွာ ဖတ်လိုက်ရပါတော့သည်။

ခင်

လိုသလောက်ရမည်၊ ငွေငါးရာလောက် ထပ်ရှာပေးလိုက်ပါ။
ကို

'ဥပဒေအပြင်ဘက်က မှောင်ခို ခြစားနေတဲ့ လူတွေကို လောဘ ဇော တိုက်ပြီး အားပေးအားမြှောက် လုပ်ချင်တဲ့အကောင် မှတ်ဟ'ဟု လည်း မိမိကိုယ်မိမိ ဆုံးမလိုက်မိပါတော့သည်။

[ စစ်ပြန်။ ။မတ်၊ ၁၉၈၃ ]

www.burmeseclassic.com

www.burmeseclassic.com



# ချစ်တာကို ရှက်စရာ မထင်လိုက်ပါနဲ့

စက်ာပူမြို့မှ စင်တိုဆာကျွန်းသို့ အပန်းဖြေခရီးထွက်သွားရာတွင် အသုံးပြုရန် သွယ်တန်းထားသော ကောင်းကင်ကြိုး ပုခက်များကို ကမ်းလွန် ရေနံတွင်းတူးစင်တစ်ခုက ဝင်တိုက်မိ၍ ကြိုးများ ပြတ်ကျသည်။ ကောင်းကင်မှ ပုခက်ကလေးများဖြင့် ခရီးသွားနေကြသော ခရီးသည်အချို့ သေသူသေ ဒဏ်ရာရသူ ရကြသည်။ အချို့ပုခက်ထဲမှာ တွဲလောင်းကြီး ဖြစ်နေ၍ ရဟတ်ယာဉ်ဖြင့် ကယ်လိုက်ရသည်ဟူသော သတင်းကို ဂျကာတာ ရေဒီယိုမှ ကြေညာသံ ကြားလိုက်ရသည်။

မကြာသေးမီကပင် အဆိုပါ ကောင်းကင်ကြိုးပုခက် (Cable Car) ကို စီး၍ စင်တိုဆာကျွန်းသို့ ကျွန်တော်သွားခဲ့သေးသည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက စက်ာပူခံတပ်ကြီးဟု နာမည်ကြီးခဲ့သော စင်တိုဆာ ကျွန်းပေါ်တွင် သမိုင်းဝင် အမြောက်ကြီးများ၊ ခံတုတ်ကျင်းများ၊ ကင်းမျှော်စင်များကို မပျက်စီးရလေအောင် လက်ရာမပျက် ဆက်လက်ထိန်းသိမ်းထားသဖြင့် သွားကြည့်ခဲ့ခြင်း ဖြစ်သည်။

စင်တိုဆာကျွန်းသို့ သွားမည်ဆိုလျှင် ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကြီး World Trade Center အနီးမှာရှိသည့် အဆောက်အအုံ မြင့်မြင့်ကြီး၏ အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားဖြင့် တက်ကြရသည်။ အပေါ်ထပ်ရောက်လျှင် ခရီးသည်များ အားလုံး တန်းစီ၍ ပုခက်ကလေးများ လာနေသည်ကို စောင့်ကြရသည်။



ရောင်စုံ ပုခက်ကလေးများကို ရောမ ကြိုးကြီးတွင် တန်းစီ၍ ချိတ်ထားပုံမှာ နတ်အုန်းသီး အရောင်းဆိုင်နှင့်ပင် တူသေးတော့သည်။ ပုခက်ကလေးများ တစ်လုံးပြီးတစ်လုံး အဆက်မပြတ် လာနေသည်။ ပုခက်တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် ခရီးသည် ၆ ဦးအထိ စီးခွင့်ပြုသည်။ ကိုယ့်အုပ်စုလေးတွေနဲ့ကိုယ် စီးကြသည်။ အုပ်စု မကွဲလို၍ ယခု ပုခက်ကို မစီးသေး၊ နောက်လာမည့် ပုခက်နဲ့မှ သွားမည်ဆိုလျှင်လည်း ခွင့်ပြုသည်။

ကျွန်တော့်အလှည့်တွင် ရောက်လာသော ပုခက်အဝါရောင်လေး ပေါ်သို့ တက်ပြီး နေရာယူလိုက်သည်။ ကျွန်တော့်နောက်မှ ဘာလူမျိုးမှန်း မသိသော လူရွယ် ဇနီးမောင်နှံနှင့် သူတို့၏ လသားအရွယ် ကလေး ပေါက်စနလေးတို့ တက်လာကြပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်ကြသည်။

ပုခက်ထဲတွင် ကျွန်တော် အပါအဝင် လေးယောက် (အမှန်တော့ သုံးယောက်နှင့်တစ်ပိုင်း) သာ ရှိသေးသော်လည်း နောက်လူများက သူတို့အုပ်စုနှင့်သူတို့ သီးသန့်ပုခက်တစ်ခုဖြင့်သွားမည်ဆိုသဖြင့် ယာဉ်ထိန်း ရဲဘော်သည် ကျွန်တော်တို့ ပုခက်ကလေးကို ခလုတ်ဖြုတ်၍ ကောင်းကင်သို့ လွှတ်တင်လိုက်တော့သည်။

ပုခက်ကလေး မိုးပေါ်ရောက်၍ ပင်လယ်ပြင်ကို ဖြတ်ကျော်နေစဉ် မှာတော့ မြင်ကွင်းက သာယာလှသည်။ အပေါ်စီးမှ မြင်နေရသည့် လှပသည့် စင်္ကာပူမြို့ကြီး၊ ဘုရားကျောင်းဝင်းထဲမှာ ခိုစာကျွေးထားသည် သို့ များပြားပွတ်သိပ်နေသည့် စင်္ကာပူဆိပ်ကမ်းမှ သင်္ဘောများ၊ လှမ်းမြင်နေရပြီ ဖြစ်သည့် စိမ်းစိုလန်းဆန်း၍ ရောင်စုံပန်းတွေ ဝေဆာနေသော စင်တိုဆာကျွန်းတို့ကို မြင်ရသည်မှာ ပြည်ထောင်စုနေ့ ပြခန်းများမှ စီမံကိန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်နေပုံ ရုပ်ကြွပုံစံငယ် များကို ကြည့်နေရသည်သို့ ရှိတော့သည်။

ပင်လယ်ပြင်ကို ဖြတ်၍ လွတ်လပ်စွာ တိုက်ခတ်လာသောလေနုအေးက ပုခက်ကလေး၏ ဖွင့်ထားသော မှန်တံခါးမှ ဟိုလင်မယား ကို နှုတ်ဆက် ကျီစယ်လိုက်ဟန်တူသည်။ လူငယ်သည် ကလေးငယ်ကို



ချီထားလျက် အားနေသည့် လက်တစ်ဘက်ဖြင့် သူ့ဇနီးချောလေးကို ဖက်လိုက်ပါသည်။

ဟိုဟာမလေးကလည်း အလိုက်သင့်ပင် ပြုံးမျက်နှာလေးကို အသာအယာ မော့်လိုက်တော့ မျက်နှာချင်းအပ် ရင်ချင်းကပ်သွားကြ သည်။ လောကကြီးမှာ သူတို့လင်မယားရယ် သားငယ်လေးရယ်သာ ရှိတယ်လို့ ထင်ကြဟန်တူပါရဲ့။ ကျွန်တော်တစ်ယောက်လုံးကို ရှေ့မှာ ထားပြီး သားအမိ သားအဖ သုံးယောက် အချစ်နာလန်ထလိုက်ကြတာ ဘာပြောကောင်းမလဲ။ သားလေးနဖူးကို ရွှတ်ခနဲနမ်းလိုက်၊ မယားလေး နှုတ်ခမ်းကို နမ်းလိုက်နဲ့ ပျော်နေလိုက်ကြတာ ပတ်ဝန်းကျင်ကို လုံးဝ ဂရုမစိုက်။

ရှက်တတ်သည့် ကျွန်တော့်မှာတော့ သူတို့မျက်နှာတွေ မကြည့်ရဲ၍ ကျွန်တော့်မျက်နှာကြီးကိုလည်း တစ်ဖက်သို့ လွှဲထားရသည်။ ကျွန်တော့်ဇနီး မဖြူတုတ်ကိုသာ လူရှေ့သူရှေ့မှာ အခုလို ချစ်ပြလိုက်ရ လျှင် ပုခက်ထဲက တွန်းချခံရမှာ သေချာသည်။ တစ်ခါတစ်ရံမှာ အိမ်မှာ ကလေးတွေ ကျောင်းသွားနေတုန်း အနားကပ်၍ ပွတ်သီးပွတ်သပ် လုပ်မိရင်တောင် ‘ဝေးဝေး နေစမ်းပါတော်၊ အသက်က ကြီးလှပြီ၊ ဘာမှန်းလဲ မသိဘူး၊ လမ်းကလူတွေ မြင်မှာ မရှက်ဘူးလား’ လို့တောင် ဟောက်လိုက် ပလားဆိုမှဖြင့် ဘုရားစင်အောက်နားက ရေနွေးကြမ်း ကရားနားမှာ သွားထိုင်လိုက်ရတော့တာပါပဲ။

စင်္ကာပူမှ စင်တိုဆာကျွန်းသို့ နာရီဝက်ခန့်ကြာအောင် စီးကြရ သဖြင့် လူရွယ်လင်မယား၏ ရွှတ်နှင့် ပြွတ်သံများကို နားထောင်ရင်း ရှက်ရှက်နှင့် ချစ်ခဲ့ကြသော၊ ချစ်နေကြသော ကျွန်တော့်ဆွေမျိုးများ အကြောင်းကို စဉ်းစားနေမိသည်။

ကျွန်တော်တို့အမျိုးသည် အရှက်ကြီးသော အမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အမေ၏အစ်မ ကျွန်တော့်အဒေါ် အပျိုကြီးများ မကြာခဏ ကြိမ်းဝါးသော စကားတစ်ခုရှိသည်။ 'အရှက်ကို အသက်နဲ့လဲမယ်ဟေ့' တဲ့။ ဒီစကားကို ထောက်ခြင်းဖြင့် ကျွန်တော်တို့ ဆွေမျိုးများသည် အရှက်ကြီးသူများ ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပါ။ သာဓကပြပါအံ့။

ကျွန်တော်တို့ အဘိုးနှင့် အဘွားသည် သားသမီးများရှေ့တွင် တစ်ဦးကို တစ်ဦးစကားမပြောကြ။ အရေးကြီး ကိစ္စရှိ၍ မလွှဲမရှောင်သာ ခေါ်ပြောရလျှင်လည်း 'ဟိုအမယ်ကြီး၊ ဟိုအဘိုးကြီး' ဟုသာ နာမဝိသေသနဖြင့် ခေါ်ပြောကြသည်။ ကျောင်းကန်ဘုရားသို့လည်း အတူမသွား။ အဘိုးက အလျင်သွားသည်။ နောက် နာရီဝက်ခန့်ကြာမှ အဘွားက သူ့အဖော် အဘွားကြီးများနှင့် အတူသွားသည်။

ကျွန်တော့်အဘွားတွင် ကျွန်တော့်အမေ အပါအဝင် သားသမီး ငါးယောက် မွေးဖွားခဲ့သည်။ သားနှစ်ယောက်နှင့် သမီးသုံးယောက်ဖြစ်သည်။ သားကြီးနှစ်ယောက်ဖြစ်သည့် ဦးကြီးရွှေနှင့် ဦးကြီးကြာခိုင်တို့လည်း အိမ်ထောင်သားမွေးပြုကြသည်။ သို့သော် သမီးသုံးယောက်အနက် အငယ်ဆုံးဖြစ်သည့် ကျွန်တော့် အမေတစ်ဦးသာ အဖေနှင့် အကြောင်းပါပြီး ကျွန်တော်တို့ကို မွေးဖွားခဲ့သည်။

ကျွန်တော့်အမေ၏ အစ်မတွေဖြစ်ကြသည့် ကြီးတော်ကြီးနှင့် ကြီး တော်လေးတို့သည်ကား လင်ယူသားမွေးရမှာကို အသာထား ရည်းစားထားရမှာကိုပင် ရှက်ကြသဖြင့် အသက်ထက်ဆုံး အပျိုကြီး များဘဝဖြင့် ကွယ်လွန်ကြလေကုန်ပြီ။

အပျိုကြီးများ အသက်ထင်ရှားရှိစဉ်က ခေတ်ပေါ် အချစ်ဝတ္ထုများကို လုံးဝမဖတ်။ သို့သော် ဇေနီပါတ်၊ ဇိနတ္ထပကာသနီနှင့် ထေရီအပါဒါန် ဘာသာပြန်များကိုမူ ဘေးလူပါကြားအောင် အော်ဖတ်သည်။ ဇာတ်ပွဲ



မကြည့်။ တစ်ခါတစ်ရံ ကြည့်ပြန်လျှင်လည်း နှစ်ပါးသွားပြီးမှ နောက်ပိုင်း ဇာတ်ကြီးကိုသာ ကြည့်သည်။ မင်းသမီး မင်းသား နှစ်ပါးသွားမှ ချစ် စကား ကြိုက်စကားလေးများကို ကြားရတာကိုပင် ရှက်သည်ဟု ဆိုပါသည်။

လင်ယူသားမွေးရမှာကို ရှက်သော ကြီးတော်ကြီးနှင့် ကြီးတော် လေးသည် အမေက မွေးထားသော ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တွေကို တုန်နေအောင် ချစ်သည်။ ကလေးချင်း ရန်ဖြစ်၍ ကျွန်တော်တို့ မနိုင်လျှင် သူတို့ကိုယ်တိုင် ဝင်ကူရိုက်သည်။ ကျေးဇူးတင်ထိုက်ပြီး အားကိုးလောက်သော အဒေါ်နှစ်ယောက်။

အရှက်ကြီးရှက်သော အမျိုးဖြစ်၍ အရှက်အကြောက်ကိုသာ အလေးထား ပြောဆိုဆုံးမလေ့ရှိသည်။ အရှက်အကြောက်နှင့် ပတ်သက် ၍ ကျွန်တော့်အဘိုး အသက်ထင်ရှားရှိစဉ်က တစ်ရွာတည်းသား ဘုရား ဒါယကာ ကျောင်းဒါယကာကြီးများနှင့် စကားလက်ဆုံကျပြီ ဆိုလျှင် ပြောကြားလေ့ရှိသော စကားတစ်ခုရှိသည်။

'ဟိရိ ဩတ္တပ္ပ တရားဆိုတာ ဘုရားမကြိုက်တဲ့ ဒုစရိုက်အမှုပြုခြင်း ကို ရှက်ရမယ်လို့ ဆိုလိုတာဗျ' ဟူ၍ ဖြစ်သည်။

ဘုရားမကြိုက်သော ဒုစရိုက်အမှုဆိုသည်မှာ မမှန်တာလုပ်၊ မဟုတ်တာပြော၊ လောဘဇောကပ်ပြီး လူလူချင်း မတရားခေါင်းပုံဖြတ် အမြတ်ထုတ်ချင်သော အကျင့်ဆိုး စရိုက်ဆိုးများ ဖြစ်သည်ဟုလည်း ကျွန်တော့် အဘိုးက တစ်ရွာတည်းနေ ဓမ္မမိတ်ဆွေများကို ရှင်းပြသည်။

ကျွန်တော့်အဘိုး၏ 'ရှက်အဘိဓမ္မာ' ကို မကြာခဏ နာကြားရ၍ ထင်သည်။ လင်ယူသားမွေးရမှာကို ရှက်သော ကျွန်တော့်အဒေါ် အပျိုကြီး နှစ်ယောက်သည် စီးပွားရေးကိုသာ ဇောက်ချလုပ်ကိုင်ခဲ့ကြ သည်။ ပျဉ်ထောင်သွပ်မိုး မဒရတ်အိမ်ကြီး၏ အောက်ထပ်မှာ ကုန်မျိုးစုံ

www.burmeseclassic.com

ဆိုင်ကြီး ဟည်းနေအောင် တည်ထားသည်။ အရင်းနည်းနည်းဖြင့် အမြတ်များများရမှ ပြန်ထုတ်ရောင်းသည်။ ရွှေပေါင်ခံသည်။ နေ့ပြန် တိုးပေးသည်။ ပင်ထောင် စပါး၊ ပင်ထောင်မြေပဲ၊ နှမ်းဝယ်သည်။ စပါးပေါ်ချိန်၊ ပဲနှမ်းပေါ်ချိန်တွင် ရွာစဉ်လှည့်၍ ကြွေးတောင်းထွက်သည်။ ပိုက်ဆံမရလျှင် ရတာအကုန်ဆွဲပြီး လှည်းဖြင့် သယ်လာသည်။

ငွေကြေး ပြည့်စုံသည်။ ဆွေအုပ်မျိုးအုပ် ကောင်းသည်။ ဩဇာ ရှိသည်။ အင်္ဂလိပ်မင်း၏ ရိက္ခာတော်ရ အင်စပက်တော်ကြီး၏ သားသမီးများဆိုသော အရှိန်အဝါကြောင့် စီးပွားရေးလုပ်ရာတွင် အောင်မြင်လှသည်။ ကျေးလက်တောရွာများမှ ဆင်းရဲသားများမှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်လေးများ ဝယ်ချင်၍ ငွေကြေး အနည်းအကျဉ်းရနိုင်ရန် ကြိမ်၊ ဝါး၊ ပျားရည်၊ စပါးကြီးသည်းခြေ ဘုမ္မရာဇာမြစ်၊ စလူဖက်ပါမကျန် ကိုးတောင်းကိုးကျင်းကို ဖြတ်ကျော်၍ ပင်ပန်းကြီးစွာ ထမ်းယူလာပြီး ကျွန်တော်တို့ အိမ်နောက်ဘက် ဂိုဒေါင်ထဲအရောက်ပို့ပေးပါက ပိုက်ဆံ ငါးကျပ်လောက်အထိတောင် ရသွားကြသည်။ ရေငတ်၍ ရေသောက်ချင်ပါက အလွယ်တကူ သောက်နိုင်ရန် အိမ်ရှေ့ကုက္ကိုပင်ခြေရင်းတွင် စင်ကလေးဖြင့် တည်ထား သော 'စိတ္တသုခ' ရေချမ်းစင်မှာ တဝပင်သောက်နိုင်ကြသည်။ ရေ အကျိုးဆယ်ပါးမို့ များများသောက်လေ ရေအိုးစင်ဒါယကာ ဒေါ်ကြီးနှင့် ဒေါ်လေးမှာ ကုသိုလ်များများရလေ ဖြစ်နေတော့သည်။

ကြီးတော်ကြီးနှင့် ကြီးတော်လေးတို့ ကွယ်လွန်ကုန်ကြသောအခါ ပြက္ခဒိန်နောက်ကျောနှင့် အိမ်ပျဉ်ထောင်နံရံတွေမှာ ကာရန်မဲ့ ကဗျာတွေ လား ကြွေးစာရင်းတွေလား မခွဲခြားတတ်သည့် စာပေတွေ အမြောက် အမြား ကျန်နေခဲ့သည်။

'ငအုန်း ဆူးပုတ်ကုန်း ယခင် ၁၅ ကျပ်၊နောက်ထပ် ၁၀၊ ၄င်းမယား သပ်သပ်ထပ်ယူ ၅ ကျပ် မှတ်ထားဟု ပြောသည်'



'သဖန်းကွင်း မိကျေး ဆေးတစ်ပိဿာ့ငါးဆယ် ပြာသိုလဆုတ် ၁ ရက်'

'ကျောက်ပါးစပ် ငမှတ်ယူငွေ ၃၅ ကျပ်၊ အတိုးမဆပ် နောက်ထပ်ယူ ၁၅ ကျပ်'

'ဒေါ်ဇာယု ချွေးမ ပယောဂကုရန် ခေတ္တယူ ၂၅ ကျပ်၊ နဂတ်အပေါင်ထားသည် တဆောင်ပုန်းအဆုံး'

မှတ်မိသလောက်သာ တင်ပြလိုက်ရပါသည်။ ၁၉၄၀ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပြုစုခဲ့သော စာပေများဖြစ်၍ ကြွေးစာရင်းမဟုတ်ပါက မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ကာရန်မဲ့ ကဗျာများဟု ယူဆနိုင်မည်ထင်ပါသည်။ သုတေသီများ လေ့လာကြပါကုန်။



အဒေါ်အပျိုကြီးနှစ်ယောက်၏ ရက်ရောဂါ လောင်းရိပ်မိနေသော ကျွန်တော့်အစ်မကြီးကလည်း ယောက်ဖကြီး ကိုဘိုးမောင်နှင့် သမီးရည်းစား ဖြစ်နေပါလျက် ရက်ပြီး ဝန်မခံဘဲ မချစ်ဟန်ဆောင်တာများသွားလို့ အောင်သွယ် အဘွားကြီးတောင် ကြားက ထောင်ကျမလို ဖြစ်ရသေးသည်။

အစ်မကြီးနှင့် ယောက်ဖကြီး ကိုဘိုးမောင်တို့ အောင်သွယ်ဒေါ်ငြိမ်းမြ အိမ်တွင် ချိန်းတွေ့နေကြစဉ် လင်ယူတာကို အသားသား၊ ရည်းစားထားတာကိုပင် ရက်သည့် အဒေါ်အပျိုကြီး ကြွေးတောင်းထွက် အလာ

www.burmeseclassic.com



နှင့် ပက်ပင်းတိုးပါလေတော့သည်။ မိုးမီးလောင်တော့တာပါပဲ။
'တို့အမျိုးထဲမှာ ဒါမျိုး မရှိဘူးဟေ့၊ ငါ့မျက်နှာကို ဓားနဲ့လှီးပစ်ချ
တယ်၊ အရှက်ကို အသက်နဲ့ လဲပစ်မယ်'
အဒေါ်အပျိုကြီးများ၏ ကြုံးဝါးသံများ မဆုံးမီမှာပင် အရှက်ကြ
သော အမျိုးဖြစ်ကြောင်း ပြသရန် တာဝန်ရှိနေသည့် ကျွန်တေ
အစ်မကြီးသည် အိမ်နောက်ဘက်ရှိ သရက်ပင်တွင် ကြိုးဆွဲချ၍ သေ
ကြောင်း ကြံစည်လေတော့သည်။
သို့သော် ကံကောင်းထောက်မ၍ ကြိုးကို လည်ပင်းမှာမချည်မိ
လက်မောင်းရင်း ချိုင်းနှစ်ဘက်အောက်မှ သိုင်းချည်ထားသဖြင့် အသ
မသေဘဲ ခါချဉ်ကောင်အကိုက်ခံလိုက်ရသည်။ သေမည့်သူက အလော
မလုပ်မှာစိုး၍ ထင်သည်။ ထဘီပြေမကျရန် ကြိုးဖြင့် စည်းထားတာတွေ
သည်။
ချစ်သူနှင့်လည်း ပေါင်းချင်သည်၊ အဒေါ်များအလိုကျ အရှက်ဂ
သည့် အမျိုးဖြစ်ကြောင်းလည်း ပြလိုသည့် အစ်မကြီးခမျာ ကြိုးဆွဲခ
မရသောအခါ အစောင့်အရှောက်များအလစ်တွင် အိမ်မှ ထွက်ပြေး
မြစ်ထဲသို့ ခုန်ချလိုက်တော့သည်။ တောသူပီပီ အစကတည်း
ရေကူးတတ် နေပြန်တော့ ဘယ်သူမှ ဆင်းမဆယ်ရသေးမီမှာပင်
ဟာသူ ကမ်းပေါ် ပြန်ရောက်နေတော့သည်။
လူကြီးများဘက်မှ လျှော့ပေးသည့်အနေဖြင့် လူငယ်ခ
ချစ်နေပါက ပေးစားမည်ဟု ပြောလာသည်။ သို့သော် အစ်မကြီ
ကိုဘိုးမောင်နှင့် သမီးရည်းစားလည်းမဖြစ် ချစ်လည်းမချစ်ဟု ဟန်ဆေ
ငြင်းဆိုသည်။ အိမ်ထောင်သားမွေးအလုပ်ကို စွန့်၍ အစ်မ မခင်ညိုကဲ့သို
သီလရှင်ဝတ်မည်ဟု ဆိုလာပါသည်။
အစ်မ မခင်ညိုဆိုသည်မှာ ရေကျော်ရွာမှ ကျွန်တော်



အစ်မဝမ်းကွဲ ဖြစ်သည်။ သာယာဝတီ ဦးဩဇာယျခေတ်တွင် သီလရှင်ဝတ်သွားပြီး သုံးနှစ်ခန့်အကြာတွင် ထဘီပြန်ဝတ်၍ ရခိုင်ဆေးဆရာလေး လူပြန်တော် ကိုစံနှင့် အကြောင်းပါသွားသည်။

အစ်မကြီးကိစ္စနှင့် သောကများနေကြစဉ် ညတစ်ည လူခြေ တိတ်၍ အိပ်ချိန်လောက်တွင် အိမ်ရှေ့ကုက္ကိုပင်ခြေရင်းမှာ သီချင်းလာဆို နေကြသော ကာလသားတစ်စု၏ အသံကို ကြားကြရသည်။

'ချစ်တော်မူကြည်ဖြူ နှစ်ကိုယ်ထဲ မြဲဆုယူ၊ ဖူးစာရေစက်ဆုံလို့ သနား ခင်မင်တဲ့သူ၊ ကမ္ဘာတိုင်အောင်အတူ မောင့်ကိုချစ်မယ်ပြောသူ ခွဲလမ်းတဲ့ခင်ပျိုဖြူ သြော် ဘုရားသွားရင် ကျောင်းသွားရင် ကောင်းစားရင် အတူ တကယ် ခင်မင်သူ မောင့်အပေါ် ကြင်နာရက်မည့်သူ လောင်း ဝေဿံပုံယူ မဒ္ဒီထုံးသုံး၍ချစ်တော်မူ။'

ဒန်အိုးဖုံးကို ကြက်တွေ ဝိုင်းအုံပြီး နှုတ်သီးဖြင့် ပေါက်နေသည့် အသံနှင့်တူသော ဘင်ဂျိုလက်သံမှာ မည်သူ့လက်သံမှန်း မသိရသော် လည်း သီဆိုသူမှာ မျက်မမြင် ကိုဘိုးထင်ဖြစ်ကြောင်း သိသာလှသည်။

'စိတ်ချင်းတူ ကြည်ကြည်ဖြူဖြူ ဘုရားထံဆုပန်ယူ နိဗ္ဗာန်ကူးစို့ တို့အတူ မြတ်နိုးသူ စုံမက်သူ ကြင်နာသဒ္ဒါတော်မူ၊ နှစ်ပါးအတူ သစ္စာထားလို့ တရားယဉ် ပါရမီကို ဖြည့်သူ မမေ့အောင် ကြည်ဖြူအထူး ချစ်တော်မူ စိတ်တူသဘောတူ မနောတူ အသက်နဲ့ ထပ်တူ ကမ္ဘာ တိုင်အောင် မောင်မမေ့တဲ့သူ ငှက်ပင်ဖြစ်တောင် ဘဝတိုင်းမှာ နားပါ ရစေတူတူ၊ အချစ်တူ မပစ်သူ ဘဝတိုင်း ချစ်တော်မူ။'

ကျွန်တော့်အဘိုးက မီးခွက်ထွန်း၍ တံခါးတစ်ရွက်လှစ်တော့မှပဲ ခမလောက် အဖွဲ့လည်း တစ်ချိုးတည်း လစ်တော့သည်။ လက်ကျန်အပိုဒ် များကို လမ်းလျှောက်ရင်း ဆက်ဆိုသွားသံ ကြားလိုက်ရသည်။

'ချစ်ရဲ့သားနဲ့ ရှောင်အားတော်မူနိုင်သူ ရွှေဘဝင်မှာဆူ မောင့်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်တွင် နေနိုင်လေအားသူ၊ တစ်ဖက်သားကို သနားရက်နဲ့ငြို့ သစ္စာတော်ကို ဆိုဝံ့သူ သနားတဲ့ ပျို့ဖြူ မဋ္ဌုပန်းလှမ်းတဲ့သူ မောင်နဲ့လဲ မခွဲအတူ စိတ်ထဲမှာလဲ အမြဲချစ်တော်မူ။'

နောက်ပိုင်း စုံစမ်းရာ ယောက်ဖကြီး ကိုဘိုးမောင်က ကိုဘိုးထင်နှ ကိုအုန်းရွှေကို ချက်အရက် ငါးမူးဖိုးစီတိုက်ပြီး စေခိုင်းသည်ဟု အခို အမာ သိရသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ရွာတောင်ပိုင်း ခွေးပစ်ကုန်းမှ အနှိပ်သည ဒေါ်မဲတူကို နတ်ဝင်ပူးသည်။ မုဆိုးမ ဒေါ်မဲတူမှာ ကျွန်တော်တို့အိမ်တွ ဝင်ထွက်နေသူဖြစ်သည့်ပြင် မိသားစု အနှိပ်သည်လည်း ဖြစ်သည်

'ဟင်း ဟင်း ငါ့ကို ဘာမှတ်လို့လဲ၊ ကျွန်းနံ့သာရှင်မတဲ့ နေ့ အားလုံးဒုက္ခများကုန်မယ်၊ နင်တို့ ကောင်မလေးကို မချုပ်ချယ်နဲ့၊ ဘိုးမော နဲ့ ကောင်မလေးဟာ ဟိုဘဝကလဲ လင်နဲ့မယားပဲ၊ သူတို့ ညားကြပြ ဘုရားဒကာ ကျောင်းဒကာ ဖြစ်မယ်ဆိုတာ နင်တို့မသိကြဘူးလား'တဲ့

ဒီတော့မှပဲ တစ်အိမ်လုံးဖျားသွားပြီး အစ်မကြီးနှင့် ကိုဘိုးမောင် မင်္ဂလာပွဲကို အမြန်ဆုံး ဆောင်ရွက်လိုက်ကြရတော့သည်။ ဒေါ်မဲတူ ယောက်ဖကြီးတို့ လင်မယားက သူတို့အိမ်မှာ ခေါ်ထားပြီး ကွယ်လွန်သည အထိ ကျွေးမွေးထားတာ တွေ့ရသည်။

မင်္ဂလာဆောင်ပြီးသော်လည်း အစ်မကြီးကတော့ ယောက်ဖကြ ကို ဟန်ဆောင်တုန်းပင် ရှိသေးသည်။ အောင်သွယ်အဘွားကြီး အားနာလို့ ယူလိုက်ရသလိုလို၊ လူကြီးတွေ စကားကို နားထောင် မလွန်ဆန်၍ လင်ယူသားမွေးအလုပ်ကို လုပ်လိုက်ရသလိုလို ဟန်လုပ် သေးသည်။ ကျွန်တော့်ယောက်ဖ လူရိုးကြီးကိုဘိုးမောင်မှာတော့ ကို မချစ်ဘူး ပြောနေတဲ့ မယားနဲ့ သားသမီးတွေကို လုပ်ကျွေးလာ ဒီနေ့အသက် ငါးဆယ်ကျော်သည်အထိ လယ်ထဲက မတက်ရသေ



မြေးတွေပါ တစ်မြို့ တစ်ပြုံကြီး ပေါက်ပွားနေတာ တွေ့ခဲ့ရပါသည်။

ကျွန်တော် နိုင်ငံခြားသို့ ထွက်မလာမီက ရွာသို့ တစ်ခေါက်သွားခဲ့ သေးသည်။ ယောက်ဖကြီးက ဝမ်းသာအားရဖြင့်

'ညီရေ နင့်အစ်မကြီးကို မသေခင် ရွှေတိဂုံဘုရားကြီး ဖူးစေချင် တယ်၊ နောက်နှစ် စပါးသိမ်းပြီးရင်တော့ လွှတ်လိုက်မယ်'တဲ့။ သူလည်း ရန်ကုန်သို့ တစ်ခေါက်မှ ရောက်ဖူးသူ မဟုတ်။ သို့သော် မယားကိုသာ သွားစေချင်သည်။ မြင်စေချင်သည်။ သူက စပါးသိမ်းပြီးရင် ပဲခင်းထွန်ရ မယ်တဲ့။

ချစ်လင်နှင့် ချစ်မယားတို့ ချစ်ကြပါလျက် ချစ်တာကို ရှက်စရာ လို့ ခံယူပြီး ဟန်ဆောင်ဆက်ဆံနေကြသော မြန်မာနိုင်ငံမှ ကျွန်တော့် အမျိုးများအကြောင်း စဉ်းစားပြီးနောက် ရောက်ဖူးခဲ့သည့် နိုင်ငံခြား တိုင်းပြည်များတွင် ကြိမ်ဖန်များစွာ မြင်တွေ့ခဲ့ဖူးသည့် ဇနီးမောင်နှံ ဆက်ဆံရေးများကိုလည်း မြင်ယောင်လာမိသည်။ ရုံးမှ လုပ်ငန်းခွင်မှ ပြန်ရောက်လာသော လင်ယောက်ျားက အိမ်ပေါက်ဝမှာ အသင့်စောင့်ကြို နေသော ချစ်ဇနီးကို မွှေးမွှေးလေးပေး၍ နှုတ်ဆက်လိုက်သည်။ ချစ်ဇနီးက ပြုံးမျက်နှာကို အလိုက်သင့် မော့်ပေးသည်။ ချစ်လင်၏ အပေါ်အင်္ကျီကို ကူချွတ်ပေးသည်။ ဖိနပ်ကြိုးကို ဖြေ၍ ချွတ်ပေးသည်။ လင်နှင့်မယား အတူတကွ သွားစရာလာစရာရှိပါက လင်ယောက်ျားက ဇနီးမယားကို ဦးစားပေးသည့် အနေဖြင့် ကားတံခါးကို ကိုယ်တိုင်ဖွင့်ပေး၍ နေသားတကျ ထိုင်စေပြီးမှ ကားတံခါးကို အသားကျအောင် ဖွဖွလေး ဆောင့်ပိတ်လိုက်သည်။ ပြီးတော့မှ မိမိကိုယ်တိုင် ကားမောင်း ထွက် သွားတော့သည်။ ကားပေါ်တွင် ဇနီးသည်ပါလာပါက ကားကို အထူး ဂရုစိုက်၍ အန္တရာယ်ကင်းအောင် ဖြည်းဖြည်းမောင်းသည်။

သားသမီးလေးများကလည်း ကျောင်းသွားခါနီးတိုင်း ကျောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာတိုင်း ဖေဖေကြီးနှင့် မေမေကြီးကို မွှေးမွှေးပေး၍ နှုတ်
ဆက်ကြသည်။ အင်ဒိုနီးရှားနိုင်ငံမှာတော့ ယာဘက်လက်ခုံကို မွှေးမွှေ
ပေး၍ ပါးစပ်မှလည်း 'ဆလမ်မာလေကွန်း'ဟု ဆိုသွားသေးသည်
မိခင်နှင့် ဖခင်ကိုသာမက ခေတ္တခဏရောက်နေသော ဧည့်သည်ကိုပ
ဆလမ်မာလေကွန်းပါသည်။ အတော်ချစ်စရာ မြတ်နိုးစရာကလေးတွေပ
ဖြစ်တော့သည်။

ဖနီးမောင်နှံ အိပ်ရာဝင်လျှင်လည်း 'ကောင်းသောညပါအချစ်ရယ်
ဟု နှုတ်ဆက်အနမ်းလေးပေးပြီးမှ အိပ်ရာဝင်ကြသည်။ အိပ်ရာထလျှ
လည်း 'ကောင်းသောနံနက်ခင်းပါ အချစ်ရယ်' ဟု အနမ်းလေးတေ
ကိုယ်စီဖြင့် အိပ်ရာမှ ထလေ့ရှိသည်ဟု ဆိုပါသည်။ သူတို့ အိပ်ရာဝ
အိပ်ရာထတာကို ထိုင်စောင့်ပြီး မကြည့်ဘူး၍ ဟုတ် မဟုတ်တော
အတိအကျ မသိပါ။

သို့သော် ကျွန်တော့်ကိုယ်တွေ့ အိပ်ရာဝင် အိပ်ရာထ နှုတ်ခွန်
ဆက်ကတော့ တစ်မျိုးဆန်းသည်။ ကြားနေကျမို့ နားအရသာတစ်မျိုးလေ
ခံစားရသည်။

'သောက်ကျိုးနဲ့တော်၊ အခုမှ ရေဒီယိုက သီချင်းကြီးဆုံးလို့ ဘိုဂေ
သန်းစိန် အုန်းမှုတ်စိန်တီးလုံး လာနေတုန်းပဲ ရှိသေးတယ်၊ အစောကြ
မသေပါနဲ့ဦး' ဟူ၍ လည်းကောင်း၊

'ကျုပ်တောင် ဈေးက ပြန်ရောက်ပြီ၊ ရှင်က မထသေးဘူးလာ
တော့၊ ရေဒီယိုက ပူနိမ်းဖြောင်နှောင်တောင် လာနေပြီ၊ ရုံးနောက်ကျမှ
စိုးလို့ ဆိုပြီး ဘတ်စ်ကား တိုးမစီးဘဲ တစ်ကျပ်ကား စီးသွားရင်တော့လာ
ဟင်း ကျုပ်နဲ့အတွေ့ပဲ' ဟူ၍ လည်းကောင်း ဖြစ်သည်။

အကောခေနေ ဇိနေကောခံ ဟူသော ပါဠိတော် ဓမ္မခန်အ
မှန်းသူကို မုန်းဟန်ပင်ပြရန် မသင့်သည် မှန်သော်လည်း ချစ်သူ



ချစ်ပါလျက် ချစ်ဟန်ပြရမှာ ရှက်နေကြသော မြန်မာအိမ်ထောင်ရှင်များ (အထူးသဖြင့် ကျွန်တော့်ဆွေမျိုးများ)ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ချစ်လို့ချစ်တာ ရှက်စရာမဟုတ်ဟု ထင်ပါသည်။ ယဉ်ကျေးမှုဘောင်အတွင်းမှ ပတ်ဝန်းကျင်ကို အနှောင့်အယှက် မဖြစ်နိုင်သည့် ချစ်ဟန်ပြမှုလေးတွေကိုတော့ အတိုင်းအတာထား၍ ပြုလုပ်ပါက ချစ်စရာ မြင်ကွင်းလေးတစ်ခုမို့ ခွင့်ပြုနိုင်ကြမည်ဟုလည်း ထင်ပါသည်။

ခေတ်မီတိုးတက်သည့် နိုင်ငံကြီးများတွင် အများပြည်သူ အနားယူရာဖြစ်သည့် မြက်ခင်းပြင်၊ ဥယျာဉ်၊ ပန်းခြံ၊ ပင်လယ်ကမ်းစပ်တို့တွင် လွတ်လပ်စွာ ချစ်ပွဲဝင်နေကြသော ချစ်သူစုံတွဲများကို ပတ်တရောင်ရဲက အမြဲမပြတ် စောင့်ကြပ်ပေးနေသည်။ အနှောင့်အယှက်မပေးရ၊ မချောင်းရ။ အနှောင့်အယှက်ပေးသူ ချောင်းကြည့်သူများကို ရဲက ဖမ်းဆီး အရေးယူသည်။ သို့သော် ယဉ်ကျေးမှုဘောင်ကို ကျော်လွန်၍ မောင်နှင့်နှမ သားနှင့်အမိ ကြည့်မကောင်းတဲ့ မြင်မကောင်းတဲ့ အဆင့်အထိ အတင့်ရဲပြီး ကဲလာလျှင်တော့ အဲဒီစုံတွဲကို ပတ်တရောင်ရဲက လာဆွဲပြီး ပြင်းပြင်းထန်ထန် အရေးယူသည်။

ချစ်ကြသည့် လင်နှင့်မယား သားသမီးနှင့် မိဘတို့ ချစ်ကြလို့ ချစ်ဟန်ပြတာဟာ အမှန်တော့ တကယ့်ချစ်စရာ မြင်ကွင်းလေးပါလားလို့ သတိတရားရလိုက်သဖြင့် ကျွန်တော့်အရှေ့မှာ ထိုင်ရင်း ရွှတ်ပြွတ်နေကြသော လင်မယားကို အရဲစွန့်၍ စောင်းငဲ့ကြည့်လိုက်ရာ အကြည့်ချင်း ဆုံသွားတော့သည်။

သူတို့နှစ်ယောက်လုံးကပင် အပြုံးလေးတွေကိုယ်စီဖြင့် ခေါင်းညိတ်၍ ကျွန်တော့်ကို အရိပ်အသေပေးသည့် အမူအရာပြကြသဖြင့် အလိုက်သင့် ပြန်ပြုံးပြလိုက်ပြီး 'ကွန်ကရက်ကျူလေးရှင်း' ဟုသာ အမျိုးသမီးလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းချီးပေးလိုက်ရတော့သည်။ မင်းကို သိပ်ချစ်တဲ့ ယောကျ်ားကို ရထားတဲ့အတွက် မင်းနဲ့ ထပ်တူထပ်မျှ ဝမ်းသာပါတယ်ကွယ်ဟု ချီးမြှောက်လိုက်ရခြင်း ဖြစ်သည်။

ကျွန်တော့် ချီးမွမ်းစကားကို ကြားရ၍ ဝမ်းသာသွားသော အမျိုးသမီးလေး၏ 'သိုင်းကျူး မစ္စတာ' ဟူသော စကားသံလေးအဆုံး မှာပင် စင်တိုဆာကျွန်းတောင်ထိပ် ဘုတာရုံသို့ ရောက်၍ ပခက်ကလေး ပေါ်မှ ဆင်းပြီး သူတို့ လင်မယားနှင့် လမ်းခွဲလိုက်ပြီးနောက်တွင်တော့ ဦးနှောက် အလုပ်ရှုပ်စေမည့် မေးခွန်းတစ်ပုဒ်သာ ကျွန်တော့်နောက်သို့ တကောက်ကောက် လိုက်ပါနေတော့သည်။

'ချစ်လို့ ချစ်တာ ရှက်စရာလား' ဟူ၍ ဖြစ်သည်။

(ပေတံ ကာလင်္ဂတံမယံ တူးအန္တိ အဟံဝန္ဒာမိ။

ပေတံ ကာလင်္ဂတံ၊ ဘဝတစ်ပါးသို့ ပြောင်းသွားကုန်ကြပြီ ဖြစ်သော၊ မယံ ကျွန်ုပ်၏၊ တူးအန္တိ အဒေါ်နှစ်ယောက်အား၊ အဟံ ကျွန်တော် အဏ္ဏဝါစိုးမိုးသည်၊ ဝန္ဒာမိ ရှိခိုး ကန်တော့လိုက် ပါ၏ ခင်ဗျား။

အဒေါ်နှစ်ယောက်ကို ပါဠိလို မသိသဖြင့် တူးအန္တိဟု ရမ်းကြိတ်လိုက်ရပါသည်။ မှားမည် ထင်ပါသည်။ မှားလျှင် ပြင်ပေးပါရန်။)

[ စစ်ပြန်။ ။မေ၊ ၁၉၈၇ ]



www.burmeseclassic.com


www.burmeseclassic.com



# ကိန္နရာ သမုဒ္ဒရာခြားသည့်နယ်

ကိန္နရာချောင်းခြားသည်ဟုသာ ကြားဖူးသည်။ ယခုမူကိန္နရီနှင့် ကိန္နရာတို့သမုဒ္ဒရာသုံးစင်း ခြားလေပြီ၊ အဖြစ်အပျက်တို့သည် ရက်နှစ်ဆယ်ခန့်အတွင်း ဖြစ်ခဲ့၍ နာရီပိုင်းအတွင်း ပျက်စီးပြိုကွဲသွားခဲ့သည်။ အမြန်ရိုက်ရုပ်ရှင် တစ်ပိုင်းတစ်စကို ကြည့်ရသည်သို့ မြင်လိုက်ရပြီး နောက်ဝယ် လူသားနှစ်ဦးတို့၏ ဘဝနှစ်ခုတို့သည် ငါးဆယ် ရာခိုင်နှုန်း ပျက်စီး ဆုံးရှုံးသွားကြလေသည်။ မောင်ဆန်နီခေါ် မောင်သန်းတိုးကို လေဆိပ်လိုက်ပို့ပြီး သင်္ဘောပြန်ရောက်သောအခါ စိတ်မောလူမော ဖြစ်နေသည်။ အိပ်ရာပေါ် ပစ်လှဲချလိုက်ပြီး အသက်ဝအောင် ပြင်းပြင်းဆွဲရှူ၍ တအား မှုတ်ထုတ်လိုက်မိသည်။

ဤဇာတ်လမ်းတွင် ကျွန်တော်သည် ဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ဇာတ်စီးသေတ္တာမျှောက် နောက်ပိုင်းမင်းသားကြီးအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် လူသားနှစ်ဦးတို့၏ ဆုံးရှုံးနစ်နာမှုအတွက် ကျွန်တော့်အကူအညီတွေ ပါသလို ဖြစ်နေသည်။ သင်္ဘောသား လူငယ်တွေကို ငွေကြေးအသုံးအဖြုန်းမကြီးရန် သတိပေး ဆုံးမစကားပြောကြားရမည့်အစား ရောက်လေရာ နိုင်ငံတိုင်းမှာ ကျွန်တော်ကချည်း ဦးဆောင်ကဲနေသဖြင့် လူငယ်တွေက ကျွန်တော့်ကို ခင်ကြသည်။ ချစ်ကြသည်။ အားကိုးအားထားပြုကြသည်။ ဂရိအမျိုးသားပိုင် နိုင်ငံခြား သင်္ဘောတွင် မြန်မာသင်္ဘောသား ဆယ့်ငါးယောက် ရှိသည်။ ကျွန်တော်က အကြီးဆုံး(ရာထူးမဟုတ်)၊ အသက်အကြီးဆုံး ဖြစ်သည်။



သင်္ဘော ခရီးစဉ်အရ အမေရိကန်မှ ကုန်တင်ပြီး ကာရေဗီယံပင်လယ်အတွင်းရှိ စပိန် စကားပြော

www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်းနိုင်ငံလေးတစ်ခု၏ ဆိပ်ကမ်းမြို့တစ်မြို့တွင် ကုန်ချသည်။ ပင်လယ်ကမ်းစပ်မြို့ကလေးဖြစ်၍ သာယာလှပသည်။ မြို့သူမြို့သားတွေက ဖော်ရွေသည်။ အသားအရောင်မှာ အဖြူ၊ အဝါ၊ အညို၊ အမည်း စုံလှသည်။ မျက်နှာပေါက်တွေက မြန်မာနှင့် ဆင်လှသည်။ နိုင်ငံတကာ သင်္ဘောဆိပ်မြို့လေးဖြစ်၍ စတိုးဆိုင်၊ ဘီယာဘား၊ ညကလပ်တွေကလည်း ပေါလှသည်။

ညစာစားပြီးသည်နှင့် ထုံးစံအတိုင်း ကျွန်တော်က မိတစ်ရာသားလူငယ်တွေကို ဦးဆောင်ပြီး မြို့တွင်းသို့ သွားကြသည်။ မြို့လယ်ရပ်ကွက်နှင့် ဈေးကြီးများကို လှည့်ပတ်ကြည့်ရှုပြီး ညနေ မိုးချုပ်လာသည်နှင့် အားလုံးပင် တိုင်ပင်ထားသည့်အလား ညကလပ်နှင့် ဘီယာဘားများရှိရာ ရပ်ကွက်များဘက်သို့ ဦးတည် လျှောက်လှမ်းခဲ့ကြတော့သည်။ မသင့်ဘူး၊ မတော်ဘူး သင်္ဘောပြန်ကြပါစို့ဟု မပြောဘဲ မသိယောင်ဆောင်ပြီး ရောလိုက်နေသည်။ တစ်နေရာတွင် သင်္ဘောသားအရက်ဆိုင် (ဆီးမင်းဘား)ဟု ဆိုင်းဘုတ်တင်ထားသော ဆိုင်တစ်ဆိုင်ကို တွေ့၍ အားလုံးပင် ဝင်လိုက်ကြသည်။ တံခါးရွက်ကြီးကို တွန်းဖွင့်ပြီး အတွင်းဝင်လိုက်သည်နှင့် ပုလင်းနှင့် ဖန်ခွက်ထိသံ၊ ခါးကို လက်ညှိုးနဲ့တို့လို့ ယားသည့် အသံ၊ ပေါင်တွင်းသားကို လက်သည်းနဲ့ဆိတ်လို့ နာသည့်အသံ၊ ညုတုတု ခရာတာတာအသံတို့နှင့်အတူ ဒစ္စကိုတေးသံကလည်း ညံနေသည်။ မီးရောင်မှိန်မှိန်ထဲတွင် ဖိုနှင့်မ စုံတွဲများ မြူးထူးကခုန်နေကြတာလည်း တွေ့ရသည်။

ကျွန်တော်တို့အုပ်စုက ထောင့်ကျကျစားပွဲလွတ်တစ်လုံးတွင် နေရာ ယူလိုက်ကြသည်။ ကုလားထိုင်နှင့် တင်ပါး အသားမကျသေးခင်မှာ 'ဘွဲနို့နော့ချေ မီယာမိုး' ကောင်းသောညနေခင်းပါအချစ်ရယ် ဟူသော အသံနှင့်အတူ အတွဲမရှိသေးသော အမျိုးသမီးအုပ်စုကြီး ရောက်



လာပြီး သူ့ထက် ငါ အလျင်ဦးအောင် တစ်ဦးလျှင် တစ်ယောက်ကျ ချဉ်းကပ်၍ ဝင်ထိုင်ကြသည်။ ကျွန်တော်တို့က မကန့်ကွက်သောအခါ အတင့်ရဲလာပြီး လည်ပင်းဖက်၍ မွှေးမွှေးပေးကြတော့သည်။ ဘီယာတိုက်ပါလား၊ မာတဲလ်၊ ရှန်ပိန်၊ ဝီစကီစသည်ဖြင့် တစ်ယောက်တစ်ပေါက် ပူဆာကြသည်။ ကျွန်တော်တို့ကလည်း ခေါင်းညိတ်လိုက်ကြသည်။ အတူသောက်ကြသည်။ မူးလာတော့ ဒစ္စကိုတေးသံနှင့်အတူ ကကြသည်။ ပျော်လိုက်ကြသည့်ဖြစ်ခြင်း။

အမှောင်ထဲတွင် မျက်စိကျင့်သားရလာပြီး ထင်ထင်ရှားရှားမြင်လာရသောအခါ ကိုယ့်အမျိုးသမီးနှင့် သူ့အမျိုးသမီး နှိုင်းယှဉ်၍ ဘယ်သူ့အမျိုးသမီးက လှသည်၊ ဘယ်သူ့ အမျိုးသမီးက ဖြူသည်၊ ညိုသည် စသဖြင့် အလုပြိုင်ကြသည်။ သည်အထဲတွင် ဆန်နီခေါ် မောင်သန်းတိုးနှင့် တွဲမိနေသော အမျိုးသမီးလေးက အလှဆုံးဟု တညီတညွတ်တည်း အတည်ပြုကြသည်။

တကယ့်ကိုလှပါသည်။ အသားအရေမှာ ဥရောပကြိုက် အဖြူလည်း မဟုတ်၊ အမေရိကန်အကြိုက် အနီလည်းမဟုတ်၊ အာဖရိကကြိုက် အညိုလည်း မဟုတ်သော မြန်မာကြိုက် အဝါလေးဖြစ်သည်။ အချိုးအဆစ်ကျ၍ ဖြန့်ချထားသော သူ့ဆံပင် ကုတ်ဝဲလေးနှင့် ပနံရလှသည်။ ဂျင်းဘောင်းဘီ ကျပ်ကျပ်ကလေး ဝတ်ထားသဖြင့် ခြေသလုံး ပေါင်တံတို့၏ အနေအထား အချိုးကျ လှပပုံကို ဖော်ပြထားသကဲ့သို့ ရှိသည်။ ဝင်းဝါနေသော မျက်နှာပေါ်တွင် ကြည်လင်တောက်ပနေသော မျက်လုံးများမှာ ချစ်စရာကောင်းလှသည်။ နီရဲနေသော နှုတ်ခမ်းလေး ကွေးဝိုက်ကျပုံမှာ ဂျိန်းဖောင်ဒါလိုလို၊ ရေကဲလ်ဝှက်ချ်လိုလိုလှသည်။ တစ်ချက်တစ်ချက် လျှပ်လက်သကဲ့သို့ ပေါ်ထွက်လာသော ဒစ္စကို မီးရောင်အလင်းတွင် ဖြောင့်စင်းသောနှာတံနှင့် ကော့ပျံနေသော မျက်တောင်နက်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရလျှင် ရင်မှာရှိုက်ခနဲ ဖြစ်၍ အသက်ရှုပင် မှားမှားသွားသည်။ တကယ့်ကို လှ၍ တစ်ညလုံး ထိုင်ကြည့်နေချင်စရာကောင်းအောင် ဆွဲဆောင်မှုရှိပါသည်။

'ဆန်နီ မင့်ကောင်မလေးနာမည် ဘာတဲ့လဲကွ'

ကျွန်တော်က ကိုယ့်ဟာမကြီး ဘေးနားထားပြီး ဆန်နီ့ကောင်မလေးကို ပိုးပန်းနေရုံသာမက နာမည်ပါသိချင်၍ မေးလိုက်သည်။

'ကိန္နရီဆိုလား ဘာဆိုလားမသိပါဘူး အစ်ကိုကြီးရား အစ်ကိုကြီး မေးကြည့်ပါဦး'

'ဆီညာရီတာ ကဲအေ့စ် တူ နံဗရ'

ကျွန်တော်က လူတတ်ကြီးလုပ်ပြီး စပိန်စကားဖြင့် မိန်းကလေး နာမည် ဘယ်လိုခေါ်ပါသလဲဟု မေးလိုက်သည်။ ကိန္နရီဟုပင် ဖြေသည်။ သေချာအောင်မေး၍ ရေးပြခိုင်းတော့မှ သူ့နာမည်အပြည့်အစုံမှာ ကင်ညီ ဖူးရိုးစ် Keinyie Fourose ဟူ၍ ဖြစ်သည်။ ဤကျွန်းနိုင်ငံသူ မိခင်နှင့် အီတလီလူမျိုး ဖခင်မစ္စတာဖူးရိုးစ်တို့၏ သမီးလေးဖြစ်နေသည်။ ဥရောပမှာ အလှတို့စုဝေးရာ ဆိုဖီယာလောရင့်တို့နိုင်ငံ အီတာလျံသွေး ပါနေ၍ ဤမျှလှနေခြင်း ဖြစ်မည်။ ကျွန်တော်တို့ အားလုံးပင် မှန်ကန်အောင် အသံထွက် မခေါ်တတ်၍ အမှတ်ရလွယ်အောင် မြန်မာဆန်ဆန် ကိန္နရီဟုပင် အမည်ပေးလိုက်ကြသဖြင့် လှရုံသာမက တော်လေးဝစာရင်း ပါဝင်သွားတော့သည်။

'ဆန်နီ မင်းကောင်မလေးက ကိန္နရီဆိုတော့ မင်းက ကိန္နရာပေါ့ကွ'

ကျွန်တော်က အသောဖောက်လိုက်သဖြင့် မြန်မာတွေ ဝိုင်းရယ်ကြသောအခါ အမျိုးသမီးများက ဘာကြောင့် ရယ်ကြတာလဲဟု မေးကြသည်။ ကိန္နရီနှင့် ကိန္နရာတို့၏ ရက်ပေါင်းခုနစ်ရာ မြန်မာပုံပြင်ကို



အင်္ဂလိပ် စပိန်နှစ်ဘာသာဖြင့် ရှင်းပြသောအခါ အမျိုးသမီးများ သဘောကျလွန်း၍ တယုတယမှတ်သားထားကြသည်။ မောင်ဆန်နီက တစ်ည မပြောနဲ့ တစ်ခဏတောင် မခွဲပါရစေနဲ့ဟု ပြောပြီး သူ့ကောင်မလေးကို မွှေးမွှေးပေးလိုက်သောအခါ အားလုံးပင် သဘောကျ၍ လက်ခုပ်တီးကြသည်။ ပျော်ပျော်ပါးပါး သောက်စား ကခုန်ပျော်မြူးကြသည်။

ညသန်းခေါင်ကျော်သောအခါ မူးဝေငိုက်မျဉ်းလာကြပြီဖြစ်၍ နှုတ်ဆက်အနမ်းတွေ ကိုယ်စီဖြင့် နှုတ်ဆက်ခွဲခွာကြသည်။ မောင်ဆန်နီတို့အတွဲကတော့ နက်ဖြန်ည ရှစ်နာရီမှာ ပြန်ဆုံကြရန် တိတိကျကျ ချိန်းဆိုနေသံ ကြားရသည်။

အပြန်လမ်းတစ်လျှောက်တွင်တော့ ဆန်နီ့ကောင်မလေးလှကြောင်း ချောကြောင်းကိုသာ ပြောလာကြသည်။ ကံကောင်းသူ မောင်ဆန်နီကလည်း အထူးအားရကျေနပ်နေသည်။ နက်ဖြန် အလုပ်သိမ်းပြီးသည်နှင့် စောစောသွားမည်ဟု ဆိုသည်။

မောင်ဆန်နီခေါ် မောင်သန်းတိုးမှာ သင်္ဘောအဝိကဖြင့် ဘွဲ့ရပြီးနောက် နိုင်ငံခြားသင်္ဘောသား အလုပ်သင်အရာရှိ(ကဒက်)ခန့်စာဖြင့် ရန်ကုန်မှ ထွက်လာပြီး သင်္ဘောပေါ်ရောက်သောအခါ ရိုးရိုးသင်္ဘောသား (အိုအက်စ်) လုပ်နေရသည်။ ကုန်းပတ်အရာရှိ စာမေးပွဲဝင်နိုင်ရန် လုပ်သက်နှင့် အတွေ့အကြုံယူရင်း စာကျက်နေသူဖြစ်သည်။ အသက်နှစ်ဆယ်ကျော် အရုပ်အမောင်းကောင်းသော လူဖြောင့် လူချောဖြစ်၍ ရောက်လေရာနိုင်ငံတိုင်းမှာ အချောအလှလေးများက သူ့ကို မျက်စိကျလေ့ရှိသည်။ ရန်ကုန်က ထွက်မလာမီက နောက်ဆုံးနှစ် ဆေးကျောင်းသူတစ်ဦးနှင့် လူကြီးချင်းစေ့စပ်ထားခဲ့သည်ဟု သိရသည်။ မောင်ဆန်နီကံဆိုးချိန်ကြုံလို့နဲ့ တူပါရဲ့၊ ဒီမြို့မှာ ကုန်ချတဲ့ရက်တွေ ကြာနေသည်။ သာမန်အားဖြင့် နှစ်ပတ်ဆယ်ရက်ဆိုလျှင် ကုန်ချပြီးနိုင်သည်။ ဆန်အိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေချမှနေ၍ မိုးရွာလျှင် ရပ်ထားရပြန်သည်။ ရပ်ထားရသည့် အကြောင်းတွေလည်း များသထက်များလာသည်။ ဆန်နီကတော့ လေမလာကြာတိုင်းကောင်းလို ဖြစ်နေသည်။ ဆီးမင်းဘား နိုက်ကလပ်သို့ နေ့တိုင်းသွားသည်။ သူ့ကောင်မလေးကို မခွဲနိုင်မခွာရက် ဖြစ်နေသည်။

ကုန်းပတ် ညစောင့်တာဝန်ကျသောနေ့တွင် နေ့လယ်မအိပ်နိုင်ဘဲ တစ်နေကုန် ကိန္နရီတို့အိမ်မှာ သွားနေသည်။ ကိန္နရီ့မိဘများနှင့်ပင် ရင်းနှီးခင်မင်နေပြီ ဖြစ်သည်။ ကျွန်တော့်ကိုပါ ခေါ်သွား၍ လိုက်သွားရသေးသည်။ တကယ့်မိသားစု အရင်းအချာလိုဖြစ်နေတာ တွေ့ရသည်။ ကိန္နရီ့မိဘများမှာ လူချမ်းသာများ မဟုတ်ကြသော်လည်း ကျပ်ကျပ်တည်းတည်းတော့ မဟုတ်ကြ။ သူတို့နိုင်ငံ လူနေမှုအဆင့်အရ တီဗွီ၊ ရေခဲသေတ္တာ၊ စားပွဲတင်ပန်ကာ စသည်တို့ဖြင့် သန့်သန့်လေးနေကြတာ တွေ့ရသည်။ တိုက်ခန်းလေးကတော့ အနည်းငယ် ကျဉ်းသယောင်ရှိသည်။

ကိန္နရီ၏ မိခင်ကြီးက မောင်ဆန်နီကြောင့် သူ့သမီးလေး ကိန္နရီ လိမ္မာလာပြီဖြစ်ကြောင်း ဝမ်းသာအားရ ကျွန်တော့်ကို ပြောပြသည်။ ကိန္နရီနိုက်ကလပ်များသွားပြီး ယောကျ်ားတကာနှင့်တွဲ၍ အရက်သောက်နေသည်ကို တားမရ၍ စိတ်ဆင်းရဲနေသည်မှာ ကြာပြီဟုဆိုသည်။ သူတို့ ယဉ်ကျေးမှု သူတို့ဓလေ့ထုံးတမ်းအရ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသော သားသမီးကို မိဘက ချုပ်ချယ်ပိုင်ခွင့်မရှိတော့။ အကျိုးသင့်အကြောင်းသင့် ပြောပြ၍ ရလျှင် ရ၊ မရလျှင် လက်ပိုက်ကြည့်နေရတော့သည်။ ယခုမှ (နိုက်ကလပ်တွေ မသွားပါနဲ့၊ တွဲကနေတာမောင် မကြည့်နိုင်ဘူးလို့များ ဆန်နီက ပြောထားသလားမသိ။) ခြေငြိမ်ပြီး ကျနေရနေသည်ဟု ဆိုသည်။ ပြိုးပြိုးပြောင်ပြောင်နဲ့ ရွှေရောင်စိတ်စင်နာရီလေးတစ်လုံးကိုလည်း ဆန်နီက ဝယ်ပေးထား၍ သူ့အသားလေး ဝါဝါနှင့် ပနံရပြီး အလှတွေတိုးနေသည်။



နောက်ရက်တွေမှာတော့ နာရီသာမက အင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ ဖိနပ်၊ မိတ်ကပ်၊ ရေမွှေးကအစ ဝယ်ပေးနေရတော့သည်။ မြို့နှင့် မိုင် ၂၀လောက်ဝေးသော အရပ်မှာရှိသည့် ပင်လယ်ရေချိုးဆိပ်ကို အငှားကားဖြင့် နှစ်ယောက်အတူ သွားကြသည်။



တစ်နေ့တော့ ညည်းသံတစ်ချက် ထွက်လာသည်။ စုဆောင်းထားသည့် ဒေါ်လာနှစ်ထောင် ကုန်တော့မည် ဆိုသည်။ သူညည်းသံကြားတော့ သူဖတ်ပြဖူးသော သူ့မိခင်ထံမှ စာကို သတိရမိသည်။

သားလေး အတိုး ကျန်းမာစေရန် နေ့စဉ် ဘုရားဝတ်ပြု တိုင်း မေမေ ဆုတောင်းမေတ္တာပို့လျက် ရှိတယ်၊ သားလေး အနဋ္ဌော အနဋ္ဌငါးပါးကို မမေ့နဲ့၊ သားလေး ဖေဖေကိစ္စ ပြီးသွားပြီ၊ ဌာနဆိုင်ရာက ထွက်စာတင်ခိုင်းတယ်၊ ကံတရားပေါ့ သားရယ်၊ ဖြစ်လာတာ ဘာတတ်နိုင်မှာလဲ၊ အခုတော့ အိမ်မှာအနားယူ စာဖတ်၊ ပုတီးစိပ်နေတယ်၊ ဖြူတုတ်နဲ့ ဖိုးကဲကို ရှင်ပြုရင် သူ့မြေးကိုရင်တွေကို စောင့်ရှောက်ဖို့ လူ မရှာရအောင် ဒုလ္လဘရဟန်းဝတ်မယ်ပြောတယ်၊ မေမေတို့အခြေအနေကို သိပြီးမို့ သားလေးလိမ္မာပါ၊ ဘဝအသိရှိပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး သတိရှိပါ၊ စီးပွားရေး သတိရှိပါ၊ ပေါင်းသင်းဆက်ဆံရေး သတိရှိပါ၊ အလုပ်တာဝန် သတိရှိပါ၊ မိမိအကျိုးစီးပွားကို အလွန်အကျွံ မထိခိုက်ပါက သူတစ်ပါးကို ကူညီတတ်ရန် သတိရှိပါ၊ မိမိပယောဂကြောင့် သူတစ်ပါး ဒုက္ခ မရောက်ရအောင် သတိရှိပါ၊ လောကမှာ မိမိမှတစ်ပါး အားထား ကိုးကွယ်ရာမရှိဘူး သား၊ ရှင်တော်မြတ်ဘုရား ကလဲ အတ္တာဟိ အတ္တနော နာထောလို့ ဟောတော်မူတယ်၊ သားလေး အန္တရာယ်တွေကြားမှာ ပင်ပန်းကြီးစွာ စုဆောင်း ရရှိတဲ့ ချွေးနဲ့စာလေးကို သားနဲ့ မေမေတို့ မိသားစုအတွက် အကျိုးရှိရှိ အသုံးချနိုင်အောင် လိမ်လိမ်မာမာနဲ့ ပြန်ခဲ့ပါလို့ မေမေ မှာကြားလိုပါတယ်။

အမြော်အမြင်ကြီးမားသော မေတ္တာတရားကြီးမားသော မိခင်က သားတော်မောင်ထံရေးသော စာရှည်ကြီးထဲက တစ်ပိုဒ်မျှ ဖြစ်သည်။ စာထဲက ဝါကျအချို့သည် သူ့သားနှင့် ပေါင်းနေသော ကျွန်တော့်ကို ရန်တွေ့သလို ခံစားရ၍ ကြက်သီးမွေးညင်းထမိသည်။

စာကို လက်ခံရရှိစဉ်က ဆန်နီလက်ထဲတွင် ဒေါ်လာ တစ်ထောင့် ရှစ်ရာရှိသည်။ တိုယိုတာ ပတ်ပလေကာ ၇၈၊ ၇၉ မော်ဒယ် ဝယ်နိုင် သည်။ ပြန်ရောင်းလျှင် တစ်သိန်းလေးသောင်းရနိုင်သည်။ အခုတော့ ဒေါ်လာ နှစ်ထောင်ကုန်လုပြီဟု ဆိုသည်။ ရိုးရိုးသင်္ဘောသားတစ်ယောက် အနေဖြင့် ဤမျှ ငွေကြေးကို စုဆောင်းရရှိရန် တစ်နှစ်ခန့် အလုပ်လုပ်ကြရ သည်။ ဥရောပနှင့် အမေရိကဆိုတာက အပျော်အပါးတွေကပေါ၊ အစစအရာရာ လိုချင်စရာတွေက များ၊ ကုန်ဈေးနှုန်းက ကြီးတော့ အသုံးနှင့်အဖြုန်း ဆင်ခြင်ရသည်။ စိတ်ကို ချိုးနှိမ်ရသည်။ စောင့်စည်းရ သည်။ အောင့်အည်းရသည်။ မဆင်ခြင်ပါက အိမ်ပြန်မလှ ဖြစ်မည်။ ပြောမည့်သာ ပြောရသည်။ ကျွန်တော်ကိုယ်တိုင်က မဆင်ခြင်နိုင်သူမို့ ကူညီမိလျက်သား ဖြစ်ဖြစ်နေသည်။ လိမ္မာချင်သူတွေ ကိုယ့်ဟာကိုယ်



လွတ်လွတ်လပ်လပ် လိမ္မာကြ၊ ငါ့ကို အားမနာကြနဲ့ဟု ပြောထားသည်။

ရက်နှစ်ဆယ်ခန့် ရှိပေပြီ။ ကုန်ချပြီးရန် ငါးရက်ခန့်သာ ကျန် တော့သည်။ တစ်နေ့တွင် မောင်ဆန်နီ ကျွန်တော့် အိပ်ခန်းသို့ ရောက်လာသည်။ ကိန္နရီကို တရားဝင်လက်ထပ်တော့မည်ဟု ဆိုသည်။ ကျွန်တော် အံ့သြသွားသည်။ ဤမျှ ဖြစ်လာလိမ့်မည်ဟု မထင်မိခဲ့။ မသင့်လျော်သည့်အကြောင်း၊ မဖြစ်နိုင်သည့်အကြောင်းတွေကို ကျွန်တော် ပြောပြသည်။ သို့သော် နောက်ကျနေလေပြီ။ မောင်ဆန်နီက လက် မခံသည့်အပြင် မင်္ဂလာလက်စွပ်နှင့် ဝတ်စုံတွေကိုပါ ချုပ်လုပ် ပြီးနေပြီဟု ဆိုသည်။ လက်ထပ်ပြီးပါက မည်သည့်ပုံစံဖြင့် စခန်းသွားကြမလဲဟု မေးကြည့်ရာ သင်္ဘောပေါ်မှာ လုပ်သက်တစ်နှစ် ကျော်ပြီး ဖြစ်၍ အလုပ်မှ ထွက်ပြီး ကိန္နရီတို့ နိုင်ငံမှာ နေရစ်ခဲ့တော့မည် ဆိုပါလား၊ ဘုရား ဘုရား။

ဖြစ်မှ ဖြစ်ရလေ၊ ကျွန်တော် အကြီးအကျယ် တုန်လှုပ်စိုးရိမ်သွား သည်။ ကားဝယ်ပြီး ပြန်လာမည့် သားကို မျှော်နေသည့် မိခင်ကြီးနှင့် အလုပ်ပြုတ်ပြီး စိတ်ညစ်နေသော သူ့ဖခင်ကြီးတို့ကို မမြင်ဘူးသော်လည်း စိတ်မှန်းဖြင့် သနားသွားမိသည်။ ဤနိုင်ငံတွင် ရပ်တည်မည့် သူ့အစီ အစဉ်များကို ပြောပြသည်။ လောလောဆယ် ခေတ္တ ဗီဇာဖြင့် နေပြီး မကြာမီ နိုင်ငံသားဖြစ်အောင် ကိန္နရီဦးလေး ရှေ့နေတစ်ယောက်က ကူညီမည်ဟု သိရသည်။ ကျွန်တော်က ဖြစ်ပါ့မလားဟူသော စောဒက ပုစ္ဆာအမျိုးမျိုးကိုကျိုးကြောင်းနှင့်တကွ တင်ပြကြည့်သေးသည်။ ကျွန်တော့် ကိုပင် အထင်သေးသည့် အမူအရာဖြင့် ဖြစ်ပါသည်ဟု မထီပြုံး ပြုံး၍ ဖြေသည်။ သင်္ဘောသားချင်းတူပေမယ့် သူက ဘွဲ့ရပညာတတ် သင်္ဘောသား၊ ကျွန်တော်က ဘုန်းကြီးကျောင်းထွက်၊ ဘဝ ကျားကွက်မှာ လက်ရည်တူ သရေကစားနိုင်သော်လည်း အဆုတ်အတက်မှာ တစ် ကွက်နောက်ကျ နေသူမို့ သူ့အပြုံးမျိုးပြုံး၍ အရှုံးပေး ခေါင်းညိတ် လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ နံနက် ဘုရားကျောင်းမှာ လက်ထပ်သည့်နေ့က ကျွန်တော်က သတို့သားဖခင်အဖြစ် တာဝန်ယူရသည်။ မြန်မာဘုန်းကြီးကျောင်းသားဟောင်းဖြစ်၍ ခရစ်ယာန် ဘုရားကျောင်းနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသဖြင့် ရင်ခုန်နေမိသည်။ ဘုရားဝတ်ပြုရန် လာကြသူများနှင့်အတူ မင်္ဂလာပွဲလာကြသူများကလည်း ဝတ်ကောင်းစားလှတွေ ဝတ်လာကြသည်။ ကျွန်တော့် သတို့သားကတော့ ရန်ကုန်ကလာတုန်းက ဝတ်လာသည့် ဝတ်စုံကိုပင် နက်ကတိုင် အသစ်လဲ၍ ဝတ်ထားသည်။ နဂိုချောသူမို့ ဘာပဲဝတ်ဝတ် ကျက်သရေရှိနေသည်။ သတို့သမီးကတော့ လေဒီဒိုင်ယာနာ ချားလ်မင်းသားနှင့် လက်ထပ်စဉ်က ဝတ်သည့် ဝတ်စုံမျိုးကို နိုင်ငံတကာက လိုက်တုပြီး မင်္ဂလာဝတ်စုံအဖြစ် ရောင်းချသော ဝတ်စုံကို ဝတ်ထား၍ တအားလှနေသည်။

လက်ထပ်မင်္ဂလာထုံးတမ်းစဉ်လာအရ ဘုန်းတော်ကြီးက ကျမ်းစာဖတ်ခြင်း၊ ပြုဖွယ်ကိစ္စများ ပြုလုပ်ခြင်း၊ လက်စွပ်လဲခြင်း ပြုလုပ်ပြီးသောအခါ သူတို့ဓလေ့ထုံးစံအရ သတို့သမီးကို ခေါ်ဆောင်လာပြီး သတို့သားဖခင် ကျွန်တော့်ထံ အပ်နှံသည်။ သတို့သမီးသည် ကျွန်တော့်ရှေ့ရောက်သည်နှင့် ဒူးကို နဖူးနှင့်ထိသည်။ ကျွန်တော်က သတို့သမီးကို တွဲထူ၍ နဖူးဆံစပ်ကို ဖွဖွလေး နမ်းရသည်။ ပြီးတော့မှ သတို့သမီး၏ ဘယ်လက်ကိုကိုင်၍ သတို့သား၏ ညာလက်ရုံးတွင် ချိတ်ပေးလိုက်သောအခါ ဩဘာလက်ခုပ်သံများနှင့်အတူ မင်္ဂလာဆောင်ခြင်းကိစ္စ ပြီးသွားလေတော့သည်။ ဒါတွေက စနေနေ့ညနေထဲက လာပြီး ရီဟာစယ်လုပ်ထားရခြင်း ဖြစ်သည်။

သင်္ဘောမထွက်ခွာမီ နှစ်ရက်ခန့်အလိုတွင် မောင်ဆန်နီ အလုပ်ထွက်စာတင်သည်။ ရေယာဉ်မှူးက ဒေသကိုယ်စားလှယ်မှ တစ်ဆင့် ကုမ္ပဏီရှိရာ ဂရိနိုင်ငံ အေသင်မြို့သို့ ကြေးနန်းရိုက်၍ ခွင့်ပြုမိန့်တောင်းသည်။ ကုမ္ပဏီက လူစားစီစဉ်လို၍ တစ်လခန့်စောင့်ပါရန် အကြောင်းပြန်သည်။ မောင်ဆန်နီက မစောင့်နိုင်ပါဟု ဆိုသည်။ ကန်ထရိုက်ကစာချုပ်နှစ်ပြည့်ပြီးသူဖြစ်၍ တားမရသောအခါ ခွင့်ပြုလိုက်ရတော့သည်။ ဤအချိန်မှစ၍ မောင်ဆန်နီခေါ် မောင်သန်းတိုးခင်ဗျာ သူ့ဘဝသမုဒ္ဒပြင်မှာ သောကမုန်တိုင်း ဆင်တော့မည်ကို ကြိုတင် မသိသေး၍ ပျော်နေရှာသည်။



ရေယာဉ်မှူးသည် မောင်ဆန်နီအတွက် ရှင်းပေးစရာရှိသည့် လက်ကျန်ရက်တွက် လုပ်အားခများကို ရှင်းပေးပြီး သင်္ဘောမှ မထွက်ခွာမီ ဒေသကိုယ်စားလှယ်မှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေး အရာရှိလက်သို့ အပ်လိုက်သည်။ နိုင်ငံခြားသားဖြစ်နေ၍ အစစအရာရာ သတိကြီးစွာ ဆောင်ရွက်ကြရသည်။ ဒေသအာဏာပိုင်များသည် မောင်ဆန်နီ၏ မင်္ဂလာ ကိစ္စအဝဝကို ဘာမှ မသိကြသဖြင့် ဤနိုင်ငံတွင် နေထိုင်ခွင့် ၂၄ နာရီ ဗီဇာနှင့် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်လက်မှတ်ကို စီစဉ်ထားပြီး ဖြစ်သည်။ အကြောင်းစုံသိတော့မှ မောင်ဆန်နီခမျာ ပျာယီးပျာယာ ဖြစ်သွားပြီး မိမိသည် ဤနိုင်ငံတွင် ရက်ရှည်ဗီဇာဖြင့် နေထိုင်ဦးမည်ဖြစ်ကြောင်း မိမိ သည်နိုင်ငံတွင် တရားဝင် ဇနီးရှိနေပြီဖြစ်၍ ဤနိုင်ငံသားအဖြစ် ရရှိအောင် လျှောက်ထားရန် စီစဉ်ပြီး ဖြစ်ကြောင်းများကို ငိုကြီးချက်မ ရှင်းပြသည်။ သည်တော့ ဒေသခံကိုယ်စားလှယ်နှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိတို့မှာ ဦးနှောက်ခြောက်ရတော့သည်။

လူဝင်မှုကြီးကြပ်ရေး အရာရှိအချို့က မောင်ဆန်နီကို သနားကြသည်။ နောက်ဆုံးလိုက်လျောသည့်အနေဖြင့် ကုမ္ပဏီ ကိုယ်စားလှယ် တာဝန်ယူပါက နှစ်ပတ် ဗီဇာထုတ်ပေးပါမည်။ တစ်ဆယ့်လေးရက်တွင် တစ်ကြိမ် သက်တမ်းတိုးခြင်းကို သုံးကြိမ်အထိ ခွင့်ပြုနိုင်ပါသည်ဟု လိုက်လျောကြသည်။ ကုမ္ပဏီကိုယ်စားလှယ်ကလည်း ထမင်းရေပူလာ လျှာလွှဲသဘောမျိုးဖြင့် သင်္ဘောကုမ္ပဏီသို့ အကြောင်းစုံတင်ပြပြီး ခွင့်ပြုမိန့်တောင်းသည်။

သင်္ဘောကုမ္ပဏီက လုံးဝခွင့်မပြုနိုင်ပါဟု ချက်ချင်းအကြောင်းပြန်သည်။ မြန်မာသင်္ဘောသားတစ်ဦး အလုပ်တာဝန်ပြီးဆုံးပါက ဘေးမသီ

www.burmeseclassic.com

www.burmeseclassic.com



ရန်မခဘဲ မြန်မာနိုင်ငံသို့ အမြန်ဆုံး ပြန်ပို့ပေးရန်အတွက် မိမိတို့မှာ လုံးဝတာဝန်ရှိ၍ ၎င်းသင်္ဘောသားကို ၂၄ နာရီထက် နောက်မကျစေဘဲ လေယာဉ်စီးနိုင်ရန် စီစဉ်ပါဟု အကြောင်းပြန်သည်။

ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခတ်၍ နန်းရပ်ကထွက်ခေါ်သူ့ မိဖုရားသမီးသားနှင့် ယာဉ်ရထား အဆောင်အယောင် ဖိနပ်တောင်မပါစေရဟူသော အမြင်ကတ်အမိန့်တော်ကို ကြားရသော မင်းသားကဲ့သို့ အားပြတ် ခွေယိုင် မဟန်နိုင်ဘဲ မတ်တတ်က လဲကျသွားတော့မလိုဖြစ်သွားသည်။ ကိန္နရီနှင့်ကိန္နရာတို့၏ တစ်သက်တာ ခွဲခွာရသည့်ဖာတ်လမ်းအတွက် ပြည်ဖုံးကား လုစ်သောနေ့ ဖြစ်တော့သည်။

ကုမ္ပဏီကိုယ်စားလှယ်က နက်ဖြန်နံနက် ငါးနာရီ လေဆိပ်အရောက် သွားရမည်၊ ဤနိုင်ငံမှ စပိန်နိုင်ငံ မက်ဒ်ရစ်၊ အိန္ဒိယနိုင်ငံ ဘုံဘေ၊ ထိုင်းနိုင်ငံ ဗန်ကောက်မှ ရန်ကုန်ခရီးစဉ်ဖြင့် လက်မှတ်လုပ်ထားမည်၊ နံနက် ကားလာခေါ်မည်၊ အသင့်လုပ်ထားပါဟု ဆိုသည်။

ဘာများတတ်နိုင်မည်နည်း။ သင်္ဘောပေါ်တွင်လည်း မနေလိုသဖြင့် ပိုင်ဆိုင်သေးသမျှ ပိုက်ဆံလေး တစ်ပဲခြောက်ပြားနှင့် အဝတ်အစားလေးများကို အိတ်ကလေးတစ်လုံးတွင်ထည့်၍ ကျွန်တော်နှင့်အတူ ယောက္ခမ အိမ်သို့ ထွက်ခဲ့ကြသည်။ အိမ်ရောက်ပြီး အကြောင်းစုံပြောပြ၍ သိကုန်ကြတော့ တစ်အိမ်လုံး ပူဆွေးငိုကြွေးကြသည်။ ကိန္နရီက မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အိပ်ခန်းထဲ ဝင်ပြေးပြီ။ အရှက်ကွဲပါပြီဆိုတဲ့သဘောလား၊ အသည်းကွဲပါပြီဆိုတဲ့ သဘောလား မဝေခွဲတတ်ပြီ။ မောင်ဆန်နီ ခမျာ မနေသာတော့၍ ဝင်လိုက်သွားရတော့သည်။ မြင်ကွင်းက စိတ်ဆင်းရဲစရာ အတိဖြစ်နေသည်။ ထိုင်ကြည့်နေရတာ မျက်နှာပူသဖြင့် နက်ဖြန် နံနက် စောစောလာခဲ့ပါမည်၊ တတ်နိုင်ပါက အစွမ်းရှိသမျှ အောင်မြင်အောင် ကြိုးစားကြပါဦးဟု ပြောပြီး သင်္ဘောပြန်ခဲ့သည်။

ခြေလှမ်းတစ်ချက်မှားသော လူသားနှစ်ဦးတို့၏ ဘဝနှစ်ခုတို့သည်



ထက်ဝက်စီ ပျက်စီး ဆုံးရှုံးသွားကြပြီဟု ထင်သည်။ နှလုံးသားကိစ္စဖြစ်၍ မေတ္တာတရားကို ဈေးစကား မဆိုသင့်သော်လည်း နှစ်ယောက်စလုံးအတွက် ငါးဆယ်ရာခိုင်နှုန်းစီ အရှုံးပေါ်ခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။ ဘဝပျက်သည်အထိ မနစ်နာသေး၍ တော်ပေသေးသည်။ သို့သော် မောင်ဆန်နီခမျာ လူပျိုဘဝမှ အိုခဲ့ရပြီ။ ရန်ကုန်က စေ့စပ်ကြောင်းလမ်းမှု ပျက်သွားနိုင်သည်။ တစ်နှစ်လုပ်အားခ ဒေါ်လာ နှစ်ထောင်ကျော် ကုန်သွားပြီဖြစ်သည်။ ဤမျှ ငွေကြေးကို အမိနိုင်ငံသို့ယူသွားမည်ဆိုပါက ကစ်သိန်းခွဲခန့်တန်ဖိုးရှိသည်။ အခုတော့ လက်ဖဝါးခြေဖဝါးအပြင် တစ်ပြားမှမပါသည့်ဘဝဖြင့် ပြန်ရပေတော့မည်။ မိဘညီအစ်ကို မောင်နှမတွေကို ဘယ်လို မျက်နှာပြမည်နည်း။ ပန်းဝင်ခါနီးမှ ဘောင်းဘီကျွတ်ကျသော အပြေးသမားနှင့် တူတော့သည်။

နောက်တစ်ယောက် ကိန္နရီ၏ ဘယ်ဘက်လက်သူကြွယ်မှာ အိမ်ထောင်သည် လင်ရှိမယားပါဟု အမှတ်တံဆိပ် ခတ်နှိပ်ထားသော လက်ထပ် လက်စွပ်ကလေးကို တရားဝင် ချွတ်မပစ်နိုင်သေးသမျှကာလပတ်လုံး ဝတ်ထားရပေတော့မည်။ သူတို့နိုင်ငံ သူတို့လူမျိုး၏ ယဉ်ကျေးမှုနှင့် လူမှုရေး ဥပဒေအရ တရားဝင်လက်မထပ်ရသေးပါက ယောကျ်ားတကာနှင့်ယှဉ်ပါး၍ သားသမီးပင်ရှိစေဦးတော့ အရေးမကြီး၊ တရားဝင် လက်ထပ်ပြီးပါက သတိကြီးကြီးထား၍ စည်းစောင့်ရသည်။ လွတ်လပ်စွာ သွားလာလှုပ်ရှား ပျော်ပါးနိုင်ခွင့်မရှိတော့။ ပထမယောကျ်ားနှင့်တရားဝင် ကွာရှင်းမှုမပြုရသေးမီ တခြားယောကျ်ားကို လက်ထပ်နိုင်ခွင့်လည်း မရှိတော့။ ပူပူနွေးနွေးချစ်လင် ကိုဆန်နီကို မြန်မာပြည်မပြန်မီနာရီပိုင်းအတွင်းမှာ တရားဝင် ကွာရှင်းပေးခဲ့ပါဟု ပြောရအောင်ကလည်း ပြောမထွက်၊ မပြောရက်၍ မပြောဖြစ်တော့။ ဒီတော့အကြောင်းသိသော ယောကျ်ားများကလည်း ကိန္နရီကို လက်ထပ်ဝံ့ကြတော့မည်မဟုတ်။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ လင်ရှိမယားကို ယှဉ်ပါးမိပါက ဥပဒေအရ ကြီးမားသော ရာဇဝတ်မှုကို ကျူးလွန်ရာရောက် နိုင်၍

www.burmeseclassic.com

www.burmeseclassic.com



ကိန္နရီ၏ ဘဝသည်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် ငါးဆယ်ရာခိုင်နှုန်း နစ်နာဆုံးရှုံးရလေပြီဟု ဆိုနိုင်ပါသည်။

သူတို့အကြောင်း တွေးတောရင်း တစ်ညလုံး အိပ်မပျော်နိုင်ခဲ့။ မိုးလင်းခါနီး လေးနာရီကပင်ထ၍ မျက်နှာသစ် အဝတ်အစားလဲပြီး မောင်ဆန်နီကို လေဆိပ်ပို့နိုင်ရန် ကိန္နရီတို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။ တစ်အိမ်လုံး နိုးနေကြတာတွေ့ရသည်။ သူတို့လည်း အိပ်ပျော်ခဲ့ကြဟန်မတူ။ ကုလားထိုင်မှာ ဆေးတံထိုင်ဖွာနေသော ကိန္နရီ၏ ဖခင်ကြီးကို စပိန်လို 'ဘွဲ့နိုဒီးယား ဆီညော်' မင်္ဂလာ နံနက်ခင်းပါ လူကြီးမင်းခင်ဗျာ တရိုတသေ နှုတ်ဆက်လိုက်ပါသည်။ အဘိုးကြီးက ပြန်လည်နှုတ်ဆက်ပြီး အင်္ဂလိပ် စကားတစ်ခုကို ရယ်ရယ်မောမော ပြောပါသည်။

'ဗဲရီးဖန်းနီး မစ္စတာစိုးမိုး၊ အီးစီး သိမ်းစ်အာရ် နိုးလောင်းဂါး ဟား ဟား ဟား' တဲ့။

သိပ်ရယ်စရာကောင်းတယ်၊ လွယ်လွယ်လုပ်တာတွေဟာ ကြာကြာမခံဘူးဟု ဆိုလိုသလား၊ မကျက်တဲ့အိုး အဖုံးမတန်ဟု ဆိုလိုသလား၊ ထိုင်နေ အကောင်းသား ထသွားမှ ကျိုးမှန်းသိဟု ဆိုလိုသလား၊ အဓိပ္ပာယ်ကို နားမလည်တော့ပြီ။ လူကြီးရှက်တော့ ရယ်သည် ဆိုတာမျိုးတော့ ဖြစ်နိုင်သည်။

ငါးနာရီထိုးခါနီးတွင် အိမ်ရှေ့သို့ ကားတစ်စီးရောက်လာပြီး ဟွန်းတီးသည်။ ကုမ္ပဏီကိုယ်စားလှယ်ရုံးမှ ကားဖြစ်သည်။ လေဆိပ်သို့ လိုက်ပို့ကြမည့် ကိန္နရီတို့ သားအမိနှင့်အတူ ကိန္နရီ့အစ်မဝမ်းကွဲဆိုသူ တစ်ယောက်လည်း ရှိနေသည်။ မောင်ဆန်နီက ကားပေါ်မတက်မီ မြန်မာဓလေ့ဖြင့် လူကြီးများရှေ့တွင် ဒူးတုပ်ထိုင်ချပြီး ကိန္နရီ့ဖခင်ကြီးမစ္စတာ ဖူးရိုးစ်ကို ဦးသုံးကြိမ်ချ ကန်တော့လိုက်သောအခါ အားလုံး ဝမ်းနည်းပြီး အော်ငိုကြသဖြင့် ကျွန်တော်ပါ မျက်ရည်လည်လာတော့သည်။ မစ္စတာ ဖူးရိုးစ်ကတော့ အသံကို ထိန်း၍ 'ဂွတ်လပ်ခ် ဆန်း' သားလေး ကံကောင်းပါစေဟု ဆုတောင်းပေးသည်။



လူစုံသည်နှင့် ကားထွက်သည်။ ကားပေါ်တွင် ဘယ်သူမျှ စကားမပြောနိုင်ကြ။ အတွေးကိုယ်စီ အဆွေးကိုယ်စီဖြင့် လိုက်ပါလာကြသည်။ ကိန္နရီနှင့် ကိန္နရာမောင်နှံတို့မှာ တစ်ညတာမဟုတ် တစ်သက်တာ ခွဲခွာကြရတော့မည် ဖြစ်၍ တစ်ဦးကိုတစ်ဦး တအား ဖက်ထားကြသည်မှာ ကြည့်ရက်စရာပင် မရှိတော့ပါ။ နှလုံးသည်းအူမှာ အပူလှိုင်းထ၍ ရင်ဝမှာ သောကမုန်တိုင်းတွေ ထန်နေကြသော ချစ်သူတို့၏ မျက်ဝန်း အစုံတို့မှာ ပရိဒေဝမိုးကြီး သဲသဲမဲမဲ ရွာချနေလေပြီ။ 'ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲဒုက္ခ' လို့ ဗုဒ္ဓရှင်တော် ဟောတော်မူသော ပိယေဟိ ဝိပ္ပယောဂေါကဖြင့် တကယ့်ကို ဒုက္ခပါကလားဟု တရား ရမိတော့သည်။

လေဆိပ်သို့ ရောက်သောအခါ လေဆိပ်အဆောက်အအုံ အတွင်းသို့ ခရီးသည်မှအပ မည်သူမျှ မဝင်ရ။ ဝင်ပေါက်ဝ မှန်တံခါးကြီး အနီးမှာပင် အားလုံးရပ်နေကြရသည်။ လက်နက်ကိုင် အစောင့်ရှိနေသည်။ ခေတ်မီသော နိုင်ငံတကာလေဆိပ်ကြီးများ၏ စည်းကမ်းဖြစ်သည်။ ခြောက်နာရီ ထိုးပေပြီ၊ လေယာဉ်ထွက်ခွာရန် နာရီဝက်သာလိုတော့သည်။ ကိန္နရီနှင့် ကိန္နရာတို့ ရသမျှ အချိန်လေးမှာ တစ်သက်တာအတွက် အစွမ်းကုန်ချစ်သည့် အနမ်းတွေ အပြန်အလှန် နမ်းပြီး ဖက်ငိုကြသည်။ မြန်မာနိုင်ငံကိုရောက်ပြီး မကြာမီ တိုးရစ်ဗီဇာဖြင့် ပြန်လာနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ မိမိရင်သွေးလေးကို မပျက်စီးအောင် မွေးပါရန် မေတ္တာရပ်ခံကြောင်း၊ ကိန္နရီအနေဖြင့် မြန်မာနိုင်ငံကို လိုက်လာနိုင်ပါက ပို၍ အဆင်ပြေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသူဖြစ်အောင် မိမိစွမ်းဆောင်နိုင်ကြောင်းစသည့် မဖြစ်နိုင်သည်များကို အင်္ဂလိပ် စပိန်ဘာသာစကား နှစ်မျိုးဖြင့် ကိန္နရီ နားလည်အောင် အမျိုးမျိုး ကြိုးစားပြီး ပြောနေသဖြင့် ကြားနေရသည်။

အချိန်အားဖြင့် မိနစ်ပိုင်း ကျန်တော့သည်။ ခွဲကြရပေတော့မည်။ နောက်ကျနေသော ခရီးသည်များကို တစ်ဦးပြီးတစ်ဦး အသံချဲ့စက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အော်ခေါ်နေသည်။

'ခရီးစဉ်အမှတ် ---ဖြင့် စပိန်နိုင်ငံ မက်ဒ်ရစ်မြို့သို့ သွားမည့် ခရီးသည် မစ္စတာမောင်းတန်တို့ စစ်ဆေးရေးကောင်တာသို့ ကြွပါရှင်'

စပိန်နှင့် အင်္ဂလိပ်ဘာသာ စကားနှစ်မျိုးဖြင့် တစ်မိနစ်လျှင် တစ်ကြိမ်မျှ အော်ခေါ်နေသော အမျိုးသမီး၏ အသံထွက်ပေါ်လာသည်။

'ကဲ ဆန်နီရေ ခေါ်နေပြီကွာ၊ သွားပေတော့'

သောကများနေသော မောင်ဆန်နီကို သတိပေးလိုက်ရသော်လည်း ကျွန်တော့်ရင်ထဲမှာ ဆို့နင့်၍ မချိတင်ကဲဖြစ်လှသည်။

'မခေါ်သေးပါဘူး အစ်ကိုကြီးရဲ့၊ မစ္စတာမောင်းတန်တို့ခေါ်တာ မဟုတ်လား'

'ဘယ်ကလာ မောင်းတန်တိုရမှာလဲကွ၊ မောင်သန်းတိုးလို့ ခေါ်နေတာ သွားတော့'

ဒီတော့မှ ငိုမဲ့မဲ့အမူအရာကြီးဖြင့် ကျွန်တော်နှင့်တကွ လိုက်ပို့သူအားလုံးကို လက်ဆွဲနှုတ်ဆက်သည်။ ယောက္ခမ အဘွားကြီးကို မတ်တတ်ပင် လက်အုပ်ချီ၍ ကန်တော့သည်။ ချစ်ဇနီးကိန္နရီကိုမူ နောက်ဆုံးအနေဖြင့် နှုတ်ဆက်အနမ်းတစ်ချက် ဝအောင် နမ်းလိုက်တော့မည် အပြုတွင် ကုမ္ပဏီကိုယ်စားလှယ်နှင့်အတူ ရဲအရာရှိတစ်ယောက် ရောက်လာပြီး မောင်ဆန်နီကို လေဆိပ်မှန်တံခါးကြီးအတွင်း ဆွဲသွင်းလိုက်သည်နှင့် ကိန္နရီခမျာ မီယာမိုး အချစ်ရေ ဟစ်အော်ပြီး သတိလစ် ခွေလဲကျသွားတော့သည်။

ဩော် ဒုက္ခ ဒုက္ခ၊ ဘုံဘဝမှာ ကြုံကြရလေတဲ့ ဒုက္ခအမျိုးမျိုး အဖုံဖုံတွေထဲက ကိလေသာ ရမ္မက်ကြီးတဲ့ ပရိဒေဝ အချစ်မီးဒုက္ခ ကိုယ်တိုင် မခံစားရသော်လည်း မျက်စိရှေ့မှာ မြင်တွေ့နေရပြန်တော့ အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာ ဆိုသလို စိတ်ဆင်းရဲသည်။ တာနောယကွဲဇာတ်ထဲမှာ ဦးဘိုးစိန်ကြီးနှင့် မင်းသမီးကြီး ဒေါ်ကောလိပ်စိန်တို့ လွမ်းအားပြိုင်ကောင်း၍ ဇာတ်ရှိန်မြင့်လာသောအခါ အနားရှိနေသော တောပျော်ဆရာတော် ရသေ့ကြီး ညည်းသလို 'စိတ်ညစ်လိုက်တာ ငါ့ခြဲမှပဲ' လို့သာ ညည်းလိုက်ချင်တော့သည်။



ဘိုးရင်း ၇၄၇ ဂျက်လေယာဉ်ကြီးတစ်စင်း ပြေးလမ်းပေါ်မှာ နေရာယူနေသော စက်သံကို ကြားနေရသည်။ မကြာမီ တဖြည်းဖြည်း စက်သံမြင့်လာပြီး မိုးကြိုးတစ်စင်း ပစ်ခွင်းလိုက်သံကဲ့သို့ အသံကြီး တုန်ခါမြည်ဟည်း၍ လေယာဉ်ကြီး ပျံတက်သွားသံကို ကြားလိုက်ရသည်။

လေယာဉ်ကြီးသည် မောင်ဆန်နီကို သယ်ဆောင်၍ အတ္တလန္တိတ် သမုဒ္ဒရာကြီးကို ဖြတ်ကျော်ရန် ပြေးတက်သွားလေပြီ။ ပြီးပါပြီ။ အဖြစ်အပျက်တို့သည် ရက်နှစ်ဆယ်ခန့်အတွင်း ဖြစ်ခဲ့၍ နာရီပိုင်းအတွင်း ပျက်သွားလေပြီ။ အမြန်ရိုက် ရုပ်ရှင်တစ်ပိုင်းတစ်စကို ကြည့်ရသည်သို့ မြင်လိုက်ရပြီးနောက်ဝယ် လူသားနှစ်ဦးတို့၏ ဘဝနှစ်ခုတို့သည် ငါးဆယ်ရာခိုင်နှုန်းစီ ဆုံးရှုံးသွားလေပြီ။

ပုံပြင်ထဲက ကိန္နရီ ကိန္နရာတို့ သဘာဝမှန်တိုင်း တိုက်ခတ်၍ တစ်ညတာ ချောင်းခြားပြီး အိပ်ကြရသည်ကို နှစ်ပေါင်း ခုနစ်ရာ ငိုကြွေး ကြရသည်ဟု ကြားဖူးပါသည်။ ယခုမူ နိုင်ငံခြားသူ ကိန္နရီမ ဖူးရိုစ်းနှင့် မြန်မာ ကိန္နရာ မောင်သန်းတိုးတို့ လောကဓံမုန်တိုင်း တိုက်ခတ်၍ ဘဝ တစ်သက်တာ အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနှင့် မြေထဲပင်လယ်ပါ ခြားလေသောအခါ။

[ စစ်ပြန်။ ။ဇန်နဝါရီ၊ ၁၉၈၈ ]

www.burmeseclassic.com

www.burmeseclassic.com



# ချောင်းကိုပစ်တဲ့ ချစ်သမီးငယ်

ညိုကြီးနှင့် ဖြူဖြူဆိုသည်မှာ ကျွန်တော်တို့ သင်္ဘောမှ အမည်ပေးထားသော စင်ရော်ငှက်ကလေးနှစ်ကောင်၏ အမည်များ ဖြစ်သည်။ ညိုညိုတုတ်တုတ် မွဲခြောက်ခြောက် အကောင်ကို ညိုကြီး (Browny) ဟူ၍လည်းကောင်း၊ ဖြူဖြူဖွေးဖွေး သေးသေး အကောင်ကို ဖြူဖြူ (Whitey) ဟူ၍လည်းကောင်း ချစ်စနိုး ခေါ်နေကြသည်။ ကျောက်ဆောင်မရှိ၊ ကျွန်းမရှိ၊ ကမ်းခြေနှင့် မိုင်ပေါင်း တစ်ထောင့်ငါးရာခန့် ဝေးသော အပြောကျယ်လှသည့် သမုဒ္ဒရာ ပင်လယ်ပြင်ကြီး၏အလယ်၊ တလှုပ်လှုပ် ရွေ့လျားနေသော ကုန်တင်သင်္ဘောကြီးပေါ်မှာ နားနားနေနေ လိုက်ပါလာနေသော ဤစင်ရော်ငှက်ကလေးနှစ်ကောင်ကို သင်္ဘောသား အားလုံးပင် စိတ်ဝင်စားနေကြသည်။ စင်ရော်ငှက်တို့မည်သည် ရေပေါ်မှာ ပေါလောပေါ်နိုင်သော်လည်း ကမ်းစပ်၊ ကျောက်ဆောင်၊ ကျွန်းတို့နှင့် ဝေးဝေးနေလေ့မရှိ။ ကမ်းမမြင် လမ်းမမြင်သည့် ပင်လယ်ပြင်မှာ စင်ရော်ငှက်တွေ့ပြီဆိုလျှင် ကမ်းနှင့် သိပ်မဝေးတော့ပြီဟု သိနိုင်သည့်အပြင် စင်ရော်ငှက် ပျံသည့်နောက်ကို လိုက်ပါက ကျွန်း သို့မဟုတ် ရေပေါ် ကျောက်တန်းတစ်ခုခုကို တွေ့ရမည်ဖြစ်သည်။

ညိုကြီးနှင့် ဖြူဖြူကို ကျွန်တော် စတင်မြင်သည့်အချိန်တွင် တက်မစင်မှာ တာဝန်ကျနေသော ပထမအရာရှိ ဂရိအမျိုးသား မစ္စတာ ကွန်တို မော့စ် နီကိုလပ်စ် (Mr. Kontomos Nikolaus) ၏ ပြောပြချက်အရ ဤစင်ရော်လေး နှစ်ကောင်မှာ လွန်ခဲ့သည့် နှစ်ရက်ခန့်က သင်္ဘောပေါ် ရောက်လာခဲ့သည်ဟု ဆိုသည်။ လွန်ခဲ့သည့် နှစ်ရက်ခန့်ကဆိုလျှင် သင်္ဘောသည် မြန်မာနိုင်ငံ စစ်တွေမြို့ သို့မဟုတ် မာန်အောင်ကျွန်း၊ ရမ်းဗြဲ



www.burmeseclassic.com



ကျွန်းနှင့် တည့်တည့်လောက်တွင် ရှိနေခဲ့သည်။ မြန်မာပြည်မှ ငှက်ကလေးနှစ်ကောင် ဖြစ်ပေလိမ့်မည်။ မြန်မာ ငှက်ကလေး နှစ်ကောင်သည် အလည်လွန်ပြီး သီရိလင်္ကာနိုင်ငံကို ရောက်ပေတော့မည်။


သင်္ဘောသား သမ္မာရင့်ဝါရင့်ကြီး မစ္စတာနီကိုလပ်စ်၏ ပြောပြချက်အရ နှုတ်သီးအနက်နှင့် မွဲညစ်ညစ် အရောင်ရှိသော ကြီးကြီးကောင်က အဖိုဖြစ်၍ နှုတ်သီးအနီ ခြေထောက်အနီလေးဖြင့် ဆွတ်ဆွတ်ဖြူနေသော အငယ်ကောင်က အမဟု သိရသည်။ ဟုတ်ပေလိမ့်မည်။ ညိုကြီးက ကျားကျားလျားလျားရှိသလောက် ဖြူဖြူက နွဲ့နွဲ့နောင်းနောင်း ချစ်စရာ ကောင်းလှသည်။ ကုန်ပေါက်အဖုံး (Hatch Cover) ပေါ်မှာ နေပူဆာလှုံရင်း တစ်ဦးကို တစ်ဦး ကလူကျီစယ်နေကြသည်။ သူတို့ဘာဝ ချစ်ကြလို့ ထင်ပါရဲ့၊ တစ်ကောင်နှင့်တစ်ကောင် တစ်တောင်ခန့် အကွာအဝေးထက်ပို၍ ဝေးအောင်ပင် ခွဲမနေကြ။ သင်္ဘောပေါ်မှာ နေရတာ ပျင်းလာလျှင် ရေထဲဆင်းပြီး လှိုင်းအိကလေးများကို စီးရင်း ပျော်ကြသည်။ သင်္ဘောကြီးပန်ကာမှ ယက်ကန်ထုတ်လိုက်သော ရေဗွေ ရေပွက် ရေဝဲဂယက် ရေလမ်းကြောင်း ကြီးတစ်လျှောက် အပျော် ရေလျှောစီးကြသည်။ သင်္ဘောကြီးနှင့် ဝေးကျန် ခဲ့ပြီဆိုလျှင် ထပျံလိုက်လာကြပြီး ဦးပိုင်းရှိ ဆင်မ်ဆင်ပို့စ် Samson Post ခေါ် ကုန်တင်ကုန်ချ လက်တံထိန်းတိုင်ကြီးများပေါ်မှာ နားကြသည်။ ကိုက်ချီလာသော ငါးကလေးများကို ခွဲဝေစားကြသည်။ လေရူးသုန်သုန်လေး တိုက်လာပြီဆိုလျှင် တိုင်ထိပ်မှ ပျံဆင်းကြပြီး ကုန်ပေါက်တွေပေါ်မှာ လဲလျောင်းထားသည့် ဒရက်ခ် (Derrick) ခေါ် ကုန်တင်ကုန်ချလက်ကြီးတွေပေါ်မှာ အနားယူကြသည်။

စင်ရော်ငှက်တို့သည် နိုင်ငံကိုလိုက်၍ အကောင်အကြီးအသေးသာ ကွာသည်။ အရောင်အသွေးမှာ သိပ်ပြီး မကွာလှ။ တရုတ်ပြည်



အရှေ့မြောက်ပိုင်း ပင်လယ်ဝါထဲတွင် တွေ့ရသော စင်ရော်များမှာ အကောင်ကြီးပြီး တစ်ကိုယ်လုံး ဖွေးဖွေးဖြူနေသည်။ ကျွန်တော်တို့နိုင်ငံက စင်ရော်တွေလို မိုးရာသီမှာ ဦးခေါင်းမည်းသလားတော့ မပြောတတ်။ ဆောင်းရာသီမှာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေတာ တွေ့ရသည်။ ကမ်းစပ်ကျောက်တုံး မည်းမည်းတွေပေါ်မှာ အုပ်လိုက် နားကြပုံမှာ ကျောက်မီးသွေးပုံပေါ်တွင် ပေါက်ပေါက်ဆုပ်တွေ ကြဲထားတာနှင့်ပင် တူသေးတော့သည်။

ညိုကြီးနှင့် ဖြူဖြူတို့မှာ တစ်ကောင်နှင့် တစ်ကောင် အတောင်အမွေးနှင့် အရောင်အသွေးသာမက အရွယ်အစားပါ မတူတာ တွေ့ရသည်။ ဖြူဖြူက ချောချောလှလှ မြန်မာပြည်မှာ တွေ့ရမြင်ရလေ့ရှိသော နှုတ်သီးနီနီ ခြေထောက်နီနီ ကိုယ်လုံးသွယ်သွယ်လေး ဖြစ်သည်။



ညိုကြီးက ကိုယ်လုံးထွားထွား အသားမွဲမွဲ၊ နှုတ်သီးမည်းမည်း။ အတောင်ကို ဖြန့်ကြဲလိုက်ပါမှ အတွင်းသားမှာ အနည်းအပါး ဖြူနေတာ တွေ့ရသည်။ သူ့ကို ညိုကြီးဟု ခေါ်သော်လည်း သူ့အသွေးအရောင်မှာ အညိုရောင်ဟုမဆိုသာ။ မီးသင့်ကျောက်ကဲ့သို့ မည်းပြာပြာအရောင်က ပေါ်လွင်ပြီး နီကြောင်ကြောင်အရောင်တွေလည်း အနည်းငယ်ရောပါနေသည်။ ညိုကြီးနှင့် ဖြူဖြူတို့ အလှချင်းပြိုင်သော် 'စင်ရော် ကျောက်ဘီလူးနှင့် ပပဝင်းစုံတွဲ' ဟု တင်စားလောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူအပျိုချောလေးနှင့် ညိုကြီး ကိုရုပ်ဆိုးတို့ ဘယ်မှာကြုံပြီး ဖူးစာဆုံလာကြသည် မသိ။ မနူးမနပ် ဖြူဖြူချောချောလေးကို ညိုကြီး လူလည်ကျပြီး အရသုတ်လာခဲ့တာများလား၊ ဖြူဖြူတစ်ယောက် အပြောကျယ်တဲ့ သမုဒ္ဒရာအလယ်မှာ မျက်စိလည်လမ်းမှားပြီး အားငယ်စဉ် ငှက်တေလေညိုကြီးနဲ့ တိုးပြီး အားကိုးတကြီး လိုက်လာတာများလား၊ ညိုကြီးဟာ မြန်မာပြည်သားမှဟုတ်ရဲ့လား စဉ်းစားစရာတော့ ဖြစ်ပေပြီ။ ဒါပေမယ့် ချစ်မေတ္တာတရားဆိုတာကလည်း စဉ်းစားရ ခက်သားကလား။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်နိုင်ငံသူလေး ဖြူဖြူအတွက် ရတက်မအေး ဖြစ်မိသေးတာတော့ အမှန်ပါ။

\+ \+ \+

ဘင်္ဂလားပင်လယ်ကြီးကို ကျော်ဖြတ်၍ သီရိလင်္ကာနိုင်ငံကို ပတ်ပြီးသော အခါ အိန္ဒိယသမုဒ္ဒရာကြီး၏ အကြီးဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သည့် အာရေဗီယံပင်လယ်ကို ကူးဖြတ်ရသည်။ သီရိလင်္ကာကျွန်းမှ အနောက်မြောက်ဘက်စီသို့ နှစ်ဆယ့်ငါး ဒီဂရီခန့် ဦးတည်ခုတ်မောင်းပါက ပင်လယ်နီ အဝင်အဝမှာရှိသည့် တောင်ယီမင်နိုင်ငံ အေဒင်မြို့ကို ခုနစ်ရက်ခန့်အကြာတွင် ရောက်သွားမည်ဖြစ်သည်။ အာရေဗီယံပင်လယ်သည် ရာသီမရွေး အနည်းနှင့်အများဆိုသလို လှုပ်ရှားနေလေ့ရှိသည်။ အဆိုးရွားဆုံးအချိန်မှာ ဇွန်လမှ စက်တင်ဘာလအထိ ဖြစ်သည်။ ယခုလို သာယာလှသည့် နွေရာသီအခါသမယမှာပင် လှိုင်းအိကလေးများ ပြေးလွှားခုန်ပေါက်နေတာ တွေ့ရသည်။ ကုန်တန်ချိန်တစ်သောင်းကျော် တင်ထား၍ ဖောင်းမြုပ်လုနီးပါး ဖြစ်နေသော သင်္ဘောကြီးကတော့ လှိုင်းပေါက်စနလေးများကို အလေးမထားဘဲ မရပ်မနား တအိအိ သွားနေသည်။



လှိုင်းအိကလေးများကို မြင်တော့မှ ဖြူဖြူတို့ လင်မယားကို သတိရပြီး ဟိုအနားသည်အနား ရှာကြည့်ရပြန်သည်။ အလံတိုင်ထိပ်ဖျား၊ ကုန်လက်တံထိန်းတိုင်ကြီးများ၏ အကြိုအကြားနှင့် သူတို့နားနေလေ့ရှိသည့်နေရာများမှာ မတွေ့ရ၍ ဘယ်မှာများ နားနေကြသလဲ၊ ဘယ်ကိုများသွားကြပြီလဲ၊ သီရိလင်္ကာနိုင်ငံမှာပဲ ကျန်နေခဲ့ကြပြီလား စသည်ဖြင့် တက်မစင်မှာ တာဝန်ကျနေသော မစ္စတာ နီကိုလပ်စ်ကို မေးကြည့်ရသည်။

'ဟဲလို မစ္စတာ နီကိုလပ်စ်၊ ဒီနေ့နံနက် ဘရော်နီတို့စုံတွဲ မမြင်ပါလားဗျ။ ကိုလံဘိုမှာ ပျော်ကြမလို့ ကျန်နေခဲ့ကြပြီနဲ့ တူတယ်'

'အို ခင်ဗျားဒီလိုထင်လို့လား၊ မဟုတ်ပါဘူး ကိုယ့်လူရာ၊ ခုလေးတင်ပဲ ခင်ဗျားသမီးနဲ့သမက် နံနက်စာစားဖို့ ဒီဘက်ကို ထွက်သွားကြလေရဲ့'

'ခင်ဗျားသမီးနဲ့သမက်' ဆိုပါလား။ ဒီသင်္ဘောပေါ်မှာ မြန်မာလူမျိုးဆို၍ ကျွန်တော်တစ်ဦးတည်းသာ ရှိသည်။ ညိုကြီးက ဘယ်နိုင်ငံကစင်ရော်ဟု အတတ်မပြောနိုင်သော်လည်း ဖြူဖြူက မြန်မာနိုင်ငံသူလေးဖြစ်သည်ဟု သူလည်း ယုံကြည်ထားဟန်တူသည်။

ဤစင်ရော်လေး နှစ်ကောင်နှင့် ပတ်သက်၍ စောစောပိုင်းက ရင်ထဲမှာ ဘယ်လိုမှမခံစားရသော်လည်း မစ္စတာ နီကိုလပ်စ်က 'ခင်ဗျားသမီး' လို့ ပြောလိုက်တော့မှ ဖြူဖြူအတွက် ရတက်မအေးသလို ဖြစ်လာတော့သည်။ ဖခင်မေတ္တာ စိုးရိမ်စရာ တွေးမိတွေးရာ တွေးလာတော့သည်။ ဟုတ်သည်။ ဖြူဖြူဟာ ငါ့နိုင်ငံမှပိုင်သော ငှက်ကလေး။ ငါ့နိုင်ငံပိုင် ရေပိုင်နက်အတွင်းမှ ချစ်သူမျက်နှာ တစ်ရွာထင်ပြီး နိုင်ငံရပ်ခြား တိုင်းတစ်ပါးထိအောင် လိုက်ပါလာသော ငါ့နိုင်ငံမှ ငှက်ကလေး။ ငါ့နိုင်ငံကို ငါချစ်သည်။ ငါ့နိုင်ငံအတွင်း မှီတင်း နေထိုင်ကြသည့် လူ၊

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်၊ သယံဇာတနှင့် သဘာဝပေါက်ပင်မှအစ အားလုံး ငါချစ်သည်။ ဒီတော့ငါ့နိုင်ငံသူလေး ဖြူဖြူဟာငါ့သမီးလေး။ တစ်နေ့နေ့မှာ ညိုကြီးက ကြင်ကြင်နာနာမပေါင်းဘဲ မျက်နှာလွှဲခဲပစ် လုပ်ခဲ့လျှင် နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှာ အားကိုးရာမဲ့ ဖြစ်တော့မည်။ သမီးလေး ကံကောင်းပါစေဟုသာ ဆုတောင်းနေရတော့သည်။

ဟောပြန်လာကြပါပြီ၊ ညိုကြီးက ရှေ့ကပုံလာသည်။ စားသောက်ပြီးခဲ့ကြ၍ အနားယူကြတော့မည် ထင်သည်။ သင်္ဘောကို တစ်ပတ်ပြည့်အောင် ဝဲလိုက်ပြီး ကုန်ပေါက်ကြီးတစ်ခု၏ အဖုံး (Hatch Cover) ပေါ်မှာ ဆင်းသက်ကြသည်။ တစ်လှမ်း နှစ်လှမ်းပြေးပြီး အသီးသီး ကိုယ်ရှိန် သတ်လိုက်ကြသည်။

ရပ်သွားသည့်နေရာမှာပင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေကြသည်။ ဦးခေါင်းလေးများကိုသာ တစ်ခါတစ်ရံ လေးလေးတွဲ့တွဲ့စောင်းငဲ့လှုပ်ရှားကြသည်။ ယခင်နေ့တွေကလို ပြေးလွှားဆော့ကစားရင်း တစ်ဦးကိုတစ်ဦး တို့လိုက် ဆိတ်လိုက် မလုပ်ကြ။ တစ်စုံတစ်ခုအတွက် မပြေမလည် ဖြစ်လာကြဟန်တူသည်။ ညိုကြီးက ခပ်တည်တည်နေတော့ ဖြူဖြူက ကျောခိုင်းရပ်ပြီး စိတ်ကောက်ပြသည်။ ညိုကြီးက ခေါင်းတစ်ချက်လှည့်၍ မျက်စောင်းထိုးကြည့်သည်။ လင်နဲ့မယား လျှာနဲ့သွားလို မဟုတ်လား။ ဖြူဖြူက အချော့ခံချင်နေတာ ချော့လိုက်ပါ ညိုကြီးရာ။ မိန်းမဆိုတာမျိုးဟာ ချော့လျှင် ပျော့သွားတဲ့ အမျိုးပါ။

ဟာ၊ ကျွန်တော် စဉ်းစားနေတုန်းမှာပဲ ညိုကြီးဟာ ဘာမပြောညာမပြော ရုတ်တရက် ထပျံသွားသည်။ သင်္ဘောဦးတည် ခုတ်မောင်းနေသည့်ဘက်သို့ တည့်တည့်ကြီး ထိုးပျံနေသည်။ ဖြူဖြူခမျာ မနေသာတော့ 'ဂစ် ဂစ်' ဟု မြည်သံနှစ်ချက် ထွက်လာပြီး ညိုကြီးနောက်သို့ ပိုမိုလျင်မြန်သည့်နှုန်းဖြင့် လိုက်သွားတော့သည်။ သျှောင်နောက် ဆံထုံးပါ



တာလား၊ ဒါမှမဟုတ် ပြဿနာကို အပြတ်ရှင်းမည်ဆိုတဲ့ သဘောလား၊ မတွေးတတ်တော့ပြီ။ ဘင်္ဂလားပင်လယ်မှာတုန်းကတော့ ဖြူဖြူသွားရာနောက်သို့ ညိုကြီးက လိုက်ရသည်။ ယခုက အာရေဗီယံ ပင်လယ်ထဲရောက်လာတော့မှ ညိုကြီးနောက်ကို ဖြူဖြူ လိုက်နေရပါရောလား။ ဘုရား ဘုရား။

\+ \+ \+

တောင်ယီမင်နိုင်ငံကိုရောက်ရန် တစ်ရက်အလို ဆိုမာလီယာနိုင်ငံ ဦးချို အစွန်းကြီးအနီးတွင်ဖြစ်သည်။ နံနက်စောစောစီးစီး ကျွန်တော့်အခန်းအတွင်းမှ တယ်လီဖုန်း မြည်လာသည်။ အိပ်ချင်မူးတူးဖြင့် ကောက်ကိုင်လိုက်ရာတက်မစင်မှာ တာဝန်ကျနေသော မစ္စတာနီကိုလပ်စ်ထံမှ ဖြစ်သည်။

'ဟဲလို မစ္စတာ စိုးမိုး ဂွတ်ဒ်မောနင်း၊ ပွိုက်တီကို တခြားစင်ရော်တွေ ဝိုင်းပြီး တိုက်ခိုက်နေကြပြီဗျ'

ကျွန်တော် တယ်လီဖုန်းကို ပစ်ချခဲ့ပြီး အိပ်ခန်းတွင်းမှ တက်မစင်သို့ ပြေးတက်ခဲ့သည်။ တက်မစင်ပေါ်မှ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရင်တွင်းမှ ဆို့သွားသည်။

ညိုကြီးနှင့် ခွဲမရလောက်အောင် အရောင်အသွေး အတောင်အမွေးနှင့် အရွယ်အစားပါတူသော စင်ရော် အကောင်နှစ်ဆယ်ခန့်သည် ဖြူဖြူကို ဝိုင်းဝန်းထိုးဆိတ်နေကြသည်။ အာဖရိက ကမ်းခြေ တစ်လျှောက်တွင် တွေ့ရလေ့ရှိသော စင်ရော်များဖြစ်သည်။ အခုမှ ကျွန်တော်သတိရပြီး ညိုကြီးဟာ အာဖရိက စင်ရော်တစ်ကောင်ဖြစ်ကြောင်း သိရတော့သည်။ မြန်မာပြည်သူ ဖြူဖြူခမျာ အတောင်လေးဖြန့်ကာ၍ ငယ်သံပါအောင် အော်ရင်း သင်္ဘောကုန်းပတ်ပေါ်မှာ လှည့်ပတ်ပြေး

www.burmeseclassic.com

www.burmeseclassic.com



လွှားနေရသည်။ သင်္ဘောပေါ်မှ ရေထဲဆင်း ပြေးပြန်တော့လည်း ရေထဲအထိ လိုက်ပြီး အုပ်ကြီးအုပ်မဖွဲ့၍ ထိုးဆိတ်ကြ ပြန်သည်။ ညိုကြီးမှန်း ကျွန်တော်မသိတော့ပါ။ တစ်ဘက်သတ် မတရား နှိပ်စက်ခံနေရသော ဖြူဖြူကိုကြည့်ပြီး ချုပ်တည်းမရသည့် ဒေါသတွေ ဖြစ်လာသည်။ သမီးအရင်းကို လူဆိုးတွေ ဝိုင်းပြီး မတရား အနိုင်ကျင့်နေတာ မြင်နေရသော ဖခင်တစ်ဦးကဲ့သို့ ဆောက်တည်ရာမရ ဖြစ်နေသည်။

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၍ တက်မစင်ပေါ်မှ အခန်းတွင်း ပြေးဆင်းပြီး ရန်ကုန် ပန်းဆိုးတန်း လမ်းဘေး ပလက်ဖောင်းပေါ်က ဝယ်ခဲ့သည့် လေးခွနှင့် လောက်စာလုံးတွေယူပြီး ပြန်တက်ခဲ့သည်။ မစ္စတာ နီကိုလပ်စ်က ကမ်းခြေနှင့် နီးလွန်း၍ ထိမှန်အောင် မပစ်နဲ့ တားသည်။ ကင်းလှည့်နေသော သက်ဆိုင်ရာနိုင်ငံ ဒေသအာဏာပိုင်တွေ တွေ့မြင်သွားပါက သူတို့နိုင်ငံပိုင် ငှက်ကို ပစ်သတ်မှုဖြင့် ပြဿနာတက်လိမ့်မည်ဟု ဆိုသည်။ အကုန်သေအောင် ပစ်သတ်ပြီး ထောင်ကျခံလိုက်ချင်သော်လည်း သင်္ဘောသားတစ်ယောက် ဖြစ်ပါလျက် စင်ရော်ငှက်ကို ပစ်သတ်သည်ဟု ဝိုင်းဝန်းပြစ်တင်ခံရမှာကိုလည်း ကြောက်ရသည်။ စင်ရော် နှင့် လပိုင်ခေါ် လင်းရှူးတို့သည် ကမ်းမမြင်လမ်းမမြင်သော ပင်လယ်ပြင်မှာ သင်္ဘောများ မျက်စိလည်လမ်းမှားနေပါက ကမ်းခြေ၊ ကျွန်းနှင့် ရေပေါ် ကျောက်တန်းများရှိရာဘက်သို့ လမ်းပြခေါ်ဆောင်လေ့ရှိသည်ဟု ယုံကြည်ထားကြသည်။ ဆိုရိုးစကား တစ်ခုပင် ရှိသည်။ 'The real seaman never kill seagull. သင်္ဘောသား အစစ်သည် စင်ရော်ငှက်ကို မသတ်' ဟူ၍ ဖြစ် သည်။ သို့သော် ကိုယ့်မျက်စိအောက်မှာ ကယ်ပါယူပါတစာစာဖြင့် အားကိုးရာမဲ့ ဖြစ်နေသော စင်ရော်ငှက်မလေး ဖြူဖြူကို ကြည့်ပြီး သနားလွန်း၍ အခြား စင်ရော်တွေကို လေးခွဖြင့် ခြောက်လှန့်ပစ်ခတ်ရင်း ပါးစပ်မှလည်း ကယောင်ကတမ်းဖြင့် မြန်မာလို



ယောင်ယမ်း အော်ဟစ်မိသည်။

'ဟေ့ကောင်တွေ၊ မင်းတို့ရက်စက်လှချည်လားကွ၊ ဟေ့ ဒီလို မတရားမလုပ်ပါနဲ့ကွ'

ဒေါသဖြင့် ဆောက်တည်ရာမရဖြစ်ပြီး မြန်မာလို တအားကုန်းအော်လိုက်သော ကျွန်တော့်အသံကြီးကို ကြားတော့ နားမလည်သော မစ္စတာနီကိုလပ်စ်နှင့် နိုင်ငံခြားသား သင်္ဘောသားတွေက ဝိုင်းရယ်ကြသည်။ ကျွန်တော့်မှာ သူတို့ကို ဂရုမစိုက်နိုင်။ ဖြူဖြူ အန္တရာယ်မှ အမြန်ဆုံး လွတ်မြောက်ရေးအတွက် ဘာလုပ်ရမလဲဟုသာ အပြေးအလွှား စဉ်းစားနေရသည်။ ဖြူဖြူလေးခမျာ ရေထဲမှာ ခေါင်းမဖော်နိုင်အောင် အလူးအလဲ ထိုးဆိတ်ခံနေရသည်။ ကြံရာမရဖြစ်ပြီး နောက်ဆုံး ဘီယာဘူးတွေထည့်သည့် စက္ကူပုံးအလွတ်ကြီးတစ်လုံးကို ယူပြီး ဖြူဖြူကို ဝိုင်းအုံထိုးဆိတ်နေကြသည့် ရေထဲမှ စင်ရော်အုပ်ကြီးပေါ်သို့ တည့်တည့် ချိန်ရွယ်ပြီး လွှတ်ချလိုက်သည်။ ဒီတော့မှ အားလုံး လန့်ဖြန့်ပြီး ထွက်ပြေးကုန်ကြတော့သည်။

ဖြူဖြူမှာ ရေထဲ၌ပင် အားအင်ကုန်ခမ်း၍ ပင်ပန်းမောဟိုက်နေဆဲ ဖြစ်သည်။ ရုတ်တရက် မလှုပ်ရှားနိုင်သေး။ ခေါင်းကလေး ငိုက်စိုက်ကျနေသည်။ 'ဖြူဖြူရေ သင်္ဘောပေါ် ပျံတက်နိုင်ရင် တက်ခဲ့ပါလား သမီးလေးရယ်' ဟု ကျွန်တော့် ရင်ထဲမှ ရှိုက်သလို ပြောပြီး လိုက်ဖိုမောနေပါသည်။ ဩော် အဟိတ်တိရစ္ဆာန်ဆိုတော့ ဘာမျှ မသိနားမလည်ရှာဘဲ သင်္ဘောကြီးမှ ခွဲထုတ်လိုက်သော ရေဆွဲလမ်းကြောင်း တစ်လျှောက် ရွေ့ရွေ့မျောပါကျန်နေခဲ့သည်။ ကျွန်တော် တက်မစင်မှ ပြေးဆင်းပြီး ဖြူဖြူနှင့် အနီးဆုံး နေရာရောက်အောင် သွား၍ ကယ်တင်ရန် ကြိုးစားကြည့်သေးသည်။ မရတော့ပါ။ သင်္ဘောကြီးက မရပ်မနား ရှေ့ကို သွားနေသည်။ အားအင်ကုန်ခမ်း၍ မောပန်းနေသော

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက နောက်ကို တရွေ့ရွေ့ မျောပါနေသည်။

သဘော်ာပဲ့ပိုင်းမှာ ရပ်၍ ဖြူဖြူကို စောင့်ကြည့်နေမိသည်။ ကျွန်တော့် မျက်စိမြင်နိုင်စွမ်းရှိသလောက် ဖြူဖြူ ပျောက်ကွယ်သွားသည့်အချိန်အထိ မေတ္တာပို့ရင်း စောင့်ကြည့်နေမည်ဟု ဆုံးဖြတ်လိုက်သည်။ မကြာမီ ဖြူဖြူ လှုပ်ရှားတာကို မြင်ရသည်။ သူ့အန္တရာယ်ကို သူသိ၍ထင်သည်။ ရှိသမျှ အင်အားလေးကိုသုံး၍ ရေထဲမှ ကုန်းရုန်းထပြီး စတင်ပျံထွက်တာ တွေ့ရသည်။ ရေပြင်နှင့် လွတ်တယ်ဆိုရုံ အမြင့်မှ လေးလေးမှန်မှန် တောင်ပံခတ်၍ သူခွဲခွာလာခဲ့ရာ အမိမြန်မာပြည်ရှိရာဘက်သို့ ဦးတည် ပျံသန်းနေချေပြီတကား။

'ဖြူဖြူရေ ဖြည်းဖြည်းနဲ့ မှန်မှန်သာ ပျံပေတော့၊ နားနားနေနေ သွားပေတော့၊ လေစုန်မှာပျံပြီး လေဆန်မှာ နားလေတော့၊ ခရီးကဝေးတော့ သမီးလေး ပန်းရှာရှော့မယ်၊ မြန်မာပြည်ဘက်ကို သွားကြမယ့် သဘော်ာကြီးတွေပေါ်မှာ နားပြီး လိုက်သွားပေတော့ သမီးရေ၊ အမိမြန်မာနိုင်ငံကို ပြန်ရောက်လို့ရှိရင် တို့နိုင်ငံသူ ဘဝတူ စင်ရော်မလေးတွေကို ပညာပေးပြီး ပြောပြနော်၊ အလည်လွန်ရင် နယ်ကျွံတတ်တဲ့ အကြောင်း၊ တကယ်မချစ်သူကို ပေါင်းမိရင် မကောင်းတဲ့ သူ့လက်ချက်နဲ့ ကိုယ့်အသက်တောင် ဆုံးရှုံးလုမတတ် ဖြစ်ခဲ့ရတဲ့ အကြောင်းတွေ ပြောပြနော်၊ ဖြူဖြူလေး အန္တရာယ်ကင်းပြီး ဘေးရှင်းစွာ အမိ မြန်မာနိုင်ငံကို ပြန်ရောက်ပါစေ။

[ လုံမလေး။ ။ဇန်နဝါရီ၊ ၁၉၈၇ ]



www.burmeseclassic.com

www.burmeseclassic.com




# အမေရိကမှ သာကေတအိပ်မက်

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းခြေမြို့ ဘာလ်တီမိုးသို့ နက်ဖြန်ဆိုလျှင် ရောက်ပေတော့မည်။ ချစ်ရသည့်အမင်ဒါနှင့် တွေ့ရတော့မည်ဆိုသည့် အတွေးဖြင့် ပျော်နေသည်။ ယခင်တစ်ခေါက်က စီစဉ်ခဲ့သည့်အတိုင်း ယခုတစ်ခေါက်တွင် အမင်ဒါကို လက်ထပ်မည်။ ဤသဘော်တွင် လုပ်သက် တစ်နှစ်ပြည့်၍ မြန်မာနိုင်ငံသို့ ပြန်သောအခါ ချစ်ဇနီးလေး အမင်ဒါကို တစ်ပါတည်း ခေါ်သွားမည်ဟု စိတ်ကူးယဉ်နေမိသည်။

တက်မစင် ဂျူတီဝင်ရန် အချိန်စောသေးသဖြင့် အိပ်ရာပေါ် လှဲချပြီး နဖူးပေါ် လက်တင်၍ အမင်ဒါနှင့် တွေ့ကြုံပြီး ဖူးစာဆုံခဲ့ရပုံကို ပြန်လည် အမှတ်ရနေမိသည်။

ပြင်သစ်နိုင်ငံ မာဆေးမြို့သို့ သွားရောက်ပြီး သဘော်တက်ရမည်ဖြစ်၍ ရန်ကုန်မှ ဘန်ကောက်သို့ ဘန်ကောက်မှ ဒက္ကာသို့ လေယာဉ်အဆင့်ဆင့်ဖြင့် သွားရကာ ဒက္ကာတွင် ဘိုးရင်း ၇၄၇ လေယာဉ်ကြီးကို ပြောင်းစီးရသည်။ လေယာဉ်ကြီးပေါ် ရောက်သောအခါ ကျွန်တော့်ထိုင်ခုံနံပါတ် ၂၂ ဘီကို လိုက်ရှာသည်။ လွယ်လွယ်ကူကူပင် တွေ့ရပါသည်။ ထိုင်ခုံသုံးလုံးတစ်တန်းတွင် ကျွန်တော်က အလယ်ခုံဖြစ်နေသည်။ မှန်ပြတင်းပေါက်နှင့် ကပ်လျက် ခုံအမှတ် ၂၂ အေတွင် အနောက်တိုင်းသူတစ်ဦး ရှိနေသည်။ ဝတ္ထုစာအုပ်ကို စိတ်မပါလက်မပါဖတ်နေတာကို သတိထားမိသည်။ သူနှင့် ကပ်လျက် အတူထိုင်ပြီး ခရီးရှည်သွားရမည့်သူသည် မည်ကဲ့သို့သောပုဂ္ဂိုလ်ဖြစ်မလဲဟု စောင့်ကြည့်နေဟန်တူသည်။



www.burmeseclassic.com



ကျွန်တော် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သောအခါ အမျိုးသမီး၏ မော့အကြည့်နှင့် မျက်လုံးချင်းဆုံသွားသဖြင့် 'ဟလို'ဟု နှုတ်ဆက်လိုက်ရသည်။ သူကလည်း ပြုံး၍'ဟလို'ဟု ပြန်နှုတ်ဆက်ပါသည်။ သို့သော် အနောက်တိုင်းထုံးစံအရ မိတ်ဆက်ပေးမည့်သူမရှိ၍ စကားပြောခွင့်မရဘဲ လေယာဉ် ထွက်မည့်အချိန်ကို စောင့်ရင်း ထိုင်နေရသည်။ ကျွန်တော့် ဝဲဘက်က ထိုင်ခုံအမှတ် ၂၂စီတွင် အိန္ဒိယ အမျိုးသားတစ်ဦး ရောက်လာသည်။ လက်ယာဘက်က အမျိုးသမီးကတော့ ဝတ္ထုစာအုပ်ကို ဆက်ဖတ်နေသည်။ စာအုပ်ကို မသိမသာ ခိုးကြည့်လိုက်ရာ အင်္ဂလိပ် စာအုပ် ဖြစ်နေသည်။ အင်္ဂလိပ်စကား ပြောတတ်မှာ သေချာသည်ဟု တွေးမိလိုက်သည်။

ဘေးနားက အမျိုးသမီးနှင့် မိတ်ဆွေဖြစ်ရန် အကြံထုတ်နေသည်။ မျက်စိကို မပွင့်တပွင့်လုပ်၍ ခိုးကြည့်လိုက်ရာ စာအုပ်ကို စိတ်မပါလက်မပါ ဖတ်နေဆဲ တွေ့ရသည်။ သူ့မျက်နှာကို သေသေချာချာ မြင်သာစေရန် ကျွန်တော့်ဘက်သို့ အနည်းငယ် စောင်းပေးထားသည်ဟု ထင်သည်။ မျက်နှာပေးလေးကိုလည်း ယခင်ထက် ပို၍ ချိုထားသည်ဟု ထင်မိသည်။ ခရီးသွားမိတ်ဆွေဖြစ်ရန် အကြံတူနေပုံရသည်။ သို့သော် မိတ်ဆက်ပေးမည့်သူ မရှိ၍ ခက်နေကြသည်။

ဘင်္ဂလားဒေ့ရှ်စံတော်ချိန် ည ၉ နာရီတွင် လေယာဉ်ထွက်သည်။ ခရီးစဉ်အရ ဒက္ကာ၊ ဘုံဘေ(အိန္ဒိယ)၊ အေသင်(ဂရိ)၊ ရောမ(အီတလီ)၊ အမ်စတာဒန်(ဟော်လန်) အထိ ပျံသန်းမည်ဖြစ်သည်။ ကျွန်တော်က အီတလီတွင် ဆင်း၍ လေယာဉ်ပြောင်းစီးရဦးမည်။

လေယာဉ်မယ် ဆယ်ဦးခန့်သည် အစားအသောက်နှင့် ယမကာများကို လိုက်လံချပေးနေသည်။ ကျွန်တော်တို့သုံးလုံးတန်းတွင် ထိုင်ခုံ အတွက် အစားအသောက် ဗန်းသုံးဗန်းလာချပေးရာအစွန်တွင် ရောက်



နေသော သူ့အတွက် ဗန်းကို ကျွန်တော်က လှမ်းယူပြီး သူ့ကိုကမ်းပေးလိုက်ရာ အထူးပြုလုပ်ထားသော အပြုံးဖြင့် ခေါင်းလေးညိတ်၍ 'သိုင်းကျူး'ဟု ပြောပါသည်။ ကျွန်တော်၏တုံ့ပြန်အပြုံးကလည်း အလွန်ချိုနေမည်ထင်ပါသည်။ ကိုယ့်အပြုံးကို မမြင်ရ၍ မည်မျှချိုသည် မသိလိုက်ရ။

စကားမရှိ စကားရှာ၍ မိတ်ဖွဲ့ရန်အတွက် ချောင်းနေသည်။ ပါးစပ်က စားနေသော်လည်း စိတ်က ဆင်ကြံကြံနေသည်။ အသားတုံးကို ခက်ရင်းဖြင့်ထိုးထားပြီး ဓားတုံးတုံးကြီးဖြင့် လှီးလိုက်ရာချော်ပြီး ပြုတ်ကျသွား၍ အသားတုံးတစ်ဖဲ့ သူ့ထိုင်ခုံအောက် ရောက်သွားသည်။ သူ့ထံမှ ခစ်ခနဲရယ်သံတစ်ချက် ထွက်လာ၍ စပ်ဖြဲဖြဲလုပ်ပြီး ဝမ်းနည်းပါတယ်ဟု အင်္ဂလိပ်လို တောင်းပန်လိုက်ရသည်။ နည်းနည်းတော့ နီးစပ်လာပြီဟု တွေးလိုက်မိသည်။

စားသောက်ပြီးတော့လည်း သူ့စားကြွင်းစားကျန်များကို ကျွန်တော်က လှမ်းယူ၍ လာသိမ်းသော လေယာဉ်မယ်ကို ကမ်းပေးရသည်။ အပြုံး လက်ဆောင်လေးဖြင့် တုံ့ပြန်ပါသည်။ ဥရောပသူလား၊ အနောက်တိုင်း သူလား ခွဲခြားမသိရသေးသော်လည်း နှာတံဆင်းပုံနှင့် ပါးအို့နီပုံတို့မှာ အနောက်တိုင်းသူဖြစ်ဖို့များသည်။

အရှေ့တိုင်းသားမျက်စိနှင့် အနောက်တိုင်းသူအလှ သဟဇာတဖြစ်စေသည်က လေဒီဒိုင်ယာနာ ဆံပင်ပုံကလေး ညှပ်ထားခြင်းပင် ဖြစ်သည်။

ကျွန်တော် ခရီးဆောင်အိတ်ထဲမှ ဒိုင်ယာရီစာအုပ်ကို ထုတ်၍ တစ်နေ့တာမှတ်တမ်းကို ရေးနေသည်။ နံနက် ၅ နာရီ အိပ်ရာမှထ၍ သာကေတအိမ်မှ စထွက်သည့်အချိန်မှစ၍ မင်္ဂလာဒုံလေဆိပ်၊ ဗန်ကောက်၊ ဒက္ကာ စသည်ဖြင့် အချိန်နာရီနှင့်တကွ ရေးမှတ်နေမိသည်။

'ဟလို အိစ်ကျူးမီ၊ အခု ရှင်ရေးနေတာ ဘာစာတွေလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော် ဝမ်းသာသွားသည်။ လမ်းစပေါ်ပြီဟု သိလိုက်သည်။ အင်္ဂလိပ်စကားကို အမေရိကန် လေသံဖြင့် ပြောသည်ကို သတိထားလိုက်မိသည်။ အလွန် အလေးထားသော အမူအရာ လေယူလေသိမ်းဖြင့် ပြန်ဖြေလိုက်ပါသည်။

'မြန်မာစာပါ ခင်ဗျာ၊ ကျွန်တော် မြန်မာလူမျိုးပါ'

မြန်မာကို သူမသိပါဟု ဆိုသည်။ ရှေ့ထိုင်ခုံ နောက်ကျောအိတ်အတွင်းမှ လေကြောင်း ကုမ္ပဏီ ကြော်ငြာစာအုပ်ကို ဆွဲထုတ်ပြီး ကမ္ဘာ့မြေပုံပေါ်မှ မြန်မာပြည်ကို ထောက်ပြလိုက်သည်။

'အိုး ရန်ကုန် ရန်ကုန်၊ ရွှေတိဂုံ ဗဂိုးဒါး အိုင်နိုး'

ရွှေတိဂုံစေတီတော်ကြီး၏ တန်ခိုးတော်ကြောင့် ကျွန်တော့်ကို အတော်ကြည်ညိုသွားပုံရသည်။ ကျွန်တော်က ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်မိသည်။ ဒိုင်ယာရီစာအုပ်ကိုသိမ်းလိုက်သည်။ စကား အဆက် ပြတ်မသွားဖို့ အရေးကြီးသည်။

'ကျွန်မလေ ရှင်တို့လို အသားညိုတဲ့ လူတွေကို သိပ်စိတ်ဝင်စားတာပဲ'

မြတ်စွာဘုရား၊ ကျွန်တော် ရင်ဖိုသွားသည်။ ဒီကောင်မလေး ငါ့ကို ခိုက်နေပြီဟုတောင် ထင်လိုက်မိသည်။ အသားညိုလို့ စိတ်ဝင်စားပါသတဲ့။ သာကေတက ကျွန်တော့်ယောက်ဖ ကိုကျော်မြကို မြင်လျှင် အန်ချင်သွားမှာ သေချာသည်။ ကျွန်တော့်နှမ မိညွှန့်တင်ကတော့ သူ့လင်ကို ချစ်သတဲ့။

'အတူတူပါပဲခင်ဗျာ၊ ကျွန်တော်ကလည်း ခင်ဗျားတို့လို လူဖြူတွေကို အလွန်စိတ်ဝင်စားပါကယ်၊ ပြီးတော့ ခင်ဗျားလို ချောချောလှလှ အမျိုးသမီးဆိုတော့လည်း ပိုပြီး စိတ်ဝင်စားရတာပေါ့ဗျာ၊ ဟဲ ဟဲ'

'အို သိုင်းကျူး'

အပေးအယူတည့်သွားပြီဖြစ်၍ စကားတွေ အများကြီးပြောကြသည်။ ကျွန်တော်က ကျွန်တော့် အလုပ်အကိုင်နှင့် ခရီးစဉ်ကို ပြောပြသည်။ သူကလည်း သူ့ဘဝဇာတ်ကြောင်းကို ပြောပြသည်။

သူက အမေရိကန်သူ၊ ဝါရှင်တန်မှာမွေးသည်။ သူ့အသက် တစ်ဆယ့်ခြောက်နှစ်တွင် သူ့အဖေနှင့် အမေတို့ ကွာရှင်းကြသည်။ နောက်အိမ်ထောင် အသီးသီးပြုကြသည်။ သူ့အဖေက ဘင်္ဂလားဒေ့ရှ်မှာ အလုပ်တာဝန်ကျနေသည်။ သူ့အမေက ဝါရှင်တန်မှာ ရှိနေသည်။ သူက အဖေ့ဆီမှာတစ်လှည့် အမေ့ဆီမှာတစ်လှည့် ပျော်ရာမှာ ကြာကြာနေသည်။ အထက်တန်းအောင် သည်အထိ ကျောင်းနေခဲ့သည်။ ရုံးသုံး ကွန်ပျူတာကိုင်တွယ်မှု ကျွမ်းကျင်သင်တန်းတက်ရန် ခေါ်စာရသဖြင့် ဝါရှင်တန်သို့ ပြန်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခု သူ့အသက် နှစ်ဆယ်ရှိပါပြီတဲ့။ အန်ကယ်ဟု ခေါ်မှာစိုး၍ ကျွန်တော့်အသက်ကို မပြောဘဲထားသည်။

'စကားကောင်းနေလိုက်ကြတာ၊ နာမည်တောင် မသိရသေးဘူး၊ ကျွန်တော့်နာမည် စိုးမိုးပါ'

'စိုးမိုး၊ မစ္စတာစိုးမိုး၊ ကျွန်မဘယ်လိုခေါ်ရမလဲ၊ စိုးစိုးလား မိုးမိုးလား'

'မစ္စတာစိုးလို့ ခေါ်နိုင်ပါတယ်'

'ကောင်းပါပြီ မစ္စတာစိုး၊ ကျွန်မနာမည် အမင်ဒါပါ၊ အမင်ဒါ ဆက်ဒလော့ခ်၊ အမင်ဒါလို့ပဲ ခေါ်နိုင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးကAmanda Seddlohk ဆိုပဲ။ အမင်ဒါလို့ ခေါ်နိုင်ပါသတဲ့။ ဘုံဘေကိုရောက်ပြီ အမင်ဒါရေ။

ထိုင်ခုံ ၂၂ စီ မှ အိန္ဒိယအမျိုးသား ဘုံဘေမှာ ဆင်းသွားသည်။ အမင်ဒါနှင့်အတူ လေယာဉ်ပေါ်မှ ခေတ္တဆင်း၍ ဘုံဘေလေဆိပ်အတွင်းရှိ အကောက်လွတ် ဆိုင်များကို လျှောက်ကြည့်ကြသည်။ အမင်ဒါက သူလိုချင်တာလေးများဝယ်သည်။ ကျွန်တော်က အစိမ်းရောင် မာဘယ်လ်ကျောက်တစ်မျိုးဖြင့် ပြုလုပ်ထားသော လည်ဆွဲတစ်ကုံးကို ငါးဒေါ်လာဖြင့် ဝယ်သည်။ အကြောင်းမသိလို့ကတော့ အလွန် အရည်အသွေးကောင်းသောကျောက်စိမ်းလည်ဆွဲဟု ထင်ရလောက်သည်။ အမင်ဒါနှင့် လမ်းခွဲရမည့်အချိန်တွင် အမှတ်တရလက်ဆောင်အဖြစ်ပေးရန် ရည်ရွယ်သည်။ အမင်ဒါ၏ အရပ်အမောင်းသည် ကျွန်တော့်ထက်ပင် တစ်လက်မလောက်ပိုမြင့်နေသည်။ ဒေါက်ပါ လေဒီရှူးကြောင့် ဖြစ်နိုင်သည်၊ လည်ပတ်တီရှပ်၊ ဂျင်းဘောင်းဘီကျပ်ကျပ်ဖြင့် ကြည့်ကောင်းသည်။

ဒုတိယအကြိမ် လာပေးသော အစားအသောက်များကို သင့်ရုံသာစားကြပြီး ဝိုင်တစ်ခွက်စီသောက်၍ အနားယူကြသည်။ လေယာဉ်ကြီးအတွင်း အမှောင်ချလိုက်ပြီဖြစ်၍ စာကြည့်မီး မှိန်မှိန်လေးများသာကျန်တော့သည်။ မကြာမီရုပ်ရှင်ပြသည်။ ညဉ့်နက်လာပြီဖြစ်၍ အမင်ဒါ တဝါးဝါးသမ်းဝေလာသည်။ ရုပ်ရှင်ကို စိတ်ဝင်စားဟန်မတူ။ ကျွန်တော်က အမင်ဒါ အိပ်ချင်လျှင် ထိုင်ခုံ လက်တန်းကို ခေါက်၍ ကွေးအိပ်ပါလားဟု ပြောကြည့်သည်။ သူနှင့် ကျွန်တော် အကြားမှ ထိုင်ခုံလက်တန်းကို နောက်လှန်ခေါက်လိုက်ပြီး ကျွန်တော့်ပေါင်ပေါ်မှာ ခေါင်းအုံးအိပ်ရမလားဟု မေးသည်။ သိပ်ရတာပေါ့။ လုပ်လိုက်လေ။

ကျွန်တော့် ပေါင်ကို ခေါင်းအုံးပြီး ကွေးအိပ်သည်။ သူ့အတွက်တော့ သက်သောင့်သက်သာ ဖြစ်သွားမှာ သေချာသည်။ ကျွန်တော့်မှာတော့ ခြေတစ်ဖက် မလှုပ်နိုင်ဘဲ တွဲလောင်းချထားရတာ ကြာလာသောအခါ ညောင်းညာကိုက်ခဲလာသည်။ ဒါပေမယ့် အောင့်ခံသည်။ လက်နှစ်ချောင်းကလည်း ထားစရာနေရာ မရှိ၍ လက်ပိုက်လိုက်၊ ရှေ့က ထိုင်ခုံကို လှမ်းကိုင်လိုက် လုပ်နေရသည်။ ဒါကို ရိပ်မိဟန်တူသော အမင်ဒါက ကျွန်တော့် လက်တစ်ချောင်းကို လှမ်းယူပြီး သူ့ကိုယ်ပေါ် တင်လိုက်သောအခါ ကျွန်တော် ရင်ဖိုသွားပါသည်။



ခရီးသည် သုံးရာခန့် တင်ဆောင်လာသော ဘိုးရင်း ၇၄၇ လေယာဉ်ကြီးသည် စက်သံ ညင်ညင်သာသာလေးဖြင့် ပေတစ်သောင်းကျော်အမြင့်မှ တအိအိ ပျံသန်းနေသည်။ ခရီးသည်များအားလုံး ထိုင်လျက် အိပ်နေကြသည်။ တစ်ယောက်တလေသာ စိတ်မပါ လက်မပါဖြင့် ရုပ်ရှင်ကြည့်နေကြသည်။ သဘာဝ ယုတ္တိကင်းမဲ့သော ဆူပါမင်းသားဇာတ်ကားဖြစ်သည်။ အမင်ဒါ ဖိအိပ်နေသော ကျွန်တော့် ယာဘက်ပေါင်က ပူကိုက်ညောင်းညာလာသဖြင့် နေရာပြင်၍ လှုပ်လိုက်တိုင်း အမင်ဒါက သူ့ခေါင်းကို အနည်းငယ်ကြွကြွပေးသည်။ ကျွန်တော်က ဆက်သာ အိပ်ပါဆိုသည့်သဘောဖြင့် သူ့ခေါင်းကို လက်ဖြင့်ဖိ၍ ဆံစပ်ကလေးကိုပင် လက်ဖြင့်သပ်ပေးမိသည်။ အမင်ဒါက ကျွန်တော့် လက်ကို ဆွဲယူ၍ သူ့ရင်ဘတ်ပေါ်တင်ပြီး သူ့လက်ဖြင့်ဖိထားသည်။ သံယောဇဉ်လေးတွေ တွယ်မိကြပြီ ထင်သည်။

နောက်နေ့နံနက် ဒေသအချိန် ခြောက်နာရီတွင် ဂရိနိုင်ငံ အေသင်သို့ ရောက်သည်။ အေသင်မှာ ဆင်းမည့် ခရီးသည်များ လှုပ်လှုပ်ရှားရှား လုပ်ကြတော့မှ အမင်ဒါ အိပ်ရာမှထသည်။ ကောင်းသော နံနက်ခင်းပါဟု အပြန်အလှန်နှုတ်ဆက်ကြသည်။ အခုမှပဲ အလေးအခင်း သွား၍ အညောင်းအညာ ဖြေရတော့သည်။

အေသင်မှ နံနက် ၇ နာရီတွင် ဆက်ထွက်သည်။ ပျံသန်းချိန်

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီသာ ကြာမည်။ အီတလီနိုင်ငံ ရောမမြို့လေဆိပ်တွင် အမင်ဒါနှင့် ကျွန်တော်တို့ ခွဲကြရတော့မည်။ ကျွန်တော်က လေယာဉ်ပြောင်းစီး၍ ပြင်သစ်နိုင်ငံ မာဆေးမြို့သို့ ခရီးဆက်ရမည်။ အမင်ဒါကလည်း လေယာဉ် ပြောင်းစီး၍ နယူးယောက်သို့ သွားလိမ့်မည်။ လွမ်းနေတော့မည်ထင်တယ် အမင်ဒါဟု စဉ်စားနေမိသည်။

'စိုး၊ အမေရိကကို မရောက်နိုင်ဘူးလားဟင်'

အမင်ဒါလည်း ကျွန်တော့်လိုပင် ခွဲရတော့မည့်ကိစ္စကို စဉ်းစားနေဟန်တူသည်။

'ဘယ်လိုလုပ်ပြီး ပြောနိုင်ပါ့မလဲ အမင်ဒါရယ်၊ သင်္ဘောသားဆိုတာ သင်္ဘောသွားတဲ့ တိုင်းပြည်တွေကိုပဲ ရောက်မှာပေါ့ကွယ်'

ထိခိုက်ကြေကွဲစွာ ပြောလိုက်သော ကျွန်တော့်စကားအဆုံးဝယ် သူ့ထံမှ သက်ပြင်းချသံ ရှည်ရှည်လျားလျားကို ကြားလိုက်ရသည်။ ပြီးတော့ ခရီးဆောင်အိတ်ကို ဖွင့်၍ စာရွက်စာတမ်းတွေကြားမှ ပို့စ်ကဒ် အရွယ် ရောင်စုံဓာတ်ပုံ တစ်ပုံကို ထုတ်ယူတာ တွေ့ရသည်။ ဓာတ်ပုံ နောက်ကျောတွင် ဝါရှင်တန် လိပ်စာနှင့် ဖုံးနံပါတ်ကို ရေးပြီး လက်မှတ် ထိုး၍ ကျွန်တော့်ကို ပေးပါသည်။ အမေရိကရောက်လျှင် ရောက်သည့် အရပ်မှ ဖုန်းခေါ်ပါဟု ဆိုသည်။ တင်းနစ် ကစားကွင်းအတွင်း တင်းနစ် ဝတ်စုံအဖြူဖြင့် တင်းရင်းမို့မောက်နေသော အမင်ဒါ၏ အပြုံးသည် ဓာတ်ပုံထဲတွင် တအားလှနေတော့သည်။

ကျွန်တော်ကလည်း ကျွန်တော့် သင်္ဘောကုမ္ပဏီ လိပ်စာနှင့် သင်္ဘောအမည်၊ ကျွန်တော့်ရာအထူးအဆင့်တို့ကို ရေးပေးလိုက်သည်။

'စာရေးကြတာပေါ့ အမင်ဒါ'

ဝေဒနာလမ်းခွဲ မှတ်တိုင် အီတလီနိုင်ငံ ရောမမြို့လေဆိပ်သို့ နံနက် ရှစ်နာရီတွင် ရောက်သွားသည်။ ခရီးသည်များ အားလုံးလောက်



နီးပါး ဆင်းကြသည်။ ကျွန်တော်က ကျွန်တော့်လက်ဆွဲအိတ်အပြင် အမင်ဒါ၏ အိတ်တစ်လုံးကို ကူဆွဲပြီး လေယာဉ်ပေါ်က ဆင်းခဲ့ကြသည်။ အီတလီ၏ ဆောင်းရာသီက ဆီးကြိုလိုက်သည်။ ခဏအတွင်းမှာပင် ခိုက်ခိုက်တုန်လာသည်။ လေဆိပ် အဆောက်အဦးထဲ ပြေးဝင်လိုက်တော့မှ နွေးသွားသည်။

လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် အမင်ဒါနှင့် ကျွန်တော်တို့ လမ်းခွဲကြရတော့မည်။ ကျွန်တော် ဆွဲလာသော အမင်ဒါ၏အိတ်ကို ပေးလိုက်ပြီး ကျွန်တော့် ခရီးဆောင်အိတ်ကို ဖွင့်လိုက်သည်။ ဘုံဘေမှ ဝယ်ခဲ့သော ကျောက်စိမ်းလည်ဆွဲကို ထုတ်ယူ၍ အမင်ဒါ၏ လည်မှာ ဆွဲပေးလိုက်သော အခါ ဝမ်းသာသော အပြုံးလေးဖြင့် လည်တိုင်လေးကို မော့ပေးရှာပါသည်။

'အမင်ဒါ၊ ကိုယ်တော့ မင်းကို လွမ်းနေတော့မှာပဲကွာ'

ကျွန်တော် ဆို့နင့်ကြေကွဲစွာ ပြောလိုက်မိသည်။ ပြောချင်သော စကားတွေ အများကြီးက ထွက်မလာ။ လည်ချောင်းမှာ တစ်ဆို့နေသည်။ အချိန်လည်း မရတော့ပါ။

'အတူတူပါပဲ စိုးရယ်၊ စာရေးနော်'

ဂိတ်များ ဖွင့်ပြီဖြစ်၍ လက်ဆွဲနှုတ်ဆက်ကြပြီး ဝမ်းနည်းစွာ ခွဲလိုက်ရပါသည်။ ဒေါက်ဖိနပ်သံလေး တဒေါက်ဒေါက်ပေး၍ နံပါတ်သုံး ဂိတ်ပေါက်သို့ ပြေးသွားသော အမင်ဒါ၏ နောက်ကျောကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ ကျွန်တော်လည်း ဂိတ်နံပါတ် ငါး သို့ ဝင်ခဲ့ပါသည်။ အဲယားဖရန့် လေယာဉ်ပေါ် တက်ခွင့်လက်မှတ် (ဘိုးဒင်းကဒ်) ရပြီးသည်နှင့် ထရန်စစ်ညှော်ခန်း ဆိုဖာကြီးပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပါသည်။ လေယာဉ်ပေါ်တက်ခွင့် ခေါ်သံကို နားစွင့်ရင်း မျက်စိကို မှိတ်ထားမိသည်။ မနေ့က ပုံရိပ်များနှင့် ပြီးခဲ့သည့်ညက

www.burmeseclassic.com

www.burmeseclassic.com



အထိအတွေ့လေးများကို လွမ်းမောနေမိသည်။

'ဟဲလို လူကြီးမင်း၊ ဟိုမှာ အမျိုးသမီးတစ်ယောက် ခင်ဗျားကို ခေါ်နေတယ်'

ဘေးချင်းကပ် ထိုင်ခုံက ပုဂ္ဂိုလ်က လက်တို့ သတိပေး၍ မျက်စိ ဖွင့်ကြည့်လိုက်ရာ ရောမ ခန်းဆီးမှန်ကြီး၏ ဟိုမှာဘက်တွင် ရပ်ပြီးလက်ပြနေသော အမင်ဒါကို တွေ့လိုက်ရသည်။ ကျွန်တော် ဝုန်းခနဲ ကုန်းထပြီး မှန်ကြီးအနီးသို့ ပြေးသွားသည်။ အမင်ဒါနှင့် ကျွန်တော့် အကြားမှာ တစ်ဆယ့်မီလီမီတာ (တစ်လက်မ၏ လေးပုံတစ်ပုံ) မျှသာ ထူသော မှန်ထုက ခြားနေသည်။ ဘာမျှပြော၍ မရ။ သူပြောတာ ကိုယ်မကြား၊ ကိုယ်ပြောတာ သူမကြားနိုင်ဖြစ်နေသည်။ မတတ်သာသည့်အဆုံးတွင် မျက်နှာချင်းကပ်၍ အလွမ်းဖြေကြရတော့သည်။ ပါးစပ်နှင့် နှာခေါင်းမှ ထွက်လာသော ဆောင်းအငွေ့များကြောင့် ကြည်လင်သည့် မှန်ပြင်ကြီးမှာ အုံ့ဆိုင်းမှုန်မှိုင်းသွားသည်။ ကျွန်တော်သည် စိတ်ကူးတစ်ခုပေါ်လာပြီး မှန်ပြင်ကြီးပေါ်သို့ အာငွေ့များများမှုတ်ထုတ်၍ မှန်ကြီးပေါ်တွင် I love you ဟု လက်ညှိုးဖြင့် ရေးပြပြီး ရင်ဖွင့်လိုက်ပါသည်။

အမင်ဒါ၏ မျက်နှာလေး ညိုမည်းသွားပြီး ခေါင်းငုံ့သွားပါသည်။ ခဏအကြာတွင် ခေါင်းလေးပြန်မော့၍ More than you ဟု ပြန်ရေးပြပါသည်။ ကျွန်တော်မှန်ကြီးကို ခေါင်းနှင့် တိုက်ခွဲပစ်လိုက်ချင်ပါသည်။ လေယာဉ်ပေါ်တက်ရန် ဘိုးဒင်ခေါ်ပါပြီ။ အမင်ဒါ၏ အနီရောင်နှုတ်ခမ်းပုံ လှလှလေး မှန်ပြင်ကြီးပေါ်မှာ ကျန်နေခဲ့ပါသည်။

\+ + +

ပြင်သစ်နိုင်ငံ မာဆေးမြို့တွင် သင်္ဘောတက်ရသည်။ သုံးလခန့်အတွင်း ဥရောပနှင့် အာဖရိကနိုင်ငံတွေကို သွားခဲ့ရသည်။ အမင်ဒါထံမှ



စာတစ်စောင်နှင့် ပို့စကဒ်တစ်ခု ရခဲ့သည်။ ကျွန်တော် စာသုံးစောင် ပြန်ရေးခဲ့သည်။ ချစ်ရသည့်အကြောင်း၊ လွမ်းရသည့်အကြောင်းများ ဖြစ်သည်။

အာဖရိကမှ တောင်အမေရိကနိုင်ငံများသို့ ခရီးဆက်ရပြန်သည်။ အမင်ဒါ၏ဝေဒနာမှ အနည်းငယ် သက်သာရာရလာသည်။ ခြောက်လခန့် ကြာသောအခါ ပနားမား တူးမြောင်းကို ဖြတ်၍ ကိုလံဘီယာနိုင်ငံသို့ ကုန်တင်ရန် သွားခဲ့ရသည်။ ကိုလံဘီယာနိုင်ငံမှ သကြားအနီတွေကို အမေရိကန်နိုင်ငံ ဘာလ်တီမိုးသို့ သွားပို့ပေးရမည်ဟု သိရသောအခါ ကျွန်တော် အကြီးအကျယ် ပျော်သွားပါသည်။ ဘာလ်တီမိုးသည် အမင်ဒါ နေထိုင်သော ဝါရှင်တန်နှင့် မိုင်သုံးဆယ်မျှသာ ဝေးသည်။ ချစ်ရသည့် အမင်ဒါနှင့် တွေ့ရတော့မည်ဆိုသည့် အသိကြောင့် ပျော်နေသည်။

ဘာလ်တီမိုးမြို့ကို ရောက်ပြီး နောက်တစ်နေ့နံနက်စောစောတွင် ဒေါ့ချ်ပက်ကဒ် ကားကြီးကို ကိုယ်တိုင်မောင်းပြီး အမင်ဒါ ပေါက်ချလာတော့သည်။ ကျွန်တော့်ကို မြင်လိုက်သည်နှင့် ပြေးဖက်ပြီး အငမ်းမရနမ်းပါလေတော့သည်။ ကျွန်တော့် လက်ဆောင် လည်ဆွဲလေးကို ဆွဲလာသည်။

ပျော်လိုက်တာ၊ ဝါရှင်တန်တစ်မြို့လုံးအနှံ့ လျှောက်လည်သည်။ တနင်္ဂနွေနေ့တွင် နယူးယောက်သို့ ရထားစီး၍ သွားလည်ကြသည်။ တရုတ်တန်း၊ နာမည်ကြီးလှသည့် ၄၂ လမ်းနှင့် ဝေါထရိတ်စင်တာကြီးကိုပါ တက်ကြည့်ကြသည်။ ရသမျှ အချိန်လေးတွင် အပြေးအလွှားလည်ပတ်၍ လွမ်းခဲ့ရသည့် ရက်တွေအတွက် အကြွေးဆပ်ကြသည်။ သင်္ဘောကုန်ချပြီး၍ အလွမ်းမပြေမီ အမေရိကန်မှ ပြန်ခဲ့ရပါသည်။

ကုသိုလ်ကံကောင်းချင်တော့ ကိုလံဘီယာမှ သကြားတွေကို ဘာလ်တီမိုးသို့ ခြောက်ခေါက်တိတိ ပို့ပေးရမည်ဟု သိလိုက်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ ကျွန်တော် ကံအကောင်းဆုံးလူသား ဖြစ်သွားသည်။

ဘာလ်တီမိုးသို့ တစ်လတစ်ခေါက် ပုံမှန်ရောက်သည်။ အမင်ဒါနှင့် ရာသက်ပန် ရှိုးမြေကျပေါင်းနိုင်ရေးအတွက် စီမံကိန်းတွေ ရေးဆွဲကြသည်။ အမင်ဒါကို အမြန်ဆုံးလက်ထပ်မည်။ သဘော်ာတွင်ကံထရိုက် ပြည့်သောအခါ အလုပ်က ထွက်မည်။ နယူးယောက်မြို့က သန်းကြွယ်သူဌေး ဦးဟန်ကြူး၏ ပဲပြား၊ ပဲရည်စက်ရုံတွင် အလုပ်ဝင်လုပ်ပြီး အမေရိကန်မှာနေမည်ဟုလည်း စိတ်ကူးကြည့်သေးသည်။ နောက်ဆုံးမှာတော့ အမင်ဒါကို လက်ထပ်ပြီးပါက မြန်မာနိုင်ငံသို့ ခေါ်သွား၍ သာကေတမှာပဲ အမေနှင့် အတူနေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

နက်ဖြန်ဆိုလျှင် ဘာလ်တီမိုးသို့ ရောက်ပေတော့မည်။ ယခင်အခေါက်က စီစဉ်ခဲ့သည့်အတိုင်း ယခုအခေါက်တွင် ဝါရှင်တန်သွား၍ အမင်ဒါတို့ ဝတ်ပြုသည့် ဘုရားရှိခိုးကျောင်းမှာ အမင်ဒါကို လက်ထပ်တော့မည်။

\+ + +

မြန်မာသတို့သမီးဝတ်စုံ ပန်းနုသွေးရောင်ဝမ်းဆက်ဝတ်ထားသော အမင်ဒါ၏အလှကို မင်္ဂလာပွဲလာ ပရိသတ်များ ငေးကြည့်ကြရသည်။ ကျွန်တော်က ကြက်ဥနှစ်ရောင် တက်ထရွန်တိုက်ပုံနှင့် ဖရဲအူ အဖြူရောမန္တလေး ကြိုးကြီး ချိတ်ပိုးလုံချည်ကို ဝတ်ထားသည်။ ရွှေနှင့်မြ နေနှင့်လနှယ် ပန်ထည်နေသည်။ မင်္ဂလာမဏ္ဍပ်လော်စပီကာမှ သီချင်းသံကကျယ်လောင်စူးရှလှသည်။

'အဖေရော အမေရော ဆွေမျိုးတွေစုံစွာ၊ သိုက်သိုက်ဝန်းဝန်း စုရုံးကာ မင်္ဂလာရက်မြတ်မှာ ဖနီးချောရသူမို့ ပီတိဖြာ၊ မိုးသိကြားကိုပင် ပြိုင်ချင်စမ်းတာ၊ အနိုင်ရမှာ ကျွန်တော်သေချာ၊ အမေ့ချွေးမ အလိမ္မာ



အိမ်ကိုပါအောင် ကျွန်တော် ခေါ်ခဲ့တာ'

'သတို့သမီးက အမေရိကန်မတဲ့ဟဲ့၊ ချောတယ်နော်' စသော ရွှေပွဲလာ ပရိသတ်များ၏ တီးတိုးစကားသံများကို ကြားရသည်။ သတို့သား ကျွန်တော်က ရင်ကော့လိုက်သည်။

မင်္ဂလာဆောင်ပြီးသွားတော့ သာကေတ ခြောက်ရပ်ကွက်ရှိ အမေ့အိမ်မှာပင် နေကြသည်။ ညားစတုန်းကတော့ အမင်ဒါက ပျော်သည်ဟုဆိုသည်။ ကြာလာတော့ ပျင်းလာသည်။ အမေရိကကို လွမ်းသလိုလို ပြန်ချင်သလိုလို ပြောလာသည်။ ကျွန်တော်အမေ့အိမ်က မပြည့်စုံမှုအမျိုးမျိုးတွေကို ရှိုးမယ်ဖွဲ့လာသည်။ မီးက မကြာခဏပြတ်သည်။ ရေကမလာ။ အိမ်အောက်မှာ ရေပုပ်တွေ၊ ရွှံ့ဗွက်တွေ ရှိနေ၍ ရွံသည် ဟူ၍လည်းကောင်း၊ ခြင်တွေကိုက်လွန်း၍ ငှက်ဖျားရောဂါဖြစ်မှာကြောက်သည်ဟူ၍ လည်းကောင်း၊ ရွှေဝါဆပ်ပြာနှင့် ရေချိုးရတာ ကိုယ်တွေယားသည်ဟူ၍လည်းကောင်း၊ သမဆိုင်မှာဆန်ထုတ်တာကို ရှက်သည်ဟူ၍လည်းကောင်း အသေးအဖွဲလေးတွေကို ပုံကြီးချဲ့လာသည်။

အစားအသောက်နှင့် ပတ်သက်၍လည်း နေ့တဓူဝ ပြဿနာတက်ရသည်။ အမေအလွန်ကြိုက်သော ငါးပိရည်ချိုနှင့် ဒညင်းသီးအနံ့ကို သူမခံနိုင်ဟု ဆိုသည်။ ကြက်သားကို ငရုတ်သီးမထည့်ဘဲ ရိုစ့်လုပ်ပေးမှ စားမည်ဟု ဆန္ဒပြသည်။ ပေါင်မုန့်ကကြမ်းသည်၊ မာသည်၊ စိန်တံဆိပ် ထောပတ်ထက် ကောင်းတာ မရနိုင်တော့ဘူးလား။ ဘီယာစစ်စစ် သောက်ချင်တယ်၊ ကိုကာကိုလာ အေးအေးသောက်ချင်တယ် စသည်ဖြင့် မဖြစ်နိုင်တာတွေကို တောင်းဆို ဂျီတိုက်လာသည်။

စိတ်ပြေလက်ပျောက်ရှိပါစေတော့ဟူသော သဘောဖြင့် ရန်ကုန်မြို့တွင်းသို့ လှည့်လည်ပြသည်။ ဘုရားစုံဖူးစေသည်။ နောက်ရက်တွေမှာတော့ အမင်ဒါက မလိုက်ချင်တော့ဟု ဆိုသည်။ လမ်းတွေက ချိုင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဗွက်တွေနဲ့ ကြမ်းလိုက်တာ လွန်ပါရော။ ဟီးနိုး၊ ရိန်းဂျား၊ ထရပ်ကားပေါ်မှာ သားသတ်ရုံပို့မဲ့ နွားတွေ တင်ထားသလို မတ်တတ် ရပ်ပြီးစီးရတာ စိတ်ပျက်ပါတယ် စသည်ဖြင့် အဆိုးမြင် ဝါဒဖြင့် အမနာပတွေ ပြောလာသည်။ သာကေတပါဆိုမှ နယူးယောက်တို့ ဝါရှင်တန်တို့နှင့်တော့ ဘယ် တူနိုင်ပါ့မလဲ အချစ်ရယ်ဟု ကျွန်တော့်မှာ ချော့ရလွန်း၍ မောလာသည်။ မချော့နိုင်သည့် တစ်နေ့မှာတော့ ပေါက်ကွဲရပေတော့မည်။

တစ်နေ့မှာတော့ ပေါက်ကွဲလေတော့သည်။ မန္တလေး ဘီယာတွေက ဘာအရည်တွေ ရောရောင်းနေမှန်းမသိ၍ မသောက်နိုင်၊ အန်ချင်သည်ဟု ဆိုသည်။ ဟင်နကင် ဘီယာအေးအေးကို စုပ်ရင်းကချင်သည်။ ဒစ္စကိုကလပ်ကို လိုက်ပို့ပါဟုဆိုလာသည်။ ဒီအခွင့်အရေးတွေ မရလျှင် အမေရိကကို ပြန်သွားတော့မည်ဟု ရာဇသံပေးပြီး ဖနောင့်ပေါက်၍အိပ်ခန်းထဲဝင်သွားသည်။ အိမ်ဦးခန်းမှာ ဘုရားရှိခိုးနေသော အမေတောင် လန့်ပြီး ဩကာသ ရွတ်သံရပ်သွားသည်။ ဒါသက်သက် ကျွန်တော့်ကို ချဲလင်းလုပ်ခြင်းဖြစ် သည်။ ကျွန်တော် ဒေါသထွက်လွန်း၍ တောက်တစ်ချက် ပြင်းပြင်းခေါက် လိုက်သည်။

'သွားကွာ သွားကွာ အခု ထွက်သွား'

ကျွန်တော် အသံကုန်ဟစ်လိုက်မိသည်။ အိပ်ခန်းတွင်းမှ အခန်းနံရံကို တဒုန်းဒုန်းထုပြီး ကျွန်တော့်ကို စိန်ခေါ်နေသံ ကြားနေရသည်။

'ဟော့ကောင် စိုးမိုး စိုးမိုး'

ကြည့်စမ်း ကောင်မ လူပါးဝလိုက်တာ။ တစ်သက်လုံး ကိုစိုးရေ အချစ်ရေ ဒါလင်ရေ ခေါ်လာပြီး အခုတော့ ဟော့ကောင် စိုးမိုးတဲ့၊ သိကြရောပေါ့ကွာ၊ ကျွန်တော့် တစ်ကိုယ်လုံး ကီးသွင်း၍ ဝုန်းခနဲ ကုန်းထလိုက်သည်။ ယား။



'ဟော့ကောင် စိုးမိုး၊ မောင်ရင်က ဘာအချိုးချိုးတာလဲ၊ ငါ့ကိုများ တောက်ခေါက်ပြီး အခုထွက်သွားလေး ဘာလေးနဲ့၊ ဘယ်အချိန်ရှိပြီလဲ၊ ထွက်စမ်း'

ဟာ၊ ကျွန်တော် အိပ်ရာမှ ကမန်းကတန်း ကုန်းထပြီး မျက်စိကို ပွတ်လိုက်သည်။ အတွင်းမှ ချိတ်ချိတ်ပြီး ဖွင့်ထား၍ ခြောက်လက်မခန့် ဟနေသော အခန်းတံခါးကို အပြင်မှခြေဖြင့် ဆောင့်ကန်ပြီး ကျွန်တော့်ကို နှိုးနေသော သဘော်သားခေါင်း (ဘိုဆင်) ဦးမောင်ဟန်ကို တွေ့လိုက်ရပါသည်။ တုန်တုန်ယင်ယင်ဖြင့် တောင်းပန်လိုက်ရသည်။

'ကျွန် ကျွန်တော် အိပ်မက်မက်နေလို့ပါ ဆ ဆရာ'

'မင်း ဂျူတီ မဟုတ်လား။ နာရီဝက်တောင် နောက်ကျနေပြီ၊ မြန်မြန်လုပ်စမ်း'

ကမန်းကတန်း အဝတ်အစားလဲပြီး တက်မစင်သို့ ပြေးတက်ခဲ့သည်။ ဂျူတီလဲရန် ကျွန်တော့်ကို စောင့်နေရသော ကိုရွှေထွန်းကို ရှိခိုး တောင်းပန်လိုက်ရသည်။

နက်ဖြန် ဘာလ်တီမိုးသို့ရောက်လျှင် အမင်ဒါ့ဆီကို ဖုန်းလည်း မဆက်တော့၊ ဝါရှင်တန်သို့လည်း မသွားတော့ဘဲ အမင်ဒါ မသိအောင် မြန်မာပြည်ပြန်၍ အမေ့ကို လုပ်ကျွေးပြုစုနေတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

[ ချယ်ရီ။ ။မေ၊ ၁၉၈၈ ]

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ပါစကားနှင့်ညားသော ရုပ်ပါစကား၏ ဝေဒနာ

စနေနေ့တစ်နေ့၏ ညနေစောင်းတွင် ရေဒီယို ဆက်သွယ်ရေးအရာရှိ ဦးစိုးလှိုင်၏ အိမ်သို့ တက်မကိုင် မောင်ဝင်းအောင်နှင့် မောင်အေးကိုကိုတို့ ရောက်ရှိလာကြသည်။ ဦးစိုးလှိုင်နှင့် သင်္ဘောတစ်စီးတည်းတွင် အတူတူ လုပ်ကိုင်ခဲ့ဖူးသည့် ရဲဘော်ရဲဘက်များ ဖြစ်သည်။ တောင်ဥက္ကလာတွင် အိမ်တစ်လုံး ရောင်းရန်ရှိသည်ဟု သတင်းကြား၍ လာကြည့်ရင်း လမ်းကြုံ၍ ဝင်လာကြသည်ဟု ဆိုသည်။

ရေနွေးကြမ်းသောက်ရင်း၊ ဆေးလိပ်ဖွာရင်း ကားအကြောင်း၊ အိမ်အကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း၊ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြရင်းမှ မောင်ဝင်းအောင်က မေးလိုက်သည်။

'အဘဦးညိမ်းမောင် ဆေးရုံက ပြန်ဆင်းလာပြီလို့ သတင်းကြားတယ်၊ ဆရာနဲ့ တွေ့သေးလား'


'ဟေ၊ မတွေ့ဘူးကွ၊ အခု ဘယ်မှာ နေသတဲ့လဲ'



'မြောက်ဥက္ကလာက သူ့ညီ တစ်ဝမ်းကွဲ တစ်ယောက်ရဲ့ အိမ်မှာလို့ ပြောတယ်၊ လိပ်စာရထားတယ်၊ ကျွန်တော်တို့နဲ့တော့ မတွေ့ရသေးဘူး'

'ဒါဆို သတင်းလေးဘာလေး သွားမေးကြရင် ကောင်းမယ်ကွာ'

'သတင်းမေးရုံနဲ့ ဘယ်ပြီးမလဲဆရာရယ်၊ ဆရာ့ကတိအတိုင်း ဆုငွေ ငါးထောင်ကိုလည်း သွားပေးမှ ဖြစ်မှာပေါ့ ဟဲ ဟဲ'



မောင်အေးကိုကိုက သတိဖောက်လိုက်မှ ဦးစိုးလှိုင် သတိရသွားသည်။

'အေးကွ၊ ဟုတ်တယ်၊ ငါ ပါးစပ်ဆော့မိတာ၊ အဲဒါတော့ ငါ့မှာ တာဝန်ရှိတယ်၊ မင်းကိုလည်း အားရင်

www.burmeseclassic.com

www.burmeseclassic.com



သတင်းလေးဘာလေးမေးရင်း အားပေးစကားလေး ဘာလေး သွားပြောကြရအောင်'

'အားပါတယ် ဆရာ၊ နက်ဖြန် တနင်္ဂနွေနေ့ သွားပါလား'

'အိုကေ၊ မင်းတို့ လာခဲ့ကြကွာ၊ ငါစောင့်နေမယ်'

မောင်ဝင်းအောင်နှင့် မောင်အေးကိုကိုတို့ ပြန်သွားကြသည်။ ဦးစိုးလှိုင် တစ်ယောက်တည်း ကျန်ခဲ့တော့မှ လွန်ခဲ့သည့် သုံးနှစ်ခန့်က သင်္ဘောတစ်စီးတည်း အတူလုပ်ခဲ့ဖူးသော ရဲဘော်ရဲဘက်ကြီးတစ်ဦးဖြစ်သည့် အဘခေါ် ဦးဇင်းကြီးခေါ် ဒုထမင်းချက် ဦးညိမ်းမောင် အကြောင်း ပြန်ပြောင်း တွေးတောနေမိသည်။

ဦးညိမ်းမောင်သည် မြေလတ်ပိုင်း ဇာတိဖြစ်သည်။ ရဟန်းဆယ်ဝါရပြီးမှ လူထွက်ပြီး သင်္ဘောလိုက်သူ ဖြစ်သည်။ ရဟန်းငယ်ဘဝဖြင့် ပခုက္ကူ စာသင်တိုက်ကြီးတစ်ခုမှ ပထမလတ်တန်း အောင်မြင်ခဲ့သည်ဟု သိရသည်။ ရန်ကုန်မြို့ကြီးသို့ ပညာဆက်သင်ရန် ရဟန်းဘဝဖြင့် ရောက်ရှိလာပြီးမှ ဘုန်းကံပါရမီ ကုန်ဆုံး၍ ထင်သည်၊ လူဝတ်လဲခဲ့သည်။

လူဝတ်ကြောင်ဘဝဖြင့် စားဝတ်နေရေး အခက်အခဲဖြစ်နေစဉ် ရဟန်းဘဝက ဆွမ်းကွမ်း ဒါယကာ ဖြစ်ခဲ့ဖူးသော ရေကြောင်းဦးစီးဌာနမှ အရာရှိတစ်ဦး၏အကူအညီဖြင့် ကမ်းရိုးတန်းသွား (အယ်လ်စီတီ) သင်္ဘော တစ်စီးတွင် ထမင်းချက်အလုပ်ကို ရခဲ့သည်။ သုံးနှစ်ခန့်ကြာသောအခါ ကြယ်ငါးပွင့်လိုင်း သင်္ဘောကြီးများပေါ်တွင် အမှုထမ်းခွင့်ရသွားခဲ့သည်။

ဦးညိမ်းမောင်က အညာသားရဟန်းလူထွက်ပီပီ ရိုးသည်။ အ သည်။ နိုင်ငံခြားသွားမည့် ကြယ်ငါးပွင့်သင်္ဘောကြီးပေါ်သို့ အမှုထမ်းရန်တက်လာသောအခါ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတို့ကို သင်ဖြူးဖျာဖြင့် ပတ်လိပ်၍ မော်တင်ဘုရားဖူးသွားမည့် ခရီးသည်ပုံစံမျိုးဖြင့်



တက်ခဲ့သူဖြစ်သည်။ နိုင်ငံခြားသွားနေသည့် သင်္ဘောကြီးများတွင် သပ်ရပ်သန့်ရှင်းသော အိပ်ရာ အိပ်ခန်းများ သီးသီးသန့်သန့်ရှိသည်ကို သူမသိခဲ့ဟုဆိုသည်။

ကြယ်ငါးပွင့်လိုင်းတွင် ငါးနှစ်ခန့် အမှုထမ်းပြီးသောအခါ အလုပ်မှ ထွက်လိုက်သည်။ နိုင်ငံခြားသင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးရုံးတွင် မှတ်ပုံတင်သင်္ဘောသားအဖြစ် စာရင်းဝင်သွားပြီး နိုင်ငံခြား ကုမ္ပဏီပိုင် သင်္ဘောများတွင် ဒုထမင်းချက် ရာထူးဖြင့် တာဝန်ထမ်းဆောင်ရင်း ကားနှစ်စီးခန့်ပင် တင်သွင်းပြီးပေပြီ။

ဦးညိမ်းမောင်နှင့် သင်္ဘောတစ်စီးတည်းတွင် အတူအမှုထမ်းခဲ့ကြစဉ်က မိမိတို့၏ ဆတ်ဆော့မှုကြောင့် ဦးညိမ်းမောင်၏ စီးပွားရေးနှင့် လူမှုရေးဘဝများ ကသောင်းကနင်း ဖြစ်သွားခဲ့ရပုံကိုပါ ဦးစိုးလှိုင် ပြန်လည် အမှတ်ရနေမိတော့သည်။

\+ \+ \+

ညနေပိုင်း အလုပ်သိမ်းပြီးချိန်မို့ သင်္ဘောသားများ စားသောက်ခန်းထဲမှာ လူစုံနေသည်။ စက်ခန်းထဲမှာ တာဝန်ကျနေသော ဆီလောင်း မောင်မောင်ခင်နှင့် စားဖိုခန်းထဲမှာ ထမင်းချက်နေသော အဘဦးညိမ်းမောင်တို့မှအပ အားလုံးရှိနေကြသည်။ ဟော်လန်နိုင်ငံလုပ် ကာ့လ်စ်ဘာခ် ဘီယာ စုပ်ရင်း အနားယူနေကြသည်။

'ဟေ့၊ တို့သင်္ဘောမှာ လူပျို ဘယ်နှစ်ယောက်ရှိလဲကွ'

မူးလာပြီဆိုလျှင် မဟုတ်တာ အကုန်လုပ်၍ ထင်ရာစွတ်ပြောတော့မည့် ဆက်သွယ်ရေးအရာရှိ ဦးစိုးလှိုင်က မေးလိုက်ခြင်း ဖြစ်သည်။

'ဘာလုပ်မလို့လဲ ဆရာ၊ ကျွန်တော် လူပျိုပါ'

သူ့ဆရာကို အမြည်းလုပ်ပေးပြီး ကပ်တီးမူးလဲ လုပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုး မောင်သိန်းက အခွင့်အရေးတစ်ခု ရမည်ထင်၍ မေးဖြေလေး လုပ်လိုက်ရသည်။

'ငါမေးတာက ဘယ်နှစ်ယောက်လဲလို့ မေးတာကွ၊ မင်း လူပျို မှန်း ငါသိတာပေါ့'

ဦးစိုးလှိုင်က ဖန်ခွက်ထဲသို့ ဝီစကီထပ်ဖြည့်ရင်း သူ့တပည့်ကျော်ကို ဟောက်မေးလေး မေးလိုက်သည်။

'ကျွန်တော်ရယ်၊ ဝင်းအောင်ရယ်၊ ရဲထွန်းရယ်၊ ဖက်တီးရယ် ပြီးတော့ နေဦး ဘယ်သူရှိသေးလဲ၊ ဪ အဘရယ်၊ အားလုံး ငါးယောက် ရှိတယ် ဆရာ'

ဝင်းအောင်ဆိုတာက တက်မကိုင်၊ ရဲထွန်းက အလုပ်သင်အင်ဂျင်နီယာ၊ ဖက်တီး ခေါ် ခင်မောင်ထွေးက ဆီလောင်း၊ အဘဟု ခေါ်ကြသော ဦးညိမ်းမောင်က ဒုထမင်းချက် ဖြစ်သည်။

'အဘက လူပျိုဟုတ်လို့လားကွ၊ အသက်ပဲ ငါးဆယ်ပြည့်တော့ မယ်'

'လူပျို ဟုတ် မဟုတ်တော့ မသိဘူးဆရာ၊ မိန်းမ မရှိတာတော့ သေချာတယ်'

မောင်သိန်းပြောမှ ဦးစိုးလှိုင် သတိရသွားသည်။ အဘသည် မိသားစု လွှဲငွေကို သူ့မိခင်ကြီး နာမည်ဖြင့် လွှဲထားသူဖြစ်သည်။

'အဘကို ခေါ်လိုက်စမ်း၊ ဒီကိစ္စ အရေးကြီးတယ်ကွ၊ သေချာ အောင် မေးရမယ်'

အရာရှိတစ်ယောက်က မေးနေသည့်ကိစ္စမို့ လစာတိုးမည့်ကိစ္စ လား၊ သင်္ဘောကုမ္ပဏီရုံးက မေးတာလား၊ ရန်ကုန်ရှိ သင်္ဘောသားရုံးက မေးခိုင်း တာလား စသည်ဖြင့် သိလိုသူတွေထဲက ခြေသွက်လက်သွက် တက်မကိုင် မောင်အေးကိုကိုက ပြေးခေါ်၍ အဘ ရောက်လာသည်။



ချွေးတွေသံတွေ တရွှဲရွှဲဖြင့် ဘာများ အရေးကြီးသလဲဟု သိလိုဟန်ဖြင့် ဟင်းအိုးမွှေသည့် ဇွန်းကြီးကိုင်ပြီး လိုက်လာသည်။

'အဘ လူပျိုဆိုတာ ဟုတ်ရဲ့လား'

ဦးစိုးလှိုင်က မေးလိုက်တော့ အဘက ပြုံးပြုံးကြီး လုပ်နေသည်။ ငါ့ ဘာများလဲလို့ကွာဟု ပြောချင်သော ဆန္ဒက မျက်နှာမှာ ပေါ်နေ သည်။

'ကျွန်တော် ဆိုလိုတာက မုဆိုးဖို၊ တစ်ခုလပ်၊ လူပျိုစစ်စစ်၊ ဒါတွေ မလိုဘူး၊ မိန်းမ ရှိ မရှိဗျာ၊ ဒါလိုချင်တယ်'

ဝီစကီပုလင်းမှာ လက်ငါးလုံးပဲ လျော့သေးသည်။ ဦးစိုးလှိုင် ဂျိတ်ိုက်ဖို့ စလာပြီဖြစ်၍ အဘ ဦးညိမ်းမောင်က ကိစ္စမြန်မြန်ပြတ်အောင် အဖြေပေးလိုက်ရတော့သည်။

'လူပျိုပါ ဆရာ'

'တစ် တစ်ခါမျှ မတစ်ခါရသေးဘူးပေါ့ ဟုတ်လား အဘ'

'ဟီး ဟီး ဟဲ ဟဲ၊ ဟုတ်ပါတယ် ဆရာ'



'အိုကေ၊ ကဲ အားလုံး နားထောင်ကြစမ်း၊ မင်းတို့လူပျိုငါးယောက်အတွက် ငါ့မှာ အစီအစဉ် တစ်ခုရှိတယ်၊ ဟာ အဘ ကန်တော့နော်၊ အဘ ကျွန်တော့်ထက် အသက်ကြီးတယ်၊ ကျွန်တော် ပြောမှားဆိုမှား ခွင့်လွှတ်ပါနော် အဘ၊ ကျွန်တော် ကန်တော့ပါတယ်'

ဦးစိုးလှိုင်က မင်းနှင့် ငါနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောမိ၍ အဘကို လက်အုပ်ချီပြီး တောင်းပန်ရင်း၊င် တစ်ဆက်တည်း ပြောလိုက်သည်။

'အဘ သွားတော့ဗျာ၊ အဘ အလုပ်သွားလုပ်တော့၊ နောက်မှ အဘကို ကျွန်တော် ရှင်းပြမယ်၊ အခု ကျွန်တော် ဒီကောင်တွေကို တင်ပြလိုက်ဦးမယ်'

ဦးစိုးလှိုင်က အာလေး လျှာလေးသံကြီးဖြင့် ပြောလိုက်၍ အတော် ရေချိန်ကိုက်ပြီး မူးစပြုနေပြီဆိုတာ သဘောပေါက်သော အဘ သူ့အလုပ် ရှိရာ စားဖိုခန်းဘက်သို့ ပြုံးပြီး လှည့်ထွက်သွားတော့သည်။ အခန်းထဲတွင် ကျန်နေသူများကတော့ ဦးစိုးလှိုင်ပြောလာမည့် စကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

'ဟေ့ကောင်တွေ မင်းတို့တွေဟာ သဘော်သားတွေနော်၊ ငါလဲသဘော်သားပေါ့ကွာ၊ ဒီတော့ တို့တွေဟာ ခေသူတွေ မဟုတ်ဘူး ဆိုတာ မင်းတို့သဘောပေါက်၊ သဘော်သားဆိုတာ မိန်းမ ခေါင်းခေါက် ရွေးယူ နိုင်တယ်၊ မဟုတ်ဘူးလား၊ ငါပြောတာ မှန်လား မမှန်ဘူးလား'

'ဟာ သိပ်မှန်တာပေါ့ ဆရာရယ်'

'ဟေ့ကောင် ရဲထွန်း၊ မင်းက ဘာရယ်တာလဲ၊ ငါပြောတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ သိပ်ဟုတ်တာပေါ့'

ဖိုးထောင်တို့ မောင်ကဲတို့ အဖွဲ့နှင့် အမူးသမားတွေ့နေကြပြီ ဖြစ်၍တစ်ဝါးဝါး တစ်ဟားဟားဖြင့် စည်ကားစ ပြုနေပေပြီ။ ဦးစိုးလှိုင်က မူးပေမယ့် အမူးပါ။ စကားမှားတယ်ဆိုတာ ဘယ်တော့မှမရှိ။ အာလေး လျှာလေးတာပဲ ရှိသည်။

'ဟုတ်ရင် ပြီးရော၊ အဲဒီတော့ မင်းတို့ လူပျိုတွေ ငါတို့ လူအို တွေကို ဖယ်ထားလိုက်ကွာ၊ မင်းတို့ လူပျို ငါးယောက်ထဲက ရုပ်ရှင်



မင်းသမီး၊ အဆိုတော်၊ ဆရာဝန်မကို ရအောင် ယူနိုင်တဲ့လူကို ငွေငါး ထောင်၊ ငွေငါးထောင် ဆုချမယ်ကွ၊ ဒါကိုပြောချင်တာဟေ့ ရှင်းပလား'

'ဆုက ဘယ်သူက ပေးမှာလဲ ဆရာ'

'ဘာလဲ၊ ဆုလား၊ ငါပေးမှာကွ ငါပေးမှာ၊ ဟောဒီ စိုးလှိုင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ပေးမှာ နားလည်ပလား'

'ဟေ ဟေ့ ဒါဆို လုပ်လိုက်လေ'

'လုပ်လိုက်လေ ကြာသလားလို့'

'ငါးထောင်ကြီးများတောင် အလကားရဦးမယ် ဟီဟိ'

'အခုလောလောဆယ် ကိုယ်နဲ့ငြိနေတာကိုက ဆေးကျောင်းသူကွ'

တစ်ခန်းလုံး ဆူညံသွားသဖြင့် ဦးစိုးလှိုင်က စားပွဲကို လက်ဝါးဖြင့် ခပ်ပြင်းပြင်း ပုတ်ပြီး သတိပေးလိုက်ရသည်။

'ဒီမှာနားထောင်ကြဦး၊ သိပ်လည်း ဝမ်းသာမနေနဲ့ဦး၊ စည်းကမ်း ချက်တွေ ရှိတယ်၊ ရုပ်ရှင်မင်းသမီးက အဆင့်တစ်၊ အဆိုတော်က အဆင့် နှစ်၊ ဆရာဝန်မက အဆင့်သုံး၊ အဆင့်မြင့်ဆုံးကိုရအောင်ယူနိုင်တဲ့သူ တစ်ဦးတည်းကိုသာ ဆုတစ်ဆုပဲပေးမှာနော်'

'ရုပ်ရှင်မင်းသမီး အဆိုဘော်ဆိုရင်ကော ဆရာ'

စူပါစတားများအတွက် စူပါစတီး ဖနီးလောင်းရွေးပွဲကြီးနှင့် ပတ်သက်၍ စည်းကမ်းချက်များအပေါ်တွင် မရှင်းလင်းသောအချက်တစ်ခု ကို စားပွဲထိုး မောင်သိန်းက မေးလာသည်။

'ဟ အဲဒါဆို ပထမတန်းပေါ့ကွ ညီလေးရ၊ ဆုရဖို့ သေချာ သလောက် ဖြစ်သွားပြီ၊ ဒါပေမယ့် အဲဒီမှာလည်း အဆင့်ရှိတယ်နော်၊ အကယ်ဒမီရထားသူ ဒါမှမဟုတ် သမိုစ်ပေါ်ပြူလာဖြစ်တဲ့သူကို ဦးစား ပေးရမယ်၊ ဆရာဝန်မဆိုရင်လည်း ပါရဂူဘွဲ့ရထားသူ၊ လုပ်သက်ရင့်သူ စသဖြင့်ပေါ့ကွာ၊ ဟောက်ဆာဂျင်တို့ ဆေးကျောင်းသူတို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အနည်းဆုံးပဲဆိုတာ မင်းတို့သဘောပေါက်၊ ဟိုကောင် ဆေးကျောင်းသူနဲ့ ငြိနေတယ်ဆိုတဲ့ ဖက်တီး၊ ငါပြောတာ နားလည်ရဲ့လား'

'နားလည်ပါတယ် ဆရာကြီး'

'အေး နားလည်ရင်ပြီးရော၊ ဟိုကောင်လေး ရဲထွန်း၊ မင်းကစာ များများဖတ်တဲ့ အကောင်ဆိုတော့ မင်းကိုတာဝန်တစ်ခုပေးမယ်၊ သဘော်မှာရှိတဲ့သပြေ၊ မဟေသီ၊ ဂီတပဒေသာ၊ ရုပ်ရှင်ပဒေသာစာစောင်တွေထဲက လင်မရှိတဲ့ ရုပ်ရှင်မင်းသမီး၊ အဆိုတော်တွေရဲ့ လိပ်စာတွေကိုရသလောက် ငါလိုချင်တယ်၊ ပျိုတာအိုတာ အဓိကမဟုတ်ဘူး၊ လောလောဆယ် လင်မရှိဖို့ အရေးကြီးတယ်၊ အပျို၊ အအို၊ မုဆိုးမ၊ တစ်ခုလပ်တွေရဲ့ အိမ်လိပ်စာတွေ အကုန် ကူးရေးပြီး ငါ့ကို လာပေး၊ ပြောတာ ရှင်းရဲ့လားဟေ့'

'ရှင်းပါတယ် ဆရာကြီး'

'လိပ်စာတွေကို မိတ္တူငါးစောင်ရိုက်ပြီး မင်းတို့ လူပျိုငါးယောက်ကို ဝေပေးထားမယ်၊ မိတ်ဆက်စာတွေရေးကြပေါ့ကွာ၊ ပထမဦးဆုံး ပြန်စာရတဲ့ သူကို ပဏာမဂုဏ်ပြုတဲ့အနေနဲ့ ငါက ဘီယာ အဝတိုက်မယ်'

အမူးသမားအရာရှိက ပါးစပ်ဆော့သည်။ နတ်ရှူးဘုံမြှောက်တတ်သည့် လူငယ်သဘော်သားတွေက ရုပ်ရှင်မင်းသမီး၊ အဆိုတော်တို့၏ လိပ်စာတွေကို စုဆောင်းပေးခဲ့ကြသည်။

အဘဦးညိမ်းမောင်က သူ့အရည်အချင်းကို သူသိ၍ ထင်သည်။ သူ့အနေဖြင့် အသက်ကြီးပြီဖြစ်၍ ဤပြိုင်ပွဲတွင် မပါဝင်လိုပါဟုဆိုသည်။ သို့သော် သူလည်း လောကီသားပေမို့ နှစ်ဆယ်ရာစု၏ လူပျံတော် စူပါ စတားကြီးပီပီ စိတ်ဝင်စားသည့် လက္ခဏာကြီးက မျက်နှာမှာ ပေါ်နေသည်။ 'သဘော်သားဆိုလျှင် ကြီးကြီးငယ်ငယ်၊ အိုအိုပျိုပျို လိုချင်တဲ့ ရုပ်ရှင်မင်းသမီး၊ အဆိုတော် ဆရာဝန်မကြိုက်တာ ရနိုင်တယ်ကွ' ဆိုသော အဆိုကိုလည်း အတော်ယုံကြည်



အားကိုးနေပုံရသည်။

အဘ၏ စိတ်အနေအထားကို ရိပ်စားမိသူတွေထဲက ဘယ်ကောင်က လက်ကမြင်းပြီး အဘ၏ နာမည်ဖြင့် မိတ်ဆက်စာရေးလိုက်သည် မသိ။ ရုပ်ရှင်မရိုက်ရတော့၍ ဘေးထိုင် ဘိုင်ကျနေသော ဇာတ်ရုံရုပ်ရှင်သရုပ်ဆောင် အမျိုးသမီးထံမှ အဘနာမည်ဖြင့် စာပြန်လာပါလေတော့သည်။

ဒီတော့မှ ဖိုးထောင်တို့ မောင်ကဲတို့တစ်တွေ တအံ့တသြဖြစ်ကုန်ကြသည်။ ခိုးခိုးခိခိဖြင့် ဟိုနား ရွစိရွစိ၊ ဒီနား ပွစိပွစိဖြင့် တိုးတိုးကြိတ်ရယ်နေကြသည်။ မနာလို သဝန်တိုသလိုလို အသံတစ်သံက ထွက်လာလိုက်သေးသည်။

'အလကားဟာကြီးပါကွာ၊ ဒါရိုက်တာ ဦး—— ရဲ့ မယားငယ်ပါ၊ တစ်ကားလား၊ နှစ်ကားလား အရံထည့်ရိုက်ပေးပြီး ဟိုငနဲကြီးက ခေါက်ပစ် လိုက်လို့ လမ်းဘေးရောက်နေတာ ကြာပြီ'

'အဲဒါ မင်းသောက်လုပ်မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ပြိုင်ပွဲစည်းကမ်းအရ လင်မရှိတဲ့ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ပဲ အရေးကြီးတယ်၊ မင်းပါးစပ်ပိတ်ထား'

ဦးစိုးလှိုင်က မင်နဲ့ မောင်းနဲ့ မျက်စိတစ်ဘက်မှိတ်ပြီး ဟောက်ပေးလိုက်တော့မှ အထာပေါက်သွားကြပြီး လိုအပ်နေသည့် စကားသံလေးတွေက ဦးထောင်ဗိုတို့ မောင်တွန်းပင့်တို့ ငချွန်လေးတို့ထံမှ ထွက်လာကြတော့သည်။

'အဘတို့ကတော့ ပိုင်တယ်ကွာ၊ အဲဒီမင်းသမီးကို ကျွန်တော်မြင်ဖူးတယ်၊ ရုပ်ပါက ရေရေလည်လည်လှတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဘာတောင့်သလဲ မမေးနဲ့၊ စကားပြောတာကလဲ ညုနုနေတာပဲ'

ဒီလိုဒီလို လေသံမျိုးလေးတွေ ကြားရတော့ အဘ ဦးညိမ်းမောင်ကလည်း မိတ်ဆက်စာကို သူကိုယ်တိုင်ပဲရေးလိုက်သယောင် ရင်ကော့

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုံးနေသည်။ သဘော်မလိုက်မီကပင် ကြိုက်နေသလိုလို ငယ်ရည်းစားလိုလို အဘထံမှ အသံတိုးတိုး ထွက်လာသည်။ ဒီတော့လည်း သိတယ်မဟုတ်လား၊ ဘိုးထောင်တို့ ငချွန်တို့က

'ထင်တော့ အထင်သားပဲ'တဲ့။

ဘာပဲဖြစ်ဖြစ် ရုပ်ရှင်မင်းသမီးတစ်ဦး အမှန်တကယ်ပါ ဝင်လာပြီဖြစ်သည့် သည်ဇာတ်လမ်းကို တာဝန်ယူဖန်တီးခဲ့သူ ဒါရိုက်တာ ဦးစိုးလှိုင်ကတော့ သူ့ကတိအတိုင်း အဘဦးငြိမ်းမောင်ကို ဘီယာအဝ တိုက်ရပေတော့မည်။ သို့သော် ဇာတ်လိုက်မင်းသားက ဆေးလိပ်နှင့်ရေကလွဲ၍ ဘာမျှမသောက်။ ကိုကာကိုလာကိုတောင် မမှန်မသီးအောင် ကျွမ်းကျွမ်းကျင်ကျင် သောက်တတ်သည်မှာ မကြာသေး။ ဇာတ်လိုက်က ဘီယာမသောက်တတ်ပေမယ့် ဆင်ဖြူတော်မှီပြီး ကြီးစုပ်ကြမည့် ဦးထောင်ဗိုတို့အုပ်စုက ချွန်ပေးနေသဖြင့် ဦးစိုးလှိုင်မှာ ဆယ့်ငါးဒေါ်လာလောက် ထိသွားတော့သည်။

အဲဒီနောက်ပိုင်းကာလ သုံးလခန့်ကြာသွားသောအခါ အဘနှင့် ရုပ်ရှင်မင်းသမီးတို့၏ အခြေအနေမှာ အတော် ခရီးပေါက်နေပြီဟု သိရသည်။ မေတ္တာစာ အပြန်အလှန်ရေးသည်။ ခါတ်ပုံချင်း လဲသည်။ လူကြုံဖြင့် လက်ဆောင်ပစ္စည်းပို့ပေးသည့် အဆင့်သို့ပင် ရောက်သွားတော့သည်။

ခြောက်လခန့် ကြာသွားသောအခါ ရုပ်ရှင်မင်းသမီး ရောဂါစွဲကပ်နေပြီဖြစ်သော စူပါစတားကြီးအဘသည် လုပ်သက် ကန်ထရိုက်နှစ်ပြည့်ပြီးရုံသာမက ကျော်လွန်နေသူဖြစ်၍ ဦးစိုးလှိုင်တို့ကို မစောင့်တော့ဘဲ အလုပ်မှထွက်၍ ရန်ကုန်သို့ပြန်သွားခဲ့သည်။

အဲဒီအချိန်ကစ၍ အဘနှင့် လူခြင်းကွဲသွားကြသော်လည်း အဘ၏သတင်းတွေကို ကြားနေခဲ့ရသည်။ ရုပ်ရှင်မင်းသမီးက အဘကို လက်ထပ်လိုက်သည်။ ကျောက်မြောင်းရပ်ကွက်ထဲတွင် အိမ်တစ်လုံးငှားယူပြီး နေကြသည်။ အခြေတကျဖြစ်သွားသောအခါ အဘ သင်္ဘောပြန်လိုက်သွားခဲ့သည်။ အဘ သင်္ဘောပြန်လိုက်သွားစဉ် ရုပ်ရှင်မင်းသမီးက ဘဏ်က ပိုက်ဆံတွေကို ထုတ်ယူသည့်အပြင် လိုင်းဆွဲနေသည့် ကားတစ်စီးနှင့် အိမ်ကိုပါရောင်းပြီး နောက်လင်ငယ်တစ်ယောက် ယူသွားခဲ့သည်။ အဘသည် ဤသတင်းကို ကြားလျှင် ကြားချင်း နိုင်ငံခြားမှ ပြန်လာခဲ့သော်လည်း သူ့မယား ရုပ်ရှင်မင်းသမီးကို ဘယ်လိုက်ရှာရမှန်းမသိဖြစ်ပြီး နောက်ဆုံး စိတ္တဇဝေဒနာဖြင့် ဆေးရုံတင်လိုက်ရသည်။ စူပါစတားကြီး ပင်ပန်းကြီးစွာ ရှာဖွေ၍ မစားရက် မသောက်ရက် စုဆောင်းခဲ့သော စီးပွားဥစ္စာတွေကို ခြောက်လခန့်အတွင်း အကုန်ဝါးမျိုပစ်လိုက်သော စူပါစတီး ရုပ်ရှင်မင်းသမီးကြောင့် အဘဦးညိမ်းမောင် ဘဝ ပျက်ခဲ့ရလေသည်။



\+ + +

'လိပ်စာအရဆိုရင်တော့ ဒီအိမ်ပဲဆရာ'

မြောက်ဥက္ကလာ ၅ ရပ်ကွက် ဈေးအနီးမှ အိမ်တစ်အိမ်ရှေ့တွင် ရပ်မိကြစဉ် မောင်ဝင်းအောင်က ပြောလိုက်ခြင်းဖြစ်သည်။ အိမ်အခြေအနေကို ကြည့်ရခြင်းဖြင့် အိမ်ရှင်ခမျာ အတော် နွမ်းပါးပုံရသည်။

'ဝင်ပြီး မေးကြည့်ရအောင်ကွာ'

ဦးစိုးလှိုင်က ပြောပြီး ရှေ့မှ ဝင်သွားသည်။ အိမ်ရှင်ဖြစ်ဟန်တူသော အသက်လေးဆယ်ခန့် အမျိုးသမီးကြီးတစ်ဦးက အိမ်ပေါ်မှ ကြည့်နေသည်။ တိုက်ပုံအင်္ကျီဝတ် သားသားနားနား လူကြီးတစ်ယောက်နှင့် ဘောင်းဘီရှည်ဝတ် လူငယ်နှစ်ယောက်တို့ သူ့အိမ်ထဲဝင်လာသည်ကို မယုံကြည်နိုင်သည့်အကြည့်ဖြင့် ထိတ်လန့်အံ့သြစွာ ကြည့်နေသည်။

'သင်္ဘောလိုက်နေတဲ့ ဦးညိမ်းမောင်ညီရဲ့ အိမ်ဆိုတာများလားဗျာ'

'ဟုတ်ပါတယ်ရှင်၊ ရှိပါတယ်၊ အိမ်ပေါ် ကြွကြပါ'

အိမ်ရှင်က အိမ်ပေါ်ကြွကြပါဆိုတော့ ကတ္တီပါဖိနပ်၊ ရှူးဖိနပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ချွတ်ပြီး အိမ်ပေါ်တက်လိုက်ကြပြီး အိမ်ရှင်အမျိုးသမီးကြီး ခင်းပေးသော ဖျာပေါ်တွင် ထိုင်လိုက်ကြသည်။ ဝတ်ကောင်းစားလှများ ဝတ်စားထားကြ သည့်အပြင် ဆွတ်ဖျန်းလာကြသည့် အနံ့အသက်တို့ကလည်း မြောက် ဥက္ကလာလို အရပ်က ဈေးနားတွင် ထူးခြားနေသမို့ ခေသူများ မဟုတ်ကြောင်းကို ရိပ်စားမိဟန်တူသော အိမ်ရှင်အမျိုးသမီးကြီးခမျာ ရေနွေးဗန်းသုတ်ရ ဆေးလိပ်ပြာခွက် သန့်ရှင်းရေးလုပ်ရသဖြင့် အတော် အလုပ်ရှုပ်သွားသည်။

'နေပါ ရပါတယ်၊ ကျွန်တော်တို့က ဦးညိမ်းမောင်ရဲ့ မိတ်ဆွေတွေပါ၊ အားနာရမယ့်လူတွေ မဟုတ်ပါဘူး၊ ဦးညိမ်းမောင် ဘယ်သွားနေလဲ'

'ရှိပါတယ်ရှင်၊ အပေါ်ထပ်မှာ ဘုရားရှိခိုးနေပါတယ်၊ ကျွန်မ တက်ကြည့်ပြီး ခေါ်လိုက်ပါ့မယ်'

'နေပါစေ၊ နေပါစေ၊ ပြီးရင် ဆင်းလာပါလိမ့်မယ်'

အပေါ်ထပ်ဟု ခေါ်သော လူတစ်ရပ်လွတ်ရုံသာ မြင့်သည့် ထပ်ခိုးလေးပေါ်သို့ ပြိုင်တူမော့ကြည့်ကြရင်း ပြောလိုက်ကြခြင်းဖြစ်သည်။

'ဒီက ဦးညိမ်းမောင်နဲ့ ဘာတော်ပါလိမ့်'

'ကျွန်မ ဦးညိမ်းမောင် ခယ်မပါ'

'သြော် ဟုတ်ကဲ့၊ အမျိုးသားကော မမြင်ပါလား'

'အလုပ်ဆင်းရတယ် ရှင့်'

'ဒီနေ့ တနင်္ဂနွေနေ့ပဲ၊ အချိန်ပိုဆင်းရတယ်ထင်တယ်'

'မဟုတ်ဘူးရှင့်၊ သူတို့ဆိပ်ကမ်းက ကြားရက်နားတယ်'

'သြော် သြော်'

ထူးထူးခြားခြား ဝတ်ကောင်းစားလှများ ဝတ်ထားကြသည့် ဧည့်ကောင်း စောင်ကောင်းတွေ ရောက်နေသည်ဟု သတင်းကြား၍ လာကြည့်ကြဟန်တူသည့် အသက်သုံးဆယ့်ငါးနှစ်နှင့် လေးဆယ်ဝန်းကျင်ခန့်ရှိ အိမ်နီးချင်းဖြစ်ဟန်တူသော အမျိုးသမီးနှစ်ဦးတို့ ရောက်လာကြပြီး အိမ်ရှင် အမျိုးသမီးကြီးအနီးမှာ လာယှိုင်ကြသည်။



'ဦးညိမ်းမောင်ရော နေကောင်းသွားပြီ မဟုတ်လား'

အိမ်ရှင်အမျိုးသမီးကြီးက ထပ်ခိုးပေါ်ကို မော့ကြည့်ရင်း လေသံနှိမ့်၍ ပြောသည်။

'အခြေအနေကသိပ်မကောင်းဘူး၊ သူ့မိန်းမနဲ့ လင်ငယ်ကို တွေ့ရင် ခုတ်သတ်မယ်ဆိုပြီး နေ့တိုင်း ဓားသွေးနေတယ်၊ ကျွန်မတောင် ကျွန်မယောက်ျား အိမ်မှာမရှိရင် ကြောက်လို့ သူတို့ကို အဖော်ခေါ်ထားရတယ်'

အနားမှာ လာထိုင်နေသည့် အမျိုးသမီးနှစ်ဦးကို လက်ညှိုးထိုးပြပြီး ပြောသည်။ ထိုစဉ် ထပ်ခိုးပေါ်မှ ချောင်းဟန့်သံကြား၍ အားလုံးပင် မော့ကြည့်လိုက်ရာ မတ်တတ်ရပ်လျှက် ဘုရားစင်ကို လက်အုပ်ချီနေသော ဦးညိမ်းမောင်၏ ကိုယ်တစ်ပိုင်းကို မြင်ကြရသည်။

'အစ်ကိုညိမ်းမောင်၊ ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်'

အိမ်ရှင် အမျိုးသမီးက ထပ်ခိုးပေါ် မော့ကြည့်ပြီး လှမ်းပြောလိုက်သည်။ မကြာမီထပ်ခိုးပေါ်တက်သည့် ကြက်တက်လှေကားမှ နောက်ပြန်ဆင်းလာသော ဦးညိမ်းမောင်၏ ခန္ဓာကိုယ်မှာ ယခင်ကနှင့်စာလျှင် ထက်ဝက်ခန့် ပိန်ကျသွားကြောင်း ဦးစိုးလှိုင်နှင့် လုပ်ဖော်ကိုင်ဖက်များက သတိထားလိုက်မိသည်။

ဦးညိမ်းမောင်သည် ရေနွေးဗန်းအနီးတွင် ဖြည်းညင်းစွာ ထိုင်ချလိုက်ပြီး ဦးစိုးလှိုင် မောင်ဝင်းအောင်နှင့် မောင်အေးကိုကိုတို့၏ မျက်နှာတွေကို တစ်ခုပြီးတစ်ခု စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။ ဦးစိုးလှိုင်က ကျောထဲကစိမ့်ပြီး ကြက်သီးထ သွားသော်လည်း မောင်ဝင်းအောင်နှင့် မောင်အေးကိုကိုတို့က ထပြေးရတော့မလိုဖြစ်သွားကြသည်။ ဦးစိုးလှိုင်က ကြောက်စိတ်ကို ဘေးလူ မရိပ်မိအောင်ချုပ်ကာ အသံကိုထိန်း၍ ဦးညိမ်းမောင်ကိုနှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဘ နေကောင်းတယ် မဟုတ်လား'

'လူကတော့ နေကောင်းတယ်ဗျ၊ စိတ်ကတော့ မကောင်းဘူး'

ဦးညိမ်းမောင်၏ ပြောပုံဆိုပုံနှင့် အမူအရာကိုကြည့်ပြီး ဦးစိုးလှိုင် ပိုကြောက်လာသည်။ သူ့လူနှစ်ယောက်ကတော့ ပြေးပေါက်ကို ကြည့်နေကြပေသည်။ ဦးစိုးလှိုင်က လူကြီးပီပီ ဟန်ကိုယ့်ဖို့ အမူအရာဖြင့် အသံကို ထိန်း၍ စကားပြောကြည့်သည်။

'ကျွန်တော် ကျွန်တော်တို့လည်း ကြားရတာ စိတ်မကောင်းပါဘူး အဘရယ်'

'ဒေါင်းတံဆိပ် ဖတ်စာအုပ်ထဲက အိုးထိန်းသည်ကတော့ မြွေပါ လည်းဆုံး သားလည်းဆုံးသတဲ့၊ ငါ့မှာတော့ ရှိသမျှ ကုန်တဲ့အပြင် မယားလည်းဆုံး၊ ကားလည်း ဆုံးပြီဆိုတော့ ဓားကိုပဲ သုံးရတော့မှာပေါ့ ကွာ၊ တောက် ဟင်း ဟင်း'

ဦးညိမ်းမောင်၏ အံကြိတ်၍ တောက်ခေါက်သံကြီးနှင့်အတူ ဓား ဆိုသော အသံကို ကြားလိုက်ရသောကြောင့် အိမ်ပေါ်ရှိ လူအားလုံးပင် ကြက်သီးမွေးညင်း ထသွားကြသည်။ အိမ်နီးချင်းအဖော် အမျိုးသမီး နှစ်ယောက်က နောက်ဆုတ်ပြီး နေရာရွှေ့ထိုင်ကြသည်။ ဦးစိုးလှိုင်၏ လူနှစ်ယောက်ကလည်း 'ဆုငွေငါးထောင်ကို မြန်မြန်ပေးပြီး လစ်ကြရအောင် ဆရာရေ့' ဆိုသော အမူအရာပြနေသဖြင့် ဦးစိုးလှိုင်က လက်ကိုင်အိတ်ထဲမှ ပိုက်ဆံငါးထောင်ကို ထုတ်ယူပြီး စကားပြောလိုက်သည်။

'အဘက ကျွန်တော်တို့ထက်ပိုပြီး စာတတ်ပါတယ်၊ တရားသိပါ တယ်ဗျာ၊ ဖြစ်ချိန်တန်လို့ ဖြစ်တာ၊ ပျက်ချိန်တန်လို့ ပျက်တာပဲလို့ တရားနဲ့ ဖြေပေါ့ အဘရယ်၊ ရော့ ရော့၊ ဟောဒီမှာ ကျွန်တော့် ကတိအတိုင်း အဘကို ငွေငါးထောင်လာပြီး ဆုချပါတယ်၊ နောက်လည်း လိုရင်ပြောနော် အဘ'



ဦးစိုးလှိုင်က သားရေကွင်းနှင့် ပတ်ထားသော ဆယ်တန်အုပ် ငါးအုပ်ကို ဦးညိမ်းမောင်၏ရှေ့တွင်ချပြီး အနားရောက်အောင် တွန်း ရွှေ့ပေးလိုက်သည်။ ဦးစိုးလှိုင်၏စကားကို ကြားရသောအခါ ဦးညိမ်း မောင်က ဘယ်သူ့မျက်နှာကိုမျှမကြည့်ဘဲ တစ်နေရာကို ငေးမောကြည့် ရင်း မဲ့ပြုံးကြီးပြုံးလိုက်သည်။ သူ့အပြုံးက ပြင်သစ်မြို့စားကတော် မိုနာလီဇာ၏ မင်္ဂလာဦးည အပြုံးနှင့်လည်း မတူ၊ အမေရိကန်လူဆိုးကြီး အယ်လ်ကပုန်း၏ သေခါနီး ပြုံးသွားသော အပြုံးနှင့်လည်း မတူ၊ ဂျာမနီစစ်ရှုံးပြီဟု သိရသောအခါ ဟစ်တလာပြုံးခဲ့သော အပြုံးနှင့်လည်း မတူ၊ တစ်မူထူးပြီး တစ်မျိုးကြီး ကြောက်စရာကောင်းနေသည်ဟု ဦးစိုးလှိုင် ထင်လိုက်မိသည်။

'မလိုပါဘူးဗျာ၊ ဒီအခြေအနေကျခါမှ ခင်ဗျားငွေ ငါးထောင် လောက်ကို ကျုပ်ကဘာလုပ်ရမှာလဲ၊ တရားသိပေမယ့် တရားမရှိတော့ ဘူးဗျ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဘယ်အရာမှ မမြဲတာ ကျုပ် သိတယ်၊ ယေဓမ္မာ ဟေတုပ္ပဘာဝါဆိုတာ ခင်ဗျားတို့ သိကြရဲ့လား၊ အကြောင်း ကင်းသော အကျိုးတရားဆိုတာမရှိဘူးတဲ့၊ ကျုပ်ဟာ ကျုပ် လူပျိုကြီးဘဝ နဲ့ အမေ့ကို လုပ်ကျွေးနေတာ စိတ်ကို ချမ်းသာလို့၊ အခုတော့ ခင်ဗျားတို့ သောက်ကမြင်းကြောထပြီး ချောက်တွန်းခဲ့ကြလို့ ကျုပ် ဒုက္ခရောက်နေပြီလေ၊ သယ်မအေပေးတွေ၊ သေချင်းဆိုးတွေ၊ နင်တို့ကိုပါ သတ်ရမယ်၊ သေဖို့သာပြင်ပေတော့'

ဦးညိမ်းမောင်သည် ထိုင်ရာမှ ဝုန်းခနဲကုန်းထပြီး ထရံမှာထောင် ထားသည့် ဓားကို ပြေးဆွဲသဖြင့် ဦးစိုးလှိုင်နှင့် သူ့လူနှစ်ယောက်တို့မှာ ဖိနပ်စီးဖို့ဆိုတာ အသာထား၊ ကောက်ကိုင်ဖို့တောင် အချိန်မရတော့ဘဲ အိမ်ပေါ်မှ ဒရောသောပါး ပြေးဆင်းခဲ့ရပါတော့သတည်း။

[ ချယ်ရီ။ ။အောက်တိုဘာ၊ ၁၉၈၉ ]

www.burmeseclassic.com

www.burmeseclassic.com



# ပေါ်ပြန်လည်း မသက်သာ

ညိုပြာပြာ လတာပြင့်ခြေရင်း။ လှိုင်းတက်ရာ ဗေဒါတက်၊ လှိုင်းသက်ရာဆင်း။

ဆင်းရလဲ မသက်သာ။

အုန်းလက်ကြွေ ရေပေါ်လော၊မျောစုန်လို့လာ။

အဆင်းနဲ့အလာ၊ ဗေဒါမအထွေး။ အုန်းလက်ကြွေ သူ့နံဘေး၊ ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လဲ မသက်သာ။

နောက်တစ်ချီ ဒီတစ်လုံးက၊ ဖုံးလိုက်ပြန်ပါ။

မြုပ်လေပေါ့ ပေါ်မလာ၊ မဗေဒါအလှ၊ တစ်လံကျော လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

ပေါ်ပြန်လဲ မသက်သာ၊

ချောင်းအဆွယ် မြောင်းငယ်ထဲက ဘဲထွက်လို့လာ။

ဘဲအုပ်မှာ တစ်ရာနှစ်ရာ၊ ဗေဒါက' တစ်ပင်ထဲ။

အယက်အကန်ခံလို့

ဗေဒါပျံ့ အံကိုခဲ၊ ပန်းပန်လျက်ပဲ။

ဆရာဇော်ဂျီသည် ဘာကို ရည်ရွယ်၍ ဤကဗျာကို ရေးစပ်သည်ဟု ကျွန်တော် အတပ် မပြောနိုင်သော်လည်း တစ်ခါမှမမြင်ဖူး မသိကျွမ်းဖူးသော ကျွန်တော့်အတွက် စပယ်ရှယ်ရည်ရွယ်၍ ရေးစပ်သည်ဟုသာ ဆိုချင်တော့သည်။

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ ဆိပ်တွင် သင်္ဘောဆိုက်ကပ်လိုက်သည်နှင့် သင်္ဘောကိုယ်စားလှယ် ယူလာသော သင်္ဘောသား စာတွေထဲမှာ ကျွန်တော့်အတွက် စာ ငါးစောင် ပါလာသည်။ ဇနီး မဖြူတုတ်ထံမှ စာ တစ်စောင်ပါသည်။ ကျန်တာတွေက စာထဲမှာ ဘယ်လိုအကြောင်းအရာတွေ ပါမယ်ဆိုတာ မဖတ်ဘဲ သိနေသော စာများဖြစ်သည်။



စာများ အားလုံးကို အကြမ်းဖျင်း ဖတ်ပြီးသောအခါ

www.burmeseclassic.com



စိတ်ပျက်ပျက်ဖြင့် အိပ်ရာပေါ် ပစ်လှဲလိုက်ပြီး နဖူးပေါ် လက်တင်၍ အတွေးနယ်ကျယ်မိရာမှ အထက်ပါကဗျာကို အမှတ်ရမိခြင်း ဖြစ်သည်။

လူ့ဘဝစပြီဟု ဆိုကတည်းက ဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရသည်။ ကျွန်တော် လူ့ပြည်ရောက်ပြီး ငါးနှစ်ခန့်အကြာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်။ တိုင်းပြည်လွတ်လပ်ရေး သက်တမ်းက နုနု၊ နိုင်ငံရေးမှန်တိုင်းက ထန်ထန်မို့ ရောင်စုံသောင်းကျန်းသူတို့၏ ကျည်ဆန်တွေကြားမှာ ရုန်းကန်ပြေးလွှား လုပ်ကိုင်စားရသော တောနေ ဆင်းရဲသား မိသားစုမှ မွေးဖွားလာသော ကျွန်တော်သည် ဘယ်မှာလာပြီး လူတော်လူချွန် ဖြစ်နိုင်ပါမည်နည်း။

လွတ်လပ်ရေးရပြီးနောက်၊ ဆယ်နှစ်ခန့်ကြာအောင်အထိ အစိုးရ အုပ်ချုပ်မှုအောက်တွင် လွတ်နေပြီး ရောင်စုံသောင်းကျန်းသူတို့အချင်းချင်း တိုက်ကြခိုက်ကြသည့်ဒဏ်ကို အလူးအလဲခံရသော ကျွန်တော်တို့ရွာမှ လူငယ်များ ပညာကောင်းစွာ မသင်ခဲ့ရ။ ရွာမှာ အစိုးရမူလတန်း ကျောင်းလေး ဖြစ်လာသည်။ ကွန်မြူနစ်က မူလတန်းကျောင်းတွင် လူထုစည်းဝေးပွဲလုပ်ပြီး ပစ္စည်းမဲ့လူတန်းစား အာဏာရရှိရေး၊ ဆင်းရဲသား ကျော့မွဲ လူတန်းစားဘဝ မြှင့်တင်ရေး တရားများကို မဟားတရား ဟောသည်။ နောက်နေ့တွင် အလံနီက မူလတန်းကျောင်းကို မီးရှို့သည်။ ရဲဘော်ဖြူက ကျောင်းဆရာကို ဖမ်းပြီး ခြိမ်းခြောက်သည်။ ဆရာလေး ကြောက်ပြီး မြို့ပြန်ပြေးသည်။

စာသင်ကျောင်းမရှိ၊ ကျောင်းဆရာ မရှိသော်လည်း လယ်သမား ချောင်းသမား သားသမီးပီပီ သေစာရှင်စာလေးလောက် ရေးတတ်ဖတ်တတ်ရန် ရွာဦးကျောင်း ဘုန်းတော်ကြီးထံမှ ပညာသင်ကြရသည်။ ဘုန်းကြီး ကျောင်းသားလေးဘဝမှ ကိုရင်လေးဘဝ၊ ကိုရင်ကြီးဘဝ၊ ပြည်တော်သာခေတ်၊ ရန်ကုန်ရောက် ကိုရင်လူထွက်ကြီးဘဝ၊ ခေတ်



ပြောင်း တော်လှန်ရေးကာလ ရေတပ်သားကြီးဘဝ စသည် စသည်ဖြင့် ဘဝခရီးကို ချီတက်ခဲ့သည်။

ဆင်းရဲသားဆိုပေမယ့် ချစ်တတ်တဲ့ နှလုံးသားက ရှိနေလေတော့ ရေတပ်သားဘဝမှာ မယားတစ်ယောက်ကို ယူဖြစ်အောင် ယူရသေးသည်။ ရေတပ်မတော်မှာ ၁၄နှစ် အမှုထမ်းပြီးသောအခါ အနားယူလိုက်သည်။ အငြိမ်းစား လစာငွေမျှဖြင့် လောက်လောက်ငင ဝဝလင်လင် မစားမသောက်ရရှာသော သားသမီးလေးများကို သနားလှသဖြင့် လင်မယားနှစ်ယောက် လမ်းဘေးမှာ ဈေးရောင်းကြရန် ဆုံးဖြတ်လိုက်သည်။

အိမ်နီးချင်း မိတ်ဆွေ ဦးဟုတ်စွမ်၏ အကြံပေးချက်အရ လမ်းမတော် မှ ငရုတ်သီးခြောက်ကို ယူပြီး သာကေတမှာ ရောင်းသည်။ အကျိုးအမြတ် သိပ်မရှိလှ။ လမ်းမတော်မှ ငရုတ်သီးခြောက်အိတ်ကြီးကို သာကေတသို့ သယ်ယူရာတွင် စရိတ်စက သက်သာပါစေတော့ဆိုပြီး ဘတ်စ်ကားဖြင့် သယ်ယူသည်။ လက်မှတ်ရောင်းရဲဘော်ကို မျက်နှာချိုသွေးပြီး အခကြေးငွေ အနည်းငယ် ပိုပေး၍ ငရုတ်သီးခြောက်အိတ်ကို ကားပေါ်ပစ်တင်လိုက်သည်နှင့် ကားတစ်စီးလုံး မွှန်ပြီး ဟတ်ချိုး ဟတ်ချိုး ဖြစ်ကုန်သဖြင့် ခရီးလမ်းတစ်ဝက်မှာ ဆင်းလိုက်ရသည်။

ငရုတ်သီးခြောက် မကိုက်တော့ အာလူးယူပြီး ရောင်းကြည့်ပြန်သည်။ အာလူး တစ်ခြင်းကုန်လျှင် တစ်ဆယ် ကိုးကျပ်ခန့် အမြတ်ကျန်သည်။ သိပ်မဆိုးလှ။ ဒါပေမယ့် လမ်းစရိတ်နုတ်လိုက်လျှင် မကျန်တော့။ လမ်းမတော်မှ သာကေတသို့ သုံးဘီးကားခ တစ်ဆယ်တောင်းသဖြင့် အာလူးခြင်းကို ပခုံးမှာထမ်းပြီး လမ်းမတော်မှ သာကေတအထိ ဘတ်စ်ကား တွယ်စီးသည်။ ကြာတော့ မတတ်နိုင်၍ လုပ်ငန်းရပ်ဆိုင်းရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးရောင်းရ၍ ပင်ပန်းတာလေး အကြောင်းပြုပြီး ညနေစောင်းလာလျှင် တစ်ခွက်တစ်ဖလား သောက်ချင်သေးသည်။ ၆ ရပ်ကွက်ထောင့် အရက်ဆိုင်မှာ အမဲအူပြုတ်နှင့် အမဲအူသုတ်ကို အမြည်းလုပ်ရောင်းနေသော ယောက်ဖဆိုင်သို့ နေ့တိုင်းသွားသည်။ အမြည်းနှင့် အရက်တွဲရောင်းနေသဖြင့် ပုလင်းကပ် ခွက်ကပ်ကလေးများ အလကားသောက်ရသည်။ အလုံးလိုက်ထောင်နေသော မျက်နှာသိနှင့်တွေ့လျှင် တဝသောက်ရသည်။ အရက်ဆိုင် သွားသည်ကို ဇနီးမဖြူတုတ်က လုံးဝမကြိုက်။ သို့သော် စီးပွားရေးလုပ်ငန်းများ သွားရောက်တိုင်ပင်ဆွေးနွေးသည်ဟု ပြောထားသဖြင့် ခွင့်လွှတ်ထားသည်။ ယောက်ဖ အဆွယ်ကောင်းတာနှင့် အမဲအူပြုတ် ရောင်းရန် ဆုံးဖြတ်လိုက်တော့သည်။

မူလအစီအစဉ်အရ အရက်ဆိုင်ဝင်းထဲမှာ ဆိုင်ခန်းတစ်နေရာယူပြီး အမြည်းဆိုင်ထွက်ရန် ဖြစ်သော်လည်း မဖြူတုတ်ကို အရက်ဆိုင်မှာ အမြည်းရောင်းခိုင်းတော့မည်ဆိုသည့် သတင်းကြားသွားသော ဆွေမျိုးများနှင့် အပေါင်းအသင်းများ၏ ဇနီးအုပ်စုက အကြီးအကျယ် ကန့်ကွက်ကြသည်။ ကျွန်တော့်ကို ပြစ်တင် ရှုတ်ချကြသည်။ မဖြူတုတ်ကတော့ ဘယ်သူ့ဘက်က ရပ်တည်မှန်းမသိသော စကားတစ်ခုကို ဆိုသည်။ ‘အဲဒါ ဘာမှမဟုတ်ဘူး၊ သူနေ့တိုင်း အရက်သောက်ချင်လို့’ တဲ့။ ဘာဆိုင်လို့လဲ။

ဒါနဲ့ပဲ အရက်ဆိုင်မှာ မရောင်းဖြစ်တော့ဘဲ ခုနစ်ဈေးထောင့် ညောင်ပင်အောက်မှာ ပလတ်စတစ်မိုး၊ ကွပ်ပျစ်ကလေးထိုးပြီး အမဲအူပြုတ်ဆိုင်ကလေးထွက်သည်။ လင်မယားနှစ်ယောက် တစ်လှည့်စီထိုင်သည်။ မဖြူတုတ်ထိုင်လျှင် နည်းနည်းပါးပါးရောင်းရသေးသည်။ ကျွန်တော်ထိုင်လျှင် စားနေကျလူတောင် ဝင်မထိုင်တော့။ တစ်ရက်တလေများ နံနက်ရှစ်နာရီ ဆိုင်ဖွင့်ချိန်မှ ညနေလေးနာရီထိ ဈေးဦးတောင်





မပေါက်။ အမဲအူ တစ်ပိဿာ့ငါးဆယ်ခန့်ကို ည ၁၀ နာရီအထိ ရောင်းမှပြတ်သည်။ တစ်ခါတလေ မကုန်၍ အိမ်ပြန်ပါသေးသည်။ ရောင်းကောင်းသည့်နေ့တွင် တစ်ဆယ်ကိုးကျပ်ခန့် အမြတ်ကျန်သည်။ ကြက်သွန်အဖြူ၊အနီ၊ဆီ၊အချိုမှုန့် ဒီအထဲက စားရသဖြင့် စားရတာ အမြတ်ဟုသာ သဘောထားရတော့သည်။

သာကေတ ခုနစ်ဈေးတွင် ညဈေးဖွင့်သောအခါ စားသောက်ဆိုင်ခန်း တစ်နေရာရ၍ ‘စိုး’ အမဲအူပြုတ်၊ ခေါက်ဆွဲသုပ်ဟု ဆိုင်းဘုတ်တင်ပြီး ရောင်းကြည့်သေးသည်။ ကြာတော့ လင်မယားနှစ်ယောက်လုံး လူနံ့မထွက်ဘဲ အမဲအူနံ့ ထွက်လာသည်။ ပင်ပန်းလိုက်သည်မှာလည်း အသက်ထွက်မတတ်ပါပဲ။ အတူနေမိသားစုလည်း အမဲအူနံ့ အမဲဆီနံ့များ တစ်အိမ်လုံး နံသည်၊ သောက်ရေခွက်မှအစ နံသည်၊ ခေါင်းကိုက်သည် စသည်ဖြင့် တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ပြောလာသည်။ ဟုတ်တော့လည်း ဟုတ်သည်။ တစ်အိမ်တည်း အတူနေသော်လည်း အိုးခွဲစား နေကြ၍ အိမ်တွင်းရေး အကျပ်အတည်းလေးတွေကြောင့် အဖြစ်သည်းပြီး ပိုကဲတာလည်းပါသည်။ စိတ်ဓာတ်ကလည်း တဖြည်းဖြည်း ကျလာပြီမို့ လုပ်ရင်းကိုင်ရင်းပဲ ထုံးဘူးလို အဝကျဉ်း၊ သကြားလုံးလို လုံးပါးပါးပြီး ဆိုင်ပြုတ်သွားတော့သည်။

အလုပ်အကိုင်က မရှိ။ ပင်စင်မှအပ အခြားဝင်ငွေကလည်း မရှိရသည့်အထဲ ရေတပ်သားလူထွက် ထုံးစံအတိုင်း သဘော်သား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သည့် ရောဂါပိုး ဦးနှောက်ထဲဝင်လာသဖြင့် ဘာမှ လုပ်ကိုင်စားချင်သည့်စိတ်လည်း မရှိတော့။ စားဝတ်နေရေးအခြေအနေမှာ တစ်နေ့တခြား ဆိုးရွားလာသည်။ မဖြူ ကျွန်တော်နှင့် အိမ်ထောင်ကျစဉ်က သူ့အမေ ဆင်ပေးလိုက်သည့် ရွှေလေးလည်း တစ်ရွေးသားမှ မကျန်အောင် ကုန်သွားပြီ ဖြစ်သည်။ အငြိမ်းစားလစာငွေအပြင် ဝင်ငွေက မတိုး။ ကုန်ဈေးနှုန်းကတက်၊ လကုန်ရက်မှာ သတင်းစာအဟောင်း၊ စာအုပ်အဟောင်း၊ မီးချောင်းအကျွမ်း၊ မီးသီးအကျွမ်း၊ မီးခလုတ်၊ မီးခေါင်းအဟောင်းအပျက်နဲ့ ဆန်ခြင်တဲ့ နို့ဆီခွက်ပါ မကျန်အောင် ချရောင်းရတော့သည်။

ဘာမှ ရောင်းစရာမရှိတော့သည့်အခါ ရန်ကုန်မည်ထင်ရသူများထံ ချေးရန် ငှားရန် ရှေ့တစ်လှမ်း နောက်နှစ်လှမ်းဖြင့် သွားခဲ့ရသည်။ လူချင်းတွေ့ပြန်တော့ ပါးစပ်က ပြောမထွက်၍ လာလည်သလိုလို လမ်းကြုံလို့ ဝင်လာသလိုနဲ့ ထွေရာလေးပါးပြောပြီး ပြန်ခဲ့ရသည့်ရက်များလည်း ရှိသည်။ နောက်တစ်ခေါက် ထပ်သွား အရဲစွန့်ပြီး ပြောကြည့်တော့လည်း တစ်ရာ ပြောမှ အားနာပါးနာ နှစ်ဆယ်ခန့်သာ ရခဲ့သည်။ အချို့ကလည်း ချေးဖို့ ငှားဖို့လာတယ်ဆိုတာ ဖွင့်မပြောမီသိနှင့်နေတော့ ကြာကြာညည်းခံပြီး စကားမပြောချင်ကြ။ အကြောင်းအမျိုးမျိုးပြပြီး နောက်ဖေး ဝင်ဝင်သွားတတ်ကြ၍ သူများအိမ်ရှေ့ ဧည့်ခန်းမှာ တစ်ယောက်တည်း ငူငူကြီး ထိုင်နေရသည်။ အခြေအနေ မဟန်မှန်းသိ၍ ပြန်တော့မည်ဖြစ်ကြောင်း နောက်ဖေးက ထွက်မလာသော အိမ်ရှင်ကြီးတို့ကြားအောင် အော်ပြီး နှုတ်ဆက်တော့မှ အိမ်ခန်းထဲမှ အသံပေးသည်။ 'ကောင်းပြီ ကောင်းပြီ' တဲ့။

စားစရာမရှိသည့်ကြားက ပန်းဆိုးတန်းလမ်း သင်္ဘောသားရုံးသို့ နေ့စဉ်သွားရန် လမ်းစရိတ်က တစ်နေ့ နှစ်ကျပ်ခန့် ကုန်သည်။ အဝင်မရှိ အထွက်သာရှိသည်။ သင်္ဘောသားရုံးရှေ့ ပလက်ဖောင်းပေါ် ကုက္ကိုပင်ရိပ် လက်ဖက်ရည်ဆိုင်တွေမှာ အဝိပ္ပာယ်ကင်းမဲ့စွာထိုင်၊ နိုင်ငံခြားပြန် သူငယ်ချင်းတွေနဲ့တွေ့လျှင် သူတို့ကျွေးမွေးတာစား၊ ကားပွဲစားယောင်ယောင်၊ သင်္ဘောသားဟောင်း ယောင်ယောင်နဲ့ တောင်တွေးမြောက်ငေး လူသွားလူလာ ရှုပ်ထွေးသော ပန်းဆိုးတန်းလမ်းမကြီးပေါ်မှာ နှစ်တွေကြာလာတော့ ဖြတ်သွား ဖြတ်လာ မျက်မှန်းတန်းမိနေသူများက 'ဘယ်လိုလဲ၊ မသွားရသေးဘူးလား၊ ကြာလှချည့်လား' ဟူ၍လည်းကောင်း ခင်မင်ရင်းနှီးသူများ က 'ခင်ဗျား လိုက်ရမယ့် သင်္ဘောက မဆောက်ရသေးဘူးလား၊ သံရည်ကြိုတုန်းလား' ဟူ၍ လည်းကောင်း မေးမြန်းသွားကြသော်လည်း ဆွေတစ်စမျိုးတစ်စ တော်စပ်သူများကတော့ မမြင်ယောင် မတွေ့ယောင် ဆောင်သွားကြသည်။



ဒီလိုနဲ့ပဲ သင်္ဘောသားရုံးရှေ့ ပလက်ဖောင်းပေါ်မှာ ခေါင်းငိုက်စိုက်ချပြီး လမ်းစပျောက်ခဲ့သည်မှာ ကာလ အတော်ကြာခဲ့သည်။ သင်္ဘောသားရုံးရှေ့ စရောက်သည့်အချိန်က မြစပယ် လက်ဖက်ရည်ဆိုင်ရှေ့မှ ဗာဒံပင်ပေါက်ကလေး ဆိတ်စားမှာစိုး၍ မီးသွေးခြင်း အုပ်ထားသည်။ ဗာဒံပင်ပေါက်ကလေးဘေးမှာ ထီးကလေးဆောင်းပြီး ဆေးလိပ်ကွမ်းယာရောင်းနေသော ကလေးမကလေး ဂါဝန်အတိုကလေး ဝတ်ထားသည်။ ကျွန်တော်သင်္ဘောသား ဖြစ်၍ နက်ဖြန် နိုင်ငံခြားသို့ သွားတော့မည့်အကြောင်း ဗာဒံပင်အရိပ်အောက်မှာ ကလေးကို နှုတ်ဆက်ခဲ့ရသေးသည်။

လူ့ဘဝ အစမှ မျက်မှောက်ကာလအထိ လျှောက်လှမ်းခဲ့ရသော နှစ်ပေါင်းလေးဆယ်အတွင်းမှာ ဘုန်းကြီးကျောင်းသား၊ ကိုရင်၊ ကိုရင်လူထွက်၊ တပ်မတော်ရေတပ်သား၊ အငြိမ်းစား၊ ပလက်ဖောင်းဈေးသည်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သင်္ဘောသားရောဂါပိုး ဦးနှောက်ထဲဝင်ပြီး ကြောင်တောင်တောင် ယောင်ခြောက်ဆယ်ဘဝဖြင့် မြုပ်နေခဲ့သည်မှာ သောနုတ္တိုရ်မှုဆိုးကြီး ဆဒ္ဒန်ဆင်မင်း အစွယ်ကိုဖြတ်ရန် ကြိုးစားသည့်ပမာ ခုနစ်နှစ်ကျော်ကြာခဲ့သည်။

ဟော ယခုတစ်ဖန်ပေါ်လာပြန်တာက 'မယ်ကညာတစ်စု သူငါအများချစ်တဲ့ နှစ်ဆယ်ရာစု ရုပ်ပါစတားအစစ်' သင်္ဘောသားကြီးအဖြစ်နှဲ့ပါ ခင်ဗျား။

ကံဇာတာ တစ်ဖြစ်လဲ၍ ဘဝမှန်တိုင်းစဲချိန် ရောက်လာတော့ ဘာမှ သွေးမတော် သားမစပ်သည့် မိတ်ဆွေကြီး ဦးစောမိုက်ကယ်ဒီးက ကူညီသဖြင့် နိုင်ငံခြား သင်္ဘောသား ဖြစ်ခဲ့ရသည်။ ဦးစောမိုက်ကယ်ဒီးက ကရင်၊ ကျွန်တော်ကရခိုင်၊ ဒုက္ခတွေ ပင်လယ်ဝေပြီး ဘဝ ကြက်ခြေခတ်လမ်းများပေါ်မှာ မျက်ခြည်ပြတ်ပြီး စမ်းတဝါးဝါး ဖြစ်နေတဲ့ လူရဲ့ဒုက္ခကို ကရင်အမျိုးသားကြီးက မကြည့်ရက်တော့လို့ထင်ပါရဲ့၊ သူ့စရိတ်နဲ့သူ အိတ်ထဲက စိုက်ထုတ်ကုန်ကျခံပြီး ကျွန်တော့်ကို ကူညီသည်။ ပြည်ထောင်စုတိုင်းရင်းသားတွေဟာ အချင်းချင်း ညီရင်းအစ်ကိုပမာ စာနာစိတ်ရှိတယ်၊ တစ်ဦး ဒုက္ခရောက်နေလျှင် တစ်ဦးက လက်ပိုက်ကြည့်မနေဘူး၊ ပစ်မထားဘူးဆိုတဲ့ သာဓကကို ကျွန်တော့်ကိစ္စမှာ အထင်အရှားတွေ့ရသည်။ ကျေးဇူးတရားကြီးမားလွန်း၍ အနန္တော အနန္တ ငါးပါးနှင့်အတူထား၍ အိပ်ရာဝင် အိပ်ရာထ ရှိခိုးဦးချ နေရပါသည်။

ဖြတ်သန်းလာခဲ့သော ဘဝ ခယောင်းလမ်းခရီး အကြောင်းကို ပြန်ပြောင်း စဉ်းစားပြီးနောက် ရမ်းသရူးတစ်ခေါက်ဖတ်ပြီး ချထားသော စာများကို ပြန်ဖတ်ကြည့်မိသည်။ သေအတူ ရှင်မကွဲ လက်တွဲပြီး ဘဝတိုက်ပွဲကို အတူဆင်နွှဲခဲ့သည့် ချစ်ဇနီး မဖြူတုတ်၏ စာကို အရင်ဖတ်သည်။



'အစ်ကိုရေ ကားကိစ္စနဲ့ပတ်သက်ပြီး ညီမ ဘာမှ မလုပ်တတ်ဘူး၊ နားလဲမလည်ဘူး၊ ဦးနှောက်ခြောက်မခံနိုင်တာနဲ့ ပါမစ်ကို တစ်သိန်းခွဲနဲ့ ရောင်းလိုက်တယ်၊ ကာစတန်ဂျူတီကို ဝယ်သူက ဆောင်တယ်၊ အမြတ်ခွန် ရှစ်ထောင် ညီမ ဆောင်ရတယ်၊ ပွဲစားခပေး၊ တောင်ပေး မြှောက်ပေး၊ အကြွေးတွေ အားလုံး ဆပ်လိုက်တော့ တစ်သိန်းနှစ်သောင်းပဲ ကျန်တယ်၊ ပိုက်ဆံအားလုံးကို ဘဏ်မှာ အပ်လိုက်ပြီ၊ အိမ်ဝယ်ဖို့ကိစ္စကို အစ်ကို ပြန်လာမှ စီစဉ်ပါ၊ ညီမ မဝယ်တတ်ဘူး၊ အထွေထွေ အသုံးစရိတ်တွေကို ရေးမှတ်ထားပါတယ်၊ မောင်ထော်လေးလမ်းက ပိုက်ဆံ သုံးသောင်းလာချေးတယ်၊ သိမ်ကြီးဈေးမှာ ဆိုင်ခန်း တစ်ခန်းတွေ့ထားလို့တဲ့၊ မမခင်တို့ကလဲ တစ်သောင်းလောက် ခဏလှဲ့ပါတဲ့၊ ရွှေရောင်းပြီးရင် ပြန်ပေးပါ့မယ်တဲ့၊ ဥက္ကလာက ဦးလေးတို့ ရွာကိုပြန်ပြီး ဘုရားပွဲပြင်မယ် ပြောတယ်၊ ညီမတို့ကို အနည်းဆုံး တစ်ထောင်ထည့်ရမယ် ပြောနေတယ်၊ အစ်ကို့ဆီကို စာရေးကြပါ၊ အစ်ကို့ဆီက ခွင့်ပြုချက်ရလျှင် ကျွန်မ ပေးပါ့မယ်လို့ အားလုံးကို ပြောလိုက်တယ်၊ ဒေါ်မြကြီးက လာပြောတယ်။ နင်တို့ကတော့ သူဌေးဖြစ်နေပြီ ဆိုတော့ မိဘတွေကို အငတ်ထားပေါ့အေတဲ့၊ ညီမ စိတ်သိပ်ညစ်တာပဲ၊ အစ်ကို ပြန်လာမှ အဲဒါတွေ ရှင်းပါ၊ သမီးတို့ အားလုံး စာမေးပွဲ အောင်ကြတယ်၊ သားငယ်က မဖြေရသေးဘူး၊ အလုပ် ပင်ပန်းတယ်ဆိုပြီး အများကြီး သောက်မနေနဲ့ဦးနော်'

ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်သည်။ စာကို ဆုံးအောင် မဖတ်ဘဲ ပြန်ခေါက်သိမ်းလိုက်သည်။ မောင်ထော်လေးလမ်းဆိုတာက အစ်ကိုနှင့် မရီးမိသားစု၊ မမခင်ဆိုတာက ကျွန်တော် ဒုက္ခရောက်နေစဉ်က တစ်ရာပြောလျှင် နှစ်ဆယ် ထုတ်ပေးသော နှမတစ်ဝမ်းကွဲ၊ ဥက္ကလာက

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဆိုတာက အမေ့မောင်အငယ်၊ ဘယ်သူတည်ခဲ့မှန်းမသိတဲ့ နှစ်ပေါင်းများစွာက ရှေးဟောင်းဘုရားတွေကို ထုံးသုတ်ပြီး ဘုရားဒါယကာ လုပ်နေသူ။ ဒေါ်မြကြီးဆိုတာက အဖေ့နှမ၊ ကျွန်တော့်အဒေါ် အပျိုကြီး နတ်ကတော် ယောင်ယောင်၊ စိန်ပွဲစားယောင်ယောင်၊ အိမ်ပွဲစားယောင် ယောင် တောင်ကစကား မြောက်ပို့၊ မြောက်ကစကား တောင်ပို့ အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်၊ ဗိုက်အငှားနဲ့ ဓားထိုးခံတဲ့နေရာမှာ ချန်ပီယံဘွဲ့ရထားသော အဘွားကြီး ဖြစ်သည်။

နောက်စာတစ်စောင် ဖတ်သည်။ သုဝဏ္ဏမှာနေသော အစ်မ တစ်ဝမ်းကွဲထံမှ ဖြစ်သည်။ သူလည်း မျိုးရိုးဗီဇ ဝါသနာအရ ဗေဒင် ဆရာမယောင်ယောင် ဂိုဏ်းဆရာမကြီးယောင်ယောင် လူအထင်ကြီး အောင် အထက်လေသံနဲ့စကားပြောတတ်သော အရာရှိကတော် ဖြစ် သည်။ သူတို့အိမ် သွားလည်ပြီး ပြန်ခါနီးနှုတ်ဆက်လျှင် အိပ်ခန်းထဲမှ 'ကောင်းပြီကောင်းပြီ'ဟု အော်သောသူများ စာရင်းထဲမှာလည်း သူလည်း ပါသည်။ စာရေးပုံကိုက ပေးချင်ကမ်းချင်စရာ အတော်ကောင်းသည်။

'ငစိုး၊ နင်ပြန်လာရင် နေရှင်နယ် ၂၀ လက်မ တီဗွီ တစ်လုံး ဝယ်ခဲ့ပါ၊ ဂျူတီကို ငါဆောင်မယ်၊ ကျသလောက်ကို မြန်မာငွေနဲ့တွက်ပြီး ပြန်ရှင်းပေးမယ်၊ နင့်ကလေးတွေ မုန့်ဖိုးရအောင် တစ်ထောင် ပိုပေးမယ်၊ သားသား စက်မှု တက္ကသိုလ်ရတယ်၊ သူ့အရွယ်ကို မှန်းပြီး ဝင်းကာလားဖြစ်ဖြစ် လီဗိုက်စ်ဖြစ်ဖြစ် ဂျင်းတစ်စုံ ဝယ်ခဲ့ပါ၊ အမေရိကန်ပဲ လိုချင်တယ်၊ ဟောင်ကောင်နဲ့ တိုင်ဝမ်ကို မကြိုက်ဘူး၊ ပိုက်ဆံပေးဆိုလဲ ပေးပါ့မယ်'

စာမဆုံးမီ ဆွဲဆုတ်ပစ်ရန် စိတ်ကူးသေးသည်။ နောက် ပြန်ဖတ်နိုင်ရန် ချထားလိုက်သည်။ နောက်တစ်စောင်က ဘဝတူ ရေတပ်သား လူထွက်၊ တစ်ခါက လုပ်ဖော်ကိုင်ဖက် သောက်ဖော်စားဖက်၊ သင်္ဘောသား ဘဝကို စိတ်ကူးယဉ်ဖော်ယဉ်ဖက် သူငယ်ချင်းထံမှ ဖြစ်သည်။

'စိုးကြီး၊ မောင်ရင်က မေ့နေပေမယ့် ကိုယ်က မမေ့နိုင်လို့ စာရေးလိုက်ရပြန်ပြီ၊ မောင်ရင် ဒီအခြေအနေ မဖြစ်ခင်တုန်းက တော့ ဖြစ်လာရင် အပေါင်းအသင်းတွေကို ဘယ်လိုကူညီမယ်၊ ဘယ်လို တွဲခေါ်မယ်နဲ့ အာလူးတွေ ပေးသွားလိုက်တာ၊ အခု တကယ် ဖြစ်လာတော့ အသံတိတ်သွားတော့တာပဲ၊ ဒါပေမဲ့ မောင်ရင့် အခြေအနေက ဝိစကီနဲ့ ဘီယာနဲ့ ငြိမ့်နေပြီဆိုတော့ တစ်ခါက အဖြူဆိုင် လမ်းဘေးက ခါတ်မီးတိုင် မှိန်ပျပျအောက် မှာ ဖိနပ်စုတ်ကလေးတွေ ဖင်ခုထိုင်ပြီး အရက်ဖြူ အတူသောက် ခဲ့ကြတဲ့ သူငယ်ချင်းတွေကို မေ့မယ်ဆိုလဲ မေ့လောက်ပါတယ်၊ ကိုယ်တို့ ကိစ္စကို မတတ်နိုင်ဘူးဆိုရင်လဲ မြန်မာငွေနဲ့ ကူညီချင်ရင် ရပါတယ်၊ မောင်ရင့် မိန်းမမှာ ကားရောင်းထားတာ ငွေတစ်သိန်း ကျော် ရှိနေပြီဆိုတော့ မောင်ရင့်အနေနဲ့ ကိုယ်တို့အပေါ်မှာ တကယ် စေတနာရှိရင် ပြောတာပါ'

စာကို လေပူတစ်ချက် ဆောင့်ပြီး မှုတ်ထုတ်လိုက်သည်။ နောက်တစ်စောင်၊ ဖြစ်သလို ခေါက်ပြီး စာအိတ်ထဲကိုပြန်သွင်းလိုက်သည်။ နောက်တစ်စောင်၊ တောမှာ လယ်လုပ်နေသော အမေ့ညီမ ကျွန်တော့်ဒွေးလေး မိသားစု ထံမှစာ ဖြစ်သည်။ သူတို့ကလည်း တစ်မျိုး၊ တောသူတောင်သားတွေမို့ ရိုးသားမှုတော့ ရှိပါသည်။ သို့သော် သစ်တစ်ပင်ကောင်းလျှင် ငှက် တစ်သောင်းခိုနားနိုင်သည်ဟူသောထုံးကို နှလုံးမူ၍ မိမိကိုယ်တိုင်ကတော့ မျိုးကောင်းတစ်စေ့ သစ်ကောင်းတစ်ပင် ဖြစ်အောင် ဘယ်တော့မှ မကြိုးစားဘဲ ငှက်တစ်သောင်း အုပ်စုထဲမှာ ပါနိုင်အောင်သာ အလစ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချောင်းနေသော မိသားစုဖြစ်သည်။ ဒွေးလေး၏သား ကျွန်တော့်ညီ ဆယ်တန်းကျောင်းသား၏ လက်ရေးဖြင့် ကျွန်တော့် လိပ်စာကို စာအိတ်ပေါ်မှာ အင်္ဂလိပ်လို ရေးထားလိုက်တာ ကောက်ရိုးပုံ ကြက်ယက်ထားသလား အောက်မေ့ရသည်။

'မောင်စိုး၊ ဒွေးလေး စာရေးလိုက်တယ်၊ ပို့သသော မေတ္တာကြောင့် တို့အားလုံး ကျန်းမာကြတယ်၊ ရန်ကုန်မှာ နင်တို့ ချမ်းသာနေပြီဆိုတာသိရလို့ တို့တစ်ဆွေလုံး တစ်မျိုးလုံး ဝမ်းသာ ဂုဏ်ယူမဆုံး ဖြစ်နေကြတယ်၊ ဆရာတော်ကဆိုရင် ဥပုသ်နေ့တိုင်း ဥပုသ်သည်တွေရှေ့မှာ နင့်အကြောင်းကို ပြောရတာ အမောပဲ၊ တစ်ခါတလေ တရားထဲမှာတောင် ထည့်ဟောတယ်၊ နင် နိုင်ငံခြားက ပြန်လာရင် ကိုယ်ပိုင်ကားနဲ့ ရွာကို လာမယ်ဆိုလို့ မျှော်နေကြတယ်၊ နင့်ထွေးကြီး ဒေါ်ကျေးဥလဲ ဒီနှစ်ကုန်အောင်တောင် ခံပါ့မလားမသိဘူး၊ ငါ့တူကြီး နိုင်ငံခြားက ပြန်လာပြီးမှ ငါ သေမယ်လို့ ပြောနေတယ်၊ အိမ်က အကောင်တော့ ဒီနှစ်လဲကျပြန်ပြီ၊ ရွာမှာထားရင် စာမေးပွဲ မအောင်ဘဲ ပျက်စီးဖို့ သေချာနေပြီ၊ အခုတောင် တော်တော် သောက်တတ်နေပြီ၊ နင်တို့ဆီပို့ပြီး ကျောင်းဆက်ထားဖို့ ဆုံးဖြတ်ပြီး စပါးသိမ်းပြီးရင် သူ့အဖေနဲ့ လာလိမ့်မယ်၊ သူကတော့ ရန်ကုန်မှာ အလုပ်လုပ်ရင်း ညကျောင်းတက်မယ် ပြောတယ်၊ နင့်ကို အပ်တယ်၊ နင်ပဲ ဆုံးမပါ'

'ဟင်း'

ကျွန်တော် သဘောကျလွန်း၍ အသံထွက်အောင် ပြုံးလိုက်မိသည်။ တောသူပီပီ ရိုးရိုးကြီးမြှောက်တော့ အမြှောက်ခံရသူက ရှက်တောင် ရှက်သည်။ ကိုယ့်ဒုက္ခကို သူများဒုက္ခဖြစ်အောင် လုပ်ပုံက။



နောက်တစ်စောင် ရန်ကင်းမှာနေသော အစ်ကိုဝမ်းကွဲထံမှ ဖြစ်သည်။ ဌာနကြီးတစ်ခု၏ အုပ်ချုပ်ရေးမှူး ဖြစ်သည်။ သဘော်လိုက်ရန် ကြိုးစားနေစဉ် ကျွန်တော့်အပေါ်တွင် နှုတ်ကျေးဇူးရှိဖူးသည်။ ကျွန်တော့် မရီး စစ်တွေသူမက သာလို့တောင် နှုတ်ချိုသေးသည်။ လက်ကတော့ မပါပါ။

'ယခု စာယူလာသူမှာ ငါ့ညီဖြစ်သည်၊ တတ်နိုင်ပါက ကူညီပါ'ဟု ရေးထားသော အစ်ကို့စာတိုလေးကိုင်ပြီး သူ့သူငယ်ချင်းဆိုသော လူကြီးများနှင့် သွားတွေ့ခဲ့ဖူးသည်။ ဘာမျှအကြောင်းမထူးခဲ့။ နောက်တော့ ကျွန်တော်လည်း မသွားတော့။ ကျွန်တော် နိုင်ငံခြားရောက်ပြီးမှ သူ့သား ကိစ္စနှင့် ကျွန်တော့်ထံ စာရေးနေခြင်း ဖြစ်သည်။

'ငစိုး၊ မင်း နိုင်ငံခြားရောက်စက ရေးတဲ့စာတစ်စောင်ပဲ ငါတို့ရတယ်၊ နောက်ထပ်တစ်စောင် ဟောင်ကောင်လိပ်စာနဲ့ ထည့်လိုက်သေးတယ်၊ သားငယ်ကိစ္စမှာ နိုင်ငံခြားငွေနဲ့ဆိုရင် ပိုမြန်မယ်လို့ ပြောတယ်၊ ဒီမှာတော့ သုံးခုလောက်ပေးရင် ဖြစ်မယ်ပြောတယ်၊ မင်းသိတဲ့အတိုင်း ငါတို့မှာလဲ လောလောဆယ် လက်ထဲမှာ မရှိသေးတော့ မင်းအနေနဲ့ ၃၅၀၀၀ လောက် ခဏ လှည့်ထား စေချင်တယ်၊ ရွာက အုန်းခြံရောင်းဖို့ ဆိုင်းထားတယ်၊ ရောင်းပြီးရင် ပြန်ပေးပါ့မယ်၊ အကျိုးအကြောင်း စာအမြန်ပြန်ပါ'

ဒေသကောလိပ်တက်နေသော သူ့သားအငယ်ကောင်ကို ကဒက် (အလုပ်သင်အရာရှိ) ရာထူးဖြင့် သဘော်လိုက်ရန် ကြိုးစားနေခြင်းဖြစ်သည်။ ကျွန်တော်စာကိုဆုံးအောင် မဖတ်တော့ပါ။ ဇနီး မဖြူတုတ်၏ စာမှအပ အခြားစာအားလုံးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆုတ်ဖြဲ အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်သည်။

ဩော် လောကကြီးထဲက လူတွေ လူတွေ၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက လူတွေရဲ့ အကြောင်းပါခင်ဗျား၊ မိမိ အသိုက်အဝန်းထဲက လူတစ်ယောက် ဒုက္ခရောက်ပြီး နောက်ဆုံး အသိုက်အဝန်းထဲက ပျောက်ကွယ်သွားရင် ကိုယ်နဲ့မဆိုင်သလို မသိကျိုးကျွန် နေလိုက်ကြ၊ ကြာတော့ မေ့ပစ်လိုက်ကြတော့သည်။ ဒါပေမယ့် အဲဒီလူ ထူထူ ထောင်ထောင် ပြန်ဖြစ်လာပြီဆိုရင် ဆပ်ကပ်လူပြက်အပြုံးနဲ့ ပြုံးပြ၊ ဆိုင်းနောက်ထ လေသံမျိုးနဲ့ မြှောက်ပင့်ပေး၊ ချေးကြ၊ ငှားကြ၊ အကူ အညီတွေတောင်းကြ၊ မရရင် မုန်းကြ၊ တရားကျစရာပါပဲ။

တရားသဘောနဲ့ ပြောရလျှင်တော့

ဘဝပေးအသိနဲ့ ဓမ္မပေး အသိ နှစ်ရပ်ပေါင်းစပ်ပြီး ရလဒ်ကို အဖြေညှိလိုက်တော့ နိဗ္ဗာန် တရားခြောက်တန်နှော၍ ဖောက်ပြန်သော သဘောကြောင့် လောကရေးရာ သြဃလေးဖြာ သံသရာဝဲစမုတ်မှာ ရေငုပ်သဘော်ကဲ့သို့ မြုပ်ချည်တစ်လှည့် ပေါ်ချည်တစ်ခါ ဘဝသံသရာ ခရီးဆက်ရမှာ ကြောက်လှပါပြီခင်ဗျား။

တစ်ဆွေလုံး တစ်မျိုးလုံးအကြောင်း မကောင်းပြောပြီးပြီမို့ အမုန်းတော့ ခံရတော့မှာပဲ။ ယထာဘူတအမြင်နဲ့ ရှုမြင်သုံးသပ်တတ် သူများ သနားချင်က သနားအောင် နှုတ်ခမ်းပွဲနဲ့ လွမ်းချင်းတစ်ပုဒ်တော့ ဆိုချင်ပါသည်။ ဆရာဇော်ဂျီလိုလဲ ကျွန်တော်က ကဗျာမစပ်တတ်၊ ကာရန် အနုအလှ မရှာတတ်၊ မပေဒါလို လောကဓံကို ခံနိုင်စွမ်းရှိသည့် ဖွဲ့သတ္တိ အားမာန်ကလည်း မရှိပါ။

ဒါပေမယ့် အကြောင်းက ဆိုက်လာပြီမို့ သောင်းတိုက် စကြ ဝဠာက ကြားအောင် အသနားခံလိုက်ချင်တာကတော့ အောက်ပါ အတိုင်းပါ ခင်ဗျား။

'ပေါ်ပြန်လဲ မသက်သာ
လူမြှုပ်နှံ ဂူသုသာန် ဟိုအထဲက
ကျွဲထွက်လို့လာ။
ကျွဲအုပ်က တစ်ရာနှစ်ရာ
ရပ်နေတာက
ကျွန်တော်တစ်ယောက်ထဲ
အငေ့အကန်ခံလို့
သေရွာပြန် အံကိုခဲ
မန်းလန်လျက်ပြဲ'

[ စစ်ပြန်။ ။ဖေဖော်ဝါရီ ၁၉၉၀ ]



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# သေခန်းပြုတ်ကုထုံး

အမြစ်ပြုတ်ကုထုံးလို့သာ ကြားဖူးပါသည်။ သေခန်းပြုတ်ကုထုံးလို့တော့ မကြားဖူးပေါင်ဟု ပြောကြမည် ထင်ပါသည်။ မှန်ပါသည်။ ဘုရားရှင် လက်ထက်တော် အခါက သမားတော် ဇီဝကမှစ၍ ဝိဇ္ဇာရှစ်သောင်းအလယ်၊ ယောအတွင်းဝန် ဦးဘိုးလှိုင်အဆုံး အသုံးပြုကိုင်စွဲခဲ့ကြသည့် ကုထုံးကျမ်းတွေထဲမှာ အမြစ်ပြုတ် ကုထုံးတွေသာ ရှိပါသည်။ သေခန်းပြုတ် ကုထုံး ဆိုတာ ရှိမှ မရှိဘဲကိုး။

ဒါပေမယ့် ကျွန်တော်တို့ ဆွေမျိုးစုပိုင် ဆေးကျမ်း တစ်စောင်ထဲမှာတော့ 'သေခန်းပြုတ်ကုထုံး' တစ်ခုရှိနေပါသည်။ မိသားစု မူပိုင်ကုထုံးကို လက်တွေ့ကျကျ အသုံးချ၍ အောင်မြင်သွားခဲ့သော သမားတော်နှင့် ဝေဒနာရှင်တို့မှာ ယနေ့တိုင်ပင် အသက်ထင်ရှားရှိနေကြပါသေးသည်။ အဆိုပါ သမားတော်သည်ကား အခြားသူမဟုတ်၊ ကျွန်တော့်အမေ၏ မောင်တစ်ဝမ်းကွဲတော်သူ ကျွန်တော်၏ ဦးလေးဝမ်းကွဲ ဦးဖဲသာအောင်ဆိုသူ လူပြန်တော် သိက္ခာရ သမားတော်ကြီးပါ ခင်ဗျာ။

ကျွန်တော်သည် နိုင်ငံခြားသင်္ဘောလိုက်ရာမှ မြန်မာနိုင်ငံသို့ ပြန်ရောက်တိုင်း ကျွန်တော့်ဇာတိရွာသို့ တစ်ခေါက်တော့ သွားရောက်လည်ပတ် စမြဲဖြစ်သည်။ သွားသည့်အကြောင်းက မွေးရပ်ရွာကို လွမ်းတာလည်းပါသည်။ ခြေသလုံးရွှံ့ပေနေသော ဘုန်းကြီးကျောင်းနေဖက် လယ်သမား၊ ယာသမား၊ ရေလုပ်သား သူငယ်ချင်းတွေရှေ့မှာ နိုင်ငံခြားပြန်အဖြစ်နဲ့ ကြွားချင်တာလည်း ပါသည်။ တခြား ထူးခြားကြီးမားသည့် ရည်ရွယ်ချက် မရှိသည့်အလျောက် ရွာကို ရောက်သည်နှင့် အောက်ခြေလွတ်သွားပြီး သောက်သောက်စားစား ပျော်ပျော်ပါးပါး အချိန်ဖြုန်း ပိုက်ဆံဖြုန်းသည်။ မူးမူးရူးရူးဖြင့် လုပ်ချင်တာလုပ်သည်။ သွားချင်ရာ သွားသည်။ ဆယ်တန်တစ်အုပ် (ကျပ် တစ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်)ကျပျောက်ဖူးသည်။ ရေဘင်နေကာမျက်မှန်ကို အရက်ဝိုင်းမှာ ဖိထိုင်မိ၍ ကွဲဖူးသည်။ သူငယ်ချင်း၏သား မင်္ဂလာပွဲမှ အပြန်တွင် နီကွန်ကင်မရာရော လူပါ လှေပေါ်မှ ရေထဲလိမ့်ကျဖူးသည်။ ရွာဦးကျောင်း ဆရာတော်ကို နှုတ်ဆက်ကန်တော့ရန် သွားစဉ် ဝပ်ကင်းရှူး ဖိနပ်ကို ချွတ်ဖို့မေ့ပြီး ကျောင်းခြံဝင်းထဲသာမက ကျောင်းပေါ်က ဘုန်းကြီးတွေ ဖိနပ်ချွတ်သည့် နေရာအထိရောက်အောင် စီးသွားမိ၍ ဆရာတော် ရိုက်လွှတ်တာ ခံရဖူးသည်။

ယခုတစ်ခေါက် သွားရောက်လည်ပတ်သည့် ရည်ရွယ်ချက်က တော့ အတော်အတန် အဆင့်အတန်းရှိ၍ မွန်မြတ်သည်ဟုပင် ဆိုနိုင် သည်။ ဆွေစဉ်မျိုးဆက်တွေထဲက အသက်ရှင်လျက်ရှိနေသူ သက်ကြီး ရွယ်အိုတွေကို သွားရောက်နှုတ်ဆက်ကန်တော့ရန် အစီအစဉ်တစ်ခု ပါရှိနေ၍ ဖြစ်သည်။

အစီအစဉ်အရ လက်လှမ်းမီသမျှ ဆွေမျိုး လူအိုလူမင်းတွေကို လိုရာသုံးကြစေဖို့ တစ်ရာမျိုး ကိုးဆယ်မျိုးအပြင် သင့်ရာ တော်ရာ ကန်တော့ပစ္စည်းလေးများဖြင့် ကန်တော့သောအခါ ဝမ်းသာ ကြသည်။ ဆုတွေပေးကြသည်။ 'နင်လဲ အသက်ကြီးပြီဖြစ်လို့ သတိ တရားရပြီး လိမ္မာဖို့ သင့်ပြီ'ဟု သံဝေဂစကားဆိုကြသည်။

မှန်၏။ အနိစ္စသခ်ါရဆိုသည်က အမှည့်တဝင်းဝင်း အကင်း တဖြုတ်ဖြုတ်မို့ သူအရင်လား ကိုယ်အရင်လား ဆိုတာသာ ကြိုတင်မသိနိုင် သေးခြင်းဖြစ်သည်။ မလိမ္မာနိုင်သေးလို့သာ မိုက်နေရတာ၊ ကျွန်တော်က လည်း ငယ်တော့တာမှ မဟုတ်တာ။ သေတဲ့အကြောင်းတော့ သိပါတယ်။

လက်လှမ်းနီးသည့် ဆွေအိုမျိုးအိုတွေကို နှုတ်ဆက်ကန်တော့ပြီး သောအခါ လက်လှမ်းဝေး၍ ဆွေမျိုးစု အသိုင်းအဝိုင်း၏ အပြင်ဘက်တွင် နှစ်ပေါင်းသုံးဆယ်ကျော်ခန့်ကတည်းက ရောက်နေသော ဦးလေးဦးဖဲသာ



အောင်ရှိရာ မန်ကျည်းတောရွာသို့ ခရီးဆက်ခဲ့ပါသည်။

မန်ကျည်းတောရွာဟူသော အမည်နှင့် လိုက်ဖက်စေရန် ရည်ရွယ် ၍ စိုက်ပျိုးခဲ့ကြဟန်တူသည်။ သန်မာထွားကျိုင်း၍ အင်အားကောင်း လှသည့် မန်ကျည်းပင်ကြီးများကို နေရာတကာမှာတွေ့ရသည်။ အုန်း၊ ကွမ်း၊ ငှက်ပျော၊ သြဇာ၊ ဥသျှစ်၊ သရက်၊ မာလကာ၊ ရှောက်၊ သံပရာ၊ ပင်ပို့ ပင်အိုတို့ဖြင့် စိမ်းစိုညို့မှိုင်းနေသော မန်ကျည်းတောရွာကြီး တွင်ဓာတ်၊ ဗိန္ဓော၊ ပယောဂဆရာကြီး ဦးဖဲ သာအောင်ဟုမေးလိုက်သည်ဆိုလျှင်ပင်လူတိုင်း သိသော ရှုပါစတားမဟာသမားတော်ကြီး ဖြစ် နေတာတွေ့ရတော့သည်။ ရှုပါစတားသဘော သားရဲ့ဦးလေးဆိုတော့ သူလည်း ဘယ် ခေလိမ့်မလဲ။



ညှို့သည်ကို အိမ်တိုင်ရာ ရောက် လိုက်ပို့ပေးသူများ ကျေးဇူး ကြောင့် ရွာလယ်လမ်းဆုံးလမ်းခွက နှစ်ထပ် အိမ်ကြီးမှာ လှည်းနဲ့နွားနဲ့ ကက် ဆက်နဲ့ အခန့်သား နေနိုင်သော ဦးလေးအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါသည်။ ထူးထူးခြားခြား ရွာခံသား ကလေးတစ်အုပ်နှင့် အတူရောက်လာသော ဘောင်းဘီဝတ် ညှို့သည် တစ်ယောက် အိမ်ထဲဝင်၍ အိမ်ထဲကလူတွေ တအံ့တသြဖြစ်နေကြသည်။ အိမ်ရှေ့က ပက်လက်ကုလားထိုင်မှာထိုင်ပြီး လူမမာ မျှော်နေဟန်တူ သော ဓာတ် ဗိန္ဓော ပယောဂ ဆရာကြီးကမူ သူ၏ ကျော်ကြားမှုကို သတင်းယူရန်လာသော ဘီဘီစီသတင်းထောက်ဟု ထင်သွားဟန် တူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချောင်းဟန့်၍ ခါးဆန့်ထိုင်ပြီး အိုက်တင်ခံလိုက်သည်။

၁၉၅၆ ခုနှစ် ကျွန်တော့်အသက် ဆယ့်လေးနှစ်သားအရွယ်မှာ ရွာနှင့် ဆွေမျိုးအသိုင်းအဝိုင်းကို ကျောခိုင်းထွက်သွားခဲ့သော ကျွန်တော့်ကို ဦးလေးသည် လုံးဝ မမှတ်မိနိုင်တော့ပါ။ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပေပြီ။ သူ့ရွာက ထွက်ခွာသွားစဉ်က သူ့အသက် သုံးဆယ်ပင် မပြည့်သေးဟု ထင်ပါသည်။ အခုတော့ အသက်ခြောက်ဆယ်ကျော် အဘိုးအို ဖြစ်နေပေပြီ။သူ့အိမ်မှာ မဟုတ်ဘဲ အခြားတစ်နေရာမှာတွေ့လျှင် ကျွန်တော်လည်း သူ့ကို မှတ်မိမည်မဟုတ်ပါ။ အိမ်ပေါ်မှာ ဖြစ်နေသည့်အပြင် သူ့အစ်ကို ဦးထွန်းသာအောင်နှင့် ရုပ်ချင်းတူနေသောကြောင့်သာ မှတ်မိတော့သည်။

ဖိနပ်ချွတ်ပြီး လွယ်အိတ်၊ ဆွဲအိတ်၊ ကင်မရာ စသည့် တိုးလို့တွဲလောင်းတွေကို ကြမ်းပြင်ပေါ်မှာ အသာချ၍ ဦးလေးထိုင်နေသည့် ကုလားထိုင်ရှေ့မှာ ဒူးတုပ်ထိုင်ချလိုက်သည်။ ဦးလေး၏ မျက်နှာကို တစ်ချက်မော့ကြည့်ပြီး လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိသေစွာ ရှိခိုးကန်တော့လိုက်ပါသည်။ ဦးလေးသည် အလွန်အံ့ဩသော အမူအရာဖြင့် ကျွန်တော့်ကို ကြည့်နေပါသည်။ ဘုရားငါးဆူ သိဒ္ဓိသွင်းထားသော သိမ်ဝင်သပိတ်ကွဲအင်းကို နင်းမိထားသူ အရူးတစ်ကောင် ဆေးကုရန် လာသည်ဟု ထင်သွားဟန်တူသည်။ ချောင်းတစ်ချက်ဟန့်၍ ခါးဆန့်ပြီး မတ်လိုက်သည်။

'ဦးလေး နေကောင်းတယ်နော်'

'အေး ငါက ဆေးဆရာပဲကွယ့် နေကောင်းပါတယ်၊ မင်းသာ နေကောင်းရဲ့လား၊ ကဲ ဆို ဘာကိစ္စ'

ဦးလေးဟုခေါ်လိုက်၍ ထင်သည်။ လေသံပျော့ဖြင့် ခပ်ငေါ့ငေါ့ ပြန်ဖြေသည်။ ဒေသအခေါ်ဖြင့် ဆရာကြီးဟုသာ ခေါ်လိုက်မိပါက



အောက်လမ်းထိထားသော ပယောဂလူနာ သချာတယ်ဆိုပြီး စီးပိုးလာမှာ သေချာသည်။

'ဦးလေး ကျွန်တော့်ကို မမှတ်မိတော့ဘူးလား'

'ဟော့အေး နင် ဘယ်သူ'

ထူးဆန်းသည့် တွေ့ဆုံပွဲကို ဝိုင်းအုံစောင့်ကြည့်နေကြသည့် အိမ်သူ အိမ်သားများနှင့် ရွာသူရွာသားများ အကြီးအကျယ် စိတ်ဝင်စားသွားကြပြီ။ အချို့မှာ အသက်ရှူရန်ပင် မေ့နေကြဟန်တူသည်။

'ကျွန်တော် ကိန္နရီချောင်းက ဒေါ်ကျေးဥရဲ့သားပါ'

'ဟေ ငါ့တူပါလား၊ ဟဲ့ မကြီး၊ နင့်အမေကို ခေါ်လိုက်စမ်း'

ဝိုင်းအုံကြည့်နေသူတွေထဲက သမီးလား ချွေးမလား တိတိကျကျ မသိရသေးသော မကြီးဆိုသည့် မိန်းမပျိုတစ်ယောက်က မီးဖိုဆောင်ဘက်သို့ ပြေးဝင်သွားပြီး ဒေါ်သန်းကြည်ကို ခေါ်လာသည်။ အသက်ခြောက်ဆယ် ကျော်နေပြီ ဖြစ်သော်လည်း ဖြူဖြူဖွေးဖွေး၊ ခုံ့ခုံ့ချောချောပင် ရှိပါသေးသည်။ သူ့ခေတ်သူ့အခါဟု ဆိုရမည့် ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကိန္နရီချောင်းရွာမှာ ဒေါ်သန်းကြည်သည်လည်း မိန်းမချောစာရင်းဝင်တစ်ဦး ဖြစ်ခဲ့သည်။

'ဟဲ့ မကြည်၊ ဒီမှာ ကိန္နရီချောင်းက ယောက်ဖကြီး ကိုလှအေး အစ်မကျေးတို့ သားတဲ့ဟ'

ဒေါ်သန်းကြည်က ဦးလေး၏ ကုလားထိုင်အနီးတွင် ဝင်ထိုင်ချလိုက်ပြီး ကျွန်တော့်ကို မဝံ့မရဲ ကြည့်၍ မေးသည်။

'မကျေးမှာ ဘယ်နှစ်ယောက်ရှိလို့လဲ၊ တို့သိတာ သုံးယောက်၊ နင်က ဘယ်သူ'

'ဒေါ်လေးသိတဲ့ သုံးယောက်ထဲက အငယ်ဆုံးက ကျွန်တော်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ နေပါဦး၊ အကြီးကောင် ငသောင်းရယ်၊ ပြီးတော့'

'မောင်သောင်း၊ မောင်ကြီး၊ ပြီးတော့ ကောက်ကြီးဆိုတာ ကျွန်တော်ပါ'

'သြော် မှတ်မိပြီ၊ ဘုန်းကြီးကျောင်းမှာနေတဲ့ ဆွမ်းခံထွက်တဲ့ ကောင်လေး မဟုတ်လား'

'ဟုတ်တယ်လေ၊ ကိုရင် ဆွမ်းခံထွက်ရင် ကြေးစည်ရိုက်တာ ကျွန်တော်ပေါ့'

'အေး ဟုတ်ပြီ၊ ပြောမှ ငယ်ရုပ်ပြန်ပေါ်လာတော့တယ်'

ကဲ ဇာတ်တော်ကြီးလဲ ပေါင်းမိပါပြီ။ ဒီတော့မှ ပွဲကြည့်ပရိသတ်များလည်း သက်မကြီးချ၍ ပြုံးနိုင်ကြပါတော့သည်။ ပယောဂကုနေသည် ထင်၍ ဝင်ကြည့်သူများလည်း ကိုယ့်ခရီးကိုယ် ဆက်သွားကြလေပြီ။

ဦးလေးနှင့် ဒေါ်လေးတို့ အခုလို ပူးကပ်စွာ အတူ ယှဉ်တွဲထိုင်နေသောပုံကို ကြုံတောင့်ကြုံခဲ အမှတ်တရ ဓာတ်ပုံရိုက်ယူပြီးသောအခါမှာတော့ ကျွန်တော့် စိတ်အစဉ်သည် အတိတ်တစ်ခွင်သို့ နှစ်ပေါင်းသုံးဆယ်ကျော် ပြန်ရောက်သွားပါသည်။

ဦးလေးသည် အသက်နှစ်ဆယ်အရွယ်တွင် ကိုရင်ဘဝမှ ပဉ္စင်းတက်လိုက်သည်။ ဦးလေး၏အမေ ကျွန်တော့် အဘွားလေးမှာ သားမောင် ပဉ္စင်းအတွက် ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရသည်။ ငါသေရင် ရွှေထီးဆောင်းရတော့မယ်၊ မယ်တော်ပျံကြီး စည်ကားဦးမည်ဟု စိတ်ကူးယဉ်နေတုန်း သားတော်မောင်က ရဟန်းငါးဝါအရတွင် လူထွက်လိုက်သည်။ ရဟန်း မယ်တော်ကြီး စိတ်ဓာတ်ကျသွားတော့သည်။ ရဟန်းလူထွက်ကတော့လယ်မလုပ်၊ကိုင်းလည်းမထွန်ဘဲ သူ့အဘိုး (ကျွန်တော့်အဘွား၏ အဖေ) ကိုင်ခဲ့သည့် လက်ရေးမူ ဆေးကျမ်းတစ်စောင်အားကိုးဖြင့်



ဆေးဆရာ ယောင်ယောင်၊ ဗေဒင်ဆရာယောင်ယောင် လုပ်နေတော့သည်။

ထိုအချိန်က ကျွန်တော်တို့ရွာမှာ ကွမ်းတောင်ကိုင် အဆင့်မီအောင်ချောသည့် အပျိုသုံးလေးယောက်ရှိသည့်အနက် အိမ်ကြီးရခိုင်နှင့်နေနိုင်သည့် စာရင်းကိုင် စပါးကုန်သည်သမီး မသန်းကြည်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ တောသူ ဥစ္စာပေါ ရုပ်ချောတို့ ထုံးစံအတိုင်း လိုချင်တဲ့လင်ကို မရ၊ ရတဲ့လင်ကို မလိုချင်၊ ရွာခံသားကိုလည်း မကြိုက်၊ သူတို့ကို ကြိုက်သည့် ရွာခံသားတို့ကလည်း သူတို့၏ ရုပ်ဆင်းရူပါ စီးပွားဥစ္စာ အရှိန် အဝါတို့ကြောင့် သူတို့အနား မကပ်ရဲ ဖြစ်နေစဉ် အသက် နှစ်ဆယ့်ရှစ်နှစ်ခန့်အရွယ်တွင် မသန်းကြည် စိတ်တွေကယောက်ကယက် ဖြစ်လာပြီး သွက်သွက်လည်အောင် ရူးသွားလေတော့သည်။

ပိုက်ဆံတတ်နိုင်သူများဖြစ်၍ ဓာတ်၊ ဗိန္ဓော၊ ပယောဂဆရာ အမျိုးမျိုးတို့ဖြင့် ကုသပါသော်လည်း မသန်းကြည်၏ စိတ်ဝေဒနာမှာ ပျောက်ကင်းသက်သာမှု မရှိဘဲ ဖြစ်နေသည်။ ထိုအချိန်က ကျွန်တော်တို့ အရပ်ဒေသတွင် ရောဂါအမျိုးမျိုးကို ကုသပေးနိုင်သည့် ကွန်မြူနစ်ဆေးရုံက ဆရာဝန်ကြီး ဆဒ္ဒန်ဆင်မင်းတောင် လက်လျှော့လိုက်ရသည်။

ဟသံာတခရိုင်ဆေးရုံကို ကွန်မြူနစ်များ ဝင်စီးစဉ်က ဖမ်းဆီးခေါ်ယူလာခဲ့သော ပန်ချာပီ ဆရာဝန်ကြီး ဆဒ္ဒါးဆင်းမ် (Suddah Sim) ကို ကျွန်တော်တို့အရပ်ကလူတွေက အသံထွက်မှန်အောင် မခေါ်တတ်၍ မြန်မာဆန်ဆန် 'ဆဒ္ဒန်ဆင်မင်း'ဟု ခေါ်ကြခြင်းဖြစ်သည်။ မေ့ဆေးမရှိ၍ လူနာကို ချက်အရက် မူးအောင်တိုက်ပြီး အောင်မြင်စွာ ခွဲစိတ်ကုသနိုင်သော ဆရာဝန်ကြီး ဖြစ်သည်။ သို့သော် မသန်းကြည်ကိုတော့ လက်လျှော့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မသန်းကြည်၏ အခြေအနေမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာသည်။ အိမ်သူအိမ်သားတွေ လစ်လျှင် အိမ်က ထွက်ပြေးသည်။ လိုက်ဖမ်းပြီး အခန်းလှောင် သော့ခတ်ရသည့် အဆင့်သို့ ရောက်လာသည်။

မူလ ရွာဦးကျောင်း ဆရာတော်ဘုရားကြီး၏ အန္တိမဈာပန၊ ဘုန်းကြီးပျံပွဲတော် နောက်ဆုံးညမှာတော့ မသန်းကြည်၏ မိဘဆွေမျိုး များသာမက ကိန္နရီချောင်း တစ်ရွာလုံး အရှက်တကွဲ အကျိုးနည်းဖြစ်ရသောညဟု ဆိုရမလို ဖြစ်ခဲ့ရသည်။ ဘုန်းကြီးပျံဈေးတန်း လူစည်ကားနေချိန်တွင် အရူးမ မသန်းကြည် ရောက်လာပြီး ပွဲတော်လာ ပရိသတ်ကို အော်ဟစ် တိုင်တန်းပါတော့သည်။

'ဒီမှာ ကြည့်ကြပါဦးတော်၊ ဘယ်ကအကောင်မှန်း မသိဘူး၊ လူ ငါးယောက် ဝိုင်းပြီး ကျွန်မကို -- ကြတယ်လေ၊ ထဘီတွေလဲ စုတ်ပြဲကုန်ပြီ ဟိုကောင် ပုလိပ်လူထွက် အောင်တင့်ပါတယ်၊ ကျွန်မကို ယူမယ်ပြောပြီး အခုတော့ ထွက်ပြေးခဲ့ပြီ၊ ဒီပွဲခင်းထဲမှာ ရှိတယ် ရှာပေးကြစမ်းပါ'

သူ့ထဘီမှာ ပေကျံ စုတ်ပြဲနေသော အစွန်းကွက် အညစ်အကြေး တွေကို ဖြန့်ပြ၍ တွေ့သမျှ လူတွေကို အရှက်အကြောက် ကင်းမဲ့စွာ အော်ဟစ် တိုင်တန်းလေတော့သည်။ (ထိုအမှုနှင့် ပတ်သက်၍ အောင်တင့်နှင့် အပေါင်းပါတစ်စုတို့ ထောင်ဆယ်နှစ်စီ အသီးသီး ကျသွားကြသော်လည်း သာသနာနှစ်ထောင့်ငါးရာ ဆဋ္ဌသင်္ဂါယနာပွဲ တော်နှင့် ကြုံ၍ ငါးနှစ်ခန့်စီဖြင့် ပြန်လွတ်လာကြသည်။) မသန်းကြည်၏ မိခင်ကြီးခမျာ ရှက်လွန်း၍ စိန်နှင့်သံပရာရည် ရောသောက်ပြီး သေကြောင်းကြံကြသော်လည်း ဆရာဝန်ကြီး ဆဒ္ဒန်ဆင်မင်း အစွမ်း ကြောင့် မသေဘဲ နောက်ထပ်ဆယ်နှစ်လောက် လူ့ပြည်မှာ နေသွားရ



သေးသည်။

ဒီအခြေအနေမှာ ကျွန်တော့်ဦးလေး ယောဆရာကြီးက လူပြုစား ခံထားရသော မသန်းကြည်၏ ရောဂါကို ဆေးဖိုးဝါးခ တစ်ပြားမှ မယူဘဲ အထက်လမ်းနည်း၊ အောက်လမ်းနည်း နှစ်မျိုး ကူးဆက်၍ ကုသပေးပေး မည်ဟု ချဲလင်းခေါ်လိုက်သည်။ အခမဲ့ ကုသပေးပါမည်ဆိုသည့် ဆရာက ဘုန်းကြီးလူထွက် လူပျို၊ အကုသခံမည့် လူနာက အရူးမ အပျိုဆိုတော့ ကာယကံရှင်တို့ စဉ်းစားကြသေးသည်။ နောက် ဆုံးတော့ မုဒိမ်းကျင့် ခံထားရတဲ့ အရူးမပဲ၊ ဒီထက်ပိုပြီး နာစရာ အကြောင်း မရှိတော့ပါဘူး ဆိုပြီး လက်ခံခွင့်ပြုလိုက်ကြသည်။

အဲဒီမှာ ဆရာ့ဘက်က အထက်စီးရနေသမို့ ကုသရာတွင် သူလိုချင်သည့် ပုံစံတွေ ချပြတော့သည်။ မသန်းကြည်တို့ အိမ်ကြီး အပေါ်ထပ်တွင် ဆရာရော လူနာပါ လေးဆယ့်ငါးရက် ကြာအောင် အဓိဋ္ဌာန်ဝင်ရမည်။ အိမ် အပေါ်ထပ် တစ်ခုလုံးကို ပရိတ်ရေ၊ ပရိတ်ချည် တို့ဖြင့် ဝိုင်းပတ်၍ စည်းချထားမည်။ ဆရာခွင့်ပြုချက် မရဘဲ အိမ် ပေါ်ထပ်သို့ မည်သူမျှ တက်မလာရ။ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင် တို့ကို ပူဇော်ရန် ဘုရားပွဲ ၂၈ ပွဲထိုးပေးရမည်။ ဆီမီး ၂၈ တိုင်ကို ၄၅ ရက်လုံး မီးဆက်ပြီး ပူဇော်ရမည်ဖြစ်၍ ဖယောင်းတိုင် အလုံ အလောက်ပေးရမည်။ သံဗုဒ္ဓေဂါထာတော်ရွတ်၍ ရေမန်းပက် အစွဲ ချွတ်မည့် ဓာတ်ခန်းနေရာကို ကန့်လန့်ကာခုနစ်ထပ်ဝန်းပတ် ကာရံ ပေးရမည်။ ဆရာနှင့် လူနာတို့ စားသောက်ရေးနှင့် ခင်းကြီးခင်းငယ် အတွက် အဆင်ပြေအောင် စီစဉ်ပေးရမည် စသည်ဖြင့် တောင်းဆိုသည်။ ကာယကံရှင်တို့ကလည်း အပန်းမကြီးသည့်ကိစ္စတွေမို့ အားလုံးကို လိုက်လျော ခွင့်ပြုလိုက်သည်။

ပယောဂ ကပ်နေသော စိတ်ဝေဒနာသည်ကို ကုသမည့်

www.burmeseclassic.com

www.burmeseclassic.com



ကုတုံးနည်း စနစ်က ဆန်းသစ်နေ၍ ကိန္နရီချောင်း တစ်ရွာလုံးသာမက အနီးအနားရွာတွေကပါ ကြားရသူတိုင်း စိတ်ဝင်စားနေကြသည်။ အစစ ပြင်ဆင်စီစဉ်ပြီးသောအခါ နေ့ကောင်းရက်သာ ရွေး၍ အဓိဋ္ဌာန် စခန်း စဝင်ကြတော့သည်။

ပထမတစ်ရက်မှာပင် ဝမ်းသာစရာသတင်း ထွက်ပေါ်လာသည်။ လူနာသည် ဆရာတိုက်သည့် ဆေးကို သောက်သည်။ ဆရာတိုင်ပေးသည့် ဘုရားရှိခိုးစာကို လက်အုပ်ချီလျက် လိုက်ဆိုသည် ဟူ၍ပင် ဖြစ်သည်။

ပထမပတ် ဒုတိယပတ်တွေမှာ ထွက်ပေါ်လာသည့် သတင်းကပို၍ ကျေနပ် အားရစရာကောင်းလာသည်။ လူနာ၏ ဆီး၊ ဝမ်း၊ သွေး၊ လေ အားလုံး မှန်ကန်ကောင်းမွန်နေပြီး ဆရာမေးသမျှကိုလည်း ပြန်လည် ဖြေကြားပြီဟူ၍ ဖြစ်သည်။

တစ်လပြည့်မြောက်သွားသောအခါမှာတော့ လူနာ၏ မိဘဆွေမျိုးများ ပြုံးနိုင် ပျော်နိုင်ကြတော့သည်။ လူနာသည် ဝတ်ကောင်းစားလှဝတ်၍ သနပ်ခါးပန်းမန် လိမ်းကျံ ခြယ်သလာသောကြောင့် ဖြစ်သည်။ လူနာဘက်က ဆွေမျိုးတွေ ဝမ်းသာကြသလို၊ ကျွန်တော်တို့ဘက်က ဆွေမျိုးတွေကလည်း လက်မထောင်၍ ခေါင်းမော့ ရင်ကော့ပြီး လမ်းလျှောက် ကြတော့သည်။ 'ဆဒ္ဒန်ဆင်မင်းတောင် ကုမရလို့ လက်လျှော့ထားရတဲ့ အရူးမကို တို့ဆွေမျိုး ဆရာလေး မောင်ပဥ္စင်း ဖဲသာအောင် ကုလို့ပျောက်တော့မယ်လေ' ဟူ၍ ဖြစ်သည်။

တစ်ရွာလုံး၊ တစ်နယ်လုံး စိတ်ဝင်တစား စောင့်စားမျှော်လင့်နေကြသောလေးဆယ့်ငါးရက် ပြည့်မြောက်၍ အဓိဋ္ဌာန်စခန်း ထွက်မည့်နေ့မှာတော့ အိမ်အောက်ထပ်က ထိုးတင်ပေးရသည့် ဆွမ်းတော်ပွဲကိုလည်း လှမ်းမဆွဲ၊ ဆရာနှင့် လူနာအတွက် ထမင်းပွဲကိုလည်း



လှမ်းမကိုင်သောအခါ မသင်္ကာ၍ လှေကားတစ်ဝက်ခန့် တက်ပြီး ချောင်းမြောင်းကြည့်သည်။ အရိပ်အယောင်ပင် မမြင်ရ၊ အသံဗလံလည်း မကြား၍ အော်ခေါ်ကြည့်သည်။ ပြန်မထူး။ စိုးရိမ်၍ အပေါ်ထပ်သို့ အရဲစွန့်တက်ကြပြီး ကန့်လန့်ကာ ခုနစ်ထပ်ကို လှစ်ကြည့်လိုက်ရာ ဆရာရော လူနာပါ မရှိတော့ရုံသာမက လူနာ၏ အဝတ်အစား အသုံးအဆောင်တွေပါ မရှိတော့တာ တွေ့ကြရတော့သည်။

နှစ်ဖက် ဆွေမျိုးတွေ အကြီးအကျယ် ရှက်သွားကြပြီး ပြုံးနေသူတွေ တည်တည်ကြီး ဖြစ်သွားကြသည်။ ခေါင်းမော့ ရင်ကော့ပြီး လမ်းလျှောက်နေသူတွေ လမ်းပေါ်မထွက်ရဲ ဖြစ်သွားကြသည်။ မသန်းကြည်တို့ဘက်က သူတို့သိက္ခာကို ဆယ်သည့်အနေဖြင့် အရှက်ပြေ လေသံလွှင့်သည်။ 'စိတ် ဝေဒနာသည်ကို ခိုးယူပေါင်းသင်းမှုဖြင့် တရားစွဲရန် စီစဉ်နေကြောင်း' ဟု လေသံထွက်လာသောအခါ ကျွန်တော်တို့ဘက်ကလည်း အားကျမခံ လေသံ ပြန်လွှင့်ပေးလိုက်သည်။ 'မုဒိမ်းကျင့်ခံရဖူးသည့် အရူးမကို ယူတဲ့ အကောင် ငဖဲသာအောင်အား ဆွေစာရင်းမျိုးစာရင်းမှ အရှင်းပယ်ဖျက်၍ မိမွေ ဖမွေရပ်၊ သေခန်းဖြတ်လိုက်ကြောင်း' ဟူ၍ ဖြစ်ပါသည်။

အရေးအခင်းတွေပြီး၍ သုံးလေးနှစ်ကြာတော့ သူတို့သတင်းကို တစ်စွန်းတစ်စ ကြားရသည်။ ရခိုင်ရိုးမတောင်ခြေအနီးက မန်ကျည်းတောရွာကြီးမှာ အခြေချနေထိုင်ကြကြောင်း၊ မသန်းကြည်မှာ လူကောင်းပကတိ ဖြစ်နေပြီး လှလို့ ဝလို့ သားနဲ့ သမီးနဲ့ ရွှေနဲ့ငွေနဲ့ ဖြစ်နေကြောင်းဟူ၍ ဖြစ်သည်။ မသန်းကြည်၏ မိဘများက တိုးတိုးတိတ်တိတ် ထောက်ပံ့နေဟန်တူသည်။ ကျွန်တော်တို့ဘက်ကတော့ ထောက်ပံ့ဖို့ဆိုတာထား၊ ဖဲသာအောင်ဆိုတဲ့ အမည်ကို စကားထဲတောင် ထည့်မပြောရဟု အမိန့်ထုတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးဆယ့်ငါးရက် အဓိဋ္ဌာန်ဝင်သည့်နေ့မှစပြီး ဦးလေးကို ကျွန်တော် မမြင်ရတော့တာ အခုမှပဲ ပြန်တွေ့တော့သည်။ ကျွန်တော်ပင် လေးဆယ် ကျော်၍ ငါးဆယ်ဘက်သို့ ချဉ်းလေပြီ။ ဦးလေးက ခြောက်ဆယ်ကျော်နေပြီး အိမ်ထောင်သည် သားကြီးသုံးယောက်အပြင် မကြီးနှင့် မငယ်ဆိုသည့် သမီးပျိုနှစ်ယောက်တို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ပြည့်စုံစွာ နေနိုင်တာတွေ့ရသည်။

ဦးလေးနှင့် ဒေါ်လေးတို့ကို နှုတ်ဆက်ကန်တော့ပြီး သုံးလေးရက်ခန့် ကြာသောအခါ ကိန္နရီချောင်းရွာသို့ ပြန်ရန် ပြင်ဆင်ရတော့သည်။ မပြန်မီ တစ်ရက် အိမ်သူအိမ်သားတွေ အလစ်မှာ ဦးလေးအပါးသို့ချဉ်းကပ်၍ တိုးတိုးပြောရသည်။ ဦးလေးလဲ အသက်ကြီးလာပြီဖြစ်လို့ နောင်လာ နောက်သားတွေအတွက် ကုသခဲ့စဉ်က အသုံးပြုခဲ့သည့် အစွမ်းထက်လှသည့် ဆေးတစ်လက် ဖော်နည်းကားလေးကို ပေးပါရန် မေတ္တာရပ်ခံသည်။

'အေး ဟုတ်တယ်ဟေ့၊ ကဲ လိုက်ရေးစမ်း၊ ပန်းညို ပန်းနု၊ ဝတ်ဆံ၊ ကုံ့ကော်ဝတ်ဆံ၊ ဇဝက်သာ၊ ဥပသကာ၊ ပဲနံ့သာ၊ သစ်ကြံပိုး၊ နံ့သာဖြူ၊ နံ့သာနီ၊ စန္ဒကူးအဖြူ၊ စန္ဒကူးအနီ၊ ထိန်ပွင့်၊ ဇာတိပ္ဖိုလ်ပွင့်၊ လေးညှင်း၊ ကန့်ဘလူ၊ အလေးတူ အမှုန့်စု အမှုန့်ပြု၍ တာရှည်ဆောင်လျှင် ကမ္ဘာတည်အောင် စွမ်းတဲ့ဆေးတဲ့ကွယ့် မှတ်ထားလိုက်၊ မှတ်ထားလိုက်'

'ဦးလေး ဒါ သာမန်သွေးဆေးပဲ မဟုတ်လား၊ ဘာဆန်းလို့လဲ'

'ဆေးက မဆန်းပါဘူးကွဲ့၊ လူနာရဲ့ လက္ခဏာကိုသိရင် ရေလဲသုံးပြီး ကုတဲ့ ကုထုံးကုနည်းက အရေးကြီးတာပါ'

'ဟုတ်ပြီ၊ အဲ အဲဒီ ကုထုံးလေးပါ ညွှန်ခဲ့စမ်းပါဦး'

'လူနာရဲ့ ဝေဒနာအမှန်ကို သိဖို့လိုတယ်၊ အနာသိရင် ဆေးရှိပါတယ်ကွယ့်၊ အဲဒီတုန်းက မင့်ဒေါ်လေးမှာ လင်လိုချင်တဲ့ရောဂါကလွဲလို့



တခြား ဘာရောဂါမှ မရှိဘူး၊ အရှက်အကြောက်နဲ့ ဆွေကြီးမျိုးကြီး ဂုဏ်သိက္ခာတွေကို ငဲ့ပြီး သွေးသားက တောင်းဆိုနေတဲ့ လိင်သဘာဝနဲ့ ဆန္ဒတွေကို ချိုးနှိမ်ချုပ်တည်းရလွန်းလို့ သွေးလေမမှန်ဘဲ စိတ်ကယောက်ကယက် ဖြစ်သွားတာပါ'

ဦးလေးပြောမှ သာကေတ ကျွန်တော့်သူငယ်ချင်း လင်မယားကို သွားသတိရသည်။ ရေတပ်သားဘဝမှာ ညားလာခဲ့သော မော်လမြိုင်သူလေးကို တစ်နှစ်လောက်သာ ယုယုယယ ပေါင်းသည်။ နောက်ပိုင်းတွင် ကျွန်တော်တို့နှင့်တွဲပြီး နေ့တိုင်းအရက်သောက်သည်။ မူးမူးနဲ့ အိမ်ရှေ့ ဧည့်ခန်းမှာ တစ်ယောက်တည်းအိပ်သည်။ တစ်နေ့တော့ ကျွန်တော်တို့ ဝိုင်းမသိမ်းမီ သူတို့အိမ်ခန်းအတွင်းမှ ဝုန်းဒိုင်းအသံကြား၍ ပြေးဝင်ကြည့်ကြရာ သရဲသဘက်စီးနေသည့် မျက်နှာကြီးဖြင့် ထဘီအင်္ကျီတွေ ဆုတ်ဖြဲနေသော သူ့မိန်းမကို တွေ့လိုက်ရသည်။

ကျွန်တော့် သူငယ်ချင်းက ပြေးဝင်သွားပြီး ပွေ့ဖက်လိုက်ရာ ပက်လက်လန် လဲကျသွားပြီး ဆန့်ငင်ဆန့်ငင်ဖြင့် တက်နေတော့သည်။ ကျွန်တော်တို့ပါ ဝိုင်းကူပွေ့ယူပြီး သူတို့အိမ်နားက ဆေးခန်းမှာ အရေးပေါ် ပြသည်။ ဆရာဝန်က စိတ်ငြိမ်ဆေးတစ်လုံး ထိုးပေးပြီး သောက်ဆေးပါ ပေးသည်။ လူနာ သတိပြန်ရသောအခါ ဆရာဝန်က ကျွန်တော့်သူငယ်ချင်းကို လူရှင်းရာသို့ လက်ကုတ်ခေါ်ယူပြီး ပခုံးပုတ်၍ တိုးတိုးပြောသည်။

'ရဲဘော်ကြီး အရက်ချည်းသောက်မနေနဲ့၊ မိန်းမကို ဂရုစိုက်ဦး၊ မောင်ရင့် အမျိုးသမီး sexual hysteria ဖြစ်ဖို့ စနေပြီ'တဲ့။

အဲဒီနေ့ကစပြီး ကျွန်တော့်သူငယ်ချင်းလည်း အရက်ပြတ်၊ သူ့မိန်းမလည်း ပယောဂမကပ်တော့ဟု သိရသည်။ အဲဒီတုန်းက ဆရာဝန်မှတ်ချက်နှင့် အခု ဦးလေးပြောတာ သဘောချင်း ဆင်တူနေ၍

www.burmeseclassic.com

www.burmeseclassic.com



လေးတန်းတောင် မအောင်သော ကျွန်တော့်ဦးလေးကို အတော်အထင်ကြီးသွားမိသည်။

'ဒီသွေးဆေးကို သကြားလေး နည်းနည်းထည့်ပြီး ရေအေးနဲ့ တစ်နေ့ နှစ်ကြိမ် တိုက်တယ်၊ ဆီး၊ ဝမ်း၊ လေ၊ ဓမ္မတာမှန်အောင် ရင်းပြား၊ ရှားစောင်းလက်ပပ်၊ ထန်းလျက်၊ မန်ကျည်းနှစ်၊ ပွေးကိုင်းနဲ့ ပျားရည်ပါတဲ့တေဆေးလေးကို ဆီးကင်းလောက် အိပ်ရာမဝင်ခင် ညစဉ်ခွံ့ပေးတယ်၊ ဆေးတိုက်ပြီးတာနဲ့ ကန့်လန့်ကာ ခုနစ်ထပ်ကာထားတဲ့ ဓာတ်ကူးခန်းထဲမှာ လေးဆယ့်ငါးရက်လုံး တို့နှစ်ယောက် အတူဖက်အိပ်ကြတယ်၊ ကုထုံးကတော့ ဒါပါပဲ၊ လေးဆယ့်ငါးရက်လဲ မြောက်ရော မင့်ဒေါ်လေးရဲ့ ရောဂါလဲ ပျောက်ရော'

'အိုး မိုင်ဂေါ့ဒ် ဟော့ ဟော့'

ကျွန်တော် ဘိုလိုဘုရားတပြီး နှစ်ချက်ရှိုက်၍ ရယ်လိုက်မိသည်။ ဖြစ်မှ ဖြစ်ရလေ ဦးလေးရယ်ဟုလည်း စိတ်ထဲက ရေရွတ်လိုက်မိပါသည်။

သြော် လက်စသတ်တော့ အထက်လမ်းနည်းကို အယောင်ပြ၊ အမှောင်ချထားသည့် နောက်ခန်းဆီး အလုံအခြုံမှာ အောက်လမ်းနည်း အဖုံဖုံတို့ဖြင့် နည်းစုံလမ်းစုံ ယုယပိုက်ထွေး၍ မီးကုန်ယမ်းကုန် ကုသ တိုက်ကျွေးခဲ့သော ကျွန်တော့်ဦးလေး၏ 'အမွေလမ်းဖြတ် ပြုမဆုံးပါသည့် သေခန်းပြတ် ကုထုံးမဟာကြီး' ကို မှတ်သား နာယူကာ မန်ကျည်းတောရွာမှ ပြန်ခဲ့ပါသည် ခင်ဗျာ။

[ ပေဖူးလွှာ။ ။အောက်တိုဘာ၊ ၁၉၉၀ ]



www.burmeseclassic.com

www.burmeseclassic.com




# ချစ်၍ခေါ်ရာ

'အစ်ကိုဘိုးအောင် တပို့တွဲလဆုတ် ၅ ရက်နေ့ကဆုံးပြီ၊ သုံးရက်ထားတယ်၊ မြို့က လူတွေက အလုပ်မအားလို့ မလာနိုင်ကြဘူး၊ တင့်တင့်တယ်တယ် ဖြစ်ပါတယ်၊ နင့်အဘိုးနဲ့ အဘွားရဲ့ အုတ်ဂူခြေရင်းမှာ မြှုပ်တယ်'

ရွာမှာနေသော ကျွန်တော့် ဒေါ်လေးထံမှ လူကြုံပါးလိုက်သည့် စာထဲက တစ်ပိုဒ်ဖြစ်ပါသည်။ ဆုံးပြီဆိုသည့် ဦးဘိုးအောင်ဆိုသည်မှာ ကျွန်တော့်အမေ၏မောင် ကျွန်တော့်ဦးလေးလူပျိုကြီး ဖြစ်သည်။ စာရသည့် နေ့မှစ၍ ရက်တွေကို နောက်ပြန် ရေတွက်လိုက်တော့ ကွယ်လွန်ခဲ့သည်မှာ တစ်လပင် ပြည့်ပေတော့မည်။ သြော် ကွယ်လွန် သွားရှာပြီကိုးဟု သံဝေဂ ယူလိုက်မိသည်။

ဦးလေး ဦးဘိုးအောင် ကွယ်လွန်ချိန်မှာ အသက်ဘယ်လောက်ရှိပြီ ဆိုတာကို တိတိကျကျ ကျွန်တော်မသိ။ အမေ့ထက် သုံးနှစ်ခန့်ငယ်၍ ဒေါ်လေးထက် သုံးနှစ်ခန့်ကြီးသည်ဆိုသဖြင့် ခုနစ်ဆယ့်ငါးဝန်းကျင်ဖြစ်ပေလိမ့်မည်။ ကွယ်လွန်သွားပြီဆိုတော့မှ မကွယ်လွန်မီက သူ့ပုံရိပ်များကို ပြန်လည် တွေးတောမိသဖြင့် ဦးလေးအရင်းခေါက်ခေါက် သေတာကို ဝမ်းနည်းရမည့်အစား ပြုံးလိုက်မိသည်။ မသင့်တော်၍ ပါးစပ်ကိုပိတ်ပြီး မျက်နှာကိုပါ ဘရိတ်အုပ်လိုက်ရသည်။

ကျွန်တော့် ဘိုးဘွားများသည် ကျိုကျိုတက် ချမ်းသာသူများမဟုတ်ကြသော်လည်း လယ်ပိုင် ယာပိုင်ရှိသော စာရင်းကိုင် စပါးကုန်သည်များ ဖြစ်သည်။ တစ်ဦးတည်းသောသား မောင်ဘိုးအောင်ကို မြို့ကျောင်းပို့၍ ပညာသင်စေခဲ့သည်။ အစ်မတွေ နှမတွေကလည်း မောင်ကို ခေတ်ပညာတတ် ဖြစ်စေချင်သည်။ အိုင်စီအက်၊ ဘီစီအက်၊ ဘီအေ၊ အိုင်အေ ဘွဲ့တွေရပြီး အရေးပိုင်မင်း၊ ဝန်ထောက်မင်း၊ မြို့ပိုင်မင်း ဖြစ်စေချင်သည်။ သို့သော် ကျွန်တော့်ဦးလေး မောင်ဘိုးအောင်က အဖြစ်မစုံခဲ့။ ခုနှစ်တန်းမှာ တဖုန်းဖုန်း ကျပြီး ရွာပြန်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကျရသည့် ကိစ္စကလည်း တခြားကြောင့် မဟုတ်၊ ရွာက မြေပိုင်ရှင်သူဌေးသမီး၊ သူကြီးတူမ ကွမ်းတောင်ကိုင် မစောခင်ကို သူများ လက်ဦးသွားမှာစိုး၍ စာမကျက်နိုင်သောကြောင့် စာမေးပွဲကျနေရခြင်း ဖြစ်သည်။ ကျောင်းမပိတ်ဘဲ မကြာခဏ ရွာပြန်ပြေးလာတတ်သည်။ သိပ် မကြာပါဘူး၊ စည်းကမ်းပျက်ကျောင်းသားမို့ ကျောင်းထုတ်ခံလိုက်ရသည်။ သူ့အတွက်တော့ ကျောင်းမတက်ချင်တာနဲ့ အတော်ပဲ ဖြစ်သွားသည်။ ကျွန်တော့်အဘိုးနှင့် အဘွားတို့ စိတ်ညစ်ကြရတော့သည်။

မိဘ၏ စီးပွားရေးအလုပ်ကို ဘာမှ ကူမလုပ်ဘဲ ရွာဦးထိပ်က သာလာယံဇရပ်မှာ အပေါင်းအဖော်တွေနှင့် တစ်နေကုန်သည်။ ကွမ်းတောင်ကိုင် မစောခင်၏ မေတ္တာကို ရရှိနိုင်ရေးအတွက် စီမံကိန်းတွေ ရေးဆွဲကြသည်။ မစောခင်တို့ အိမ်က စာရင်းငှား ကိုပိန်ကို အရက် တိုက်၍ စာပေးခိုင်းမည်၊ အနှိပ်သည် ဒေါ်ရွှေအုံကို ကွမ်းဖိုး ဆေးဖိုး ပေးပြီး အကူအညီတောင်းမည်၊ ဆွမ်းပို့ရာမှ အပြန်တွင် စကားလိုက်ပြော မည်၊ နောက်ဆုံး အဆင်မပြေပါက အတင်းအဓမ္မ လှည်းတင်ခိုးပြေးမည် စသည်ဖြင့် နည်းဗျူဟာ အဆင့်ဆင့်ကို စီစဉ်ရေးဆွဲထားသည်။

ပထမအဆင့်အနေဖြင့် ကိုပိန်ကို နေ့စဉ် အရက်တိုက်ရာမှ သူပါ အရက်သောက်တတ်သွားတော့သည်။ အရက်ဖိုး အတော်အတန် ကုန်ပြီးမှ ကိုပိန်က နှစ်စဉ်စပါးဝမ်းစာရနေသော စာရင်းငှား အလုပ် ပြုတ်မှာကြောက်၍ အကူအညီ မပေးရဲပါဟု ပြောလာသောကြောင့် ကိုပိန်နှင့် စကားများရန်ဖြစ်ကြသည်။ ကိုပိန်ကို နောက်ထပ် အရက် မတိုက်တော့သော်လည်း သူကတော့ ဆက်သောက်နေရတော့သည်။

ဒုတိယဆင့်အနေဖြင့် မစောခင်တို့ အိမ်သို့ အဝင်အထွက် လုပ်နိုင်ခွင့်ရှိသူအနှိပ်သည် ဒေါ်ရွှေအုံကိုပိုက်ဆံတစ်ကျပ်ပေးပြီး အကူ အညီတောင်းသည်။ ခံစားချက်ဖြင့် ထိထိမိမိ ရေးထားသည်ဆိုသော 'အစိန္တေယျ၊ အပ္ပမေယျ၊ များလှဘုန်းဟူ၊ သုံးလူထွဋ်တင်၊ ဘုရားရှင် အဆက်ဆက်တို့၏ ရွှေလက်ထက်တော်ကာလ ခါသမယမှစ၍ တူတကွ ချခဲ့ဖူးသော လှူရေစက် ပန္နက်ခဲ့ဖူးသော တူသစ္စာ၊ မျှခဲ့ဖူးသော



ရွှေမေတ္တာတော်အဟုန်တို့ကြောင့် လူတို့ဘုံမှာ ကြုံလာရပါသော မစောခင် မည်ရ၊ ချစ်နှမ သိသာရန်မှာ' အစချီသည့် ရည်းစားစာ အရှည်ကြီးကို ပေးခိုင်းသည်။

ဒေါ်ရွှေအုံခမျာမှာလည်း သူ့ပေးစာကမ်းစာ စားထားမိ၍ အရဲ စွန့်ပြီး ကူညီရတော့သည်။ မစောခင်က ဘုရားရှိခိုးထင်၍ 'အရှည်ကြီးပဲ ကျက်ရမှာပျင်းတယ်'ဟု ပြောပြီး ဒေါ်ရွှေအုံကို ပြန်ပေးသည်။ ဒေါ်ရွှေ အုံက 'အဲဒါ ဘိုးအောင်က နင့်ကိုကြိုက်လို့ ပေးခိုင်းတဲ့ ရည်းစားစာဟဲ့' လို့ ပြောတော့မှ မစောခင်က သူ အချစ်ကိစ္စကို စိတ်မဝင်စားသေးဟု ပြန်ကြားလိုက်သည်။ အမှန်တော့ သူဌေးသမီး ကွမ်းတောင်ကိုင်ဆိုတဲ့ ဂုဏ်နေ အားကိုးဖြင့် ဦးလေး ဦးဘိုးအောင်ထက်သာသည့် မြို့အုပ်မင်း၊ ဝန်ထောက်မင်းတို့ကို မျှော်နေခြင်းဖြစ်သည်။

သူ့ဦးလေး သူကြီးမင်းအိမ်ကို မကြာခဏဆိုသလို ကြွလာတော် မူကြသည့် မင်းအပေါင်းတို့ကလည်း လူအိုတွေချည်း ဖြစ်သည်။ ရှားရှားပါးပါး တစ်ခါတစ်ရံ ရောက်လာတတ်သူ လူပျို မြို့အုပ်မင်း၊ ဝန်ထောက် မင်းကလေးများမှာလည်း ဘီအေ အိုင်အေ မဖြေမီကပင် ဘွတ်ကင်လုပ်ထားခြင်း ခံရသူတွေချည်း ဖြစ်နေသည်။ ဒီတော့ မင်းကတော်ဖြစ်ချင်သော တောရွာသူ မစောခင်အတွက် မျှော်လင့်ချက်မရှိ ဖြစ်နေသည်။

မစောခင်တို့က တောသူဆိုပေမယ့် သူ့ရွာက ခြေသလုံးရှို့ပေနေ သည့် အကောင်တွေကိုတော့ အသာထား၊ ဘန်ကောက်လုံချည်ဝတ်ပြီး ရှူးဖိနပ်စီးထားသည့် အင်္ဂလိပ်ကျောင်းသား ဦးလေး ဦးဘိုးအောင်ကို တောင် မစဉ်းစား။ ဦးလေး ဦးဘိုးအောင်ကလည်း စဉ်းစားဖို့ သိပ် ကောင်းသူမဟုတ်၊ အလုပ်မရှိ အကိုင်မရှိ၊ အရက်ကလေးတမြမြ၊ ဟေးလား ဝါးလား လမ်းသလားနေသူ ဖြစ်သည်။ ရုပ်ရည် ရူပကာယက တော့ ကျွန်တော့်အမျိုးပဲ ဘယ်ဆိုးလိမ့်မလဲ။ ဖြူဖြူသွယ်သွယ် လက်ကြောမတင်းချင်သည့် ရုပ်မျိုးဖြစ်သည်။

ဒီတော့လည်း နှစ်ဦးနှစ်ဖက် အရှက်တကွဲ အကျိုးနည်းဖြစ်ကြရ

www.burmeseclassic.com

www.burmeseclassic.com



မည့်ကိန်း ကြုံလာတော့သည်။ မစောခင်ကိုမှ မရလျှင် သေရတော့မလောက် ဖြစ်နေသော ဦးလေးဘိုးအောင်သည် သီတင်းကျွတ်လပြည့်နေ့ နံနက်တွင် ဥပုသ်သည် ဆွမ်းပို့ရာမှ ပြန်လာသော မစောခင်ကို ရည်းစားစကားလိုက်ပြောတော့သည်။ မစောခင်က အဖြေမပေးဘဲ ပြေးလုနီးပါး မြန်မြန်လေး လျှောက်သွားသောအခါ အရက်ရှိန်လေးဖြင့် ရဲဆေးတင်ထားသော ဦးလေး ဦးဘိုးအောင်သည် မစောခင်၏ လက်တစ်ဖက်ကို ဆွဲလိုက်မိလျက်သား ဖြစ်သွားလေတော့သည်။

သီတင်းကျွတ်လပြည့် နေ့ကြီးရက်ကြီးမှာ အရက်သောက်ထားရုံသာမက သူဌေးသမီး၊ သူကြီးတူမ အချောအလှကိုမှ စော်ကားမော်ကား လက်ရဲဇက်ရဲ လက်ဆွဲမှုကြီးဖြင့် တရားစွဲခံရလေတော့သည်။ ထိုခေတ်စီရင်ထုံးအရဆိုလျှင် အနည်းဆုံးကြိမ်ဒဏ်ဆယ်ချက်နှင့် ထောင်ခြောက်လ ကျနိုင်သော ရာဇဝတ်မှုဖြစ်သည်။ သို့သော် တရားခံမှာ တစ်ရပ်တည်းတစ်ရွာတည်းမှ ဂုဏ်သရေရှိ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၏သား ဖြစ်နေသည့်အပြင် ငယ်ရွယ်သူမို့ မလိမ္မာ၍ တစ်ကြိမ်တစ်ခါ မိုက်မှားမိသည်ကို ခွင့်လွှတ် ကျေအေးပါရန် ရပ်ရွာက ဝိုင်းဝန်းတောင်းပန်ကြသည်။ ရွာဦးကျောင်း ဆရာတော်၏ မေတ္တာရပ်ခံချက်ဖြင့် ဈေးဆစ်ကြရာ ကြိမ်ဒဏ်ငါးချက်တည်းဖြင့် သက်သက်သာသာဈေးတည့်သွားသည်။ ကျွန်တော့်အဘွားမှာ မစောခင်၏ မိဘများကို ကျေးဇူးတင်ကြောင်း သွားပြောရသည့်အပြင် သူကြီးမင်းထံ သွားပြီး သားလေး မနာရအောင် ဖြည်းဖြည်း ရိုက်ပါဟု အသနားခံရသေး သည်။ တစ်ဆွေလုံး တစ်မျိုးလုံး အလုပ်ရှုပ်သွားသည်ဟု ဆိုနိုင်သည်။





ဦးလေးကို ကြိမ်ရိုက်မည့်နေ့က လာရောက်ကြည့်ရှုကြသည့် ပရိသတ်များမှာ မူလ ရွာဦးကျောင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူစဉ်က ဘုန်းကြီးပျံပွဲတမျှများပြားသည်။ ကိန္နရာချောင်းရွာက ဘုရားဒါယကာသားက သူဌေးသမီး သူကြီးတူမကို လက်ဆွဲမှုဖြင့် ရွာလယ် လမ်းခွဆုံက ပိတောက်ပင်ကြီးမှာ ကြိုးတုတ်ပြီး ကြိမ်ဒဏ်ငါးချက် ပြစ်ဒဏ်ကို ယနေ့ စီရင်မည်ဟု သတင်းစကားကြားသော အနီးအနားရွာတွေကပါ လာကြည့်ကြသည်။

ထိုနေ့က ကြိမ်ရိုက်ခံမည့် တရားခံ၏ ကိုယ်ခန္ဓာအောက်ပိုင်းမှာ ယခင်နေ့တွေကထက် ပိုပြီး ကြီးမားထွားကျိုင်းနေ၍ မသင်္ကာသဖြင့် စစ်ဆေးကြည့်ရာ ဂုန်နီအိတ်တွေ ထပ်ဝတ်လာတာ တွေ့ရတော့သည်။ ငါးချက်တည်း ဖြည်းဖြည်းသက်သာ မနာအောင် ရိုက်ပါမည်ဟု ကတိ ပေးထားပါလျက် အကြံအဖန် ထပ်လုပ်လာရကောင်းလားဆိုပြီး ထုံးစံအတိုင်း ဖိတွယ်လေတော့သည်။ အတော် အီစလံဝေသွားသည်။ ဒါပေမယ့် ဒီအခြေအနေမှာပင် ဦးလေးဦးဘိုးအောင်က လူမှုရေးအမြွက် ထုတ်သွားလိုက်သေးသည်။

'မစောခင် ချစ်နှမရေ၊ မြင်လှည့်ပါဦးကွယ်' တဲ့။

သူကြီးမင်းက သူ့တူမ၏ ဂုဏ်သိက္ခာကို ထိခိုက်အောင် အမည်ကို ခေါ်ပြီး အော်ငိုရပ့်မလားဟု ဒေါသထွက်ကာ တစ်ချက်နှစ်ချက် ပိုရိုက်မလို လုပ်လိုက်သေးသည်။ ပရိသတ်က အော်ဟစ်တောင်းပန်၍ မရိုက်လိုက်တာ ကံကောင်းသည်။ တစ်ချက်မျှ ပိုရိုက်မိပါက ဦးလေးဦးဘိုးအောင်လည်း ပိုနာမည်။ သူကြီးမင်းလည်း ရာထူးပြုတ်မည်။ နှစ်ဦးနှစ်ဖက် သဘောတူ ကျေနပ်၍ ဒီစတြိတ်မြို့ပိုင်မင်း လက်မှတ်ထိုးထားပြီးသော ပြစ်ဒဏ်စီရင်ခွင့် အမိန့်စာတွင် 'အချင်း လေးပိုင်းသုံးပိုင်းလက်မထက် မကြီးသော ကြိမ်တစ်လုံးတည်းဖြင့် ငါးချက်တိတိသာ' ဟု အတိအကျ ဖော်ပြထားသောကြောင့် ဖြစ်သည်။

ကိစ္စပြီးသွားပေမယ့် ကျွန်တော်တို့ မိသားစုမှာ ရှက်လွန်း၍ အိမ်ထဲက အိမ်ပြင် မထွက်ရဲအောင် ဖြစ်ကြရသည်။ မစောခင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အတော် စိတ်နာကြသည်။ 'အဲဒီကောင်မရဲ့---က ရွှေထွက်မှာမို့လား၊ သူ့ထက် သာတာရှာပြီး ပေးစားပြမယ်'စသည်ဖြင့် မိကောင်းဖခင် သားသမီး အမေ့ပါးစပ်က အယုတ္တ အနတ္တတွေ ထွက်လာတော့သည်။ အံမယ် ဒါပေမယ့် မစောခင်ကို စိတ်နာသည့်အထဲမှာ ဦးလေး မပါ။

မစောခင်ကို စိတ်မနာရုံတင်မက မစောခင်ကိုမှ မရလျှင် ဒီဘဝမှာ မိန်းမ မယူတော့ဘူးဟု ကြွေးကြော်လိုက်သည်။ ဒီသတင်း မစောခင် နား ပေါက်ကြားသွားသည့်အပြင် ကြိမ်ဒဏ်ရိုက်ခံရသည့်နေ့က တမ်းတပြီး အော်ငိုလိုက်သည့် ကိစ္စကလည်း အတော် ခရီးရောက်သွားသည်ဟု သိရသည်။ ထိုခေတ်ထိုအခါက ကျွန်တော်တို့ဒေသ၏ စရိုက်သဘာဝအတိုင်း ဒီကိစ္စမျိုးနှင့် ပတ်သက်လာလျှင် အရှက် အကြောက်ကြီးကြသမို့ ဆိုခဲ့စေမြဲစေသည့် ဦးလေးဦးဘိုးအောင်သည် လည်း အိမ်ထောင်မကျ။ ဒေါ်စောခင်လည်း လင်မရဘဲ လူပျိုကြီး အပျိုကြီးတွေ ဖြစ်ကြလေတော့သည်။

အထက်ဖော်ပြပါ အဖြစ်အပျက်က မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီ အင်္ဂလိပ်မင်းလက်ထက်က ဖြစ်ခဲ့တာတွေမို့ ကျွန်တော့်မျက်စိဖြင့် မမြင် မတွေ့လိုက်ရပါ။ ဒဖေ အမေနှင့် ဒေါ်လေးတို့ ဦးလေးကွယ်ရာမှာ ပြောပြပြီး ရယ်ကြသည်ကို ကြားသိရသည့်အတိုင်း ပြန်လည်ဖောက် သည်ချရခြင်းသာ ဖြစ်ပါသည်။

၁၉၄၂ ခုနှစ် ကျွန်တော် လူ့ပြည်ဝင်ခွင့် ဗီဇာရသောအခါ အဲဒီ လူပျိုကြီးနှင့် အပျိုကြီးတို့ အသက်သုံးဆယ်ကျော်နေကြပါပြီ။ လူပျိုကြီးက မိဘလုပ်စာ ထိုင်စားနေသည်။ အပျိုကြီးက မိဘ လက်ငုတ်ဖြစ်သည့် အပေါင်ခံ၊ ငွေတိုးချေး၊ ပင်ထောင်စပါး၊ ပဲနှမ်း ဝယ်လှောင်၊ ပြန်ရောင်းသည့် အလုပ်တွေ ကူလုပ်နေသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၀-၅၅ ဝန်းကျင်လောက်တွင် ကျွန်တော့် အဘိုး အဘွားနှင့် ဒေါ်စောခင်၏ မိဘများ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကွယ်လွန်သွားကြသည်။ ဒေါ်စောခင်က တူတွေ တူမတွေကို ခေါ်ယူမွေးစားထားသည်။ မိဘလက်ငုတ် စီးပွားရေးလုပ်ငန်းတွေ



ဆက်လုပ်နေ၍ ရွှေနဲ့ ငွေနဲ့ ချောင်ချောင်လည်လည် ဖြစ်နေသည်။

ကျွန်တော့်ဦးလေး ဦးဘိုးအောင်ကတော့ ဘာအလုပ်မှ မလုပ်။ ကျွန်တော်တို့နှင့် အတူနေပြီး အဖေ့လုပ်စာကို စားသည်။ ကျွန်တော့် အဘိုး အိပ်သွားသည့် အိမ်ရှေ့ခန်းက ခုတင်မှာ အိပ်သည်။ အိမ်ခြံ ဥယျာဉ်ထဲက ထွက်သည့် သီးနှံတွေရောင်းပြီး အရက်သောက်သည်။ တူတွေ တူမတွေကို မုန့်ဝယ်ကျွေးသည်။ အရက်သောက်စရာ ပိုက်ဆံ မရှိလျှင် အမေ့ဆီကတောင်းသည်။ တောင်းမရသည့်အခါ အဖေ့ နာမည်ဖြင့် စာရင်းဖွင့်ထားသော အိမ်မှာ အကြွေးသောက်သည်။ အဖေက ဆပ်ရသည်။

အမေ စိတ်မရှည်၍ အိမ်ပေါ်မှ အကြိမ်ကြိမ် နှင်ချဖူးသည်။ အမေ့အိမ်က နှင်ချလျှင် နှမအိမ်သို့ဆင်းသွားသည်။ အကြောင်းအမျိုးမျိုး ဖြင့် မကြာမီပြန်ရောက်လာသည်။ တစ်ခါမှာတော့ အမေ့ကို ပြန်လှန် အော်ဟစ်ပြောဆိုပြီး ထုံးစံအတိုင်း ဆင်းသွားသည်။ ဒေါ်လေးတို့အိမ်သို့ လည်း မရောက်လာဘဲ တစ်ပတ် ဆယ်ရက်ခန့် ပျောက်နေသောအခါ အမေ စိုးရိမ်ပူပန်လာသည်။ ဟိုလူ့မေး ဒီလူ့မေး မေးရတော့သည်။

တစ်နေ့တော့ အဖေ စာရင်းဖွင့်ထားသည့် အရက်ပုန်းအိမ်မှာ အဖေနဲ့ တွေ့၍ အတူသောက်ပြီး မူးလာကြသည်။ အမေက ဆီးပြီး ရန်တွေ့သည်။

'ငါ့အိမ်ကို တစ်သက်လုံး ပြန်မလာဘူးဆိုတဲ့အကောင်၊ ဘာလို့ ပြန်လာတာလဲဟေ့' တဲ့။

ဦးလေးပြန်လာတာကို မလိုလား၍ မဟုတ်။ အဖေပါရောပြီး မူးလာတာကို မကျေနပ်၍ မဲခြင်းဖြစ်သည်။ အဖေက မျက်ထောင့်နီ ကြီးဖြင့် လှမ်းကြည့်ပြီး 'ငါခေါ်လာတာဟေ့' ဟု ဟောက်လိုက်တော့မှ အမေ ငြိမ်ပြီး ကုပ်သွားသည်။

ဒေါ်စောခင် အသက်လေးဆယ်ကျော်ပြီဖြစ်၍ ဘုရားသွား ကျောင်းတက် လုပ်နေချိန်မှာ ဦးလေးဦးဘိုးအောင်ကတော့ သူ့ထက် အသက်ငယ်သည့် ကာလသားတွေနဲ့ တွဲပြီး အရက်သောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညညှ လူခြေတိတ်ချိန်မှာ ဒေါ်စောခင်တို့ အိမ်ရှေ့က ကုက္ကိုပင်ကြီး အောက်မှာ ဝိုင်းဖွဲ့ပြီး ဘင်ဂျိုသံပေးသည်။

'မြတ်နိုးသူရယ် ချစ်မိုးစွေခဲ့တယ် ဘုံကြိုးပြတ်တဲ့ ဒေဝီ
နတ်မျိုးနွယ်၊ မျက်မာန်တော် ညှိုးလိုက်ပါနဲ့ မြတ်နိုးသူ
စောင့်စားလို့သာ မောင့်မှာ နေရတယ် ခင်ပျို့နှမရယ် ပင်ကိုယ်လှ
တယ်၊ ရွှေအားတော်ငယ် သနားချစ်နဲ့ ချစ်စမ်းစေချင်တယ်'

နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ဖွဲ့နှပဲကြီးစွာဖြင့် သဲသဲမဲမဲ ပိုးပန်းနေသော လူပျိုကြီး ဦးဘိုးအောင်ကို အပျိုကြီး ဒေါ်စောခင်က လက်ခံချင်လာပြီဖြစ်သော်လည်း အသက်က ကြီးနေပြီဖြစ်၍ ဟန်ဆောင်လက်စဖြင့် ဆက်ပြီး ဟန်လုပ်နေရတော့သည်။ ဃရာဝါသ အိမ်ယာတည်ထောင်ခြင်းသည် မင်္ဂနှင့် ဖိုလ်နှင့် ဝေးသော အလုပ်ဖြစ်၍ အပျိုကြီးဘဝဖြင့်ပင် တရားအလုပ်ကိုလုပ်၍ အရိုးထုတ်တော့မည်ဟု ပြောလေ့ရှိသည်။

ဦးလေးဦးဘိုးအောင်ကတော့ မစောခင်ကို မရလျှင် ဒီဘဝမှာ မိန်းမ မယူတော့ဘူးဆိုသည့် အဆင့်မှ နောက်ထပ်တစ်ဆင့်မြှင့်တင်လိုက်သည်။ မစောခင်က 'ချစ်ပါတယ်' ဆိုတဲ့ စကားလေး တစ်ခွန်းကို ကြားရလျှင် သေပျော်ပါပြီဟူ၍ ဖြစ်သည်။

၁၉၅၇ ခုနှစ်လောက်ကဟု ထင်ပါသည်။ အပျိုကြီး ဒေါ်စောခင်၏ ရင်သားတစ်ဖက်မှာ ဒေသအခေါ် အနာ့မှိုဟု ခေါ်သော အနာတစ်မျိုး ပေါက်လာသည်။ ထိုအချိန်က ကျွန်တော်တို့အရပ်ဒေသတွင် ကင်ဆာဆိုသော စကားလုံးကို မကြားဖူးကြသေးပေ။ အနာပေါ်လာသည့်အချိန်မှစပြီး တစ်နေ့တခြား ဆိုးရွားစွာ နာကျင်ကိုက်ခဲလာ၍ မခံမရပ်နိုင်တော့သောအခါ ရွာမှ မိုင်လေးဆယ်ဝေးသော မြို့ဆေးရုံသို့ နွားလှည်းဖြင့် သယ်ယူသွားရတော့သည်။

ကျွန်တော်တို့ အရပ်ဒေသသည် ရောင်စုံသူပုန်တို့လက်တွင် ကျရောက်နေဆဲကာလဖြစ်၍ မော်တော်ကားလမ်းမကြီးမှာ နွားလှည်းပင် ခက်ခက်ခဲခဲမောင်းနှင်နေရသည်။ အချို့နေရာတွေမှာ တံတားတွေ ကျိုးကျ နေသည်။ မြို့ကိုရောက်အောင် ခြေလျင်လျှောက်မည်ဆိုပါက



ကျော်ကြီး ရွာမှာ တစ်ညအိပ်ပြီး နောက်နေ့ညနေမှ ရောက်သည်။

ဒေါ်စောခင်ကို ဆေးရုံတင်ပြီး ရက်နှစ်ဆယ်ခန့်အကြာတွင် ဒေါ်စောခင်၏ တူမတစ်ယောက် ကျွန်တော်တို့အိမ်သို့ ရောက်လာသည်။ ဒေါ်စောခင် အခြေအနေ မကောင်းတော့ကြောင်း ဦးလေး ဦးဘိုးအောင်ကို တွေ့လိုကြောင်း၊ ရင်ထဲမှာရှိသည့် စကားတွေကို ပြောခဲ့ချင်ကြောင်း ညည်းတွားပြောဆိုနေ၍ လာခေါ်ရခြင်းဖြစ်ကြောင်း လာပြောသဖြင့် ကျွန်တော်တို့မိသားစု အံ့သြကြရတော့သည်။

ဦးလေးဦးဘိုးအောင်ကတော့ ချက်ချင်းပင် မြို့သို့လိုက်သွားရန် ပြင်ဆင်တော့သည်။ ကိုဘိုးအောင်ကို ချစ်ပါတယ် ဆိုတဲ့စကားတစ်ခွန်းတော့ ကြားရတော့မည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ချစ်ချစ်တောက်ပူလောင်နေသော တပေါင်းနွေ၏ နေရောင်အောက်မှာ ခမောက်ကို ဆောင်းပြီး ရွာမှ ထွက်လိုက်သွားလေသည်။

အနိမ့်အမြင့် အကွေ့အကောက် အတက်အဆင်းတို့ဖြင့် ကြမ်းတမ်းလှသော နွားလှည်းလမ်းတစ်လျှောက် ဖိနပ်ကို စီးသည့်အခါစီး ခါးကြားမှာ ထိုးသည့်အခါ ထိုးပါလို့ ကိုဘိုးအောင် ကြိုးစားပြီး လိုက်ခဲ့ပြီ မစောခင်ရေ၊ မောရပန်းရမှန်းပင် မသိနိုင်ဘဲ မြစ်ချောင်းတွေကို ကူး၊ လယ်ကွင်းတွေကို ဖြတ်၊ တောတွေကိုပတ် တောင်တွေကို ကျော်ပြီးသောအခါ နှစ်ရက်အကြာတွင် အမောမဆို့မီ မြို့ဆေးရုံကြီးပေါ်သို့ ရောက်သွားလေတော့သည်။

လူမမာ၏ အခြေအနေမှာ သတိမမှန်တော့တာ တွေ့လိုက်ရသည်။ အနားမှာ ဝိုင်းအုံနေကြသည့် ဆွေတွေမျိုးတွေ တူတွေ တူမတွေက သတိပေးစကားတွေ ပြောပေးနေရသည်။

'အမေခင်၊ ဒီမှာ ဦးလေး ဦးဘိုးအောင် ရောက်လာပြီ'

လက်ကို ဆုပ်ကိုင်လှုပ်ယမ်း၍ အကြိမ်ကြိမ်အခါခါ ပြောတော့မှ မျက်လုံးကို အားယူဖွင့်ကြည့်သည်။ အရောင်အဆင်း ကင်းမဲ့နေပြီဖြစ်သည့် မျက်လုံးအစုံဖြင့် ဝိုင်းအုံနေသူတွေကို ရီဝေစွာ ကြည့်သည်။

'ကိုဘိုးအောင် ရောက်လာပြီလား'

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်နှင့် အနီးကပ်ဆုံး ရှိနေသူသာ ကြားနိုင်ရုံမျှ တိုးညှင်းစွာ ထွက်လာသည့် အသံဖြင့် ပြောပြီး မျက်စိပြန်မှိတ်သွားပြန်သည်။ ဝိုင်းအုံနေသူတွေက ဦးလေး ဦးဘိုးအောင်ကို လူမမာအနီးသို့ရွှေ့ထိုင်ရန် နေရာပေးကြသည်။ ဦးလေးဦးဘိုးအောင်သည် ဒေါ်စောခင်လက်ကို ကြင်နာ ယုယစွာ အသာ ကောက်ယူဆုပ်ကိုင်၍ နှုတ်ဆက်လိုက်သည်။

'မစောခင် ကိုဘိုးအောင်လေ၊ ဘာပြောချင်လို့လဲ'

အသည်းနှင့်အောင် ချစ်ရသူ၏ လက်ကို အသက်ငါးဆယ်ကျော်မှ ဒုတိယအကြိမ် ကိုင်ဖူးခြင်း ဖြစ်သည်။ ကိုဘိုးအောင်ကို ချစ်ပါတယ် ဆိုတဲ့ စကားလေးတစ်ခွန်းကို ရေစက်သူပမာ မျှော်လင့် တောင့်တနေရှာသည်။

အသက်နှစ်ဆယ်အရွယ်မှာ ပထမအကြိမ်အဖြစ် လက်ကိုကိုင်ပြီး အချစ်ကို တောင်းခံခဲ့စဉ်က ချစ်သက်လက်ဆောင်အဖြစ် ကြိမ်ဒဏ်ငါးချက် ရလိုက်သည်။ အခုတော့ ဒေါ်စောခင်က အသိအမှတ်ပြု တုံ့ပြန်သည့်အနေဖြင့် ဆုပ်ကိုင်ထားသော သူ့လက်ကို တင်းတင်းပြန်ညှစ်ထားသည်။ မိန်းမောနေပုံရသည်။ မှိတ်ထားသည့် မျက်လုံးအစုံမှ အဓိပ္ပာယ် ရှာမရသည့် မျက်ရည်စလေးတွေ စို့ထွက်လာသည်။ ဘာကြောင့်ကျသည့်မျက်ရည်ဆိုတာ သိချင်နေသူက တိုက်ပုံအင်္ကျီအိတ်ထဲက လက်ကိုင်ပဝါအစုတ် ကလေးကို ဆွဲထုတ်ပြီး တို့ယူသုတ်ပေးနေလေသည်။

'ကိုဘိုးအောင်'

ကြားရတယ်ဆိုရုံလေးသာ ကျယ်သော အသံဖြင့်ခေါ်၍ ဦးလေးဦးဘိုးအောင်၏ လက်ကို တစ်ချက်ညှစ်လိုက်သည်။ မျက်စိကတော့ မဖွင့်သေး။

'ဗျာ ဗျာ၊ ဘာလဲ မစောခင်၊ ပြောလေ၊ ကိုဘိုးအောင် နားထောင်နေပါတယ်'

လူမမာ၏ နောက်ဆုံးအခြေအနေမို့ ဝိုင်းအုံစောင့်ကြည့်နေသူတို့မှာ အသက်ရှူဖို့ပင် မေ့နေကြသည်။ ကြိုးစားအားယူ၍ ဖွင့်ကြည့်ဟန်တူသော ဒေါ်စောခင်၏ မျက်လုံးအစုံတို့မှာ စက္ခုအာရုံ ဆိုတာကို ခံစားနိုင်စွမ်း



မရှိတော့ကြောင်း သတိထားလိုက်မိကြသည်။

'ကိုဘိုးအောင် ကျွန်မနောက်ကို လိုက်ခဲ့ပေတော့'

အလွန်တိုးသော အသံလေး အဖျားသွယ်၍ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် မျက်စိနှစ်လုံးပါ တဖြည်းဖြည်း ပြန်မှိတ်သွားပြီး တင်းတင်းလေး ဖျစ်ညှစ်ထားခဲ့သည့် လက်ချောင်းတွေပါ အားပျော့လျော့ပြေသွားလေတော့သည်။

ဦးလေးဦးဘိုးအောင်က ဒေါ်စောခင်၏ လက်နှစ်ဘက်ကို အသာချ၍ နေသားတကျဖြစ်အောင် ပြင်ဆင်ပြီး ထိုင်ရာမှ ထလိုက်သော အခါဝိုင်းအုံကြည့်နေသူတွေ အော်ငိုကြလေတော့သည်။ ကျွန်တော့် ဦးလေးခမျာမှာတော့ သူ့ချစ်သူ ဒေါ်စောခင်က 'ချစ်ပါတယ်'ဟု မပြောခဲ့၍ အမောမပြေ ဖြစ်သွားရသည်။ အရှက်အကြောက်ကြီးသည့် တောသူအပျိုကြီးခမျာ သေငင်ဇောဖြင့် မျောနေစဉ် ရင်ထဲက ပြောချင်တာက တစ်မျိုး၊ ပါးစပ်က ထွက်သွားတာက တခြား ဖြစ်ပေလိမ့်မည်ဟုသာ ဖြေသိမ့်လိုက်ရပါတော့သည်။

အပျိုကြီး ဒေါ်စောခင် ကွယ်လွန်ပြီးနောက် နှစ်ပေါင်းနှစ်ဆယ် ကျော်ကြာပြီးမှ ဦးလေး ဦးဘိုးအောင်သည်လည်း လူပျိုကြီးဘဝဖြင့်ပင် ကွယ်လွန်သွားပြီဟု အကြောင်းကြားလိုက်သော ဒေါ်လေး၏ စာကို ဖတ်ပြီးသောအခါ ဩော် ဦးလေးခမျာ သူ့ဘဝ တစ်ခုလုံးနှင့် ပုံပြီး အသည်းနှစ်အောင် ချစ်ခဲ့ရသူ၏ ချစ်၍ခေါ်ရာသို့ လိုက်ပါသွားပြီဟုသာ မှတ်ယူလိုက်ရပါတော့သည်။

ချစ်သူတိုင်း ညား၍ ညားသူတိုင်း ချစ်နိုင်ကြပါစေ။

[ စစ်ပြန်။ ။နိုဝင်ဘာ၊ ၁၉၉၀ ]

www.burmeseclassic.com

www.burmeseclassic.com



# ရယ်ဘိုပါးစပ် နှင့် မီးယပ်သွေးဆုံး

ကိုအဏ္ဏဝါမောင် အိပ်ရာမှ မထသေး သော်လည်း နိုးနေသည်။ ခေါင်းရင်း အိမ်က စိတ်ဝေဒနာသည် ဒေါ်လှကြွယ် ၏ ဘုရားရှိခိုး မေတ္တာပို့သံကို ကြားနေရ သည်။

'အစိမ္မေယျ အစိမ္မေယျ အစိမ္မေ ယျ။ အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ။ လမ်းထိပ်အလှပြင်ဆိုင်က ကောင်မတွေ ထမနေကြနဲ့၊ ရွှမနေကြနဲ့၊ ပျံမနေကြနဲ့၊ လန်မနေကြနဲ့၊ ကော့မနေကြနဲ့၊ မော့ မနေကြနဲ့၊ ရှောက်သီးဆေးပြားသည် မိတ်ကပ်ခြယ်လိုက်ရင် နင်တို့လောက် တော့ လှတယ်ဟဲ့၊ လွတ်လပ်ရေးရပြီးစ ခရမ်းသုံးခွ နယ်တက်ဝှမ်းမှာ ကွမ်းတောင် ပန်းတောင်ကိုင်ခဲ့တဲ့ သူကြီးသမီး မလှ ကြွယ် ဆိုတာ ငါပဲဟဲ့၊ အဲ၊ မင်းဂလွမ်း၊ ဗော့သပြေကန်၊ ကုန်းသပြေကန်၊ တစ်နံ တစ်လျားမှာ ရှားရှားပါးပါး ချောတဲ့ လှတဲ့ သူဆိုလို့ ငါတစ်ယောက်တည်း ရှိခဲ့တယ်ဟဲ့ ကောင်မတွေရဲ့၊ အဲဒီတုန်းက အလှပြင် ဆံပင်ကောက်တဲ့ဆိုင်တွေ မပေါ်သေးဘူး ဆိုတာ မှတ်ထားကြကုန် လော့၊ မြတ်ရှင်စော ဩကာသ ဩကာသ ဩကာသ'

စိတ်ဝေဒနာသည်နှင့် အိမ်နီးချင်း ဖြစ်ရသူ သဘော်သား ကိုအဏ္ဏဝါမောင် စိတ်ညစ်သည်။ ဘုရားရှိခိုးသံကို သိကြား မင်းကြီး ကြားသွားပြီး စိတ် ဝေဒနာသည် မှန်း မသိလို့ မိုးကြိုးနှင့် ပစ်လျှင်တောင် စက်ကွင်းလွတ်မည် မဟုတ်၍ ပိုပြီး စိတ်ညစ်သည်။ နေ့စဉ် နံနက် စောင်း မြောင်း ရေရွတ်နေသော ဒေါ် လှကြွယ်၏ စောင်းသံကို တစ်နေ့ တစ်မျိုး ကြားနေရ၍ ဖြစ် သည်။



အသက် ငါးဆယ် ကျော် သွေးဆုံးချိန်တွင် သွေးလေက မမှန်၊ အာဟာရချို့တဲ့ပြီး စိတ် ကယောက်ကယက်ဖြစ် လာရာမှ တစ်နေ့တခြား ဆိုးရွား လာခြင်းဖြစ်သည်။ သူ့ကိုယ်သူ အမွှမ်း တင်ပြီး လူတကာကို ပြစ်တင်ကြိမ်း မောင်းသည်။ သူ့ယောကျ်ားနှင့် သား

www.burmeseclassic.com

www.burmeseclassic.com



သမီးများကိုပင် ချမ်းသာမပေး၊ စိတ်ကြီးဝင် ဘဝင်မြင့်ပြီး ဖြစ်ချင်တာတွေ ဖြစ်မလာခဲ့၍ ခံပြင်းနေဟန်တူပါသည်။ ထိုမှတစ်ဆင့် စိတ်ရောဂါရသွားခြင်း ဖြစ်သည်။

'ဘုရားစင်ရှေ့က ပင်စင်နာကြီး မထသေးဘူးလား၊ ရှင့်အဆက်ကြီး ပဲပြုတ်သည် ဒေါ်မဲတူရဲ့ အော်သံမကြားလို့ မထတာလား၊ ရှင့်ဟာမကြီးက မနေ့က နို့ဆီတစ်လုံး မဲပေါက်ထားလို့ ဘဝင်မြင့်နေတယ်၊ ဒီနေ့လာမှာမဟုတ်ဘူး၊ ထတော့၊ အဲဒီလို နေမြင့်မွန်းတည့် အိပ်ချင်ရင် အစက ဘာဖြစ်လို့ကျောင်းဆရာလုပ်ခဲ့တာလဲ၊ သူများတွေလို သူဌေး ဖြစ်အောင်လုပ်ပါလား၊ အခုတော့ မဟုတ်ပေါင်တော်၊ ကျောင်းဆရာ အလုပ်ကိုမှ ဝါသနာပါသတဲ့၊ ကလေးတွေကို စာသင်ပေးရတာ ပညာပါရမီ ဖြည့်ဆည်းရတာမို့ ကုသိုလ်ရသတဲ့၊ အနန္တော အနန္တ ဂိုဏ်းဝင်မို့ မွန်မြတ်သတဲ့၊ တော်တော်အပြောကောင်းတယ်၊ အခုတော့ ပင်စင်စားဘဝနဲ့ မမွန်မြတ်ဘဲ အလွန်ငတ်နေပြီမဟုတ်လားဟဲ့ ကျောင်းဆရာကြီးရဲ့'

'ဟော့ တော်စမ်းကွာ၊ မနက်စောစောစီးစီး မိုးမလင်းသေးဘူး'

အိမ်ရှေ့ခန်းက ဘုရားစင်ရှေ့မှာ အိပ်နေသော ဆရာကြီးဦးထွန်းရွှေ၏ အော်ငေါက်ကြိမ်းမောင်းသံကြီး ထွက်ပေါ်လာသည်။ စိတ်ဝေဒနာသည် ဇနီးကြောင့် ဆရာကြီးခမျာလည်း စိတ်ညစ်ရှာပေလိမ့်မည်ဟု တွေးမိပြီး ကိုအဏ္ဏဝါမောင် သက်ပြင်းချလိုက်သည်။

ဆင်းရဲသားရပ်ကွက်ထဲက နှစ်ဦးတစ်ကွက်ကြ မြေပေါ်မှာ အိမ်ချင်းပူးကပ်စွာ ဆောက်ထားကြရသော အိမ်နှစ်အိမ်မှာ ဝါးထရံနှစ်ချပ် သာခြားသလိုဖြစ်နေသဖြင့် လူခြေတိတ်ချိန်မှာ ဟိုဘက်အိမ်က အသက်ရှူသံကိုပင် ဒီဘက်အိမ်ကကြားနေရသည်။ လွတ်လပ်မှု သိပ်မရှိဖြစ်နေသည်။ ကိုအဏ္ဏဝါမောင် စိတ်ညစ်တာ အဲဒါလည်း ပါသည်။

ကိုအဏ္ဏဝါလည်း ပြည်တော်သာ ခေတ်နှောင်းပိုင်းမှာ ခုနစ်တန်းအောင်ခဲ့သူမို့ ခေတ်အပြောင်းမှာ မြောင်းတည့်ပြီး သင်္ဘောသားဖြစ်လာခဲ့သည်။ ကျောင်းဆရာ မလုပ်မိလို့ တော်ပါသေးရဲ့ဟုတွေးမိပြီး သူ့ဘေးမှာ ကွေးအိပ်နေသော ချစ်ဇနီး မဖြူတုတ်၏ ပါးကို မွှေးမွှေး ပေးလိုက်သည်။ နိုးနေသူ ချစ်ဇနီး မဖြူတုတ်ကလည်း အလားတူ



တွေးနေဟန်တူသည်။ မျက်နှာလေး မော့ပေးသည်။ အိပ်ရာက မထကြသေးဘဲ စောင်တစ်ထည်တည်းကို နှစ်ယောက်လုံအောင်ဆွဲခြုံပြီး တစ်ဦးကိုတစ်ဦး တင်းတင်းဖက်ထား လိုက်ကြသည်။ ကံကောင်းတဲ့ တို့နှစ်ယောက်ဆိုသည့် သင်္ကေတဖြစ်သည်။ ခေါင်းရင်းအိမ်က ဒေါ်လှကြွယ်၏ အရက်တက် မေတ္တာပို့သံကို ဆက်လက် နာခံနေကြသည်။

'ဖအေတူသားတွေကလဲ လာချည်သေးတယ်၊ အမ်စီတက်ချင်သတဲ့၊ အာအိုင်တီ တက်ချင်သတဲ့၊ ငတ်သေမယ့်ကောင်တွေ၊ ဆယ်တန်းအောင်ရင် တက်ကြပေါ့၊ တက်ကြ၊ စာတစ်လုံးမှ မတတ်တဲ့ ဆာမိတို့ ရေလုည်းတွန်း နေရာက အရက်ဆိုင်မှာ ပုလင်းကောက်၊ ဖန်ခွက်သိမ်း လုပ်အားပေးရင်းနဲ့ တယ်လီဖေးရှင်းတောင် ဝယ်နိုင်နေပြီ၊ ဓာတ်ဆီဆိုင်မှာ ရရာအလုပ်ဝင်လုပ်တဲ့ ပန်းဆွဲဘိုးထောင်တို့များ မော်တော်ဆိုင်ကယ်နဲ့ တိုက်ခံအိမ်နဲ့ဖြစ်နေပြီ၊ ဘယ်လောက် အားကျဖို့ ကောင်းလဲ၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့၊ ဆေးရုံ ဂိတ်စောင့်တောင် တစ်နေ့ အစိတ်သုံးဆယ်ရတဲ့ခေတ်မှာ ကြုံရာကျရာ ဝင်လုပ်ပေါ့၊ ဒီအိမ်က သူဌေးသားတွေက မလုပ်ဘူး၊ ပညာပဲဆက်သင်ချင် သတဲ့၊ ဆရာဝန် အင်ဂျင်နီယာမဖြစ်ခင် ငတ်သေမယ့်ကောင်တွေ၊ စာကြိုးစားကြပေါ့၊ ကြိုးစားကြဟဲ့'

တွေ့သမျှ မြင်သမျှကို ပစ်ခတ်တိုက်ခိုက်တတ်သော ဗီယက်နမ်စစ်ပြန်ကြီး ရမ်ဘို၏ သေနတ်လို မီးယပ်သွေးဆုံး စိတ်ဝေဒနာသည် ဒေါ်လှကြွယ်၏ ပါးစပ်သေနတ်ကလည်း လင်ကိုသာမက သားသမီးတွေကိုပါ ချမ်းသာမပေးတော့ပေ။ လာပြန်ပြီ နောက်တစ်မျိုး။

'အခုတော့ ထိပ်ပြောင်ကြီးနဲ့ ဘတ်စ်ကားတွယ်စီးပြီး မယားကြီးအိမ်နဲ့ မယားငယ်အိမ်ကို ကူးချည်သန်းချည် လုပ်နေရပြီ မဟုတ်လား'

ကိုအဏ္ဏဝါမောင် ဦးနှောက်ခြောက်သွားသည်။ ရပ်ကွက်ထဲမှာ ထိပ်ပြောင်တွေက အများကြီး။ ကိုအဏ္ဏဝါမောင်လည်း ထိပ်ပြောင်သူစာရင်းထဲမှာ ပါနိုင်သည်။ သေချာအောင် စောင်ခြုံထဲက လက်ကို ထုတ်ပြီး သူ့ ခေါင်းကို သူစမ်းကြည့်မိသည်။ ပြောင်နေတာ တွေ့ရသည်။ မဖြူတုတ်က ကိုအဏ္ဏဝါမောင်၏ လက်ကို ဆွဲယူပြီး စောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆွဲသွင်းလိုက်သည်။ သူ့ကို ပြန်ဖက်ထားရန်သာ အချက်ပြသည်။ ရှင့်ကိုပြောတာ မဟုတ်ဘူး၊ ဘယ်သူ့ကိုပြောတယ်ဆိုတာ ကျွန်မ သိတယ်၊ နောက်မှ ပြောပြမယ်၊ ဆက်သာ နားထောင်ဆိုသည့် သဘော။ နိုင်ငံခြားမှာချည်း အနေများ၍ ရပ်ကွက်ထဲကအကြောင်း ဘာမျှ မသိသော ကိုအဏ္ဏဝါမောင် အရမ်း သဘောကျသွားသည်။ သတင်းစုံသော ဒေါ်လှကြွယ်ကို ကျေးဇူးတင်မိသည်။

'သမဆိုင်က ကျောက်သင်ပုန်းမှာ ရွှေဝါဆပ်ပြာတစ်ပိုင်း နို့ဆီဘူး တစ်ဝက် ဒီနေ့ နောက်ဆုံးလို့ရေးတာ ဘယ်သူလဲ၊ အိပ်ရာက ထရင် သွားမေးကြစမ်း၊ လကုန်ရက်ကြီး သူ့အမေလင်ဆီက ပိုက်ဆံရလို့ ထုတ်နိုင်မှာတဲ့လား၊ တရုတ်ပြည်လုပ် ငါးခွက်ဝင် ဓာတ်ဘူးသုံးလုံးကို ဦးရာလူစနစ်နဲ့ ကုန်ပြီဆိုတာကကော ဘယ်ကောင့်လက်ရာလဲ၊ မြန်မာစာကို မြန်မာတွေ နားလည်အောင်ရေးတတ်ကြရဲ့လား၊ လမ်းထဲမှာ လာပြီး အိမ်ငှားနေတဲ့ စာရေးဆရာဆိုတဲ့အကောင်လဲ အလကားပဲ၊ စာရေးဆရာဆိုလို့အထင်တကြီး နဲ့ အားကိုးရမလားအောက်မေ့ပါတယ်၊ မြို့ထဲက ပြန်ရောက်လာတာနဲ့ အိမ်ထဲက အိမ်ပြင် မထွက်တော့ဘူး၊ အရက်နံ့ပဲ ထွက်လာတယ်၊ မဟုတ်တာကို အဟုတ်ထင်အောင် လုပ်ကြံရေးတတ်တဲ့ သူကို စာရေးဆရာလို့ခေါ်တယ် ဟေ့၊ မှတ်ထားကြ၊ နေ့တိုင်း ဒါပဲဝတ်ပြီး မြို့ထဲထွက်တဲ့ စာရေးဆရာ ကိုဒါဝတ်ရေ သမဆိုင်က ကျောက်သင်ပုန်းမှာ စာပြင်ဆရာ လုပ်ပါလားဟဲ့'

စောင်ခြုံထဲက ကိုအဏ္ဏဝါမောင် ပြုံးမိသည်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ထိုးထိုးထောင် ထောင်ဖြင့် ပိန်ညှောင်ညှောင် အရပ်မြင့်မြင့် စာရေးဆရာဆိုသူ၏ ပုံကို မြင်ယောင်လာသည်။ လွန်ခဲ့သည့် သုံးလခန့်ကမှ ဒီလမ်းထဲကို ပြောင်းရွှေ့လာသူဖြစ်သည်။ စကားနည်း၍ တည်ငြိမ် အေးဆေးစွာ နေတတ်သူဖြစ်သည်။ ဒီလိုလူမျိုးကိုလည်း ဒေါ်လှကြွယ်က ချမ်းသာမပေးပါလားဟု ကိုအဏ္ဏ ဝါမောင် တွေးပြီး ပြုံးလိုက်မိခြင်းဖြစ်သည်။

'သဘော်သားဆိုတဲ့ အကောင်ကလဲ သဘော်လိုက်စားနေတာ ဆယ် ကိုးနှစ်ရှိပြီ၊ အခုထိလူမွေးလူတောင် မပြောင်သေးဘူး၊ တခြား





သဘော်သားတွေလို ရွှေတောင်ကြားတို့၊ ဝင်ဒါမီယာတို့၊ ပါရမီတို့မှာ ဝယ်ပါတော့လား၊ အခုတော့ မဟုတ်ပေါင်တော်၊ ဗွက်ထူ ခြင်ပေါတဲ့ ဒီလမ်းထဲက ကို မထွက်ဘူး'

'ဟေ့ ကြားသွားပါ့မယ်ကွ၊ နင့်ပါးစပ် တော်တော်သရမ်းနေပါလား'

ဆရာကြီး၏ ကျိတ်ပြီး ကြိမ်းမောင်းသံကို တိုးတိုးကြားရသည်။ သဘော်သား အလှည့်ရောက်လာရုံသာမက ဒီလမ်းထဲက ဆိုတော့ ကိုအဏ္ဏဝါ မောင်ရော၊ မဖြူတုတ်ပါ ခေါင်းထောင်ပြီး နားစွင့်ကြရတော့သည်။

'ကြားပါစေ၊ ကြားပါစေ၊ ကြားအောင် ပြောတာ၊ ကြားအောင် တမင်ပြောနေတာ၊ ဆယ်နှစ်လောက် သဘော်လိုက်ပြီးမှ တယောတံဆိပ် မီးခြစ်ဘူး အရွယ်လောက်ရှိတဲ့ တယ်လီဗေးရှင်းလေးတစ်လုံးပဲ ရှိသေးတယ်၊ ဒီရပ်ကွက်ထဲက ထွက်နိုင်ဖို့ဆိုတာတော့ ဝေးရော၊ မီးခြစ်ဘူးပေါ်က တယောကမှ တီးရင်မြည်ဦးမယ်၊ နင့်တယ်လီဗေးရှင်းက အသံမထွက်ဘူး ဟေ့ သိပြီလား'

သိပြီလားဆိုတော့ ကိုအဏ္ဏဝါမောင် သိလိုက်ပါပြီ။ ရပ်ရှင်လာသည့် ညက သူတို့အိမ်က မကြားအောင် အသံကို တိုးထားမိ၍ အညိုးဖြင့် ဆော်နေခြင်းဖြစ်သည်။ တစ်ဆယ့်လေးလက်မ တီဗွီဟာ သေးတော့သေးတာပေါ့၊ ဒါပေမယ့် သူပြောသလို တယောတံဆိပ် မီးခြစ်ဘူးလောက်တော့ မသေးပါဘူးဗျာ ဟု ကိုအဏ္ဏဝါမောင် ချေပပြောဆိုလိုက်မိသည်။

'သဘော်သားဆိုတော့ ကိုယ်ပိုင်ကားသာ မစီးနိုင်သေးရှိရမယ်၊ မယားငယ်တော့ ထားနိုင်ပါသေးတယ်တော်၊ သဘော်သား ကားဝယ်ရောင်း လုပ်တဲ့ တရုတ်သူဌေးရဲ့ အပျော်မယား ကောင်မက

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်နဲ့ပြဇာတ် မင်းသမီးပါဆိုပြီး ဆပ်ပြာပူဖောင်းမဂ္ဂဇင်းမှာ မျက်နှာဖုံးပုံ ပါလာတော့ ယုံပြီး ကြိုက်လိုက်တာလေ၊ မြို့ထဲက တိုက်ခန်းတစ်ခန်းမှာ တစ်လငါးရာ ပေးထားပြီး တရုတ်သူဌေးနဲ့ တစ်လှည့်စီ ပေါင်းကြသတဲ့တော့၊ အံ့ရော အံ့ရော'

'ဟော့ နင်တော်တော် တရားလွန်ပြီကွ၊ သူများ ကိုယ်ရေးကိုယ်တာကိစ္စတွေကို အော်ကျယ်ဟစ်ကျယ်နဲ့ နင်ဘယ်လိုလဲ၊ ပြောမရရင် ငါထလုပ်မိတော့မယ်နော် ဟင်း'

ဘုရားရှိခိုးနေဟန်တူသော ဆရာကြီး ဦးထွန်းရွှေ၏ ကြိမ်းမောင်းသံက ပြင်းထန်တင်းမာလာသော်လည်း ကိုအဏ္ဏဝါမောင်ကို ဖက်ထားသော ဇနီးမဖြူတုတ်၏ လက်တွေက ဖြေလျော့ပျော့ကျသွားတော့သည်။ ခြုံထားသော စောင်ကို ဆွဲဖယ်လိုက်ပြီး အိပ်နေရာမှ ကုန်းထထိုင်လိုက်သည်။ ပြီးတော့ စောင်းအိပ်နေသော ကိုအဏ္ဏဝါမောင်၏ ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့် တအား ဆောင့်တွန်းလိုက်သည်။

'ရှင့် ခြေလှမ်းတွေ ပျက်နေတာကြာပြီ၊ အခု ဒေါ်လှကြွယ်ပြောမှ တိတိကျကျ သိရတော့တယ်၊ ဒေါ်လှကြွယ်တောင် သိနေပြီဆိုတော့ တစ်မြို့လုံး သိနေကြလို့ပေါ့ ဟင်၊ ရှင် ဘာငြင်းဦးမလဲ၊ သေနာကောင်ကြီးရဲ့'

မဖြူတုတ်သည် ထိုင်ရာမှ ထရပ်ပြီး ထဘီကို တိုတိုပြင်ဝတ်လိုက်သည်။ ပြေကျပွယောင်းနေသည့် ဆံပင်တွေကို စုစည်းထုံးနှောင်လိုက်သည်။ တိုက်ပွဲဝင်ရန် အသင့်ပြင်သည့် သဘောဖြစ်သည်။ ကိုအဏ္ဏဝါမောင် မနေသာတော့၍ လှဲနေရာမှ အလန့်တကြား ထထိုင်လိုက်ရတော့သည်။ ပြန်လည်တိုက်ခိုက်ရန် သို့မဟုတ် ခုခံရန်၊ သို့မဟုတ် အထိမနာရန်တစ်ခုခု ရည်ရွယ်တာဖြစ်မည်။ တစ်ဖက်အိမ်က စိတ်ဝေဒနာသည် ဒေါ်လှကြွယ်၏ အသံကလည်း ပဋ္ဌာန်းရွတ်နေသလိုပါပဲ၊ အသံမစဲဘူး။ ဇာတ်ပွဲတွေထဲမှာ နောင်ဂျိန်ချရန်အတွက် ဗိန်းဗောင်းဆိုင်းတီးပေးနေသည်နှင့်ပင် တူသေးတော့သည်။

'ဟုတ်တာပြောတာ၊ မှန်တာပြောတာ၊ ကောင်မတွေကလဲ ကောင်မတွေပဲ၊ ပိုက်ဆံတတ်နိုင်တဲ့ ယောကျ်ားဆိုရင် ခေါင်းမှာဆံပင်တစ်မွေးမှ မရှိတဲ့ အကောင်ကိုလဲ ကြိုက်ကြတာပဲ'



ကိုအဏ္ဏဝါမောင် သူ့ခေါင်းကို ဒုတိယအကြိမ် ယောင်ရမ်းပွတ်စမ်းလိုက်မိသည်။ မဖြူတုတ်၏ မျက်လုံးအစုံမှ ထွက်နေသော ဒေါသအရောင်တို့သည် ပြောင်နေသည့် ကိုအဏ္ဏဝါ၏ နဖူးမှ အရောင်ပြန်ကန်ထွက်လာမလား ထင်ရသည်။ ကိုအဏ္ဏဝါမောင်က မဖြူတုတ်ကို မော့ကြည့်ပြီး လေသံပျော့လေးဖြင့် ချော့ချော့မော့မော့ ပြောလိုက်သည်။

'တိုးတိုးပြောပါ မဖြူရာ၊ အရူး ပြောစကားတွေကို ယုံပြီးပြဿနာတက်ရတာ နင်မရှက်ဘူးလား၊ ထိုင်စမ်းပါဦး'

'ကျယ်ကျယ်ပဲ ပြောရမယ်၊ မရှက်နိုင်ဘူး၊ အရူး ဆယ်ခွန်းပြောရင် တစ်ခွန်း မှန်တယ်တဲ့၊ အခု အခွန်းတစ်ရာမကဘူး ပြောနေတာ ရှင်ကြားတယ် မဟုတ်လား၊ ပတ်ဝန်းကျင်ကြားမှာတော့ ရှက်တယ်၊ မယားငယ်ယူတာတော့ မရှက်ဘူး မဟုတ်လား၊ မသာကြီး သေခါနီးကြီး၊ သေခါနီးမှ ထတာ သေပေရော့၊ ကဲဟာ ကဲဟာ'

ကျားသစ်မတစ်ကောင်ကဲ့သို့ မာန်ဖီနေသော မဖြူတုတ်သည် စောင်ခြုံတစ်ပိုင်းဖြင့် ငုတ်တုတ်ကလေးထိုင်ပြီး မော့ကြည့်နေသော ကိုအဏ္ဏဝါမောင်ကို ရင်ဘတ်ပေါ်ခွစီး ဖိထိုင်လိုက်သည်။ ရှိသမျှခွန်အားတွေကို သုံးပြီး ဖိရိုက်၊ ကုတ်ဖဲ့၊ ကိုက်ဆွဲ ဝုန်းဒိုင်းကြဲလိုက်တာ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားလေတော့သည်။ ကိုအဏ္ဏဝါမောင်ခမျာမှာ ဘာမှ ဖြေရှင်းချက်ပေးဖို့တောင် အချိန်မရနိုင်ဘဲ အသက်အန္တရာယ်နှင့်နီးသည့် အရေးကြီးသည့် နေရာတွေကို မထိအောင် ကာကွယ်နေရတော့သည်။

အရုဏ်မတက်မီထဲက တွေ့သမျှ မြင်သမျှတွေကို မနားတမ်း ပစ်ခတ် တိုက်ခိုက်နေခဲ့သော မီးယပ်သွေးဆုံး စိတ်ဝေဒနာသည် ဒေါ်လှကြွယ်၏ ပါးစပ်သေနတ်ကြီးသည် ကိုအဏ္ဏဝါမောင်နှင့် မဖြူတုတ်တို့လင်မယား ထသတ်ကြတော့မှပဲ အပစ်အခတ် ရပ်စဲသွားလေတော့သည်။

သဗ္ဗေသတ္တာ အဝေရာဟောန္တု။

www.burmeseclassic.com

www.burmeseclassic.com




# နိုင်ငံခြားသားကွ

နဝရတ်တို့နိုင်ငံ နဝရတ်နေထိုင်ရာ ဆိပ်ကမ်းမြို့သို့ သင်္ဘောဆိုက်ကပ်ပြီ ဖြစ်၍ ညွန့်မောင်ကြီး သိပ်ပျော်နေသည်။ ချစ်ရသည့် နဝရတ်လေးအတွက် ဂျပန်မှ ဝယ်လာခဲ့သော အဝတ်ထည်များနှင့် အလှပြင် ပစ္စည်းများ အပါအဝင် တိုတို ထွာထွာ ဟိုဟာဒီဟာ စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်ရာကျော်ဖိုးခန့်ကို သေသပ်စွာ ထည့်သို ထုပ်ပိုး၍ ကမ်းပေါ်တက်ရန် အသင့်ပြင်ထားသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်များ စစ်ဆေးပြီးပါက ချစ်ရသည့် နဝရတ်လေး ရှိရာသို့ အပြေးသွားမည်၊ လက်ဆောင်တွေ တပွေ့တပိုက်ဖြင့် ပြန်လာသည့် မိမိကို မြင်လျှင် နဝရတ်လေး ဘယ်လောက်များ ဝမ်းသာလိုက်မလဲဟု တွေးနေမိသည်။

နဝရတ်တို့မြို့ ဆိပ်ကမ်းတွင် ကုန်ပြန်တင်ရမည်ဖြစ်၍ ရက်သတ္တ နှစ်ပတ်ခန့် ကြာလိမ့်မည်။ ယခင်တစ်ခေါက်ကပင် စီစဉ်ခဲ့ပြီးဖြစ်သည့်အတိုင်း ယခုအခေါက်တွင် နဝရတ်အတွက် နိုင်ငံကူး လက်မှတ် ကိစ္စ၊ နဝရတ်တို့ နိုင်ငံရှိ မြန်မာသံရုံးတွင် မြန်မာပြည်ဝင်ခွင့်ဗီဇာ ရရှိရေးကိစ္စများ ဆောင်ရွက်ရန်ရှိသည်။

နဖူးစာရွာလယ်ဟု ဆိုရိုးရှိသော်လည်း ညွန့်မောင်ကြီးအဖို့မှာမူ နဖူးစာကမ္ဘာပတ်လည်ဟု ဆိုရမလို ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် ချစ်ကံ မွဲခဲ့လေသမျှ နိုင်ငံခြားရောက်မှ စန်းထလာသော သူ့ဘဝအတွက် အထူးကျေနပ် ပျော်ရွှင်နေသည်။ နဝရတ်ကို လက်ထပ်ပြီး မြန်မာပြည် ခေါ်သွားမည်၊ မြန်မာနိုင်ငံသူ (မြန်မာစီတီဇင်) ရအောင် လျှောက်မည်၊ သူ့ကို ခေါ်သွားခဲ့ကြသော အမျိုးသမီးများ၏အိမ်ရှေ့တွင် နိုင်ငံခြားပြန် သင်္ဘောသားကွဟု နိုင်ငံခြားသူ ဇနီးချောနှင့် အင်္ဂလိပ်လို စကားပြောရင်း လမ်းသလားပြမည်ဟု အားခဲထားသည်။



ညွန့်မောင်ကြီးကို သာကေတမှာ ရှိသည့် သူ့ပတ်ဝန်းကျင်က လှောင်ခေါ်ကြသည့် နာမည် အမျိုးမျိုးရှိသည်။ အမည်ရင်း ညွန့်မောင် ဖြစ်သော်လည်း ဂင်တိုတို ညိုတုတ်တုတ်၊ ဝပြိပြိ ဗိုက်ရွဲရွဲဖြစ်၍ 'ကြီး' တစ်လုံး ထပ်ထည့်ပြီး ညွန့်မောင်ကြီး ဟူ၍

လည်းကောင်း၊ ခဲမှန်ဖုံးသည့် စာဘုန်းကြီးဟူ၍လည်းကောင်း၊ အမဲတုံးမိဖုံးသည့် ကျိုးကန်းကြီး ဟူ၍လည်းကောင်း၊ ချိုးနင်းဖုံးသည့် ချယ်ဂါရီဘီးကြီးဟူ၍လည်းကောင်း ဖြစ်သည်။ အချို့ကလည်း ကရုဏာဒေါသဖြင့် ပြောကြသည်။ 'စက်မှုတက္ကသိုလ်မှာ ဘွဲ့ရခဲ့သော်လည်း အချစ်မှုလုပ်ပျိုလှည့်ရာမှာတော့ မူကြိုအဆင့်သာရှိသူကြီး' တဲ့။

ညွန့်မောင်ကြီးကတော့ ပတ်ဝန်းကျင်ကိုရော လောကကြီးတစ်ခုလုံးကိုပါ စိတ်နာသည်ဟု ဆိုသည်။ သစ္စာအစစ်အမှန် မေတ္တာအနှစ်အဆံနှင့် မထိုက်တန်သောလောကကြီးဟု နာကြည်းစွာ ဆိုသည်။ တစ်ဖက်လူကို လျှော့တွက်ပြီး အချစ်သရဖူ လုဘက်တွေကို ကတ္တီပါလက်အိတ်စွပ်ပြီး ထိုးခဲ့မိလို့ မေတ္တာကြိုးဝိုင်းထဲမှာ သုံးကြိမ်တိုင်တိုင် အသည်းကွဲအောင် အလဲထိုးခံခဲ့ရတာပါဗျာဟု ပြောလေ့ရှိသည်။

ညွန့်မောင်ကြီး ဆယ်တန်းကျောင်းသားဘဝတွင် ကိုးတန်းကျောင်းသူ အေးမြကြည်ကို အရူးအမူး ကြိုက်ခဲ့မိသည်။ အပေါင်းအသင်းများ အကူအညီဖြင့် ချိန်းတွေ့ဖူးကြသော်လည်း ချစ်လွန်း မြတ်နိုးလွန်း၍ လက်ဖျားလေးနှင့်မျှ မထိရက် မတို့ရက်ဘဲ ခပ်ခွာခွာမှာထိုင်၍ အလုကြည့်နေခဲ့သည်။ ကျောင်းစရိတ် ပိုက်ဆံကို ခြိုးခြံသုံးစွဲပြီး ဆန်းဆန်းပေါ်သမျှ ဝယ်ပေး၍ အေးမြကြည်ကို အလုဆင်ခဲ့သည်။ အေးမြကြည်က ကျေးဇူးတင်၍ တစ်ခါတစ်ရံ အခွင့်အရေးပေးသည့် လက္ခဏာအထာလေးများ ပြလာသော်လည်း လက်မထပ်သေးမီ ချစ်သူ အလုပျက်မှာစိုး၍ သစ္စာရှိရှိ သတိကြီးကြီးဖြင့် စောင့်စည်းနိုင်ခဲ့သည်။

ချစ်သူအတွက် ရည်ရွယ်ချက်တွေ အပြည့်ဖြင့် စာကို ဖိကြိုးစားသည်။ ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သွားသည်။ စက်မှုတက္ကသိုလ်ရသည်။ အင်ဂျင်နီယာဖြစ်မှ ချစ်သူကို လက်ထပ်မည်။ လှအောင်ဆင်၍ ဝအောင်ကျွေးမည်ဟု ဆုံးဖြတ်ထားသည်။ သိမ်ကြီးဈေးတွင် ဆိုင်ထွက်နေသော ညွန့်မောင်ကြီး၏မိခင်ကတော့ အေးမြကြည်နှင့် သဘောမတူဟု လေသံထွက်လာသည်။ မျက်နှာများသည်၊ ဆိုရှယ်ကျသည်။ ဟမရှိဘဲ ဟန်လုပ်တတ်သည့် ရုပ်မျိုးဟု ဆိုသည်။ ညွန့်မောင်ကြီးကတော့ အမေ ဘာပြောပြောဘွဲ့ရပြီးလျှင် အေးမြကြည်ကို ယူဖြစ်အောင်ယူမည်



ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။ ညွန့်မောင်ကြီး ဒုတိယနှစ်အောင်သောအခါ အေးမြကြည် ဆယ်တန်း နှစ်ခါကျ၍ ညကျောင်းသို့ ပြောင်းတက်ရသည်။ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်လေး ပြတ်တောင်းပြတ်တောင်းဖြစ်လာသည်။ ညွန့်မောင်ကြီးကတွေ့ချင်လွန်း၍ ချိန်းသော်လည်း ပျက်ကွက်မှုတွေ များလာသည်။ စာပေးလျှင် ပြန်စာမရ ဖြစ်လာသည်။ သည်ကြားထဲ ကျောင်းကြိုကျောင်းပို့ လုပ်ပေးနေသည့် အစ်ကိုဝမ်းကွဲဆိုသူနှင့် နေထိုင်ဆက်ဆံပုံမှာ သာမန်ထက် လွန်ကဲနေကြောင်း သတိထားမိနေသည်မှာလည်း ကြာပေပြီ။

တစ်ယောက်ဆို တစ်ယောက်ထဲ ချစ်မိသူ ညွန့်မောင်ကြီးကတော့ ချစ်ရသူ အေးမြကြည်၏ အစွန်းအထင်း၊ အညစ်အကြေးကို ရေဆေးပြီး ပေါင်းမည်ဟု ဖွဲ့ကောင်းကောင်းဖြင့်စောင့်ရှာသေးသည်။ သို့သော် ဆယ်တန်း စာမေးပွဲနောက်ဆုံးဖြေပြီးသည့်နေ့မှာပဲ အေးမြကြည်တစ်ယောက်ကျောင်းကြို အစ်ကိုနှစ်ဝမ်းကွဲဆိုသူနှင့် လိုက်ပြေးလေတော့သည်။

ညွန့်မောင်ကြီး သိပ်ရှက်သွားသည်။ မိန်းမဆိုလျှင် မကြည့်ချင်လောက်အောင် အသည်းနာသည်ဟု ဆိုသည်။ ရှက်၍ မခံချင်၍ အသည်းနာ၍စာကိုဖိကြိုးစားသည်။ အလှူအိမ်ကမဖိတ်၍ စိတ်ကောက်ပြီး စပါးဖိကြိတ်နေသော တောသူမကဲ့သို့ တစ်မျိုးတော့ အကျိုးထူးသည်ဟု ဆိုရမည်။

အေးမြကြည်၏ အခေါက်ခံလိုက်ရပြီး တစ်နှစ်ခန့်အကြာတွင် မိန်းမဆိုလျှင် မကြည့်ချင်သော ညွန့်မောင်ကြီး၏ အိမ်ပေါ်သို့ မခင်လှဆိုသူ ဖြူဖြူတုတ်တုတ် တောသူမလေး ရောက်လာခဲ့သည်။ ညွန့်မောင်ကြီး အမေဘက်မှ စပ်နိုင်လျှင် ဆွေမျိုးတော်သည့် ရပ်ဆွေရပ်မျိုးထဲက ဖြစ်သည်။ မိသားစုနှင့်အတူ ဘုရားဖူးလာရင်းမှ အပ်ချုပ်သင်တန်းကျောင်းတစ်ခုတွင် သင်တန်းတက်ရန် ကျန်နေခဲ့ခြင်းဖြစ်သည်။ ဘော်ဒါနေလျှင် ပိုက်ဆံပိုကုန်မည်ဖြစ်၍ အိမ်မှပင် နေ့စဉ်အလုပ်ဆင်း၍ သင်တန်းတက်နေသည်။

တစ်လခန့်ကြာသောအခါ မိန်းမကို စိတ်နာ၍ မကြည့်ချင်သော ညွန့်မောင်ကြီးသည် မခင်လှကို မသိမသာခိုးကြည့်လာတော့သည်။

www.burmeseclassic.com



နှစ်လခန့် ကြာသောအခါ အကြောင်းမရှိ အကြောင်းရှာပြီး စကားတွေ လိုက်ပြောလာသည်။ သုံးလခန့်ကြာသောအခါ မမြင်ရလျှင် မနေနိုင်ဖြစ်လာသည်။ ညွန့်မောင်ကြီး မူပျက်လာသည်ကို သူ့မိခင်ရော မခင်လှပါ ရိပ်စားမိလာသည်။ အမြင်မတော် မျက်စိနောက်လာလျှင် သိမ်ကြီးဈေးဈေးသည်ပီပီ ဒိုးဒိုးဒေါက်ဒေါက် ပြောချတတ်သော ညွန့်မောင်ကြီး၏ မိခင်ကိုလည်း ကြောက်ရသည်။ သူ့သား တက္ကသိုလ်ကျောင်းသားနှင့် မိမိလို စက်ချုပ်မ တောသူနှင့် ဘယ်တော့မှ သဘောတူကြည်ဖြူလိမ့်မည် မဟုတ်ဟုလည်း ယုံကြည်နေသည်။

ညွန့်မောင်ကြီးကတော့ ထုံးစံအတိုင်း မခင်လှကသာ သဘောတူမည်ဆိုပါက သူ့အမေ သဘောတူတူ မတူတူ လက်ထပ်ယူမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။ မခင်လှတို့ သင်တန်းကျောင်းတွင် သင်တန်းသူလူဟောင်းများ ကိုယ်ပိုင်အပ်ချုပ်စက်ဖြင့် သင်ချုပ်နိုင်ပါက သင်တန်းကြေးမပေးရတော့သည့်အပြင် အချို့အော်ဒါများမှ ကော်မရှင်ခပင် ရသေးသည်ဟု သိရသောအခါ မခင်လှကို အပ်ချုပ်စက်တစ်လုံး ဝယ်ပေးသင့်ကြောင်း အကြံပြုသလိုလိုဖြင့် မိခင်ကို အပူကပ်လာသည်။ မခင်လှကလည်း တန်ဖိုးကို လုပ်အားခရသည့်ငွေဖြင့် အရစ်ကျ ပြန်ဆပ်ပါမည်ဟု ကတိပေးသဖြင့် ညွန့်မောင်ကြီး၏ ငါးမူးသားရှိ လက်စွပ်ကိုရောင်း၍ အပ်ချုပ်စက်တစ်လုံး ဝယ်ဖြစ်သွားသည်။

ပါးစပ်ကပင် ဖွင့်မပြောရသေးသော်လည်း နှလုံးသားချင်းသိနေကြပြီဟု ထင်သည်။ စက်ချုပ်သမနှင့် တက္ကသိုလ်ကျောင်းသားမို့ အမှတ်က အပြတ်သာပြီး အပေါ်စီးရနေပြီဟု အပိုင်တွက်ထားသည်။ မခင်လှကလည်း အပ်ချုပ်စက်ရပြီးမှ တစ်ကြိမ်နှစ်ကြိမ်မျှ ပွတ်သီးပွတ်သပ် လုပ်ပြခဲ့သည်။

မခင်လှ သင်တန်းပြီးဆုံး၍ ရွာပြန်သောအခါ အပ်ချုပ်စက်ကိုပါ ထည့်ပေးလိုက်ပြီး ညွန့်မောင်ကြီးကိုယ်တိုင် ဘူတာရုံသို့ လိုက်ပို့သည်။ နှမကလည်း မဟုတ်၊ ချစ်သူရည်းစားဟုလည်း မဆိုသာသည့် မရေမရာ ဘဝမှာပင် ရှိနေသေး၍ လွမ်းရေးဆွေးရေးပင် ခက်နေသည်။



မခင်လှကတော့ ခွဲရတော့မှာမို့ စိတ်မကောင်းသည့် အမူအရာလေး တစ်ချက်ပြပြီး

'အစ်ကိုညွန့်မောင်ကြီး ကျောင်းပိတ်ရင် လာခဲ့ဦးနော်' တဲ့။

'စိတ်ချ စိတ်ချ မခင်လှရေ၊ အစ်ကို လာခဲ့မယ်'

တစ်ယောက်က ဘယ်လိုရည်ရွယ်ချက်နဲ့ ဖိတ်ခေါ်ပြီး ဘယ်လိုအဓိပ္ပာယ် ကောက်သလဲတော့ မသိ။ ရထားထွက်သွားပြီးမှ သက်ပြင်းကြီး တစ်ချက် ချလိုက်သည်။ ခြောက်လခန့် တစ်အိမ်ထဲ အတူနေခဲ့စဉ်က ဖွင့်ဟ၍ ချစ်ရေးဆိုရန် အကြိမ်ကြိမ် စိတ်ကူးခဲ့သည်။ စိတ်များ ဆိုးများ ဆိုးသွားလေမလား၊ လန့်ပြီး ရွာပြန်ပြေးလေမလားဟု စိုးရိမ်စိတ်တွေ ကြောင့် ချီတုံချတုံဖြင့် အကောင်အထည် မပေါ်ခဲ့။ မပြောလိုက်ရသည့် စကားများကို ကျောင်းပိတ်မှ ရွာလိုက်သွားပြီး ပြောမည်။ အဆင်ပြေပါက တစ်ခါတည်း ခိုးလာခဲ့မည်ဟု ဆုံးဖြတ်လိုက်သည်။ ရင်ထဲမှာ ဟာတာတာဖြင့် စာကျက်၍မရ အိပ်မပျော်ဖြစ်နေသည်။

မခင်လှ ပြန်သွားပြီး နောက် ခြောက်လအကြာ စာမေးပွဲကြီး ပြီးစီးသွားသောအခါ သူငယ်ချင်း တစ်ယောက်ကိုပါ စရိတ်ခံခေါ်၍ မခင်လှတို့ ရွာသို့ လိုက်သွားခဲ့သည်။ သာရဝေါဘူတာမှာ ဆင်းပြီး တစ်နာရီခန့်ကားစီး ရသည်။ ကားလမ်းဆုံးသည်နှင့် လယ်ကွင်းများကို ဖြတ်၍ နာရီဝက်ခန့် ခြေလျင်လျှောက်ပြီးမှ မခင်လှတို့ ရွာကြီးသို့ရောက်သည်။



'ရန်ကုန်ပြန် မခင်လှ ခေတ်မီ အပ်ချုပ်ဆိုင်' ဆိုင်းဘုတ်ကြီးတင်ထားသည့် မခင်လှတို့ အိမ်ရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်း လှည့်ပြန်ခဲ့ချင်သော်လည်း မကောင်းတတ်၍ အရှက်ပြေ အောင့်အီးသည်းခံပြီး တစ်ညအိပ်ခဲ့ရသည်။ မခင်လှမှာ ကျေးရွာ ပြည်သူ့ကောင်စီ စာရေးလေး မောင်တင်အေးနှင့် မင်္ဂလာဆောင်ပြီး၍ ဗိုက်ထဲမှာ ကလေးတောင် သုံးလလောက်ရှိနေပြီဟု ထင်ရသည်။

ခဲမှန်ဖူးသည့် စာသူငယ်သည် အမြောက်ဆံထိဘူးသည့် နှံပြည်စုတ်ကြီး ဖြစ်သွားခဲ့သည်။ နှလုံးသားလက်ဝှေ့ပွဲ၏ မေတ္တာကြိုး ဝိုင်းထဲမှာ ဒုတိယအချီ နောက်ကောက်ကျခြင်း ဖြစ်သည်။ စက်မှု တက္ကသိုလ်မှာ ခြောက်နှစ်ကြာခဲ့သော်လည်း တက္ကသိုလ်ပျိုဖြူ တစ် ယောက်တလေနှင့် မျှ အဆင်မပြေခဲ့။ ညွန့်မောင်ကြီးရုပ်ကလည်း ကွယ်လွန်သူ သူ့ဖခင်ကြီး ဦးညိုကြီးနှင့် တူသည်။ ဂင်တိုတို ညို တုတ်တုတ် ဗိုက်ပူပူဖြစ်၍ တက္ကသိုလ် ကျောင်းသူကြိုက် ရုပ်မျိုးမဟုတ်။

ဘွဲ့ရပြီးနောက် ကော်ပိုရေးရှင်းတစ်ခုတွင် ပုံသေလစာဖြင့် ယာယီ ဝင်လုပ်သည်။ လုပ်ငန်းခွင်တွင် တွေ့ရသော နေ့စားအလုပ်ကြမ်း သူလေး မိချိုမှာ နာမည်နှင့်လိုက်အောင် အပြောချိုသည့် အပျိုချော ဖြစ်သည်။ နေလောင်ထား၍ အသားလေး မဆိုစလောက် ညိုနေသည်။ တော်ကောက်ပြီး စင်ပေါ်တင်ပါကထင်ပေါ်လာနိုင်သည့် ကတော်ရုပ်ရှိသူ ဟု ညွန့်မောင်ကြီး ထင်သည်။ အဖွဲ့ခေါင်း ဒေါ်မြကြီး၏ အကူအညီဖြင့် မိချိုနှင့် ယူကြတော့မလို ဖြစ်ပြီးခါမှ ညွန့်မောင်ကြီးထံသို့ လက်ဆောင် မရသည့် အုပ်စု၏ အတို့အထောင်ကို မိချို နားယောင်သွားတော့သည်။

'ဘွဲ့ရ အင်ဂျင်နီယာ တစ်ယောက်က ညည်းလို အုတ်ခဲထုတဲ့ ကောင်မကို အတည် ယူမလားအေ့၊ ယူရင်လဲ မယားငယ်ပဲ ဖြစ်မှာ ပေါ့ဟဲ့'

မိချို တွေဝေသွားသည်။ မိမိနှင့် ဘဝတူလုပ်သား ယာဉ်မောင်း ကိုသိန်းအောင်ကလည်း ချစ်ရေးဆိုနေသည်။ ကိုသိန်းအောင်မှာ လက်ထောက် အင်ဂျင်နီယာ (A.E) ကားကို မောင်းသော ယာဉ်မောင်း ဖြစ်သည်။ အရွယ် ငယ်သည်။ ယောက်ျားပီသသည်။ အရက်မသောက် လောင်းကစားမလုပ်၊ ရိုးရိုးသားသားဖြင့် မိခင်အိုကြီးကို လုပ်ကျွေးနေသူ



ဖြစ်သည်။ မိချို ဘာမှ စဉ်းစားမနေတော့ဘဲ ညွန့်မောင်ကြီးယံမှရသည့် ပိုးကြေးပန်းကြေး တစ်ပွေ့တစ်ပိုက်ဖြင့် ကိုသိန်းအောင်နောက် လိုက်ပြေး တော့သည်။ အောင်သွယ် ဒေါ်မြကြီးမှာ ကြားက မျက်နှာပူစရာ ဖြစ် ရသည်။ ညွန့်မောင်ကြီးအတွက်မှာမူ တတိယအချီတွင် အမှတ်ဖြင့် ရှုံးရခြင်း ဖြစ်သည်။

ရက်ပြီး အခံရခက်နေစဉ် လျှောက်ထားသည့် နိုင်ငံခြားသင်္ဘော ကုမ္ပဏီမှ ခန့်စာရောက်လာသဖြင့် အလုပ်မှထွက်ပြီး သင်္ဘောလိုက်လာ ခဲ့သည်။ အငယ်တန်း အင်ဂျင်နီယာ (J.E) ရာထူးဖြင့် နိုင်ငံခြားသင်္ဘော တွင် အမှုထမ်းနေသည်မှာ နှစ်နှစ် ကျော်ပေပြီ။

လွန်ခဲ့သည့်နှစ်က နဝရက်တို့နိုင်ငံ နဝရက်နေထိုင်ရာ ဆိပ်ကမ်း မြို့သို့ သင်္ဘောဆိုက်ကပ်သည်နှင့် ထုံးစံအတိုင်း business girls ခေါ် အပျော်တမ်း မိန်းကလေးတစ်အုပ်ကြီး သင်္ဘောပေါ် ပြေးတက်လာကြ သည်။ သင်္ဘောပေါ်မှာရှိသည့် နိုင်ငံတကာ ပုရိသတွေက သူတစ်ယောက် ငါတစ်ယောက် ဆွဲလိုက်ကြတာ အတွဲစေ့ပြီး လူပြည့်သွားတော့သည်။ မိန်းမကို စိတ်နာနေသော ညွန့်မောင်ကြီးတစ်ယောက်သာ အတွဲမရှာဘဲ ဘီယာသောက်ရင်း စိတ်ကူးယဉ်နေသည်။

သို့သော် ညနေစောင်းမှ အဖော်မပါ တစ်ယောက်တည်း သင်္ဘောပေါ် တက်လာသော မိန်းကလေးကိုမူ မြင်ရသူတိုင်း 'ဟာ'ခနဲ 'ဟိုက်'ခနဲ ဖြစ်ကြရတော့သည်။ လှလိုက်တာ စောစောကသာ ဟိုအုပ်နဲ့ အတူပါလာလျှင် သူ့ကိုလုရင်း လူသတ်မှု ဖြစ်ကုန်ကြမည်။ ခုတော့ သူ့အတွဲနဲ့သူ လူပြည့်နေပြီဖြစ်၍ အတွဲလွတ်နေသည့် ညွန့်မောင်ဆီ ဆွဲခေါ်သွားကြတော့သည်။ ညွန့်မောင်ကြီးက ပထမတော့ ဟန်လုပ်ပြီး ရှက်ငြင်း ငြင်းနေသေးသည်။ ဒါပေမယ့် ကောင်မလေးက လည်း လှမှလှ၊ နိုင်ငံတကာမှ အင်တာနေရှင်နယ် တွန်း ထောင်တွေ ကလည်း ဂိတ်ဆုံးအောင် တွန်းနေသည်။

'ကျွန်တော်က တစ်ယောက် ခေါ်ထားမိလို့ဗျာ၊ ဒါမျိုးလေးဆို ဘယ်လွှတ်လိမ့်မလဲ၊ အခန်းထဲက ကောင်မကို ကန်ထုတ်လို့ရရင်

www.burmeseclassic.com

www.burmeseclassic.com



ကန်ထုတ်လိုက်ချင်တယ်၊ ဒါလေးတော့ ပြန်မလွှတ်လိုက်ပါနဲ့ မစ္စတာ ညွှန့်မောင်ရာ' တဲ့။

'ကဲကဲ၊ ဒီလိုဖြင့်လဲ ဝါသနာပါလို့ကတော့ မဟုတ်ပါဘူး၊ ကလေးမအတွက် မုန့်ဖိုးပဲဖိုးလေးရပြီး ဒါနလေးမြောက်သွားအောင်လို့ပါ၊ ကူညီရတာပါ့'ဆိုတဲ့ အမူအရာဖြင့် အချောအလှလေးကို သဘောကျလေဟန်ဖြင့် လက်ခံထားလိုက်တော့သည်။

လှလွန်းတယ်ကွယ်၊ ဒီရုပ်ဒီရည်နဲ့ ဘာကြောင့်များ ဒီလိုအလုပ်လုပ်နေပါလိမ့်၊ အထက်တန်းစား လင်တစ်ယောက်ကို သေချာပေါက်ရနိုင်သော ကတော်ရုပ်မျိုး ဖြစ်သည်။ အေးမြကြည်၊ မခင်လှ၊ မိချိုတို့နှင့် နှိုင်းစာပါက ပပဝတီနှင့် မယ်ကုဝဏ်အုပ်စုသို့ ရှိတော့သည်။ မနိမ့်လွန်း မမြင့်လွန်းသော အရပ်အမောင်း၏ ကောင်းခြင်း၊ မဖြူလွန်း မဝါလွန်းသော အသားအရေ၏ ကောင်းခြင်း၊ မရှည်လွန်း မတိုလွန်းသော ဆံပင်၏ ကောင်းခြင်းတည်း ဟူသော ကောင်းခြင်းအဖြာဖြာနှင့်လည်း ညီသည်။ ရွှေမန်း ဗုဒ္ဓဝင်ဇာတ်ထဲက ဗက အမတ်ကြီးလေသံနှင့် ပြောရလျှင် အသားက ရွှေလိုချော၊ အကြောက မြလိုစိမ်း၊ ဟန်ပန်နဲ့ တစ်ခါယိမ်းလိုက်လျှင် အသပြာတစ်သိန်းထိုက်တဲ့ ဟာမလေးဟု ညွှန့်မောင်ကြီး ထင်နေပေပြီ။

ကံကောင်းထောက်မ၍ အလှသရဖူလေးနှင့် ဆယ်ရက်ခန့် အတူ နေလိုက်ရသည်။ သူတို့နိုင်ငံသုံး ပိုက်ဆံသုံးထောင် (မြန်မာငွေ တစ်ထောင်) ခန့် ကုန်သွားသည်။ သို့သော် ညွှန့်မောင်ကြီး ကျေနပ်သည်။ နဝရတ် ဂျီနရက် နာမည်လေးကလည်း ချစ်စရာမို့ ညွှန့်မောင်ကြီးမှာ မခွဲနိုင်မခွာရက် ဖြစ်နေတော့သည်။ မလွှဲသာ၍ ခွဲခွာရမည့် နေ့တွင် တရားဝင်လက်ထပ်ပါရစေဟု ပူဆာနေသော ညွှန့်မောင်ကြီးကို နဝရတ်ကပင် တောင်းပန်ရသည်။ သို့သော် မရ။

'ကျွန်မဟာ အပျော်မိန်းကလေးပါ မစ္စတာမောင်' ဆိုတော့

'ရှင်ဘုရင်နဲ့ညားရင် မိဖုရားပါ အချစ်ရယ်'

နောက် အမျိုးမျိုး အကြောင်းပြ၍ ဘယ်လိုပင် တောင်းပန်သော်လည်း လက်မမြောက်၍ နောက်မဆုတ်သော ညွှန့်မောင်ကြီးကို နဝရတ်က သက်ပြင်းကြီး တစ်ချက်ချ၍ ကတိပေး ခေါင်းညိတ်လိုက်ရတော့သည်။



သင်္ဘောခရီးစဉ်အရ သုံးလတစ်ကြိမ် လေးလတစ်ကြိမ် ဆိုသလို နဝရတ်တို့မြို့ကို ပြန်ရောက်တိုင်း နဝရတ်အတွက် လက်ဆောင်တစ်ပွေ့တစ်ပိုက် ပါလာသည်။ နဝရတ်နှင့် တစ်ပတ်ဆယ်ရက် အတူနေပြီးမှ သင်္ဘောပြန်ထွက်၍ ဟန်ကျသည်။ နဝရတ်တို့ မိန်းကလေး အဖော်တွေနှင့် စုနေသည်ကို ညွှန့်မောင်ကြီးက မလွှတ်လပ်ဆိုပြီး ချောင်ကျသည့်ရပ်ကွက်တစ်ခုမှာ ခြေတံရှည်အိမ်မြင့်လေးတစ်လုံး ဈေးပေါပေါရ၍ ဝယ်ပေးထားသည်။ ရေဒီယိုကက်ဆက်၊ တီဗွီ၊ ဗီဒီယိုမှအစ မီးဖိုချောင် အသုံးအဆောင် အိမ်ထောင်ပရိဘောဂပါမကျန် ပြည့်စုံအောင် ဝယ်ပေးထားသည်။

မိမိအလိုလိုက် အကြိုက်သိ၍ အပြုစု အယုအယကောင်းသော နဝရတ်လေးကို တရားဝင် လက်မထပ်ရသေးသော်လည်း ဇနီးကောင်းတစ်ယောက်အဖြစ် ချစ်ရသည်၊ ကြင်နာရသည်၊ မြတ်နိုးရသည်။ နိုင်ငံကူး လက်မှတ်ရသည်နှင့် လက်ထပ်ပြီး မြန်မာပြည် ခေါ်သွားမည်။ ယခင် တစ်ခေါက်က သင်္ဘောပြန်ထွက်၍ ခွဲရခါနီး ပြောလိုက်သော နဝရတ်၏ စကားသံလေးကို ကြားယောင်လာသည်။

'ဒါလင်တို့နိုင်ငံကို လိုက်ပြီး အတူနေချင်လှပါပြီ အချစ်ရယ်' တဲ့။

နဝရတ်တို့လို အပျော်တမ်း မိန်းကလေးတွေကို ယုံယုံကြည်ကြည်ဖြင့် ထောက်ခံပေးမည့်သူမရှိ၍ နိုင်ငံကူးလက်မှတ် လျှောက်ရာတွင် ကြာတတ်သည်။ သည်းခံပြီး စောင့်ရပေတော့မည်။

အတိတ်ဖြစ်ရပ်များကို အစီအစဉ်အတိုင်း ပြန်စဉ်းစားနေစဉ်မှာပင် သင်္ဘော တက်မစင် အသံချဲ့စက်မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးပြီးပြီဖြစ်၍ အားလပ်ခွင့်ရ အရာရှိနှင့် သင်္ဘောသားများ ကမ်းတက် လည်ပတ်နိုင်ပြီဖြစ်ကြောင်း ကြေငြာသည်။ ညွှန့်မောင်ကြီး ရှေ့ဆုံးမှ ပြေးဆင်းလာခဲ့သည်။ နေတောင် အတော်စောင်းသွားပေပြီ

www.burmeseclassic.com

ဘတ်စ်ကား စီးလျှင် ကြာနေမည်ဖြစ်၍ တိုင်စီ ခေါ်လိုက်သည်။

နဝရတ်တို့ ရပ်ကွက်အတွင်းသို့ ကားဝင်၍ မရ။ လမ်းများကျဉ်း လွန်းသည်။ အိမ်နှင့် အတော်ခပ်လှမ်းလှမ်းမှ ဆင်းလျှောက်ရသည်။ နဝရတ်အတွက် ဝယ်ပေးထားသည့် အိမ်လေးမှာ လမ်းတိုလေးတစ်ခု၏ ထိပ်တွင်ရှိ၍ လမုပင်၊ ဓနိပင်လေးများ ပေါက်နေသော ချောင်းကျဉ်း လေးကို ကျောပေး၍ ဆောက်ထားသော ခြေတံရှည် အိမ်ကလေးဖြစ် သည်။

ရပ်ကွက်တွင်း ဖြတ်လျှောက်လာစဉ် တစ်ဖက်လမ်းချိုးမှ ရုတ်တရက် ကွေ့ထွက်လာသော လူတစ်ယောက်နှင့် မျက်လုံးချင်းဆုံ သွားသည်။ တစ်နေရာရာမှာ ရင်းရင်းနှီးနှီး တွေ့ဖူးမြင်ဖူးသူတစ်ယောက်ဟု သတိထားလိုက်မိသည်။ ထိုလူကလည်း အလားတူပင် သတိထား မိဟန်တူသည်။ လမ်းကျဉ်းလေးထဲမှာ နီးနီးကပ်ကပ်မို့ တစ်ဦးကို တစ်ဦး ပြုံးပြလုမတတ် ဖြစ်သွားကြသဖြင့် ယဉ်ကျေးမှုထုံးစံအရ ညွန့်မောင်ကြီးကပင် စတင်၍ နှုတ်ဆက်လိုက်မိလျက်သား ဖြစ်သွားသည်။

'ဟဲလို နေကောင်းတယ်နော်'

'ကောင်းပါတယ်ခင်ဗျား၊ ကျေးဇူးတင်ပါတယ်'

'စိတ်မရှိပါနဲ့ဗျာ၊ ဘယ်မှာ မြင်တွေ့ဖူးပါလိမ့်လို့ စဉ်းစားနေရပါပြီ'

'ကျွန်တော်လဲ ခင်ဗျားလိုပဲ စဉ်းစားနေရပါတယ်ဗျာ၊ သင်္ဘောလိုင်း ကပဲ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ မှန်ပါတယ်'

ညွန့်မောင်ကြီးက သူ့ကုမ္ပဏီအမည် သင်္ဘောအမည်တွေကို ပြောပြလိုက်သည်။ ထိုလူကလည်း သူ့ကုမ္ပဏီအမည် သင်္ဘောအမည် များကို ပြောပြသည်။ အင်္ဂလိပ်စကားပြောလေသံနှင့် ရုပ်လက္ခဏာကို ကြည့်ခြင်း ဖြင့် အရှေ့တိုင်းသားတစ်ဦးဖြစ်သည်မှာ ယုံမှားဘွယ်မရှိဟု သတိထားလိုက်မိသည်။

'စင်္ကာပူက လက်ဖို့ဒ်ပီယာနဲ့ ဆီးမင်းကလပ်မှာ ဆုံကြဖူးတာ ဖြစ်မယ်'

'လုံးဝ ဖြစ်နိုင်ပါတယ်ခင်ဗျာ'



နှစ်ယောက်သား စကားပြောရင်း ဖြည်းဖြည်းလျှောက်နေကြစဉ် အိမ်နှင့် နီးလာသဖြင့် ညွန့်မောင်ကြီးက ရပ်လိုက်ပြီး ယဉ်ကျေးစွာ မေးလိုက်သည်။

'မိတ်ဆွေက ဘယ်ကို သွားမှာလဲ ခင်ဗျာ'

'ဒီလမ်းထိပ်မှာ ကျွန်တော့်အိမ် ရှိပါတယ်ခင်ဗျာ'

'ဟာ'

ညွန့်မောင်ကြီးပါးစပ်မှ ဟာခနဲ အသံထွက်အောင်ပင် အံ့သြသွား သည်။ မိမိအိမ်ကလည်း သည်လမ်းထိပ်မှာပင် ရှိနေသည်။ မိမိအိမ်နားက အခြားအိမ်တစ်အိမ်များ ဖြစ်လေမလားဟုလည်း တွေးမိသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ခေတ္တ ရပ်မိကြစဉ် ညွန့်မောင်ကြီး၏ ယာဘက် လက်ဖျံတွင် 'အရဟံ' ဟူ၍ လည်းကောင်း၊ ဘယ်ဘက် လက်ဖျံတွင် အသည်းပုံကို ထုတ်ချင်းခတ် ဓားမြှောင်ထိုးစိုက်ထားသည့် ပုံအောက်တွင်'ချစ်သတ္တိ' ဟူ၍လည်းကောင်း ဆေးအနက်ဖြင့် စုတ်ထိုး ထားသော တက်တူးအရုပ်များကို မြင်သွားသော တစ်ဖက်လူက အံ့သြစွာဖြင့်

'ခင်ဗျား မြန်မာလားဗျ' ဟု အင်္ဂလိပ်လို မေးလိုက်ပါသည်။

'ဟုတ် ဟုတ်ပါတယ်'

ညွန့်မောင်ကြီးကလည်း တအံ့တသြ ဖြေလိုက်သည်။

'ဟာ ကျွန်တော်လဲ မြန်မာပဲဗျ၊ ကျွန်တော့်နာမည် တိုးအောင်ပါ'

တစ်ဖက်လူက မြန်မာလို ပြန်ပြောပြီး ဝမ်းသာအားရ လက်ဆွဲ နှုတ်ဆက်လိုက်သည်။

'ကျွန်တော့်နာမည် ညွန့်မောင်ပါ'

'တွေ့ရတာ ဝမ်းသာတယ်ဗျာ ကိုညွန့်မောင်'

နှစ်ယောက်သား လမ်းထိပ်က အိမ်ကိုစွေ့မေ့သွားကြပြီး စကား ပြောရင်း ဆက်လျှောက်သွားကြသည်။ မြန်မာပြည်က ထွက်လာတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်တော့ပြန်မလဲ၊ ရန်ကုန် ဘယ်မှာနေမှာလဲ စသော မေးခွန်းများ အပြန်အလှန် မေးကြ ဖြေကြရင်း နဝရတ်နေထိုင်ရာ ခြေတံရှည်အိမ်ကလေး ခြံပေါက်ဝသို့ ရောက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုတိုးအောင်အိမ် ဆိုတာ ဘယ်အိမ်လဲဗျ'

'ဒီအိမ်လေးပါဗျာ၊ လာ ခဏဝင်ပါဦးလား'

မိမိပိုက်ဆံဖြင့် ဝယ်ပေးထားသော နဝရတ်၏ အိမ်ကလေးကို လက်ညှိုးထိုးပြပြီး ဝင်ပါဦးဟု ဖိတ်ခေါ်နေသဖြင့် ညွန့်မောင်ကြီးမှာ အသံမထွက်ဘဲ ပါးစပ်ကြီးပြဲပြီး မျက်လုံးပြူးသွားတော့သည်။ အံ့သြသည့် မျက်နှာဖြင့် အိမ်ဘက်လှမ်းကြည့်လိုက်ရာ ခြေတံရှည်အိမ်ကလေး၏ အောက်မှ ကွပ်ပျစ်ပေါ်တွင် အထုပ်အပိုးတွေ ဘေးချ၍ ထိုင်နေသူ တစ်ယောက်က လက်ညှိုးကိုနှုတ်ခမ်းမှာ ဒေါင်လိုက်ကပ်ပြပြီး 'စကားမပြောပါနဲ့' ဆိုသည့် သင်္ကေတလုပ်ပြသည်။ နှစ်ယောက်သား နားမလည်နိုင်သည့် အမူအရာဖြင့် စကားမပြောဘဲ အိမ်ခြံထဲသို့ ဝင်လိုက်ကြပြီး ထိုသူရှိရာ ကွပ်ပျစ်သို့ လျှောက်သွားကြသည်။ ကွပ်ပျစ်ပေါ်က လူက ညွန့်မောင်ကြီးနှင့် တိုးအောင်ကို လက်ဟန်ခြေဟန်ဖြင့် ကွပ်ပျစ်ပေါ်တွင် ထိုင်ရန် အချက်ပြပြီး အာရှတိုက်သားလေသံဖြင့် အင်္ဂလိပ်လို တိုးတိုးလေး ကပ်ပြောသည်။

'ကျွန်တော့်မိန်းမ အိမ်ပေါ်မှာ နေ့တစ်ကောင်နဲ့ ဖောက်ပြန်နေတယ်၊ အဲဒီငနဲဆင်းလာရင် ရိုက်သတ်မလို့ စောင့်နေတာဗျ'တဲ့။

ညွန့်မောင်ကြီးနှင့် တိုးအောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပါးစပ်အဟောင်းသားနှင့် ကြက်သေသေနေတော့သည်။ အိမ်ပေါ်မှ ခိုးခိုးခစ်ခစ် ရယ်လိုက်သော နဝရတ်၏ အသံနှင့်အတူ ဥရောပ လေသံဖြင့် အင်္ဂလိပ်စကားပြောသော အမျိုးသားတစ်ယောက်၏ အသံကိုပါ ကြားနေရသည်။

ညွန့်မောင်ကြီး မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ရင်ထဲမှာလည်း ဘယ်လိုပြောရမှန်းပင် မသိလောက်အောင် ပြင်းထန်သည့် ဒေါသဝေဒနာတစ်ခု ရုတ်တရက် ပေါ်ပေါက်လာသည်။ အသားတွေ တဆတ်ဆတ်တုန်၍ ရင်ခုန်လာသည်။ သတိမထားလိုက်မိဘဲ အံကြိတ်မိလျက်သား ဖြစ်နေသည်။ လက်သည်းတွေ လက်ဖဝါးထဲ မြုပ်ဝင်သွားလုမတတ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ထားမိ



သည်။ ထိုစဉ်မှာပင် အပေါ်ထပ်မှ နဝရတ်၏ အသံလေးကို ပီပီသသ ကြားလိုက်ရသည်။

'ဒါလင်တို့ နိုင်ငံကိုလိုက်ပြီး အတူနေချင်လှပါပြီ အချစ်ရယ်'တဲ့။

ဘယ်တုန်းက ရှိနေမှန်းမသိသော သွေးတိုးနှင့် နှလုံးရောဂါတို့ မိတ်ဖွဲ့ပေါင်းစုပြီး ညွန့်မောင်ကြီး၏ ဘဝင်ကို ရုတ်တရက် တက်ဆောင့်လိုက်ရာ ထိုင်လျက်မှ ရုပ်သေးကြိုးပြတ် လဲကျသွားပြီး အမြှုပ်တစီစီဖြင့် တက်နေတော့သည်။

နိုင်ငံတကာ အချစ်သရဖူလုပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပညာအခြေခံရရှိရေးအတွက် ဆရာကောင်း သမားကောင်းများထံတွင် စနစ်တကျ နည်းနာမခံခဲ့ရ၍ အတွေ့အကြုံနည်းသေးသော ညွန့်မောင်ကြီး တစ်ယောက် မေတ္တာကြိုးဝိုင်းထဲမှာ ဒိုင်ပွဲရပ်ဖြင့် ရှုံးခဲ့လေပြီ။

တောမကျွမ်းသည့် သနားစရာ မုဆိုးကြီးခမြာ သီတာခင်တွေ အကြိုက် သမင်လိုက်ရင်းဖြင့် မှော်ရုံတောမှာ အမောဆို့သွားချေပြီတကား။

[ ပေဖူးလွှာ။ ။မတ်၊ ၁၉၉၁ ]

www.burmeseclassic.com

www.burmeseclassic.com




# သိုက်နန်းသို့အပြန်

ဇာတိချက်ကြွေ မွေးရပ်မြေနှင့် နှစ်ပေါင်းသုံးဆယ်ကျော် ကွဲကွာနေခဲ့သော ကျွန်တော့်အဖို့ ရွာပြန်ခံစားမှု ဝေဒနာက သာယာလွမ်းမောဖွယ် ကောင်းလှသေးတော့သည်။

၁၉၅၈ ခုနှစ်၏ နွေနံနက်ခင်းတစ်ခုမှာ ကျွန်တော်ချစ်သော အမေ၊ ခင်မင်ရသော သူငယ်ချင်းများနှင့် သူမသိငါပိုး ချစ်နေရသော ရွာ့ကွမ်းတောင်ကိုင်တို့ကို ခွဲခွာပြီး ရွာကထွက်ခဲ့စဉ် ရင်မှာခံစားရသော ဝေဒနာကို စာဖွဲ့ပြီး ရေးမပြတတ်ပါ။ တစ်ခုတော့ ပြောနိုင်သည်။ ရွာနောက်ကျောရှိ တောင်ပေါ်ရွက်ကြွေတောမှ ဥဩ ငှက်ငယ်၏ ကြေကွဲလွမ်းဆွေးဖွယ် အော်မြည် နှုတ်ဆက်လိုက်သံကို ပြန်လည် ကြားယောင်မိတိုင်း ရင်မှာ တလှပ်လှပ် ခံစားနေရပါသေးသည်။

ဘဝအတွက် မျှော်လင့်ချက်တွေ ပျက်ပြယ်သွားနိုင်သဖြင့် ရွာက အထွက်မှာ ရွာဘက်ကိုပြန်လှည့်မကြည့်ဝံ့ပေမယ့် အသိစိတ်ကတော့ ရွာထဲက ကွမ်းတောင်ကိုင် မလှတင်တို့အိမ်နားမှာ တဝဲလည်လည် ကျန်နေခဲ့ပါသည်။ လယ်ယာကိုင်းကျွန်းများ ပတ်လည်ဝိုင်း၍ အုန်း၊ ကွမ်း၊ ငှက်ပျော၊ သြဇာ၊ ဥသျှစ်၊ သရက်၊ မာလကာ၊ ရှောက်၊ သံပုရာပင်ပျိုတို့ဖြင့် စိမ်းစို ညို့မှိုင်းနေသော ကျွန်တော့် မွေးရပ်ဇာတိ ရွာကြီးသည် စပါးကြိတ်သံ၊ နွားငေါက်သံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံတို့နှင့်အတူ ဝေး၍ဝေး၍ ကျန်နေခဲ့ပြီကို သိလိုက် သောအခိုက်မှာ ကျွန်တော့်မျက်ဝန်းအိမ်မှာ ရေကြည် တစ်ပေါက် တောက်ခနဲ ပြုတ်ကျ သွားခဲ့ပါသည်။

အဲဒီနောက်တော့ နှစ်ပေါင်း သုံးဆယ်ကျော်အောင် ပျော်ရာမှာမနေဘဲ တော်ရာမှာနေခဲ့ပါသည်။ ရန်ကုန်မြို့၏ အပြင်ဘက်ရှိ ကျူးကျော် ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းမှာ တည်းခိုကပ်နေပြီး အလွတ်ပညာသင်ညကျောင်းတက်ခဲ့သော ခေတ်သစ် ကိုရင်လေး ဘဝ၊ ဆွမ်းကြွင်းဟင်းကျန်တွေစားရင်း အလုပ် ရှာခဲ့ရသော ကိုးတန်းအောင် ယောင်ချာချာ ကိုရင်လူထွက်ကလေးဘဝ၊ ယူနီဖောင်း အဖြူလေးဖြင့် ဇမ္ဗူမှာ ငါတလူဖြစ်ခဲ့သေးသော ရေတပ်သား ရဲဘော်လေးဘဝ၊ ဝမ်းရေးအတွက် လမ်းဘေး



www.burmeseclassic.com



ထွက်ပြီး ဗန်းကလေးရွက်ကာ အမြဲအော်ရောင်းခဲ့ရသည့် ရဲဘော်ဟောင်း ဈေးသည်ကြီးဘဝ စသည်ဖြင့်ပေါ့လေ။ ပြီးတော့မှ မယ်ကညာတစ်စု သူငါအများမက်သည့် နှစ်ဆယ်ရာစု ရုပ်ပါစတားအစစ် သဘော်သားကြီး အဖြစ်ဖြင့် အနှစ်သုံးဆယ်ကျော်ကွဲကွာနေခဲ့သော အမေရှိရာ ကျွန်တော့် ရွာသို့ ပြန်လာခဲ့ပါပြီ။

နှစ်ပေါင်းသုံးဆယ်ဆိုသည့် ကာလအတွင်းမှာ အပြောင်းအလဲတွေ အများကြီးဖြစ်နေတာတွေ့ရသည်။ ယခင်ကဆိုလျှင် ကျွန်တော်တို့ရွာမှ မြို့သို့သွားလိုက တစ်ညအိပ်ခရီးဖြင့် ခြေကျင် လျှောက်ကြရသည်။ အခုတော့ ကားလမ်း ပေါက်နေပြီဖြစ်၍ ခြောက်နာရီမျှ ကားစီးလိုက်ရုံဖြင့် လေယာဉ်ကွင်းရှိရာမြို့မှ ကျွန်တော့်ရွာသို့ ရောက်လာခဲ့သည်။ တစ်ခုတော့ရှိသည်။ ရန်ကုန်မှာ မီးသွေးအိတ်တွေတင်ပြီး အရပ်တကာလှည့်ရောင်းသည့် လော်ရီကားမျိုးကြီးကို ခရီးသည်တင်ကားအဖြစ် အသုံးပြုနေရသေးသည်။ ဒေသခံ ပြည်သူများက ဝမ်းပန်းတသာ ဖြစ်နေကြရသည်။

ယခင်ဆိုလျှင် ကျွန်တော်တို့ရွာမှာ ပျဉ်ထောင်သွပ်မိုးအိမ်ဟူ၍ သူကြီး ဦးရွှေဆိုင်၏အိမ်နှင့် ကုန်စုံဆိုင် ကုလားကြီး ဦးဟာရှင်ဘိုင်တို့၏ အိမ် နှစ်အိမ်သာ ရှိခဲ့သည်။ ယခုမူ ပျဉ်ထောင် သွပ်မိုးများသာမက တိုက်ခံအိမ် အချို့ကိုပင် မြင်တွေ့ရသည်။ ထိုမျှမကသေးပါ။ ရွာထိပ်မှစ၍ ရွာလမ်းတစ်လျှောက် သွယ်တန်း စိုက်ထူထားသော လျှပ်စစ်ဓာတ်မီးတိုင်ယိုင်နဲ့ ကြိုးကျဲလေးများကို အဝေးကပင်လှမ်းမြင်နိုင်ပါသည်။ ကညင်ဆီ လွှစာမှုန့် မီးတိုင်ဖြင့်နေလာခဲ့ကြရသော ဘဝမှ လျှပ်စစ်ဓာတ်မီး ထွန်းနိုင်သော အဆင့်သို့ပင် တိုးတက်ပြောင်းလဲနေခဲ့ပေပြီ။ ညနေခြောက်နာရီမှ ညဆယ်နာရီအထိလျှပ်စစ်မီးရသည်။ တစ်ခါတစ်ရံ အာဏာပိုင်အဖွဲ့ အစည်းမှ လူကြီးတွေ လာသောအခါ ညလုံးပေါက်ရသည်ဟု ဆိုပါသည်။

ရွာကို ရောက်ပြီဖြစ်၍ ရွာလယ်လမ်းခွဆုံက ပျံကျဈေးကလေးရှေ့မှာ ကားအိုကြီး ရပ်သွားသည်။ အမောဖောက်လာသော ပန်းနာသည် အဘိုးအိုကြီးပမာ ချောင်းတစ်ချက်ဆိုး၍ အသက်ပါ ထွက်သွားသကဲ့သို့ တွန့်ခနဲဖြစ်ပြီး စက်ပါ ရပ်သွားသောအခါ ကားပေါ်မှ ခရီးသည်များ



အားလုံး ဆင်းကြပါသည်။ ကျွန်တော်လည်း ဆင်းလိုက်ပါသည်။

မြို့ကားကြီး ဆိုက်လာပြီဆိုလျှင် ဝိုင်းအုံကြည့်တတ်သောကားဂိတ်ပရိသတ်က ကျွန်တော့်ကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်နေကြသည်။ လီးဗိုက်ဂျင်းဘောင်းဘီ၊ နိုက်ဝပ်ကင်းရှူး၊ ကင်ကရှူး လယ်သာဂျာကင်၊ ရေးဘင် နေကာမျက်မှန်၊ နီကွန်ကင်မရာ၊ စီတီဇင်နာရီ၊ အတာချီကေ့စ် ခေါ် ဂျိန်းစဘွန်း လက်ဆွဲသေတ္တာတို့ဖြင့် ကားအိုကြီးပေါ်မှ ခုန်ဆင်းလိုက်သော ကျွန်တော့်ကို အတော် စိတ်ဝင်စားနေကြဟန်တူသည်။ ရွာအပြန်မို့ အထင်သေးမခံရအောင် အပျံစားတွေချည်း ဝတ်ဆင်လာခြင်းကြောင့် အထင်တကြီး ကြည့်နေကြတာ ဖြစ်နိုင်သည်။ ဒီတော့ ကျွန်တော်က ခေါင်းကိုမော့ ရင်ကိုကော့၍ လမ်းလျှောက်သွားလိုက်သည်။ ဝိုင်းကြည့်နေသူတွေက အချင်းချင်း တီးတိုးပြော၍ ထင်ကြေးတွေ အမျိုးမျိုးပေးနေကြသည်။ ရုပ်ရှင်မင်းသား ကိုကျော်ဟိန်းကလည်း ငပလီကိုလာရင်းနဲ့ ဒီဘက်မှာ ရုပ်ရှင်လာရိုက်မလိုလိုသတင်းကြားနေခဲ့သဖြင့် ဟုတ်များ ဟုတ်နေမလားဟု သေချာအောင်ကြည့်သူများလည်းပါသည်။ သို့သော်ကိုကျော်ဟိန်းက မီးသွေးအိတ်ရောင်းသည့် ကားကြီးဖြင့် လာမည်မဟုတ်၍ မဖြစ်နိုင်ဟု မှတ်ချက်ချသံကို မသဲမကွဲ ကြားနေရသည်။

ဝိုင်းအုံကြည့်နေသူများတွင် အသက် သုံးဆယ်နှင့် အောက်အရွယ်များသည် ကျွန်တော့်ကို လုံးဝမသိနိုင်။ အသက်သုံးဆယ်ကျော်တွေကလည်း ကျွန်တော်သည် တစ်ခါက ဒီရွာက ကိုရင်လေးကုမာရဖြစ်သည်၊ သို့မဟုတ် ဘုန်းကြီးကျောင်းသားလေး မောင်ရွှေကျေး ဆိုသည်ကို ဘယ်သူမှ မမှတ်မိကြ။ တစ်ဦးကိုတစ်ဦး တီးတိုးပြော၍ ထင်ကြေးတွေသာ အမျိုးမျိုးပေးနေကြသည်။ ကလေးအုပ်စုကတော့ ကျွန်တော်လျှောက်သွားရာသို့ လိုက်ပါလာကြသည်။ အတော်အတန် အတင့်ရဲသည့် ငကဲလေးတွေကတော့ ဘေးမှကျော်တက်ပြီး ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်ကြသည်။ ခရစ်သက္ကရာဇ် ၁၂၇၁ ခုနှစ်က အီတာလျံလူမျိုး မာကိုပိုလို တရုတ်ပြည်ကို ရောက်လာပုံနှင့် အတော်တူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရွာအခြေအနေကလည်း ကျွန်တော်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲတိုးတက်နေ၍ တော်ပေသေးသည်။ ကျေးရွာပြည်သူ့ကောင်စီရုံး၊ စားသုံးသူ သမဝါယမအသင်းဆိုင်၊ ပြည်သူ့အရက်ဖြူဆိုင်၊ စာပို့တိုက် စသည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေသည့်အပြင် မိုက်ကယ်ဂျက်ဆင်ပုံပါသော တီရှပ်ခပ်နွမ်းနွမ်းကို ဝတ်သည့် လူငယ်တစ်ဦးကိုပင် တွေ့ရသည်။ နှစ်ပေါင်းငါးဆယ်မျှ ဘာဆိုင်းဘုတ်မျှမတင်ဘဲ ရောင်းခဲ့သော ရွာလယ်လမ်းခွဆုံမှ ဦးပုလေး၏ လက်ဖက်ရည်ဆိုင်မှာ'ခေတ်သစ်လက်ဖက်ရည်ဆိုင်' ဆေးရောင်စုံ ဆိုင်းဘုတ် ချိတ်ဆွဲထားတာ တွေ့ရသည်။ အောက်က အင်္ဂလိပ်လိုတောင် ပါလိုက်သေးသည် 'မော်ဒန်တီးဟောက်' တဲ့။ အရောင်မျိုးစုံသည့် ကုန်မျိုးစုံဆိုင်ကလေးတွေကလည်း ဟိုမှာတစ်ဆိုင်၊ သည်မှာတစ်ဆိုင် အပြိုင်ရောင်းနေကြသည်။ အသံချဲ့စက်ငှားရမ်းသည့် အိမ်ပင် ရှိနေသည်။ လျှပ်စစ် ဘက်ထရီအိုးများနှင့်အတူ အော်လံကြီး နှစ်ခုကို မြင်သာအောင် ပြထားသည်။ ရနိုင်သည့် ဓာတ်ပြား၊ ဓာတ်ထုပ်များနှင့် ကက်ဆက်ခွေ ဓာတ်လမ်းများကို သင်ပုန်းကြီးတွင် မြေဖြူဖြင့်ရေးပြီး လမ်းပေါ်မှမြင်သာအောင် ထောင်ပြထားသည်။ 'တွံတေးသိန်းတန်နှင့် ဟသ်ာတထွန်းရင် သီချင်းများအစုံရှိသ်ည်' တဲ့။

ကျွန်တော်တို့ အိမ်ရှိရာဘက်သို့ လျှောက်သွားနေသော်လည်း ရွာလမ်းတစ်လျှောက်မှာရှိသည့် အိမ်ရာ အဆောက်အအုံတွေနှင့် သစ်ပင် ဝါးပင်တွေက ပုံစံပြောင်းလဲကုန်ပြီဖြစ်၍ ကျွန်တော့်အိမ်ကို ကျွန်တော် မမှတ်မိဖြစ်နေသည်။ အိမ်တွေထဲက ထွက်ပြီး ကြည့်နေသူတွေထဲက အရွယ်ကျနေပြီဖြစ်သော ဦးကြီး ဦးဘိုးမြကို မှတ်မိပြီး နှုတ်ဆက်လိုက်ရသည်။

'ဟေ ဘယ်သူလဲ' တဲ့။

ကျွန်တော်က ဘယ်သူဘယ်ဝါဆိုတာ ပြောပြလိုက်သောအခါ ကျွန်တော့်လက်မောင်းကို သူ့လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ထားပြီး ဝမ်းသာ အားရ ဖြစ်နေတော့သည်။ ကိုယ့်အိမ်ကို မမှတ်မိသော်လည်း ဦးကြီးကိုတော့ မှတ်မိသည်ဆို၍ ပိုပြီး ဝမ်းသာသွားဟန် တူပါသည်။



'အောင်မယ်လေးလေ ဘယ်သူများလဲလို့၊ လက်စသတ်တော့ ငါ့တူ ရွှေကျေးပါလား၊ ဟိုမယ်လေကွယ်၊ ဟိုရှေ့က ခွေးအိပ်နေတာ မင်းတို့အိမ်ပေါ့ဟ၊ လာ ငါလိုက်ပို့မယ်'

ဦးကြီးဘိုးမြ ညွှန်ပြတော့မှ ကျွန်တော့်အဘိုး အမြတ်တနိုးသုံးခဲ့သည့် လက်ကိုင်ရိုးတပ် အုန်းမှုတ် သောက်ရေခပ်ခွက်ကို ရေအိုးစင်ပေါ်မှာ တင်ထားတာ လှမ်းမြင်လိုက်သည်။ ဘိုးဘွားပိုင် ရှေးဟောင်းပစ္စည်းကို မြင်တော့မှ ကိုယ့်အိမ်ကိုယ် မှတ်မိသလို ဖြစ်လာသည်။

ဦးကြီးဘိုးမြ အော်ဟစ်ပြောဆိုသံကို ကြားကြတော့မှ မာကိုပိုလိုလား၊ ဘယ်ကရောက်လာမှန်းမသိဘဲ အမေရိကန်သံရုံးကို ခဲဖြင့်ပေါက်ဆန္ဒပြခဲ့သူ အဂျာလာလား၊ မင်းသား ကိုကျော်ဟိန်းလား မကွဲမပြားဖြစ်နေသည့် ပဟေဠိလူသားသည်ကား အခြားမဟုတ်၊ တို့ရွာက ဘုန်းကြီးကျောင်းသားလေး မောင်ရွှေကျေးပင် ဖြစ်သည်ဆိုသော သတင်းမှာ တောမီးပမာ တစ်ရွာလုံး ပြန့်သွားတော့သည်။

ကျွန်တော့်ဦးကြီး ဦးဘိုးမြကလည်း ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကြီးကို တရင်းတနှီး လက်မောင်းကိုင်၍ အိမ် တိုင်ရာရောက် လိုက်ပို့ခွင့်ရသည်ကို ဂုဏ်ယူဝင့်ကြွားနေသည်။ သတင်းဦး သတင်းထူးကို ဦးဦးဖျားဖျား လာပြောသူအဖြစ် သူ့နှမတစ်ဝမ်းကွဲ ကျွန်တော့်အမေရှေ့မှာ ကြွားလိုဟန်တူသည်။ ကျွန်တော့်ကို ဆွဲခေါ်သွားရာတွင် ခြေလှမ်းတွေ အရမ်းသွက်နေသည်။

'ဟဲ့ မကျေးဥရေ၊ ငသောင်းရေ၊ ဒီအိမ်ကလူတွေ ဘယ်သွားကုန်ကြသလဲဟ၊ ဆိတ်နုမ နှင့်အဘွားကို ခေါ်လိုက်စမ်း၊ ဒီမှာ ရန်ကုန်က ဧည့်သည်လာတယ်လို့ ပြော၊ ခွေးကို ချည်ထားလေကွယ်'

အိမ်ရှေ့ ဖိနပ်ချွတ်မှာ အိပ်နေသော ခွေးတစ်ကောင်ကလွဲ၍ အိမ်ထဲမှာ ဘယ်သူမှမရှိကြ။ ဦးကြီးဦးဘိုးမြ ခေါ်လိုက်သည့် နာမည်တွေထဲက မကျေးဥဆိုတာက ကျွန်တော့်အမေ။ ငသောင်းဆိုတာက ကျွန်တော့် အစ်ကို။ အိမ်ရှေ့က ခေါ်သံတွေကြား၍ မီးဖိုချောင်ထဲက ပြေးထွက်လာသော ဆိတ်နုမကို ကျွန်တော် မသိ။ အစ်ကိုသောင်း၏ သမီး ကျွန်တော့်တူမဖြစ်မည်။ ညဂျူတီအတွက် နေ့ဘက်မှာ အိပ်စက်

www.burmeseclassic.com

www.burmeseclassic.com





အားမွေးနေဟန်တူသော ခွေးနီညိုကြီးသည် ကျွန်တော့်ကို မြင်လိုက်သည်နှင့် အတော် အမြင်ကတ်သွားပုံရသည်။ ဂျင်းဘောင်းဘီဝတ် ဆံရှည်ကိုယ်တော်ကို သူတို့အိမ်ပေါ် အတက် လက်ခံချင်ပုံမရ။ သွားတဖြဲဖြဲဖြင့် တဂီးဂီး တဂဲဂဲ ဖြစ်နေသည်။ ဆိတ်နုမက ကြိမ်းမောင်းနှင်ချလိုက်တော့မှကျွန်တော့်ကို စောင်းကြည့်ပြီး 'မင်း သတိထားဆိုသည့် အမူအရာဖြင့်' မကျေမနပ် ဆင်းသွားသည်။

ခွေးအိပ်သွားသောနေရာတွင် ကျွန်တော် ဝင်ထိုင်လိုက်သောအချိန်မှာပင် အမေ အိပ်ခန်းတွင်းမှ ထွက်လာသည်။ ခါးလည်း ကိုင်းသွားခဲ့လေပြီ။ နားလည်း ထိုင်းဟန်တူသည်။ အရေတွန့်နေသည့် နဖူးပေါ်မှာ ခြောက်သယေစင်းနေသည့် လက်ဝါးလေးအုပ်ကာမိုး၍ ဘယ်သူဘယ်ဝါတွေဆိုတာသိရအောင် မျက်စိကို ရှုံ့မှေးပြီး အားစိုက်ကြည့်နေသည်။ ၁၉၅၀ ခုနှစ်လောက်က အိမ်ကိုလာလာပြီး အဖေ့ကို အနိုင်ကျင့် အရက်ဝယ်ခိုင်း၊ ကြက်သတ်ခိုင်း၊ ထမင်းချက်ခိုင်းသော ကွန်မြူနစ်ခေါင်းဆောင်ဦးတောက်ထိန်ကြီးထင်ပြီး ကြောက်နေဟန်တူသည်။ ကျွန်တော့်အနားသိပ်မကပ်ရဲ ဖြစ်နေသည်။

'ဟဲ့ မကျေးဥ၊ ဘာကြည့်နေတာလဲ၊ ဒါ နင့်သား ရွှေကျေးလေ'

ဦးကြီးဘိုးမြ အော်ပြောလိုက်တော့မှ ကြားသွားဟန်တူသည်။ ကုန်းကွကွ ရပ်နေရာမှ ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။ ကျွန်တော့်ကို ကြည့်ပြီး ဝမ်းသာပီတိဖြင့် ငိုမဲ့မဲ့ကြီး ဖြစ်နေတော့သည်။

'အမေ အမေ့သားလေး ရွှေကျေးပြန်လာပြီလေ အမေရဲ့၊ သေသေချာချာ ကြည့်ပါဦး၊ သိပ်သားနားနေလို့ အမေ့သားကို



အမေ မမှတ်မိတော့ဘူး မဟုတ်လားဟင် အမေ' စသည်ဖြင့် ရုပ်ရှင်တွေထဲကလို တမင်ဖန်တီးထားသည့် အသံကြီးဖြင့် လုပ်ကြပြီး ပြောမလို့ လုပ်ကြည့်သေးသည်။ သို့သော် လုပ်၍ မဖြစ်နိုင်။ လွန်ခဲ့သည့် ငါးနှစ်ခန့်ကပင် ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်။ ဆင်းရဲမွဲတေနေသည့် အမေအိုကြီးကို လယ်သမားအစ်ကိုက ပင်ပန်းကြီးစွာ လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်နေရသည်ဆိုသည့်အသိက ခေါင်းထဲဝင်လာတော့သဖြင့် ရင်ထဲမှာ တင်းကျပ်ဆို့နင့်လာသည်။ ကျေးဇူးရှင် မိဘနှစ်ပါးကို ငါးပြားတစ်စေ့တောင် မထောက်ပံ့ မကျွေးမွေးဘဲ နေခဲ့သည့် မိမိအပြစ်ကို မိမိသတိရလိုက်သောအခါ ဘာစကားမှ ပြော၍ အဆင်ပြေမည်မဟုတ် ပြောလိုက်လျှင် ငိုသံကြီးပါလာမှာ သေချာသည်။

အမေရိကန်ဒေါ်လာ ငါးဆယ် (ဗိုလ်ချုပ်ဈေးမှာ ကျပ်သုံးထောင်ခန့်) ပေးရသော နိုက်အဲယား ဝပ်ကင်းရှူးဖိနပ်ကို ချွတ်လိုက်ပြီး အမေ့ရှေ့မှာ ဒူးတုပ်ထိုင်ချလိုက်ပါသည်။ မြန်မာငွေ ကျပ်သုံးရာခန့်တန်သည့် လီးဗိုက်ဂျင်းဘောင်းဘီက တင်းကျပ်ကျပ် ဖြစ်နေ၍ အဆင်ပြေအောင် အတော် ကြိုးစားပြီး ထိုင်လိုက်ရသည်။ အမေ့ ခြေဖမိုးအစုံနှင့် ကျွန်တော့်ဦးခေါင်း ထိနိုင်သည့် အကွာအဝေးအထိ အမေ့အနီးသို့ ချဉ်းကပ်ပြီး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ အမေ့ကို ရှိခိုးကန်တော့လိုက်ပါသည်။ ပါးစပ်ကတော့ ဘာတစ်ခုမှ မပြောနိုင်၊ ငိုမိမှာစိုး၍ အံကို တင်းတင်းကိုက်ထားရသည်။

ဆင်းရဲနွမ်းပါးနေသည့် မိခင်အိုကြီးကို နှစ်ပေါင်းသုံးဆယ်ကြာအောင် ပစ်ထားခဲ့သော စုပါစတား အပျံစားကြီး ကျွန်တော်က ပစ္စည်းမပါ ဗလာသက်သက် လက်အုပ်ချီပြီး ကန်တော့လိုက်သောအခါ အမေအိုသည် နွမ်းညိုယိဆွေးနေသည့် အကျီလက်တိုပွလေးဖြင့် စီးကျလာသည့် မျက်ရည်ပူတို့ကို တို့ယူသုတ်ပစ်နေပါတော့သည်။ ငိုမဲ့နေရ၍ ဆုတောင် မပေးနိုင် ဖြစ်နေသည်။

သားသမီးတို့အပေါ်မှာ ခွင့်လွှတ်ချစ်ကြင်နိုင်စွမ်းသော မိခင်မေတ္တာ၏ သင်္ကေတကို မြင်လိုက်ရသောအခိုက်မှာ ငွေနှစ်သောင်းကျော်ထည့်ယူလာသည့် ဆင်မ်ဆိုနိုက် အတာချီကေ့စ်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူလိုက်ပါသည်။ အဖေ့ကို ရည်စူးပြီး ငါးထောင်ခန့် အကုန်အကျခံ၍ အလှူအတန်း လုပ်မည်၊ အမေ လှူလိုက လှူ၊ သုံးလိုက သုံးနိုင်ရန် ငွေတစ်သောင်း ကန်တော့မည်၊ ရန်ကုန်အပြန်တွင် လမ်းစရိတ်မျှသာ ချန်ပြီး ကျန်တာ အားလုံးကို အစ်ကို လယ်သမားကြီးမိသားစုစားဖို့ ပေးပစ်ခဲ့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

\+ + +

ကျွန်တော် ရွာကို ပြန်ရောက်နေပြီဆိုသော သတင်းကို ကြားသွားကြသော ဘုန်းကြီးကျောင်းနေဖက် သူငယ်ချင်းတွေ ဝိုင်းအုံလာတွေ့ကြသည်။ လူတန်းစား ပေါင်းစုံသည်။ လယ်သမား၊ ယာသမား၊ ရေလုပ်သား၊ ထင်းခုတ်လုပ်သား၊ စပါးဒိုင်ညစောင့်၊ ဘုန်းကြီးကျောင်းသား၊ ကပွဲယ စသည်ဖြင့် စုံလှသည်။

သူတို့တွေ ရောက်လာကြတော့ ရှေးဟောင်းနှောင်းဖြစ်မှအစ ပြောကြသည့် စကားတွေကလည်း များလှသည်။ မေးကြသည့် မေးခွန်းတွေကလည်း စုံလှသည်။ တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံနေသည့် ကြားက ပါးစပ်မနားရအောင် ပြန်လည်ဖြေကြားနေရသည်။

'သဘော်သားဖြစ်နေပြီဆို၊ ဟုတ်လား'

'ရန်ကုန်မှာ နင်သူဌေးဖြစ်နေပြီဆို'

'သဘော်သားတောင်ဖြစ်သွားအောင် ဘယ်လိုများ ကြိုးစားပစ်လိုက်တာလဲ ဟကောင်ကြီးရ'

'တို့ရွာက သဘော်သားဖြစ်တာ နင်တစ်ယောက်ပဲ ရှိသေးတယ်'

'ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသားတွေစီးတဲ့ မော်တော်ကားမျိုး နင့်မှာ ရှိတယ်ဆို'

'တို့ရွာတွေမှာ တစ်ကျပ်ပေးကြည့်ရတဲ့ ဗွီဒီယိုဆိုတာကို နင့်အိမ်မှာ အလကားကြည့်ရတယ်ဆို'

'ရုပ်ရှင်မင်းသမီးတစ်ယောက်နဲ့ ငြိပြီး မိဖြူတုတ်ကို ကွာပစ်မလို့ လုပ်သေးတယ်ဆို'



'နင့်လို ဘိလပ်တို့ အမေရိကန်တို့ မရောက်ရရင်လဲ နေပါစေတော့ကွာ၊ မသေခင် ရွှေတိဂုံဘုရားကြီးတော့ ဖူးသွားချင်တယ်၊ တစ်ခေါက်လောက် စရိတ်ခံပြီး ခေါ်စမ်းပါ'

'နင်ချမ်းသာနေပြီဆို၊ ဘာဖြစ်လို့ နွားသားရေအကျႌကြီးဝတ်လာတာလဲ၊ တို့ရွာမှာ အဲဒီလို သားရေပြားတွေ ပေါလွန်းလို့ ခွေးတောင်မစား'

လက်လုပ်လက်စား ဆင်းရဲသားတွေဖြစ်၍ ကျွန်တော်နှင့်အတူ ထိုင်ပြီး အချိန်ကြာကြာ စကားပြောမနေနိုင်ကြ။ လုပ်ငန်းခွင်ရှိရာ ဌာန အသီးသီးသို့ ပြန်ကြရသည်။ နေ့လယ်ဘက်မှာ အားနေသည့် စပါးဒိုင် ညစောင့်လုပ်သား လှထွန်းတစ်ယောက်ကတော့ ရန်ကုန်လေသံဖြင့် ပြောသော ကျွန်တော့်စကားတွေကို နားထောင်ကောင်းသည်ဆိုပြီး ကျန်နေခဲ့သည်။

လာမတွေ့သည့်လူတွေထဲ လုံးရွှေတစ်ယောက်ကတော့ အလုပ်မရှိ အကိုင်မရှိနဲ့ အမေအိုကြီးဆီက ညစ်ထုတ်လို့ ရသမျှပိုက်ဆံဖြင့် နေ့မူး ညမူးအရူးလိုဖြစ်နေသည်ဟု ဆိုသည်။ နှဲမှုတ်တတ်သည့် ငပြူးကြီးကတော့ ရန်ကုန်ကလာကသည့် ဇာတ်အဖွဲ့တစ်ခုမှာ ထမင်းချက် ရေခပ်အောက်ခြေသိမ်းအလုပ်ရ၍ လိုက်ပါသွားသည်ဟု သိရသည်။

မောင်ပိန်တစ်ယောက်တော့ လူပျိုကြီးဘဝဖြင့်ပင် ကွယ်လွန်သွားရှာပြီဟု သိရသည်။

မောင်ပိန် ကွယ်လွန်သွားပြီဆိုတော့မှ ဘုန်းကြီးကျောင်းသားဘဝက မောင်ပိန် ပြောခဲ့သော သိုက်နန်းရှင်မအကြောင်းကို ပြန်လည်သတိရ လာသည်။

ကျွန်တော်တို့ ရွာဦးကျောင်း၏ နောက်ကျောဘက် ကိုက်ငါးရာခန့်အကွာရှိ တောင်နံရံမှာ ကျောက်ထရံကြီး တစ်ခုရှိသည်။ သစ်ပင်ငယ်မြက်ပင်ရှည်များ ပေါက်နေသော်လည်း အဝေးမှ လှမ်းကြည့်လိုက်ပါက ကျောက်ဂူကြီးတစ်ခုကိုဝင်သည့် တံခါးပေါက်ကို ကျောက်သား ရင်ခွဲတံခါးကြီးဖြင့် ပိတ်ထားသည်နှင့် တူပါသည်။ အတွင်းမှာ ဘုရားသိုက်ရှိသည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိမေတ္တယျ ဘုရားရှင် ပွင့်တော်မူသောအခါ ကျောင်းဆောက်ရန်အတွက် ဘဝအဆက်ဆက် လှူဒါန်းထားခဲ့ကြသော စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ တောင်ပုံရာပုံ ရှိနေသည်။ ဥစ္စာစောင့်မ ရှိသည်ဆို၍ ညအခါမဆိုထားဘိ၊ နေ့အချိန်မှာပင် အဲဒီ ကျောက်ထရံကြီးအနီးသို့ ကျွန်တော် မသွားရဲပါ။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေထဲမှာ မိဘဆင်းရဲရုံသာမက မိဘနှစ်ပါးလုံး မရှိကြတော့၍ ဘိုးဘွားနှင့် နေရရှာသော မောင်ပိန်ကတော့ ဥစ္စာစောင့်မကို သူ မကြောက်ဟု ဆိုသည်။ တစ်ခါတစ်ရံတွင် နေဝင်မိုးချုပ်ပြီးမှ မောင်ပိန်တစ်ယောက်တည်း ကျောက်ထရံကြီးဘက်သို့ ထွက်သွားတာ တွေ့ရသည်။ တစ်ခါတလေများ ညဆယ်နာရီလောက်မှာ မောင်ပိန်ပျောက်နေ၍ လိုက်ရှာ၊ အော်ခေါ်ကြတော့မှ လုံချည်လေးခြုံပြီး ကျောက်ထရံကြီးဘက်မှ ပြန်လာသော မောင်ပိန်ကို တွေ့ကြရသည်။ သူ့ကြည့်တော့လည်း အကြောက်အလန့်မရှိ ပြုံးစိစိ မျက်နှာဖြင့် တွေ့ရသည်။

မောင်ပိန်က နာမည်နှင့်လိုက်အောင် ပိန်ရသည့်အထဲ ဘဝကဆင်းရဲ၊ ရုပ်ရည်မလှလေတော့ ရပ်ထဲရွာထဲက ဘယ်အပျိုကမှ မောင်ပိန်ကို မကြိုက်ကြ။ ဒါပေမယ့် နာမည်ကြီးလှသည့် ဘုရားသိုက် ဥစ္စာစောင့်မကို မောင်ပိန် မကြောက်ဆိုသည့် ဂုဏ်သတ္တိကြောင့် တို့ရွာက သူရဲမောင်ပိန် ဖြစ်လာတော့သည်။ ဥစ္စာစောင့်မကို စိတ်ဝင်စားသူတွေက မေးလာလျှင် ဥစ္စာစောင့်မနှင့် သူ တွေ့ပြီးပြီဟု ပြောတတ်သည်။ အထူးသဖြင့် မိန်းကလေးတွေက မေးလာလျှင် ဥစ္စာစောင့်မ အလွန်ချောကြောင်း၊ မလှတင်နှင့် အလွန်တူကြောင်း၊ သူနှင့် မကြာခဏ တွေ့ဆုံပြီး စကားပြောကြကြောင်းအထိပြောပြသည်။ မလှတင်ဆိုသည်က ရွာ့မျက်နှာဖုံး၊ ဘုရားဒါယကာ၊ ဘုရား ဒါယိကာမ မြေပိုင်ရှင် ဦးငွေဆိုင်၏သမီး (ရွာသူကြီး ဦးရွှေဆိုင်၏တူမ) ရွာ့ကျက်သရေဆောင် ကွမ်းတောင်ကိုင် အချောအလှလေးဖြစ်သည်။ ကျွန်တော် ကြိုက်လွန်းလို့ အမျိုးမျိုးကြိုးစားပြီး ပိုးပန်းတာ မရ၍ စိတ်ဓာတ်ကျနေရသူ ဖြစ်သည်။

မောင်ပိန် ကျွန်တော့်ကို ပြောပြတာကတော့ ဥစ္စာစောင့်မနှင့် သူနှင့် ကြိုက်နေကြသည်။ မကြာခဏ တွေ့ဆုံပြီး အချစ်ပွဲဆင်နွှဲကြသည်ဟု ဆိုသည်။ ကျွန်တော် ဥစ္စာစောင့်မကို ကြောက်တော့ ကြောက်သည်။ သို့သော် မလှတင်နှင့်တူသည်ဆို၍ မောင်ပိန်ကို အားကျလာသည်။ ဥစ္စာစောင့်မ နောက်တစ်ယောက် အပိုစပယ်ယာများရှိလျှင် မောင်ပိန်နှင့်အတူ သိုက်နန်းလိုက်သွားပြီး ဖန်ကြည့်လိုစိတ် ပေါ်လာသည်။

'နင်တို့ ဘယ်နေရာမှာ တွေ့ကြတာလဲဟင်'

'ကျောက်ဂူကြီးထဲမှာပေါ့ကွာ၊ အပြင်က ကြည့်တော့သာ ကျောက်ဂူကြီး ထင်ရတာ၊ ဟိုတုန်းက နန်းတော်ကြီးလိုပဲ၊ ဆရာတော့် ဗုဒ္ဓဝင် စာအုပ်ကြီးထဲက နန်းတော်ပုံတွေ အတိုင်းပဲ၊ အလယ်ခန်းမကြီးမှာ ကော်ဇောကြီးတွေ အပြည့်ခင်းထားတယ်၊ တိုင်လုံးကြီးတွေမှာ မှန်ကူကွက်တွေ ဖော်ထားတယ်၊ မျက်နှာကြက်မှာ ရွှေကြာပွင့်ကြီးနဲ့ ဖန်ပန်းဆိုင်ပန်းဆွဲတွေ ချိတ်ဆွဲထားတယ်၊ ရွှေပိန်းချ ကနုတ်ပန်းပေါင်ကွပ်ထားတဲ့ ပြတင်းပေါက်ကြီးတွေကလဲ သိပ်လှတာပဲ၊ စိန်ရောင် ရွှေရောင်တွေကြောင့် အထဲမှာ မီးမထွန်းရဘဲ လင်းထိန်နေတာပဲ၊ အလယ်ခန်းမကြီးရဲ့ ပလ္လင်ပေါ်မှာ ဘုရားဆင်းတုတော် တစ်ဆူရှိတယ်၊ သိပ်သပ္ပာယ်တာပဲ၊ ခန်းမကြီးရဲ့ဘယ်ဘက်ခြမ်းက အခန်းကျယ်ကြီးထဲမှာ စိန်တွေ ရွှေတွေ အပြည့်ပဲ၊ မရူပါဝတီနဲ့ ငါအိပ်တဲ့ အခန်းက သိုက်နန်း အလယ်ဗဟို ခန်းမကြီးရဲ့ ညာဘက်ခြမ်းမှာ ရှိတယ်၊ တစ်ခန်းလုံး မွှေးကြိုင်နေတာပဲ၊ အသုံးအဆောင်တွေကလဲ အပြည့်ပဲ၊ ဘာမှ လိုလေသေးမရှိဘူး'

ကျွန်တော် အရမ်းအားကျသွား၏။ သိုက်နန်းရှင်မ မရူပါဝတီ၏ သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်နှင့် အဆင်ပြေနိုင်အောင် မောင်ပိန်ကို အထူးဦးစားပေး ပေါင်းသင်းနေရသည်။ ဒါပေမယ့် မောင်ပိန် ပြောပြချက်ကြောင့် စိတ်ပျက်သွားသည်။ မရူပါဝတီ တစ်ဦးတည်းသာ ရှိသည်။ အစောင့်အရှောက်နှင့် ကိုယ်လုပ်တော် ရံရွေတော်တွေ အားလုံး ဘီလူးထီး ဘီလူးမတွေချည်း ဖြစ်သည်ဟု ဆိုသည်။ သူတောင်မှ မရူပါဝတီ၏ ခွင့်ပြုချက်ဖြင့်သာ ဝင်ထွက်ခွင့်ရနေသည်ဟု ဆိုပါသည်။

ကျောက်ထရံကြီး တစ်နေရာမှာရှိသည့် သျှို့ဂူက်အပေါက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ မရူပါဝတီ ပေးထားသော သံချောင်းလေးကို ထိုးသွင်းလိုက်ပါက ကျောက်တံခါးကြီး ပွင့်သွားသည်။ အတွင်းကို ဝင်ရောက်သွားပါက ကြောက်စရာကောင်းသည့် ဘီလူးကြီးနှစ်ကောင်က တင်းပုတ်ကြီးတွေ ကိုယ်စီထမ်းပြီး သိုက်နန်းခန်းမသို့ အဝင် ရွှေရောင်ဂိတ်တံခါးကြီးကို ပိတ်ပြီး ရပ်နေတာ တွေ့ရသည်။ မရူပါဝတီ ပေးထားသော သံချောင်းလေးကို ထုတ်ပြလိုက်လျှင် သိုက်နန်းရှင်မ၏ ချစ်သူဆိုတာ သိသွား၍ ရွှေတံခါးကြီးကို ဖွင့်ပြီး လမ်းဖယ်ပေးကြသည်။ မောင်ပိန် သိုက်နန်းတော်ကြီးအတွင်း ရောက်လာပြီဆိုလျှင် မရူပါဝတီသည် သူ့အိပ်ခန်းအတွင်းမှ ပြေးထွက်လာပြီး မောင်ပိန်ကို ပွေ့ဖက် ဆီးကြိုလေ့ရှိသည်။ နက်မှောင် ရှည်လျားသည့် ဆံကေသာကို ဖားလျားချ၍ လုပမွှေးကြိုင်နေသော မရူပါဝတီသည် ပါးလွှာဖြူဖွေးသည့် အဝတ်ကို ဝတ်ထားလေ့ရှိသဖြင့် မောင်ပိန်ကို ရင်ခုန်စေပါသည်။

နှစ်ဦးသား လက်တွဲ၍ သိုက်နန်းဗဟို ခန်းမကြီးကို ဖြတ်လျှောက်ကြပြီး ဗုဒ္ဓရုပ်ပွားတော်စံရာ ပလ္လင်ရှေ့မှာ ဒူးတုပ်ထိုင်လိုက်ကြသည်။ ချစ်သူနှစ်ဦးတို့ ဘုရားကို ဦးချ ကန်တော့ကြသည်။ မကြာမီ ပေါင်းရပါစေသားဟု ဆုတောင်းကြသည်။ မရူပါဝတီသည် ဘုရားရှိခိုးပြီးမှသာ ချစ်သူနှင့်အတူ အိပ်ခန်းသို့ ဝင်လေ့ရှိသည်။ ဒါက သိုက်နန်းရှင်မအဆက်ဆက်တို့၏ အစဉ်အလာ အလေ့အထဖြစ်သည်။ ဘုရားရှိခိုးပြီးသောအခါ ချစ်သူ ကိုပိန်၏ လက်ကိုဆွဲ၍ ခန်းသဇ္ဇာစက်ရာနန်းသို့ ပြေးဝင်သွားသော မရူပါဝတီလေး၏ လှုပ်ရှားဟန်မှာ ပျံသန်းသွားသော ကိန္နရီမလေးနှင့်ပင် တူသေးတော့သည်။ ဖြူဖွေးနုရွလုပ မွှေးကြိုင်နေသော သိုက်နန်းရှင်မလေးနှင့် မောင်ပိန်တို့ အိစက်ညက်ညောသည့် အုံးစက်ရာထက်ဝယ် ဆုံးတစ်သက်မခွာ ချစ်မယ်ဟု သစ္စာတွေဆို ကတိတွေ ပြုကြသည်။

'ဝေသာလီပြည်ကြီး ပျက်တဲ့နေ့ကစပြီး နှစ်ပေါင်းတစ်ထောင်ကြာအောင် မောင့်ကို စောင့်နေရတဲ့ မရူပါဝတီကို သနားပါဦး မောင်ရယ်'

သနားစရာ မျက်နှာလေးဖြင့် တောင်းပန်နေသော ချစ်သူ



မရူပါဝတီ လေးကို သနားလွန်းလှသဖြင့် အဘိုးနှင့် အဘွားတို့ ကွယ်လွန်ပြီးပါက သိုက်နန်းသို့ ပြန်ခဲ့ပါမည်ဟု ကတိပေးလိုက်မိတော့သည်။

\+ \+ \+

'ဒါနဲ့ နေပါဦး၊ လှထွန်းရ မောင်ပိန်က ဘာရောဂါနဲ့ ဆုံးတာလဲ'

'ဘာရောဂါမှ မဖြစ်၊ နင့်လူ ဓာတ်လိုက်ပြီး သေတာ၊ တို့ရွာမှာ လျှပ်စစ်မီးရတော့ မြို့နယ်လူကြီးတွေက မောင်ပိန် တစ်ကောင်ကြွက်ကို သနားလို့ဆိုပြီး မီးစက်ရုံမှာ ညစောင့်ခန့်ပေးတယ်၊ ပြည်နယ်က လူကြီးတွေ ရောက်နေလို့ တစ်ညလုံး မီးထွန်းပေးထားတဲ့ ညသန်းခေါင်လောက်မှာ စက်ရုံနံရံက မီးခလုတ်ပေါက်ကလေးထဲကို သံချောင်းနဲ့ သွားထိုးတယ်လေ၊ တစ်ခါတည်း နောက်လန်လဲကျပြီး သမံတလင်းနဲ့ ခေါင်းနဲ့ရိုက်လိုက်တာ ပွဲချင်းပြီးတာပဲ'

ကျွန်တော် သက်ပြင်းရှည်ကြီးချ၍ ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ ကျွန်တော့်သူငယ်ချင်း မောင်ပိန်သည် သူ့ချစ်သူ မရူပါဝတီလေးရှိရာ သိုက်နန်းသို့ဝင်ရန်အတွက် ကျောက်ထရံတံခါးကြီးကို ဖွင့်တာဖြစ်ပေလိမ့်မည်။ သို့သော်သူအသုံးပြုခဲ့သည့် သံချောင်းသည် မရူပါဝတီ ပေးထားသော သံချောင်း မဟုတ်၍ ကံမကောင်းဘဲ ဒုက္ခတွေ့သွားတာ ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် ဆရာတော်ကို သွားကန်တော့ရင်း သူငယ်ချင်းတို့ ဇနီးမောင်နှံ စံမြန်းရာ ကျောက်ထရံသိုက်နန်းသို့ သွားရောက်နှုတ်ဆက်ရပေဦးမည်။

[ စစ်ပြန်။ ။ဇူလိုင်၊ ၁၉၉၁ ]

www.burmeseclassic.com

www.burmeseclassic.com



# တို့အဖြစ်က နင့်ထက်ဆိုးတယ်

'လူတွေရဲ့ စိတ်ဟာ အတော်ဆန်း ကျယ်တယ်နော် အစ်ကိုကြီး'

'အမယ်လေး ကြီးကျယ်လိုက်တာ ရှင်းစမ်းပါဦး ဘာဖြစ်လို့လဲ'

ကျွန်တော်တို့ သဘော်သည် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကျော် ခုတ်မောင်းနေစဉ် တက်မစင်မှာ တာဝန်ကျနေသော သဘော်သားလေးက လူတွေရဲ့ စိတ်ဓာတ်နဲ့ ပတ်သက်ပြီး မှတ်ချက်ချ ညည်းညူသည်ကို ကြားရ၍ ဗဟုသုတ ရလိုရငြား မေးလိုက်မိသည်။

အောင်မျိုးညွန့်က သူ့ဇနီးထံမှ လာသော စာပါအကြောင်းအရာတစ်ခုနှင့် ဆက်စပ်နေသည့် သူ့အိမ်ထောင်ရေး ပြဿနာတစ်ခုကို ပြောပြသည်။

အောင်မျိုးညွန့်သည် သူ့ဇနီးနှင့် မညားမီကပင် ယောက္ခမအိမ်သို့ သွားလာဝင်ထွက်နေခဲ့သည်ဟု ဆိုသည်။ သူ့မရီး ဖြစ်လာမည့် ရုံးစာရေး အပျိုကြီး ဦးဆောင်သည့် မြောက်ဥက္ကလာ --ရပ်ကွက်၊ ဓမ္မာရုံ ဝတ်အသင်းမှာ အသင်းသားအဖြစ် ပါဝင်ခဲ့ဖူး၍ ဝတ်အသင်းခေါင်းဆောင် အပျိုကြီးနှင့် လက်ပွန်းတတီး ရှိခဲ့ပြီး မမ မမဟု တဖွဖွ ခေါ်ခဲ့ရသည်ဟု ဆိုသည်။

အပျိုကြီးကလည်း ရပ်ရေးရွာရေး၊ သာရေး နာရေး၊ ဘာရေး ညာရေး ဘာမဆို အကြောင်းကြီးငယ်ရှိလျှင် နေ့ညမဟူ အကူအညီ ပေးနိုင်ရန်အတွက် ဝတ်အသင်းသားလေး အောင်မျိုးညွန့် ကို လက်ကတုံး တောင်ဝှေးအဖြစ် အသုံးပြုခဲ့သည်။



တစ်ခါတစ်ရံ အကြောင်းကိစ္စ အမျိုးမျိုးဖြင့် ညမှုညတာ အချိန် အခါမဲ့ အတူသွား အတူလာ လုပ်ခဲ့ရစဉ်က မြို့သစ်ရပ်ကွက်တို့၏ ဓာတ်မီးတိုင်မှိန်ပျပျအောက်မှာ အရိပ်ကျနေသော လမ်းကျဉ်းကလေး ထဲမှာ မမ ခလုတ်တိုက်လဲမှာစိုး၍ တူနှစ်ကိုယ် လက်ချင်းတွဲခေါ်ရတာမျိုးလည်း ရှိခဲ့သည်။

ခွေးထွက်လိုက်လို့ အကိုက်ခံရမှာကြောက်တယ်ဆိုပြီး လိုအပ်တာထက် ပိုဖက်ထားသော မမကို မကြောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



အားပေး၍ ခွေးကို အော်ငေါက် ခဲဖြင့် ပေါက်ပေးခဲ့ရသည့် အဖြစ်မျိုးလည်း ရှိခဲ့သည်ဟု ဆိုပါသည်။

အောင်မျိုးညွန့်မှာ အပျိုကြီးမမ အိမ်သို့ နေ့တစ်ဝ ဝင်ထွက်သွားလာနေသောအခါ အပျိုကြီး၏ ညီမအငယ် ဆယ်တန်းကျောင်းသူနှင့် လူငယ်တို့ဘာဝ ချစ်ကြိုက်ကြပြီး ခိုးပြေးကြလေတော့သည်။

ခုတ်ရာတခြား ရှရာတလွဲဖြစ်ပြီမို့ အပျိုကြီးခမျာ ဆောက်တည်ရာမရ ဖြစ်သွားလေသည်။ 'စေတီမှတ်လို့ ကိုးကွယ်နေတာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့တယ်၊ ဒီယုံမြင်လို့ ဒီချုံထွင်နေတဲ့ ကိလေသာမုဆိုး' စသည်ဖြင့် တတ်သမျှ မှတ်သမျှတွေနဲ့ ဆဲဆိုပြီး 'အောင်မျိုးညွန့်ဆိုတဲ့ အကောင်ရဲ့ အသံလဲ မကြားချင်၊ ရုပ်လဲမမြင်ချင်' ဟု ပြောပြီး အိမ်က ထွက်သွားသည်။ သူ့ရုံးက လုပ်ဖော်ကိုင်ဖက် စာရေးမအိမ်မှာ သွားနေသည်။

အောင်မျိုးညွန့်တို့ ကိစ္စကို နှစ်ဖက်မိဘများ သဘောတူ၍ မင်္ဂလာကိစ္စအတွက် အပျိုကြီးကို ခေါ်ရာ လိုက်မလာသည့်အပြင် 'အဲဒီ အကောင်ရဲ့ မျက်နှာကို မကြည့်ချင်' ဟု ပြောလွှတ်လိုက်သည်။ မင်္ဂလာကိစ္စပြီး၍ တစ်လခန့်ကြာမှ မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် အိမ်ပြန်ရောက်လာသည်။ သူ့ညီမကို စကားပြောသော်လည်း အောင်မျိုးညွန့်ကို လုံးဝ စကားမပြောဟု ဆိုသည်။

အောင်မျိုးညွန့် သင်္ဘောသားဖြစ်၍ နိုင်ငံခြားသို့ ထွက်လာသောအခါ အောင်မျိုးညွန့်၏ ဇနီးမှာ ကိုယ်ဝန်အရင့်အမာဖြင့်ကျန်နေခဲ့သည်။

ဇနီးထံမှ နောက်ဆုံးရရှိသည့်စာအရ သားလေးမွေးပြီး၍ မိခင်ရောကလေးပါ ကျန်းမာကြောင်း၊ အောင်မျိုးညွန့်မျက်နှာကို မကြည့်ချင်ဆိုသည့် အပျိုကြီးက အောင်မျိုးညွန့်၏သားလေးကို လက်ပေါ်ကမချချစ်ကြောင်း၊ 'သူ့သားလေးကို သူကြည့်ချင် မြင်ချင်ရှာမှာပဲ' လို့ ပြောပြီး မျက်ရည်ကျ ကြောင်း၊ 'အိပ်မက်ထဲမှာ မျက်နှာငယ်လေးနဲ့ တွေ့တယ်၊ သူနေလို့မှ ကောင်းရဲ့လားမသိဘူး' လို့ ပြောကြောင်း၊ တကယ်တော့ မမဟာ အစ်ကို့ကို တကယ်မမုန်းပါဘူး၊ သူ့ကို မတိုင်ပင်ဘဲ ညီမကို



ခိုးပြေးလို့ စိတ်ဆိုးသွားတာသာဖြစ်ကြောင်း စသည်ဖြင့် အောင်မျိုးညွန့်က သူ့ဇနီးထံမှ လာသော စာပါ အကြောင်းအရာများကို ပြောပြရင်းမှ သူ့မရီးအပျိုကြီး၏ စိတ်သဘောထား ထူးခြားဆန်းကြယ်ပုံကို တအံ့တဩ ပြောပြသည်။

'ဟင်း ဟင်း'

သူ့စကားဆုံးတော့ ကျွန်တော် သဘောကျလွန်း၍ အသံထွက်အောင်ပင် ပြုံးလိုက်မိပါသည်။ ပြီးတော့မှ သတိပေးစကား ပြောလိုက်သည်။

'မင်း မြန်မာပြည် ပြန်ရောက်ပြီးလို့ လူကြီးလူကောင်း အဖြစ်နဲ့ ဂုဏ်သိက္ခာရှိရှိ နေချင်တယ်ဆိုရင် မင့်မရီး အပျိုကြီးနဲ့ နီးနီးကပ်ကပ် မနေမိဖို့ အရေးကြီးတယ်နော်၊ ရှင်းရှင်းပြောမယ်ကွာ၊ အိမ်ခွဲနေရင် အကောင်းဆုံးပဲ'

'ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့'

'ဘာဖြစ်လို့လဲဆိုတော့ မင်းသဘောပေါက်အောင် တို့ဆွေမျိုးစုရဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြမယ် နားထောင်၊ တို့အဖြစ်က နင့်ထက်ဆိုးတယ်ကွ'

\+ \+ \+

ကျွန်တော်တို့ဘကြီး ဦးကြာခိုင် အသက်ငါးဆယ်ကျော်မှာ ဆီးချုပ်ဝမ်းချုပ်ရောဂါနဲ့ ဆုံးတော့ ကြီးတော်က ရှိုးရှိုးအအ၊ မလုပ်တတ် မကိုင်တတ်နဲ့မို့ ကျွန်တော်တို့ ဒေါ်လေး မအေးကြွယ် (ဘကြီးကြာခိုင်ရဲ့ နှမအငယ်ဆုံး)က အိမ်ထောင်ကို ဦးစီးရတော့သည်။

ဘကြီးကြာခိုင်က ကျွန်တော့်အဖေရဲ့အစ်ကို တစ်ဝမ်းပဲကွဲသည်။ ဆွေမျိုးရင်းချာရုံသာမက အိမ်ချင်းကလည်း မဝေးလှဘဲ မျက်နှာချင်းဆိုင် မကျတကျ၊ ရှေ့နောက်ဝဲယာတို့မှာ ဆွေမျိုးတွေစုပြီး နေခဲ့ကြသည်။

ဘကြီးကြာခိုင် ဆုံးသည့်အချိန်က သူတို့လယ်မှာ စပါးမသိမ်းရသေး။ မိန်းမသားတွေချည်းဆိုတော့ မလုပ်တတ် မကိုင်တတ်မို့ ကြီးတော်ကြီးဘက်က စပ်နိုင်လျှင် ဆွေမျိုးတစ်စတော်သည့် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ရွာသား ကိုထွန်းမောင်ကို စာရင်းငှားအဖြစ် ခေါ်ရတော့ သည်။ ကိုထွန်းမောင်က အားကောင်းမောင်းသန် လူပျိုကြီးဖြစ်သည်။ လွှတိုက် အငှားလိုက်နေရာမှ လယ်စာရင်းငှားအလုပ် ရမည်ဆို၍ ဝမ်းသာ အားရလိုက်လာသည်။

အလုပ်ကြမ်းသမားပေမယ့် ရည်ရည်မွန်မွန်ရှိသည်။ ကိုရင်ဝတ်ဖြင့် သင်္ဂြိုဟ်ကိုးပိုင်းနှင့် သဒ္ဒါကြီးရှစ်စောင်ကို စာဝါ တစ်ကြိမ်စီပေါက်ပြီးသူ ဖြစ်သည့်အပြင် ဆရာတော်၏ လက်ရင်းတပည့် တစ်ဦးလည်း ဖြစ်သည်။

ကိုထွန်းမောင် အလုပ်စဝင်တော့ ရွာသူရွာသားတွေ ပြုံးကြသည်။ လူပျိုကြီး ထွန်းမောင်နဲ့ နုတ်သွက် လျှာသွက်၊ ခြေသွက် လက်သွက်၊ တစ်ကိုယ်လုံးသွက်နေတဲ့ အပျိုကြီးမအေးကြွယ်တို့ ဘယ်နေ့ ဘာဖြစ်ကြမလဲ မသိဆိုတာတွေးပြီး ပြုံးကြခြင်းဖြစ်သည်။ ပြုံးတဲ့အထဲမှာ ကျွန်တော်တို့ အိမ်က လူတွေလည်းပါသည်။

ဘကြီးဦးကြာခိုင်၏ အိမ်ခြံဝင်းထဲမှာ နွားကြီးလေးကောင် ချောင်ချောင်နေနိုင် အိပ်နိုင်သည့် နွားတင်းကုပ်ကြီးရှိသည်။ နွားတင်းကုပ် ဆိုပေမယ့် ရန်ကုန်မြို့သစ်တွေက သာမန်အိမ်တစ်လုံးလောက် ကြီးပါသည်။ နွားတဲကြီး၏ တစ်ဖက်စွန်းတွင် သာမန် မိသားစုတစ်စု နေနိုင်လောက်သည့် ကွပ်ပျစ်စင်မြင့်တစ်ခု ရှိသည်။ ကိုထွန်းမောင် လယ်ထဲမဝင်ရသေးမီ နွားတင်းကုပ်ကြီး၏ ကွပ်ပျစ်မှာ နေရန် နေရာချထားပေးသည်။ ထမင်းကိုတော့ ဒေါ်လေး မအေးကြွယ်တို့ အိမ်ကြီးပေါ်တက်ပြီး ကြုံသလိုစားရသည်။ အလေးအပေါ့ ကိစ္စကိုတော့ သီးသန့်ဆောက်ထားသည့် မိသားစု စုပေါင်းအိမ်သာမှာပင် တက်ရသည်။

ကောက်လျှင်ပေါ်ချိန်တွင် စပါးစသိမ်းရတော့မှာမို့ ကိုထွန်းမောင် လယ်ထဲဝင်ရသည်။ လယ်စောင့်တဲသို့ ထမင်းပို့ရန် တာဝန်ကို (လပြည့် လကွယ်နှင့် ရှစ်ရက် ဥပုသ်နေ့မှအပ) ဒေါ်လေး မအေးကြွယ် ဥပုသ်စောင့်သည့်နေ့တွင် ကျောင်းအားနေသည့် ကျွန်တော်တို့ ညီအစ်ကို မောင်နှမ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲ၊ သုံးဝမ်းကွဲတွေ ကြုံသလို တစ်လှည့်စီ ပို့ကြရသည်။ 'ဟဲ့ ဟိုကောင် ဗိုက်ကြီး လာစမ်း၊ ဟဲ့ ဟိုကောင်မ မိချစ်စုလာစမ်း၊ ထွန်းမောင်ကို ထမင်းသွားပို့ချေစမ်း' စသည်ဖြင့် ဒေါ်လေးက နာမည်တပ် ခေါ်ခိုင်းလျှင်လည်း အခေါ်ခံရသူ သွားပို့ရမြဲ ဖြစ်သည်။



ကောက်ကြီးပြတ်၍ တလင်းနယ်ချိန်လောက်ရောက်တော့ ဒေါ်လေး၏လေသံ ပြောင်းလာသည်။ 'ဟဲ့ ဘယ်သူအားလဲ၊ အားတဲ့အကောင် လာစမ်း၊ မောင်ထွန်းမောင်အတွက် ထမင်းသွားပို့ပေးကြပါဦး' ဟူ၍ ဖြစ်သည်။

တလင်းနယ်ပြီး၍ စပါးတွေ ချိန်တွယ်ရောင်းချနေချိန်မှာတော့ ဒေါ်လေး၏ ထမင်းပို့ အမိန့်သံသည် လုံးဝ ပြောင်းလဲသွားလေသည်။ 'ဟဲ့ ဗိုက်ကြီးရေ၊ ဟဲ့ ချစ်စုမရေ နင့်ဦးလေးကို ထမင်းသွားပို့ပေးပါဦးကွယ်' ဟူ၍ ဖြစ်သည်။

နင့်ဦးလေးတဲ့၊ ကျွန်တော်တို့ တူတွေတူမတွေ အသံမထွက်အောင်ရယ်ကြသည်။ လူကြီးတွေက တစ်ဖက်လှည့်ပြီး ကြိတ်ပြုံးကြသည်။ ကိုထွန်းမောင်ကြီးက ကျွန်တော်တို့ အစ်ကိုအကြီးဆုံးနှင့်မှ သက်တူရွယ်တူဖြစ်သည်။ အဲဒီတုန်းက ရှိလှမှ နှစ်ဆယ့်ကိုး သုံးဆယ်ခန့် ဖြစ်မည်။ ပိုဆိုးလာတာက 'မအေးကြွယ်ရေ မုန့်လေးလုပ်ချင်လို့ ကောက်ညှင်းဆန်လေးများ ရောင်းဖို့ရှိလား၊ အုန်းသီးခြောက်ကလေး များရဦးမလား' စသည်ဖြင့် တစ်စုံတစ်ယောက်က မေးလာလျှင် 'ကျွန်မ မသိဘူး၊ မောင့်ထွန်းမောင်ကိုမေး' ဟူ၍ပင် ဖြစ်နေလေပြီ။

အဲဒီနှစ်က စပါးအထွက်ကလည်း ကောင်း၊ စပါးဈေးကလည်း ကောင်း၍ ကိုထွန်းမောင်၏ အမေကို စပါးဆယ့်ငါးတင်းပေးပြီးသည့် အပြင် ဒေါ်လေးက ကိုထွန်းမောင်ကို ဆုချသည့်အနေဖြင့် ရှစ်ဆယ့်ငါးကျပ်တန် ရွှေရောင်ရိုးမားလက်ပတ်နာရီ ကုမ္ပဏီမှ မှာယူဆင်မြန်း ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စပါးပေါ်ချိန် ပွဲတော်ရက်နီးလာသောအခါ အထည်အဝတ်နှင့် ပစ္စည်းမျိုးစုံ လာရောင်းကြသော တစ်ရွာဝင်တစ်ရွာထွက် ဈေးသည်တွေနဲ့ အတူ ပုသိမ်ဘက်က သွားစိုက်ဆရာတစ်ဦးလည်း ပါလာ၍ ကျွန်တော်တို့ရွာနှင့် ပတ်ဝန်းကျင်ရွာများမှ အပျိုလူပျိုများအားလုံး ရွှေသွားတဝင်းဝင်း ဖြစ်ကုန်ကြသည်။ ကိုထွန်းမောင်ကြီးကလည်း ရွှေသွားစိုက်ချင်သည်ဆို၍ ဒေါ်လေး မအေးကြွယ်က သူတာဝန်ယူ ထိန်းသိမ်းထားသည့် ဘိုးဘွားပိုင် ရွှေတွေထဲက ရွှေတိုရွှေစလေးတွေကို ထုတ်ပေးလိုက်ပြန်သည်။ ဒေါ်လေး မအေးကြွယ်ကို ရပ်ရွာကသာမက ဆွေမျိုးတွေကပါ နှာခေါင်းရှုံ့စပြုလာပြီဖြစ်သည်။

တစ်ရွာလုံး ရွှေသွားတွေနဲ့ချည်းမို့ ဘယ်သူကြည့်လိုက်ကြည့်လိုက် အားလုံး ပြုံးရယ်နေတာ တွေ့ရသည်။ ဒီအထဲမှာ ကိုထွန်းမောင်ရဲ့အသားရောင်က မည်းပြောင်ပြောင်၊ ရွှေသွားအရောင်က တလက်လက်၊ လက်ပတ်နာရီအရောင်က တဝင်းဝင်းနဲ့မို့ ကြည့်သူမြင်သူတို့ မျက်စိကျိန်းကုန်ကြသည်။ သို့သော် လူတိုင်း ပြုံးရယ်နေကြ၍ စိတ်ချမ်းသာကြသည်။ တပေါင်းပွဲတော်ရက်မှာ ကိုထွန်းမောင်က သဲကြီးအဖြူရောင် ညှပ်ဖိနပ် ဝယ်စီးလိုက်သေးသည်။ သူ့ပိုက်ဆံနဲ့သူ ဝယ်တာလား၊ ဒေါ်လေးဝယ်ပေးတာလားဆိုတာတော့ ကွဲကွဲပြားပြား မသိရ၊ လယ်နုန်းမြေ တမန်းဆီဝနေသော သူ့ ခြေထောက်မည်းမည်းကြီးမှာ ဖိနပ်သဲကြီးက အဖြူမို့ အရမ်း ပေါ်လွင်နေသည်။

ရွာကာလသား လူပျိုတွေထဲမှာ ကိုထွန်းမောင်က လက်ပတ်နာရီနဲ့၊ ရွှေသွားနဲ့၊ ညှပ်ဖိနပ်နဲ့ ဆိုတော့ အသားနားဆုံး ရွာ့စူပါစတားဖြစ်နေတော့သည်။ ပြောရဲဆိုရဲမည်ဆိုပါက ရွာ့ကွမ်းတောင်ကိုင်နဲ့ သူကြီးသမီးကိုပင် ရနိုင်သည့်အဆင့်သို့ ရောက်နေသည်။ တခြား သူလိုငါလို သာမန် ရွာသူ အပျိုတွေကိုတော့ ကိုထွန်းမောင်ကသာ ကြိုက်တယ်ဆိုရင် အောင်သွယ် ဒေါ်ရွှေအိုကတစ်ဆင့် ပြောခိုင်းလိုက်လျှင် တစ်ခွန်းတည်းဖြင့် ကိစ္စပြီးသည်။ မဂ်လာရက် ရွေးပြီး ဝက်နှစ်ကောင် သတ်ရန်အတွက်သာ စီစဉ်ရမည်။

အဲဒီလို ပျိုတိုင်းကြိုက်တဲ့ ကိုထွန်းမောင် ဖြစ်နေပြီဆိုတော့



ဒေါ်လေးမအေးကြွယ်ကလည်း ကိုထွန်းမောင်ကို သူ့မျက်စိအောက်က အပျောက်မခံဘဲ အကြောင်းအမျိုးမျိုး အလုပ်အမျိုးမျိုးပြပြီး အိမ်ခြံထဲက ရွာထဲ မထွက်နိုင်အောင် လုပ်ထားရသည်။ ဒီကြားထဲကပဲ တစ်နေ့မှာ ဖြစ်ချင်တော့ ကိုထွန်းမောင်ကြီး အိမ်သာတက်နေစဉ် ဘကြီးကြာခိုင်ရဲ့ သမီးကြီး ကျွန်တော့်အစ်မ တစ်ဝမ်းကွဲ အပျို မတင်မြိုင်က တကယ်မသိလို့ မတော်တဆ ဖြစ်တာလား၊ သိလျက်နှင့် တမင် အကွက်ဆင်တာလား မသိ၊ အိမ်သာတံခါးကို တွန်းဖွင့် ဝင်မိပါလေရော၊ ကိုထွန်းမောင်ကလည်း လက်ပတ်နာရီပတ်၊ ခြေညှပ်ဖိနပ်စီးနေပေမယ့် ခပ်အအကြီးဆိုတော့ အစ်မ မတင်မြိုင် ဝင်လာတာကို ငုတ်တုတ်ကြီးထိုင်ပြီး ကြောင်အမ်း အမ်းကြီး ကြည့်နေသတဲ့။

သူ့ကိစ္စကလည်း တိုးလို့တန်းလန်းနဲ့ တူပါရဲ့။ မျက်လုံးကြီးပြူးပြီး ကြောင်ကြည့်နေသည်။ အဲဒီမှာတင် ကိုထွန်းမောင်ကြီးကိုအလစ်မပေးဘဲ အမြဲစောင့်ကြည့်နေသော ဒေါ်လေးမအေးကြွယ်နဲ့ ပက်ပင်းတိုးလေတော့ သည်။

'ဟော့ ဒါ ဒါဘာလုပ်နေကြတာလဲဟင်၊ နေ့လယ်ကြောင်တောင် ကြီး လူမြင်ကွင်းမှာ ခွေးဇာတ်ခင်းနေကြတာပေါ့၊ ဟုတ်လား'

အကျိုးအကြောင်း အခြေအမြစ် အဖြစ်အပျက် အမှန်အကန်ကို ဘာမျှ မစစ်ဆေး မမေးမြန်းဘဲ တစ်ခါတည်း စွပ်စွဲ အော်ဟစ်တော့သည်။

မတင်မြိုင်က သူ့အဒေါ်ကို မော်၍ပင် ကြည့်ရဲသူမဟုတ်သလို ကိုထွန်းမောင်ကြီးကလည်း အလုပ်ရှင်နှင့် အလုပ်သမားမို့ ကြောက်သူ နှစ်ယောက်တို့မှာ ဘာမှ ဖြေရှင်းထုချေခွင့်မရ။ ကိုထွန်းမောင်ကြီးမှာ အခင်းကြီးသွားနေဆဲမို့ သန့်ရှင်းရေးပင်မလုပ်ခဲ့ရဘဲ အိမ်သာထဲက ခုန်ထွက်ပြီး ခြေဦးတည့်ရာ ပြေးလေတော့သည်။

ကိုထွန်းမောင်ကြီးက သူ့အိမ်ရှိရာ ကျောက်ပါးစပ်ရွာသို့ ဦးတည် ပြေးသည်။ ပြေးစရာမရှိသည့် မတင်မြိုင်က ကိုထွန်းမောင်ကြီးနောက်ကို ရောယောင်ပြေးလိုက်ပြီး ကျောက်ပါးစပ်ရွာကိုပင် ရောက်သွားသည်။

နောက် တစ်ရက် နှစ်ရက်လောက်ကြာတော့ သတင်းရသည်။ ကျောက်ပါးစပ်ရွာမှ ရွာမိရွာဖလူကြီးတွေက ကန်တော့ပွဲတစ်ပွဲ တင်ခိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းမောင်နှင့် မတင်မြိုင်တို့ကို လက်ထပ် ထိမ်းမြားပေးလိုက်သည် ဟူ၍ ဖြစ်သည်။

အဲဒီသတင်းလဲကြားရော ဒေါ်လေးမအေးကြွယ်ဆောက်တည်ရာ မရ၊ ယမ်းပုံမီးကျ ဖြစ်နေတော့သည်။ ကိုထွန်းမောင်ကိုရော သူ့တူမကိုပါ ကိုယ်မှာရှိသမျှနဲ့ တိုင်းနိုင်းဆဲဆို ကြိမ်းမောင်း စောင်းမြောင်း အော်ဟစ်တော့သည်။

'သူဌေးသမီး ပဌာစာရီ ကျွန်ဒေါသရဲ့နောက်ကို လိုက်ပြေးတယ်ဆိုတာ မယုံခဲ့ဘူး၊ အခု ကိုယ်တွေ့ကြုံမှ ယုံတော့တယ်ဟေ့' ဟူ၍ ဝတ္ထုနိပါတ် ပိဋကတ် အကိုးအကားဖြင့် တစ်မျိုး။

'အရိပ်ခိုပြီး အခက်ချိုးစားတဲ့ အကြံသမား၊ သစ်တုံးဆွဲမျိုး၊ သေခြင်းဆိုးနဲ့ သေမယ့်အကောင်' ဟု တင်စား၍ တစ်ဖုံ။

'သားရေပေါ်အိပ် သားရေနားစားတဲ့ ဂုတ်ကျားမျိုး' ဟု နိုင်းနှိုင်း၍ တစ်သွယ်၊ စကားပရိယာယ်ကြွယ်ကြွယ်ဖြင့် အသံကုန်ဟစ်သည်။

'ကိလေသာမုဆိုး တို့အမျိုးမှာ ဒါမျိုး မရှိဘူးဟေ့၊ အရှက်ကို အသက်နဲ့ လဲပြမယ်'

နေ့စဉ်နှင့်အမျှ အော်ဟစ်နေလေတော့ အမြင်ကပ်လာသူတွေက 'အသက်နဲ့ လဲရင်လည်း မြန်မြန်လဲဟာ၊ နားငြီးတယ်' ဟု မကြားတကြား ပြောတာကို ကြားသွားသောအခါ ရှက်ပြီး အဆိပ်သောက်လိုက်တော့သည်။

ဘယဆေးဆိုင်က ဝယ်လို့ရတဲ့ စိန်နီနဲ့ သံပရာရည်ကိုရောဖျော်သောက်ရာ စိန်အထည့်နည်း၍ထင်သည် မသေဘဲ ဝမ်းတွေသာသွားသည်။ ဆရာတော်၏ ရေမန်း တစ်ခွက်တည်းဖြင့် သက်သာပျောက်ကင်းသွားသည်။

အဆိပ်သောက်၍ မသေသောအခါ အိမ်အပေါ်ထပ်မှာ ကြိုးဆွဲချပြန်သည်။

ဒုန်းဒုန်းဒိုင်းဒိုင်း အသံကြား၍ အပေါ်ထပ် ပြေးတက်ကြည့်ကြရာ လည်ပင်းမှာ ဖြစ်သလို ချည်ထားသော ကြိုးပြတ်ကလေးတစ်ပိုင်းကို ကိုင်ပြီး ထိုင်ငိုင်နေတာ တွေ့ကြရတော့သည်။ ကြိုးကသေးသေး



ခပ်ဆွေးဆွေးမို့ ပြတ်ကျပြီး မအောင်မမြင် ဖြစ်သွားပြန်သည်။

ဒေါ်လေး၏ အသက်အန္တရာယ်ကို ကာကွယ်ရန် အစောင့်ချထားသည့်ကြားက အလစ်မှာ ထွက်ပြေးသွားပြီး ရွာနောက်က ချောင်းထဲကို ခုန်ချလိုက်ပြန်သည်။

ကံကောင်းချင်တော့ ဒေါ်လေးခုန်ချသည့် နေရာက ရေကူးမတတ်သည့် ကလေးတွေ ရေချိုးဆိပ် ဖြစ်နေပြန်သည်။

တောရွာပီပီ ရေကူးတတ်သည့် ဒေါ်လေးကို ဘယ်သူမှ ဆင်းမဆယ်လိုက်ရဘဲ အအေးပတ်မှာကြောက်လို့ သူ့ဟာသူ ရေထဲကပြန်တက်လာတော့မှ ရွာကလူတွေ သိကြရတော့သည်။

ဒီလိုနဲ့ မိုးဦးကျလာသောအခါ လယ်အနိမ့်ပိုင်းတွေ ထယ်ခွဲရတော့မှာမို့ လူကြီးတွေက ဒေါ်လေးကို ချော့မော့ ဖျောင်းဖျပြီး ကိုထွန်းမောင်နဲ့ မတင်မြိုင်တို့ လင်မယားကို သွားခေါ်ရသည်။

မတင်မြိုင်မှာ ကိုယ်ဝန်လေးငါးလ ရနေပြီမို့ ဗိုက်ကလေးစူစူဖြင့် အိမ်ပြန် ရောက်လာသည်။ ကိုထွန်းမောင်နဲ့ မတင်မြိုင်တို့က ဒေါ်လေးကို ဦးချ ကန်တော့သောအခါ 'ငါ့ကို မတိုင်ပင်ဘဲနဲ့ ကိုယ်ထင်ရာကိုယ်လုပ်သွားကြလို့ ဝမ်းနည်းတာပါ' ဟု ပြောပြီး ငိုသည်။

အဲဒီနှစ်က ကိုထွန်းမောင်လယ်ထဲဝင်တော့ ထမင်းချက်ကျွေးရန် မတင်မြိုင်ပါ လယ်ထဲလိုက်ပါသွားသည်။ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေ ထမင်းသွားပို့စရာ မလိုတော့၍ 'ဗိုက်ကြီးရေ၊ ချစ်စူမရေ၊ နှင့်ဦးလေးကို' ဆိုသည့် နာခေါင်းသံကြီးကိုလည်း မကြားရတော့ပါ။

ထိုနှစ် မိုးမကုန်မီမှာပင် မတင်မြိုင် သမီးလေးမွေးပြီး မီးတွင်းထဲမှာ ဆုံးသွားရှာသည်။ မွေးဖွားမှု ကျွမ်းကျင်သူမရှိ၊ ဆေးဝါးကိရိယာက မပြည့်မစုံ၊ ရောင်စုံသူပုန်တို့ ကြီးစိုးရာ တောရွာဒေသမှာဖြစ်၍ ကျွန်တော့်အစ်မ မတင်မြိုင်ခမျာ ရေတိမ်မှာ နစ်ရရှာသည်။

မတင်မြိုင် ကွယ်လွန်သွားသောအခါ ကိုထွန်းမောင်ကြီး စိတ်တွေလေပြီး အရက်တွေ ဘာတွေ သောက်လာတော့သည်။ မတင်မြိုင်ရဲ့ သမီးလေးကိုတော့ တစ်ဆွေ တစ်မျိုးလုံးက သနားချစ် ချစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နို့ဘူးတိုက် မွေးရသူ ဒေါ်လေးမအေးကြွယ်ကတော့ ကလေးကို အကြောင်းပြုပြီး ကိုထွန်းမောင်ကြီးအနား ပိုကပ်လာတော့သည်။ ကိုထွန်းမောင်ကြီးလက်ထဲက ကလေးကို ဆွဲယူချော့မြှူရာမှာ လိုအပ်တာထက် ပိုပြီး ရင်ဘတ်ချင်း ကပ်လွန်းသည်ကို လူတိုင်း သတိထားမိသည်။

ညနေစောင်းလာ၍ ကိုထွန်းမောင်ကြီး အရက်သောက်ရန်သွားတော့မည့် အရိပ်အယောင်မြင်လျှင် 'ဟိုတစ်ယောက်က ထမင်းစားခါနီးမှ ဘယ်သွားဦးမလို့လဲ' ဟူ၍ လည်းကောင်း၊ ကိုထွန်းမောင်ကြီး အရက်သောက်ပြီး ခပ်ထွေထွေလေးဖြင့် အိမ်ရှေ့ ကွပ်ပျစ်မှာ အင်္ကျီကိုယ်ကျွတ်နှင့် အိပ်ပျော်နေလျှင် 'အအေးပတ်ပြီး သေတော့မှာပဲ၊ ထ အိပ်ရာထဲ သွားမယ်' ဟူ၍ လည်းကောင်း ဂရုတစိုက်ရှိလွန်းသည်။

ရွာတောင်ပိုင်းက အရက်ချက်ရောင်းသည့် နှစ်ခုလပ်မ မခင်မြင့်နှင့် ကိုထွန်းမောင်ကြီးတို့ ဘာလိုလို သတင်းထွက်ပြီး မကြာမီ မခင်မြင့် အိမ်ပေါ်မှာ ကိုထွန်းမောင်နှင့် ရွာသားတစ်စု အရက်သောက်နေကြစဉ် ဒေါ်လေး အေးကြွယ် ရောက်လာပြီး ကြမ်းတော့ ရမ်းတော့သည်။ ကိုထွန်းမောင်ကို ဆဲဆိုကြိမ်းမောင်း ဆွဲခေါ်သည့်အပြင် အယုတ္တ အနတ္တမျိုးကို စုံသွားသည်။

နှစ်ခုလပ်ဖြစ်သူ မခင်မြင့်က ရှက်လွန်း၍ ဘာမှ ပြန်မပြောသော်လည်း တစ်ခုမှ မလပ်ရသေးသည့် ကျွန်တော့်အဒေါ် အပျိုကြီး၏ အသံက တစ်ရွာလုံး ဆူညံသွားသည်။

ဆွေမျိုးစုထဲက လူကြီးတွေက ဒေါ်လေး မအေးကြွယ်၏ စိတ်ဆန္ဒကို ရိပ်စားမိသည့်အပြင် မတင်မြိုင် သမီးလေး၏ နောင်ရေးနှင့် ကြီးတော်ကြီးတို့၏ မိသားစု ဘဝရပ်တည်နိုင်ရေးအတွက် ကိုထွန်းမောင်ကြီးကိုလည်း လက်လွှတ်မခံနိုင်သည့် အခြေအနေဖြစ်နေ၍ ရပ်ရွာလူကြီး စုံရာရှေ့မှာပင် ဒေါ်လေးနှင့် ကိုထွန်းမောင်ကြီးတို့ကို လက်ထပ်ထိမ်းမြား ပေးလိုက်ရတော့သည်။ လူကြီးတွေက အလိုက်သိစွာဖြင့် ကာယကံရှင်တို့ အရှက်ပြေစေရန် ဟန်ဆောင်စကားလေး ပြောပေးရသည်။



'လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်တာကို မအေးကြွယ်က လဲ ကျေနပ်ပါကွယ်၊ ကဲ ကဲ လူကြီးမိဘတွေကို ကန်တော့ကြ'

တရားဝင် အကြင်လင်မယား ဖြစ်သွားကြပြီဆိုတော့ ဒေါ်လေးက ဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား မသိ ငိုသည်။

'မိသားစုတစ်ခုလုံးအတွက် ကျွန်မပဲ တစ်သက်လုံး ဒုက္ခခံသွားပါတော့မယ်၊ ဟင့်'

'သာဓု သာဓု သာဓု'

ရပ်ရွာ လူကြီးတွေနဲ့ ဆွေမျိုးမိဘတွေက သာဓု အနုမောဒနာ သုံးကြိမ်ခေါ်၍ မင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါတော့သည်။

(၁၉၈၅ ခုနှစ်၊ အသက် ၆၄ နှစ်တွင် ကွယ်လွန်သွားရှာပြီဖြစ်သော ဒေါ်လေး မအေးကြွယ်အား လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးကန်တော့ပါ၏။ ကိန္နရီချောင်းရွာသား အစ်ကိုကြီး ယောက်ဖဦးလေး ကိုထွန်းမောင်ကြီးအား ဆလန်ပေး အလေးပြုပါ၏။)

[ ချယ်ရီ။ ။ဩဂုတ်၊ ၁၉၉၂ ]

www.burmeseclassic.com



# ငါးသောင်းတန် ပက်ပ်စီကိုလာ ဒီပ်မက်

ကျွန်တော့် တစ်ဝမ်းကွဲအစ်ကို လူပျိုကြီး ကိုသင်းမောင်သည် ယနေ့ ညမိန်းမခိုးရမည်ဖြစ်၍ ရဲဆေးတင်သည့်အနေဖြင့် ရမ်သုံးပက်ကို အဝင်ကောင်း အောင်ဆိုပြီး ပက်ပ်စီကိုလာ တစ်ပုလင်းနဲ့ ရောသောက်ထားလိုက်သည်။

သူများသားသမီးကို တာဝန်ကြီး တစ်ခုအနေဖြင့် လုပ်ကျွေးရမှာ မသဒ္ဒါ၍ လူပျိုကြီးဘဝနဲ့ နေလာခဲ့တာ အသက် ငါးဆယ်ကျော်မှ မလွှဲသာ၍ ယနေ့ည မိန်းမယူရတော့မည် ဖြစ်သည်။

ယနေ့ည ၉ နာရီတွင် ရပ်ကွက်ဆွမ်းလောင်းသင်းဓမ္မာရုံဘေးက အမှောင်ရိပ်မှာ မချောခင်နှင့် ဆုံကြရန် ချိန်းဆိုထားသည်။ အခုမှ ခုနစ် နာရီပဲ ရှိသေးသည်။ အိမ်ကထွက်ပြီး ဆယ်မိနစ်ခန့် လမ်းလျှောက်သွားလိုက်ရုံဖြင့် ဓမ္မာရုံ အမှောင်ရိပ်ကို ရောက်နိုင်သည်။ အချိန် အများကြီးလိုသေးသည်။ အပေါ်ထပ် ထပ်ခိုးဝရုံတာကို ခေါင်းတိုက်ပြီး သင်ဖြူးဖျာတစ်ချပ်ခင်းလိုက်သည်။ ခေါင်းအုံးနှစ်လုံးဆင့်အုံးပြီး ဖက်ခေါင်းအုံးရှည်ကြီး ဖက်အိပ်လျက် ဒူးယားတစ်လိပ် မီးညှိဖွာလိုက်သည်။ အောက်ထပ်က ဘုရားစင်ရှေ့မှာ မီခင်ကြီး ဘုရားရှိခိုးပြီး ဂုဏ်တော်ပုတီးစိပ်နေတာကို မြင်နေရသည်။

အဖေဆုံးပြီးကတည်းက သည်အမေအိုကြီးကို ပြုစုစောင့်ရှောက်ပြီး လူပျိုကြီးဘဝနဲ့နေလာခဲ့သည်။ သွေးသား ဆန္ဒပြဿနာတွေကို လက်လီစနစ်ဖြင့် ဖြေရှင်းလာခဲ့ရာ အသက် ငါးဆယ်ကျော်မှ ပြဿနာ ပေါ်တော့သည်။

ရပ်ကွက်ဈေးထဲမှာ အထည်ဆိုင်ဖွင့်ပြီး အဝတ်ဟောင်းအပေါင်ခံ ပြန်ရောင်းသည့် မုဆိုးမ မချောခင်ကို အချောင်ရမလားလို့ ပိုးကြေးပန်းကြေးပေးသည့်အနေဖြင့် ငွေထုတ်ချေးခဲ့သည်။ တစ်ရာကို သုံးကျပ်တိုး ပေးပါမည်၊ ကူညီပါ အစ်ကိုသင်းရယ်ဟု ခြင်ထောင်ထဲမှာ ပြောသည့် လေသံမျိုးနဲ့ ညုတုတုလေး



www.burmeseclassic.com



ပြောပြီး ချေးခဲ့သဖြင့် ခေါင်းညိတ်လိုက်မိသည်။ ဝန်ထမ်း အသက်အာမခံ စုငွေနှင့် အတွင်းပစ္စည်းအချို့ကို ထုခွဲရောင်းချလို့ရတာလေး စုပေါင်းပြီး ငွေငါးသောင်းတိတိ မချောခင်ကို ထုတ်ချေးခဲ့သည်။

ဌာနဆိုင်ရာမှရမည့် လုပ်သက်ပင်စင် လစာငါးရာနှင့် မချောခင်ထံမှ ရမည့်အတိုးငွေ တစ်ထောင့်ငါးရာပေါင်းလျှင် လစဉ်ဝင်ငွေ နှစ်ထောင်ကျပ်ဖြစ်မည်။ အိမ်စရိတ်က တစ်လမှ တစ်ထောင်လောက်သာကုန်၍ သားအမိနှစ်ယောက်လောက်သည့်အပြင် ပို၍ပင် နေသေးသည်ဟု တွက်ထားခဲ့သည်။ ငွေထုတ်ချေးပြီး တစ်လ နှစ်လလောက်သာ မချောခင်ဆီကအတိုးကို ပြည့်ပြည့်ဝဝ ရခဲ့သည်။ နောက်ပိုင်းလတွေမှာတော့ ငါးရာကျန်၊ တစ်ထောင်ကျန်ဖြင့် မူမမှန် ဖြစ်လာသည်။ နောက်ဆုံးတော့ ထုံးစံအတိုင်းပေါ့။ 'လုံးဝ အတိုးမပေးနိုင်တော့ပါဘူး၊ အရင်းကိုသာ တဖြည်းဖြည်း ဖွဲ့ဆပ်သွားပါရစေ' ဟု တောင်းပန်သလိုလိုဖြင့် ခပ်တင်းတင်း ပြောလာတော့သည်။ ပြောသာ ပြောသော်လည်း မချောခင်ထံမှ အသံကိုသာ ကြားရသည်။ မချောခင်ထံမှ နောက်ထပ် တစ်ပြားမှ ထွက်မလာတော့ပါ။


မချောခင်က မော်လမြိုင်သူ လုံးကြီးပေါက်လှ၊ သားတစ်ယောက် သမီးတစ်ယောက်ရပြီး မုဆိုးမ ဖြစ်ခဲ့ရသည်။ လင်သေပြီးစ အရွယ်မကျသေးတော့ မှောင်ခိုခေတ်မှာ မြိုးမြိုးမြက်မြက်ကလေး အလုပ်ဖြစ်လိုက်သေးသည်။ ခေတ်ကုန်တော့ ဒုံရင်းပြန်ဆိုက်ပြီး ခြောက်ကပ်ကပ် ရပ်ကွက်ဈေးထဲက အဝတ်ဟောင်းဆိုင်မှာပဲ ပြန်ထိုင်ရတော့သည်။ ရပ်ကွက်ဈေးက ခြောက်ကပ်ပေမယ့် မချောခင်ဆိုင်က မခြောက်။ ကိုသင်းမောင်ကြီးထံမှ ရထားသည့် ငွေတွေကို နှေပြန်တိုး ပေးထားတော့ အတိုးလာဆပ်ကြသည့် ခေါင်းရွက်ဗျတ်ထိုး ဈေးသည်လေးတွေနဲ့ စိုပြည် ဆူညံနေလေ့ရှိသည်။

အသက်လေးဆယ်ကျော်ပေမယ့် ဆင်တတ်ပြင်တတ် ဝတ်တတ်စားတတ်တော့ တင်းတင်းရင်းရင်း မို့မို့မောက်တွေက ကျန်သေးသမို့ သူ့ဆိုင်မှာ မဝယ်ဘဲ ထိုင်သူတွေဖြင့် စည်ကားနေလေ့ရှိသည်။ အဲဒီအထဲမှာ ကျွန်တော့်အစ်ကို လူပျိုကြီး ကိုသင်းမောင်လည်း ပါသည်။



ငွေငါးသောင်း ထုတ်ချေးထားသူဆိုတော့ ဦးစားပေးအဆင့် သတ်မှတ်ခြင်းခံရသည့်အပြင် ထမင်းချိုင့်ဖွင့်ကျွေး၊ လက်ဖက်သုပ် ဂျင်းသုပ်ကလေးများ ချကျွေးပြီး ညှော်ခံရသူများ စာရင်းမှာလည်းပါသည်။

မချောခင်အနီးမှာ ကပ်ထိုင်ပြီး ငွေငါးသောင်း ပြန်လည်ရရှိရေးအတွက် နောက်သလိုလိုနဲ့ချောက်၊ မြှောက်သလိုလိုနဲ့ချော့ပြီး တောင်းပါသော်လည်း အာညောင်းတာသာ အဖတ်တင်သည်။ ဘာအကြောင်းမှ ထူးလာဖို့ မမြင်သောအခါ 'ဖွတ်မရ ဓားမဆုံး ဆိုတာမျိုးတော့အဖြစ်မခံဘူး။ ဓားမဆုံးမည့်အတူတူ ဖွတ်မကိုရအောင်ယူမည်' ဟု ကြံစည်ရတော့သည်။



'မချောခင်မှာ သားနဲ့သမီးကလည်း လူပျိုပေါက်အပျိုပေါက်တွေ ဖြစ်ကုန်ကြပြီပဲ၊ မျက်နှာလွှဲလို့ရပါပြီ၊ အရွယ်လေးရှိတုန်း အားကိုးလောက်တဲ့ ယောကျ်ားတစ်ယောက်တလေကိုများ မစဉ်းစားတော့ဘူးလား၊ မိန်းမသားဆိုတာ ယောကျ်ားမဟုတ်တဲ့အတွက် အဖြစ်က မစွံ အတက်ကမချွန်တော့ ကြက်မတွန်လို့ မိုးမလင်းဘူး မချောခင် စဉ်းစားဦးနော် ဟင်း ဟင်း'

လက်ဖက်ကလေးတစ်တို့ ကောက်ဝါးရင်း နောက်သလိုလို ချောက်သလိုလိုလေသံဖြင့် ကာရန်နဘေလေးရော၍ ခပ်သောသော သွေးတိုးစမ်းကြည့်လိုက်သည်။

'အောင်မယ်လေး ဒီအတွက်တော့ မပူပါဘူး ကိုသင်းမောင်ရယ်၊ ကြက်မတွန်လို့ မိုးမလင်းတာမှန်ပါတယ်၊ ကြက်ဖတွေတွန်လို့ မိုးလင်းတာလည်း မဟုတ်ပါဘူး၊ မိုးလင်းလို့ ကြက်ဖတွေကတွန်တာပါ၊ ကလေးတွေအဖေ ဆုံးပြီးကတည်းက ဘယ်ယောကျ်ားကိုမှ အားမကိုးဘဲ သားနဲ့သမီး ကျွေးမွေးစောင့်ရှောက်လာခဲ့တာ ရှင်အသိပဲ မဟုတ်လား၊ ထမင်းတစ်လုပ် စားရဖို့အတွက်တော့ ဘယ်သူ့မှ အားမကိုးဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှင် သဘောပေါက်'

ဈေးသည်ပီပီ ဒိုးဒိုးဒေါက်ဒေါက် ဘိုးဘိုးဘောက်ဘောက်ပြန်ပြောချလိုက်တော့ ဘာပြန်ပြောရမှန်း မသိအောင် အကြပ်တွေ့သွားသည်။ နှစ်ဆယ်ရာစုနှစ် တက္ကသိုလ်မှာ ဘွဲ့ရခဲ့သော်လည်း လူပျိုလှည့်ရာမှာတော့ ကုန်းဘောင်ခေတ် မူကြိုအဆင့်သာရှိသူမို့ လိုရင်းကို မရောက်နိုင်ဖြစ်နေသည်။ သို့သော် ဖောင်ဖျက်ပြီး နောင်ရိုးတိုက်ပွဲ နွှဲနေရသူမို့ နောက်မဆုတ်သာတော့ဘဲ တတ်သလောက် မှတ်သလောက် စကားပရိယာယ်လေးများဖြင့် သွယ်ဝိုက်ပြီး ခရီးဆက်နေရတော့သည်။

'အားကိုးဖို့ရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ မချောခင်ရယ်၊ စေတီပုထိုးမှာလည်း ထီးတော်ရှိမှ တင့်တယ်တယ်၊ မြင်းရထားမှာလည်း အလံ တံခွန်ရှိမှ တင့်တယ်တယ်၊ မိန်းမသားမှာလည်း လင်သားရှိမှ တင့်တယ်ဆို မဟုတ်လား၊ ဒါ ပြောချင်တာပါ'

'မိန်းမပဲဖြစ်ဖြစ် ယောကျ်ားပဲဖြစ်ဖြစ် ဂုဏ်သိက္ခာရှိရှိနေရင် မတင့်တယ်စရာ အကြောင်း ဘာမှမရှိဘူး၊ လင်ရှိမယားရှိပြီး သိက္ခာသမာဓိ မရှိရင်သာ မတင့်တယ်တာပါတော်'

ခက်တော့နေပါပြီ။ မိန်းမပျက်တွေကို လက်လီဈေး စကားပြောရာမှာ အဆင်ချောသလောက် မုဆိုးမ ဈေးသည် မချောခင်ကို ပုတ်ပြတ်ချိန်ရာမှာ အံမဝင် မြောင်းမတည့် ဖြစ်နေသည်။

'လူ့ဘဝမှာ သိက္ခာသမာဓိရှိရုံနဲ့ ဘယ်ပြည့်စုံပါ့မလဲ မချောခင်ရယ်၊ သွေးသားက ဆန္ဒပြတောင်းဆိုတတ်တဲ့ လူ့သဘာဝ အခွင့်အရေးကို ဂုဏ်သိက္ခာ ထိခိုက်မှာစိုးလို့ ထိန်းချုပ်အောင့်အီး မျိုသိပ်နေရရင် ဘယ်တရားပါ့မလဲ၊ မချောခင်လို အရွယ်ကောင်း ကျန်းမာရေးကောင်းတဲ့သူ အနေနဲ့ ရင်းနှီးတဲ့ အတွင်းသိ အစင်းသိတွေထဲက လွတ်လွတ်လပ်လပ် ယောကျ်ားတစ်ယောက်ကို ယူမယ်ဆိုရင် ဂုဏ်သိက္ခာ ထိခိုက်နိုင်စရာအကြောင်း မရှိပါဘူးဗျာ'

မချောခင်ကို သူ့လို နုံတုံတုံ အတတမျှား ထင်သလား မသိ။ သူ့ဟာ သူပြောပြီး မလုံမလဲနဲ့ ခေါင်းကြီးငုံ့ထားတော့ မချောခင်က ပြုံးလိုက်သည်။



'ဒီမှာ ကိုသင်းမောင် ရှင်းရှင်းနဲ့ ဘွင်းဘွင်းပြောစမ်းပါ၊ ရှင်ကျွန်မကို လူပျိုစကား လာပြောနေတာလား၊ ရှင့်လိုလူကိုသာဆိုရင် ကျွန်မဘက်က ဘာမှငြင်းစရာအကြောင်း မရှိဘူး၊ အဲ တစ်ခုတော့ ပြောစရာရှိတယ်'

'ရှင့်ကို ယူလိုက်ရင် ငွေငါးသောင်း ပြန်မဆပ်နိုင်လို့ လူကိုထိုးဆပ်လိုက်ရတယ်လို့ ပြောကြမှာ ကျွန်မ မခံနိုင်ဘူးရှင့်'

'ပြောချင်တာတွေ ပြောကြပါစေ မချောခင်ရယ်၊ ကိုယ်တို့နှစ်ယောက် အချင်းချင်း နားလည်ပြီး သဘောတူလို့ ကြည်ဖြူရင်ပြီးတာပဲ မဟုတ်လား၊ ပတ်ဝန်းကျင်ကို ဂရုစိုက်မနေစမ်းပါနဲ့'

ကိစ္စက ပြီးချင်တော့လည်း လွယ်လွယ်နဲ့ ပြီးသွားသည်။ ဒါပေမယ့် မချောခင်က သားနဲ့ သမီးအပြင် ယောက္ခမ၊ ယောင်းမတွေနဲ့ တိုင်ပင်ပါရစေ၊ တစ်ပတ်လောက် အချိန်ပေးပါဟု ပြော၍ အောင့်ပြီး စောင့်လိုက်ရသေးသည်။ တစ်ပတ်ပြည့်သည့်အခါမှာတော့ မချောခင်ထံမှ တိကျသည့် အဖြေကိုရသည်။ လာမည့်စနေနေ့ည ကိုးနာရီမှာ ရပ်ကွက် ဆွမ်းလောင်းသင်း ဓမ္မာရုံအမှောင်ရိပ်က စောင့်နေပါ၊ အဝတ်အစား အပြည့်အစုံဖြင့် ယောက္ခမ ယောင်းမတွေအလစ်မှာ အိမ်က ထွက်ပြေးလာခဲ့ပါမည်ဟု ဆိုသည်။ ကိုသင်းမောင်ကြီး ဝမ်းသာလွန်း၍ နားရွက်တွေ ထူပူပြီး ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။

'ပြောသလိုလုပ်နော် ကိုသင်းမောင်၊ သစ္စာမရှိရင် ကတိမတည်လို့ ကျွန်မ အရှက်ကွဲရင်တော့ ရှင်နဲ့ကျွန်မ သေခန်းပြတ်ပဲ'

'စိတ်ချစမ်းပါ ချောရယ်၊ ဒီစကားတွေက ကိုသင်း ပြောရမယ့် စကားတွေပါ'

နာမည်ကိုတောင် အပြည့်မခေါ်တော့ဘဲ ချောတွေ သင်းတွေဖြစ်နေပေပြီ။ မချောခင်က အသက်လေးဆယ်ကျော်ပေမယ့် အရွယ်မကျ၊ အသားအရေ စိုပြေလှပနေဆဲဖြစ်သည်။ မချောခင်အနားကပ်လိုက်လျှင် အမြဲရလေ့ရှိသည့် ကိုယ်သင်းနံ့ သင်းပျံ့ပျံ့လေးကိုက စွဲမက်စရာဖြစ်နေသည်။ အပေါ်ထပ်ခိုးပေါ်က သင်ဖြူးဖျာပေါ်မှာ အတူ လဲလျောင်းပြီး လှပနေသေးသည့် မချောခင်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုသင်းက အသက် ငါးဆယ်ကျော်ပေမယ့် လူပျိုစစ်စစ်ပါဗျ'

'ချောကလည်း လေးဆယ်ကျော် မုဆိုးမပေမယ့် လင်သေတာ အနှစ်နှစ်ဆယ်ရှိပြီမို့ အပျိုစစ်စစ်လို ပြန်ဖြစ်နေပါပြီ ကိုသင်းရယ်'

'အဲဒါကြောင့် ဟောဒီက ကိုသင်းက မက်ရတာ ချစ်ရတာဗျ'

အားမလို အားမရ ဖြစ်လာ၍ မချောခင်၏ ပြည့်ပြည့်ဖြိုးဖြိုး ဖုဖုထစ်ထစ်ကလေးတွေကို ဖက်ထားလိုက်မိသည်။ မချောခင် ဆန္ဒတွေ နိုးကြွဟန်တူသည်၊ အခန်းထဲ ဝင်ကြရအောင်ဟု ကိုသင်းမောင်ကို ဆွဲခေါ်နေသည်။

'ကဲ အိမ်ခန်းထဲ ဝင်ကြရအောင်၊ လမ်းထိပ်က ကင်းတဲက သံချောင်းခေါက်ပြီ၊ ဘယ်နှစ်နာရီထိုးပြီလဲ မသိဘူး'

ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင်

ကိုသင်းမောင် အိပ်နေရာမှ လူးလဲထလိုက်သည်။ ဖက်ထားသည့် ဖက်ခေါင်းအုံးကြီးကို တွန်းဖယ်လိုက်ပြီး လက်က နာရီကို ကြည့်လိုက်ရာ ညဆယ်နာရီထိုးပြီးနေပြီ ဖြစ်သည်။ အဝတ်အစားလဲဖို့တောင် သတိမရနိုင်တော့ဘဲ အပေါ်ထပ် ထပ်ခိုးပေါ်မှ ပြေးဆင်းပြီး အိမ်ခြံပေါက်ဝအထိ ထွက်၍ ဆွမ်းလောင်းသင်း ဓမ္မာရုံဘက်သို့ လှမ်းမျှော် ကြည့်လိုက်သည်။

အိမ်ထဲရောက်တော့လည်း ဆောက်တည်ရာမရ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ ဖြစ်နေသည်။ 'သစ္စာမရှိ ကတိမတည်လို့ ကျွန်မ အရှက်ကွဲရင်တော့ ရှင်နဲ့ ကျွန်မနဲ့ သေခန်းပြတ်ပဲ' လို့ မျက်စောင်းခဲပြီး ပြောခဲ့သော မချောခင်၏ အသံကြီးကိုသာ ကြားယောင်နေပါတော့သည်။

[ ရွှေအမြုတေ။ ။ မေ၊ ၁၉၉၃ ]



www.burmeseclassic.com

www.burmeseclassic.com



# ဆရာတစ်ယောက် နောက်ထပ်တိုးခြင်း

'အစ်ကိုကြီး ကိုစိုးလှိုင် မဟုတ်လား'

လေဟာပြင်ဈေးထဲက ကားတွေရပ်သည့်နေရာမှာ ကိုအဏ္ဏဝါကို တစ်စုံတစ်ယောက်က လှမ်းနှုတ်ဆက်လိုက်သဖြင့် ကိုအဏ္ဏဝါ အလွန်အံ့သြသွားလေသည်။ နှုတ်ဆက်ခံရ၍ အံ့သြခြင်းမဟုတ်။ အစ်ကိုကြီး အခေါ်ခံရ၍ အံ့သြသွားရခြင်းဖြစ်သည်။ ကိုအဏ္ဏဝါ၏ ဗိုက်ပူထိပ်ပြောင်အင်္ဂါရပ်ကြောင့် အသက်သုံးဆယ် အရွယ်ကစပြီး ဦးလေးအခေါ်ခံခဲ့ရသည်။ ယခုအသက်ငါးဆယ်ကျော် အရွယ်ရောက်မှ အစ်ကိုကြီးဟု အခေါ်ခံရ၍ အံ့သြဝမ်းသာသွားခြင်းလည်း ဖြစ်နိုင်သည်။ သို့သော်ခက်တာက ကိုအဏ္ဏဝါကို အစ်ကိုကြီးဟု ခေါ်လိုက်သူမှာ ချောချောလှလှ အမျိုးသမီးမဟုတ်ဘဲ အသားမည်းသည့်ကုလားငနဲလေးတစ်ကောင် ဖြစ်နေပါသည်။


'ဟုတ်ပါတယ်'

ချောချောလှလှ အမျိုးသမီးမဟုတ်၍ ထင်သည်။ ကိုအဏ္ဏဝါ ဖြေသံက ဘုဆတ်ဆတ်မာကျောနေသည်။ ရာရာစစ ငါကဲ့သို့သော သဘော်သားကြီးကို မလောက်လေး မလောက်စား ကုလားလေး တစ်ယောက်က နာမည်တပ်ပြီး အစ်ကိုကြီး ခေါ်ရမလားဟု မကျေမနပ်ဖြစ်ဟန်လည်း တူသည်။ သို့သော်လည်း ကုလားလေးသည် ကိုအဏ္ဏဝါကဲ့သို့ပင် ကားပတ်ကင်လုပ်ပြီး အက်စ်အီးကားပေါ်က နှုတ်ဆက်ခြင်းဖြစ်သည်။

'အစ်ကိုကြီးကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် စွန်နယားလေ'

'အင်း ဆောရီးပဲကွာ၊ ကောင်းကောင်း မမှတ်မိဘူး ဖြစ်နေတယ်'

စွန်နယားဆိုသူ ကုလားလေးက သူ့ကားကို နေသားကျအောင် တံခါးပိတ်သော့ခတ်ပြီး ကိုအဏ္ဏဝါအနားသို့ လာ၍ လက်ဆွဲ နှုတ်ဆက်သည်။ ကိုအဏ္ဏဝါ၏ လက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ထားလျက် သူသည် ဟိုလွန်ခဲ့သည့်အနှစ် နှစ်ဆယ်ကျော်က စစ်တွေရေယာဉ်စုမှာ ထမင်းကျန် ဟင်းကျန်ကပ်စားပြီး လုပ်အားပေးနေခဲ့သည့် ကုလားလေး စွန်နယားလေဟု ပြောတော့မှ ကိုအဏ္ဏဝါ မှတ်မိသွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



'အောင်မယ် ခွေးမသား စွန်နယား၊ မင်း တယ်ကြီးပွားနေပါလား ကွ၊ ဟေ ကြည့်စမ်း အက်စ်အီးတွေ ဘာတွေနဲ့'

ကိုအဏ္ဏဝါတို့ကတော့ အလိုက်ကန်းဆိုးမသိစွာ အောက်ခြေလွတ်တဲ့နေရာမှာ ဂိတ်ကိုဆုံးပါရော၊ အက်စ်အီးကားသစ်ကြီး စီးလာသူကိုပင် လူရှေ့သူရှေ့မှာ ခွေးမသားဟု အော်ပြီး နှုတ်ဆက်ပြလိုက်ပြန်ပြီ။ ဒါပေမယ့် ကိုအဏ္ဏဝါ၏ ငယ်နိုင်ဖြစ်ဟန်တူသည့် ကုလားလေးက စိတ်မဆိုးသည့် အပြင် နှစ်ပေါင်းများစွာ ကွဲကွာနေသည့် ကိုအဏ္ဏဝါနဲ့ ပြန်တွေ့ရတာကိုပဲ အတော်ဝမ်းသာနေပုံရသည်။

'လာ အစ်ကိုကြီး တစ်ခုခုစားရင်း စကားပြောရအောင်'

စွန်နယားက လက်ဆွဲခေါ်ပြီး တစ်ခုခု စားပါရန် ကျွေးသော်လည်း ဘာမှ မစားချင်သည့် ကိုအဏ္ဏဝါက စကားပြောရလျှင် ပြီးရောဆိုပြီး နီးရာ အအေးဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ကြသည်။

'ကဲ လုပ်စမ်းပါဦး၊ မင်းက ဘယ်လိုဖြစ်ပြီး အခုလို ကုန်းပေါ် ရောက်နေတာလဲ'

စွန်နယားက ကိုအဏ္ဏဝါ၏ အမေးကို မဖြေသေးဘဲ ကိုအဏ္ဏဝါကို ပြုံးကြည့်နေသည်။ စွန်နယား၏ အပြုံးထဲမှာ လူ့ဘဝတစ်ခုစီ၏နက်ရှိုင်းသော ကံကြမ္မာ အလှည့်အပြောင်းဆိုင်ရာ အဘိဓမ္မာတွေ၊ ဒဿနတွေ ပါကောင်းပါနေပေလိမ့်မည်။ တစ်ခါတုန်းက လစာတစ်ရာ့ငါး မတ်စား ဘဝနဲ့ မြောင်းထဲ ရောက်နေခဲ့တဲ့ ကိုအဏ္ဏဝါတောင် ယနေ့တိုယိုတာကိုရိုလာ စီးပြီး ကုန်းပေါ်ရောက်နေပြီပဲဗျာဟု ပြောနေတာလည်း ဖြစ်ကောင်းဖြစ်မည်။ ဘဝဆိုတာ လျှော့တွက်ထားလို့မှ မရပေပဲကိုး။



ကိုအဏ္ဏဝါ ရေတပ်သားဘဝတုန်းက ရခိုင်ရေတပ်စခန်း လက်အောက်ခံ စစ်သင်္ဘောတစ်စီးမှာ တာဝန်ကျဖူးသည်။



အဲဒီသင်္ဘောမှာ ကိုအဏ္ဏဝါက မက်စ်အင်ချက်ခေါ် အစား အသောက်တာဝန်ခံဖြစ်၍ အရာရှိနှင့် ရဲဘော်များ နေ့စဉ်စားသောက်ရန် ဈေးဝယ်သည့်တာဝန်ကိုယူရသည်။ စစ်တွေ ဈေးကြီးသို့ ကိုအဏ္ဏဝါ ဈေးဝယ်သွားပြီဆိုလျှင် ကုလားလေး စွန်နယားက ဈေးခြင်းထမ်းရန် ကိုအဏ္ဏဝါ၏ နောက်က လိုက်ရသည်။ အဲဒီတုန်းက စွန်နယား၏ အသက်ဆယ့်ငါး နှစ်ခန့်သာ ရှိပေလိမ့်မည်။ ရဲဘော်တွေ မဝတ်ချင်တော့၍ ချွတ်ပစ် ထားသည့် ဘောင်းဘီအကျႌ နွမ်းနွမ်းပွပွကြီးတွေကို ဝတ်ထားသည်။ အရာရှိနှင့် ရဲဘော်များစားပြီး ကျန်သည့် ထမင်းကျန် ဟင်းကျန်တွေကို စားသည်။ ခိုင်းတာကို မညည်းမညူလုပ်သည်။ သင်္ဘောမှာရှိသည့် မိုးရေကာဖျင် တာပေါ်လင် အဟောင်းအစုတ်တွေကို ခင်းတာခင်း၊ ခြုံတာခြုံပြီး ကြုံရာမှာအိပ်သည်။ နိုးသည့်အချိန်မှာထပြီး ခိုင်းတာလုပ်သည်။

စွန်နယားသည် အဖေနှင့် အမေဆိုတဲ့ လူသားနှစ်ဦးကို မမြင်ဖူး၍ လူ့ဘဝကို ဘယ်ပုံဘယ်နည်းနဲ့ ရောက်လာသည်ကို သိသူမဟုတ်။ သူ့ဘဝကို သူမှတ်မိသည့်အချိန်မှာ စစ်တွေမြို့အပြင်ဘက်ရှိ ကုလားရပ်ကွက်ထဲက တဲအိမ်လေးတစ်လုံးမှာ သူ့အဘိုး ကုလားကြီးနဲ့အတူ နေရတာက စပြီး မှတ်မိနေသည်။ သူ့အဘိုးပြောပြလို့ ဝိုးတိုးဝါးတား ကြားသိရတာက သူ့ကိုမွေးပြီး သူ့အမေသေတော့ သူ့အဖေ ကလေကချေက အိမ်နားယာနား မကပ်တော့ဘဲ ခြေရာဖျောက်သွားတော့သည်ဟု ဆိုပါသည်။ သူ့အဘိုး မွေးထားသည့် ဆိတ်မကြီးကို နို့ညှစ်ရောင်းပြီး ရသည့်ပိုက်ဆံတစ်ကျပ်ခွဲနှစ်ကျပ်ဖြင့် ဆန်ဝယ်ဆားဝယ်ပြီး မြေးအဘိုး နှစ်ယောက် စားနေခဲ့ကြရသည်။ ကလေးဘဝမှာ မုန့်ဆိုတာ တစ်ခါမှ မစားဘူးဘဲ လမ်းပေါ်မှာကြွေကျနေသည့် သရက်သီး၊ မရမ်းသီးအပုပ် အမှည့်တွေကိုသာ ကောက်စားခဲ့ရသည်ဟု ဆိုသည်။ စွန်နယား အသက်တစ်ဆယ့်သုံးနှစ်ခန့်အရွယ်တွင် စွန်နယားတို့ ရပ်ကွက်ထဲသို့ မျက်စိလည်ပြီး ရောက်လာသော ရေတပ်သား ရဲဘော်တစ်ယောက်နှင့် စွန်နယားတို့ မိတ်ဆွေဖြစ်ကြပြီး အဆိုပါရဲဘော်က စွန်နယားကို သူ့သင်္ဘောသို့ ခေါ်လာခဲ့သည်ဟု ဆိုပါသည်။ သင်္ဘောပေါ် ရောက်တယ် ဆိုရင်ပဲ စွန်နယားသည် သူ့အဘိုး၏ တဲကလေးသို့ မပြန်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောမှာပဲ နေတော့သည်ဟု ဆိုသည်။ ကိုအဏ္ဏဝါ အဲဒီသင်္ဘောကို ရောက်သွားသောအခါ စွန်နယားက စီနီယာ သင်္ဘောသား ဖြစ်နေပေပြီ။

ကိုအဏ္ဏဝါ မက်စ်အင်ချက်ဖြစ်ပြီး ဈေးဝယ်ထွက်ရသောအခါ စွန်နယားကို အားကိုးအားထားပြုရသည်။ ဘာပစ္စည်း ဘယ်မှာရသည်၊ ဘယ်ဈေးသည်က ဈေးသက်သာသည်၊ ဘယ်ဈေးသည်က အလေးခိုးသည် စသည်တို့ကို စွန်နယားသိသည်။ စစ်တွေ ဈေးကြီးထဲက သားငါးပုစွန် ဈေးသည်တွေကလည်း ရေတပ်သင်္ဘောတွေက ဈေးဝယ်သူတွေကို ဈေးရောင်းချင်၍ စွန်နယားကို ပေါင်းထားကြရသည်။ လက်ဖက်ရည်ခေါ်တိုက်သူ၊ မုန့်ဝယ်ကျွေးသူတွေ ရှိနေသည်။ ရဲဘော်တွေ လခထုတ်ရက်ဆိုလျှင် စွန်နယားရဲ့ အိတ်ကပ်ထဲမှာ ငွေနဲ့ကြေးနဲ့ပင် ဖြစ်နေတတ်သည်။ ကိုအဏ္ဏဝါ ဆင်မြန်းပေးထားသည့် လုံချည်အသစ် အင်္ကျီအသစ်တွေနဲ့ ပြောင်ပြောင်ရောင်ရောင်ဖြစ်နေ၍ ၁၉၆၄–၆၅ ခုနှစ် တစ်ဝိုက်သည် စွန်နယားရဲ့ ရွှေခေတ်ဟုပင် ဆိုနိုင်သည်။

၁၉၆၆ ခုနှစ်ခန့်တွင် ကိုအဏ္ဏဝါတို့ သင်္ဘောကို ရန်ကုန်သို့ပြန်ရန် အမိန့်ထွက်လာသောအခါ အရာရှိနှင့် ရဲဘော်များအားလုံး ဝမ်းသာပျော်မြူးနေကြသော်လည်း မစားနိုင်မအိပ်နိုင်ဘဲ တမှိုင်တွေတွေဖြစ်နေသူမှာ စွန်နယားဖြစ်သည်။ သူ့အဘိုးသေလို့ အသုဘစရိတ်ထုတ်ထားသူက ဆိတ်မကြီးနဲ့တဲလေးကို အကြွေးနဲ့ သိမ်းလိုက်သည်ဆိုသည့် လောကဓံလှိုင်းတံပိုးကြီးတွေရဲ့ ဆောင့်တိုက်မှုဒဏ်ကို အရွယ်နဲ့မမျှအောင် ခံစားနေရရှာသည့် စွန်နယားကို သနားမည့်သူကလည်း များများစားစားမရှိ၍ ပိုပြီး အားငယ်နေဟန်တူပါသည်။ စစ်တွေမြို့ ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာ မည့်နေ့မှာတော့ သူ့အဝတ်အစားထုပ်ကလေးကို ပိုက်ပြီး ငိုနေသည့် စွန်နယားကို ရေယာဉ်မှူးက မြင်သွားပြီး ပစ်ဟောက်ပါလေတော့သည်။

'ဟေ့ကောင် သူများတွေ ပျော်နေတဲ့အချိန်မှာ မင်းက မင်္ဂလာမရှိ ငိုမနေနဲ့ကွာ တိတ်စမ်း၊ အဲဒီအထုပ်ကို သွားထား၊ မင်းလဲ ရန်ကုန်ကိုသာ လိုက်ခဲ့ပေတော့'

ရေယာဉ်မှူးသည် စွန်နယားကို ဟောက်ပြီးသည်နှင့်ရေယာဉ်ကို



ကြိုးဖြုတ်ထွက်ခွာရန် အမိန့်ပေးလိုက်ပါတော့သည်။ မမျှော်လင့်သော အခွင့်အရေးကို ရလိုက်၍ စွန်နယားသာမက ရဲဘော်များပါ ဝမ်းသာသွားကြလေသည်။ စွန်နယားကို သနားနေကြသူများက ရေယာဉ်မှူးကို အထူးကျေးဇူးတင်ကြသည်။ ငိုနေရာမှ ပြုံးလာသည့် စွန်နယား၏ မျက်နှာမှာ သကာရည်စိမ်ထားသလား အောက်မေ့ရသည်။ စစ်တွေ ရန်ကုန် ခရီးတစ်လျှောက်မှာ လှိုင်းမူးနေတဲ့ကြားက ခိုင်းတာတွေကို ကြိုးစားလုပ်ပြီး လိုက်ပါလာသည်။

ရန်ကုန်ရောက်တော့လည်း ကိစ္စက မပြီးသေး။ စွန်နယား၏ ရှေ့ရေးနှင့် ပတ်သက်၍ ညှိနှိုင်းတိုင်ပင်ကြရပြန်သည်။ တစ်ယောက်ယောက်၏ အိမ်မှာ ခေတ္တခေါ်ထားမလား၊ မွေးချင်သူရှာပြီး အလကားပေးလိုက်မလား၊ အလုပ်အကိုင်ရှာဖွေပေးရမှာကလည်း စာက မတတ်၊ အရွယ်ငယ်သေး၍ ခက်နေသည်။ ရဲဘော်များ စုပေါင်းရန်ပုံငွေဖြင့် သမ္ဗာန်တစ်စီးဝယ်ပေးပြီး ဒေါ်ပုံနဲ့ ပုဇွန်တောင် ထင်းပုံဆိပ် ကူးတို့ဆွဲ ခိုင်းထားရကောင်းမလား စသည်ဖြင့် အမျိုးမျိုး စဉ်းစားကြရတော့သည်။

စွန်နယားပြဿနာနှင့်ပတ်သက်၍ အောက်ခြေအဆင့်မှာ ညှိနှိုင်းအစည်းအဝေးတွေ အကြိမ်ကြိမ်ပြုလုပ်ပြီး အမျိုးမျိုးစဉ်းစား၍ အဖြေရှာမတွေ့ဖြစ်နေစဉ် တစ်နေ့မှာ ရေယာဉ်မှူးက စွန်နယားကို သူ့ကားပေါ်တက်ခိုင်းပြီးခေါ်သွားပါလေတော့သည်။ အဲဒါဟာ ကိုအဏ္ဏဝါ စွန်နယားကို နောက်ဆုံးမြင်တွေ့လိုက်ရခြင်းပင် ဖြစ်သည်။ ပြန်တွေ့ကြသည့်အခါမှာတော့ စွန်နယားက ကိုအဏ္ဏဝါကို ပြုံးပြုံးကြည့်နေသည်။

'ဗိုလ်မှူးက ကျွန်တော့်ကို မွေးစားလိုက်တယ် အစ်ကိုကြီး'

'ဟေ'

ကိုအဏ္ဏဝါ အံ့သြဝမ်းသာသွားသည်။ စွန်နယားပြောသည့်ဗိုလ်မှူးဆိုတာ ကိုအဏ္ဏဝါတို့ သင်္ဘောက ရေယာဉ်မှူးကို ပြောခြင်းဖြစ်သည်။ ဗိုလ်မှူးသည် ဝါသနာပါ၍ စစ်တပ်ထဲဝင်သော်လည်း ယောက္ခမမိဘတွေက ချမ်းသာကြသည်ဟု ကြားဖူးသည်။ သားသမီး မထွန်းကားဟုလည်း ကြားဖူးသလိုလို ရှိသည်။ သူ့အကြောင်းနှင့်သူ ကိုယ့်အကြောင်းနှင့်ကိုယ်မို့လို့ ဗိုလ်မှူးအကြောင်းကို မေ့မေ့ပျောက်ပျောက်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုစွန်နယားနဲ့ ပြန်တွေ့တော့မှ အကြောင်းစုံကို မေးရ မြန်းရတော့သည်။

စွန်နယား ပြောပြချက်အရ ဗိုလ်မှူးသည် တပ်မတော်မှ အနားယူပြီး နိုင်ငံခြားသင်္ဘောလိုင်း လိုက်သေးသည်။ အသက်ကြီးလာသည့်အတွက် သင်္ဘောမလိုက်ချင်တော့၍ ဖက်စပ်လုပ်ငန်းအချို့တွင် အစုရှယ်ယာဝင်ထားသည်သာမက ပုဂ္ဂလိက လုပ်ငန်းတွေကိုလည်း လုပ်ကိုင်နေသည်။ စွန်းနယားကို အိမ်ဖော်ကောင်မလေးနဲ့ လက်ထပ်ပေးပြီး သားနဲ့သမီးအဖြစ် မွေးစားထားသည်ဟု ဆိုသည်။ အသက်ကြီးလာပြီဖြစ်၍ သံသရာအရေး မျှော်တွေးပြီး အတွင်းပစ္စည်းအချို့ကို ရွှေတိဂုံစေတီတော် စာရင်းခေါင်းစဉ်ဖြင့် ဘဏ်မှာအပ်နှံထားပြီး ကျန်ပစ္စည်းအားလုံးနှင့်တကွ အိမ်နှင့် မော်တော်ကားကို စွန်နယားတို့ လင်မယားကို အမွေပေးခဲ့ရန် ဆုံးဖြတ်ပြီး ဖြစ်သည်ဟု သိရသည်။

ကိုအဏ္ဏဝါသည် ဝမ်းသာပီတိဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လျက် သက်ပြင်းချလိုက်သည်။ အဆိုးဝါးဆုံးသော ဘဝဖြင့် စခဲ့သည့်လူသားတစ်ဦးသည် ကံကြမ္မာအလှည့်အပြောင်းမှာ ကံကောင်း မြောင်းတည့်ပြီး အကောင်းဆုံး အခြေအနေသို့ ရောက်ရှိပုံကို မြင်တွေ့ရ၍ ဝမ်းသာအံ့သြနေခြင်း ဖြစ်သည်။ လူ့ဘဝဆိုတာ ပုခက်နဲ့ ခေါင်းတလားကြားကာလမှာ ဖြစ်ပျက်နေတဲ့ အနိမ့်အမြင့် အတက်အဆင်းတွေအတွက် ရှန်းကန်လှုပ်ရှားနေခြင်းပါလားဟု သတိတရား ရနေခြင်းလည်း ဖြစ်သည်။

စွန်နယားက ကိုအဏ္ဏဝါကို အကြောင်းရှိက ဆက်သွယ်နိုင်ရန် လိပ်စာတောင်းသည်။ သူ့နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ပါသည့် ကတ်ပြားလေးကိုလည်း ထုတ်ပေးသည်။ 'ဦးတင်အောင်ဝင်း၊ ရောင်းဝယ်ရေးနှင့် အထွေထွေလုပ်ငန်း ကိုယ်စားလှယ်၊ ကန်ရိပ်သာ၊ ကမ္ဘာအေး' ပါတဲ့ ခင်ဗျား။ သာကေတလိပ်စာကို ရေးပေးနေသည့် ကိုအဏ္ဏဝါ၏ လက်တွေ တုန်နေသည်။

'ဪ၊ ဒါထက် စကားမစပ် အစ်ကိုကြီး ဘာတွေလုပ်နေလဲ'

'နေဗီထွက်ဆိုတော့ ထုံးစံအတိုင်းပေါ့ကွာ၊ သင်္ဘောသား'

'နားနေတာကြာပြီလား၊ ပြန်မလိုက်သေးဘူးလား'

'ဟ လိုက်ချင်တိုင်း လိုက်လို့ရတာမှ မဟုတ်ဘဲကွ၊ သင်္ဘောသားဆိုတာ တန်းစီဇယား အလှည့်ရောက်လို့ ဆလိုက်ရှင် ဝင်ပြီး အရွေးခံရမှ လိုက်လို့ရတာ၊ ပြန်လိုက်လို့ရရင် ဒီနေ့ညတောင် လိုက်ချင်တယ်'



စွန်နယားသည် ကိုအဏ္ဏဝါကို စူးစိုက်ကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစားနေသည်။ အတန်ကြာမှ တည်ငြိမ်လေးနက်သည့် လေသံဖြင့် ပြောလိုက်သည်။

'အစ်ကိုကြီးရဲ့ လိုင်စင်ဓာတ်ပုံ ဆယ်ပုံစီနဲ့ စီဒီဒီ ပါတ်စ်ပို့တွေကို ဖိုတိုကော်ပီကူးပြီး ကျွန်တော့်ကိုလာပေးပါ၊ ကျွန်တော်တို့လိုင်းမှာထည့်ပေးလိုက်မယ်၊ ကဲ ကျွန်တော်သွားလိုက်ဦးမယ်၊ ဟိုမှာ မာမီရောက်နေပြီ'

ဟိုမှာ မာမီရောက်နေပြီဆိုပြီး သူလှမ်းကြည့်သည့်နေရာကို ကိုအဏ္ဏဝါ လှည့်ကြည့်လိုက်ရာ အသက်ခြောက်ဆယ်ခန့် ဖြူဖြူချောချော အမျိုးသမီးကြီးတစ်ဦးကို စွန်နယား၏ ကားအနီးမှာ ရပ်နေတာတွေ့လိုက်ရသည်။ ကိုအဏ္ဏဝါ၏ ဆရာ ဗိုလ်မှူးကတော်ဖြစ်မည်။ စွန်နယားက အအေးနှစ်ခွက်ဖိုးရှင်းပြီး သူ့ကားဆီသို့လျှောက်သွားသောအခါ ကိုအဏ္ဏဝါပါ ရောယောင်ပြီး စွန်နယား၏နောက်က လိုက်သွားမိသည်။ စွန်နယားက ကိုအဏ္ဏဝါကို သူ့မာမီနှင့်မိတ်ဆက်ပေးသည်။ ခင်မင်မှုသမိုင်းစဉ်လာကိုလည်း တိုတိုဖြင့် ငုံမိအောင်ပြောပြသည်။ ဦးတင်အောင်ဝင်းစွန်နယားနှင့်ပတ်သက်နေ၍ နှစ်ဦးနှစ်ဘက် ဝတ်ကျေတန်းကျေ ပြုံးပြကြရသည်။ စွန်နယားက သူ့မာမီကားပေါ်တက်နိုင်ရန် ကားတံခါးဖွင့်ပေးရသလို စွန်နယားကားပေါ်တက်ခါနီးမှာလည်း ကိုအဏ္ဏဝါက မရည်ရွယ်ဘဲ အမှတ်တမဲ့ ကားတံခါးဖွင့်ပေးမိလျက်သား ဖြစ်သွားလေသည်။

စွန်နယားက ကားစက်နိုးပြီး မောင်းထွက်ခါနီးမှာ ကိုအဏ္ဏဝါကို သူပြောတာတွေ အမြန်ဆုံးလုပ်ပြီး လာပေးဖို့ ထပ်ပြောသည်။

'မြန်မြန်လုပ်နော် အစ်ကိုကြီး၊ ဒီလအတွင်းမှာ ထွက်ရမယ်'

'စိတ်ချပါ ဆရာ'

စွန်နယား၏ ကားထွက်သွားတော့မှ ကိုအဏ္ဏဝါ သူ့ပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားလိုက်မိသည်။ ခေါ်လိုက်မိပြန်ပြီ ဆရာလို့။

ဪ ကိုအဏ္ဏဝါ၊ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ရှုန်းကန် လှုပ်ရှားလာခဲ့ရသည့် ဘဝလမ်းခရီးတစ်လျှောက်မှာ ဆရာတွေများလွန်း၍ ဆရာခေါ်သည့် အကျင့်ပါနေသော ကိုအဏ္ဏဝါမှာ ခွေးမသားဟု ခေါ်ပြီး နှုတ်ဆက်ခဲ့သည့် စွန်နယားကိုပါ ယောင်ပြီး ဆရာခေါ်မိလျက်သား ဖြစ်သွားလေပြီတကား။

'ဗဟုအာစရိယံ အဟံ ဝန္ဒာမိ သဗ္ဗဒါ'

[ ရွှေအမြုတေ။ ။အောက်တိုဘာ၊ ၁၉၉၃ ]

www.burmeseclassic.com

www.burmeseclassic.com



# ပါရမီဖြည့်ဖက် အလိုရှိသည်

'ဒိုး အုန်း ဗုံး'

'ဒေါင်ဂွမ် ရှုလွမ်'

'သူများအိမ်တွေက အိပ်နေတဲ့သူတွေ နိုးကုန်ပါ့မယ် မိန္မယ်ရယ်'

'နိုးပါစေ၊ နိုးပြီး စိတ်ဆိုးလို့ အိမ်ကို မီးနဲ့လာရှို့ရင် ပိုကောင်းတယ်၊ ဒါမှ ရှင်လဲ မြန်မြန်သေမယ်'

အကာလ ညအခါ လူခြေတိတ်ချိန်တွင် ကိုစိုးလှိုင် မဖြူတုတ်တို့ အိမ်နှင့် ထရံချင်းကပ်နေသည့် ခေါင်းရင်းအိမ်မှ ထွက်ပေါ်လာသော အသံများ ဖြစ်သည်။ ပစ္စည်းအမျိုးမျိုးနှင့် အိုးခွက်ပန်းကန်တွေကို ဆောင့်ချ၊ ရိုက်ခွဲ၊ လွှင့်ပစ်နေသော အသံများ ဖြစ်သည်။ အိပ်ပျော်တော့မလို နှလုံး မသေတတ် သေတတ် ဖြစ်နေသော ကိုစိုးလှိုင်ရော မဖြူတုတ်ပါ မျက်လုံးတွေ ကျယ်သွားတော့သည်။

'ဘာဖြစ်ကြပြန်ပြီလဲ မသိဘူး'

ကြည်ကြည်လင်လင် နိုးသွားပြီဖြစ်သည့် ကိုစိုးလှိုင်က ခြင်ထောင်အပြင်ကို ထွက်ထိုင်ပြီး ပြာခံခွက်ထဲက ဆေးပေါ့လိပ်တိုကို လှမ်းယူမီးညှိရင်း မဖြူတုတ်ကို မေးလိုက်သည်။

'ထုံးစံအတိုင်း အနာဂါမ်ကြီး လင်မယား သတ်ကြတာနေမှာပေါ့တော်'

မဖြူတုတ်က အနာဂါမ်ကြီးဟု ပြောလိုက်ခေါ်လိုက်၍ ကိုစိုးလှိုင် ပြုံးလိုက်မိသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကမှ ကိုစိုးလှိုင်တို့ ခေါင်းရင်းက အိမ်ကိုဝယ်ပြီး ပြောင်းလာသော ဦးညွန့်ကို ရပ်ကွက်ထဲက လူတွေက အနာဂါမ်ကြီးဟု ခေါ်နေကြသည်။ ဦးညွန့်နှင့် သူ့ဇနီး မခင်နွယ်တို့ ရန်ဖြစ်ပြီး သတ်ကြပြီဆိုလျှင် ဦးညွန့်ကချည်း အနာခံ၍ အနာခံကြီးဟု ခေါ်ကြသည်ကို မဖြူတုတ်တို့လို အရမ်းကာရော မြန်မာမှုပြု အသံဖလှယ်တတ်သူတွေက အနာဂါမ်ကြီးဟု လွယ်လွယ်ခေါ်နေကြတော့သည်။



ဦးညွန့်သည် အစိုးရဌာနကြီးတစ်ခု၏ ဌာနခွဲ စာရေးကြီးရာထူးမှ အငြိမ်းစားယူပြီး ယခင်သူနေခဲ့သည့် ရပ်ကွက် သာရေးနာရေး လူမှုရေး အသင်းတွင် အမှုဆောင်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတာဝန်ထမ်းဆောင်နေစဉ် ပထမအိမ်ထောင်နှင့် ကွဲကြသည်။ ကွဲပြီး မကြာမီပင် အသင်းဝေယျာဝစ္စ အလုပ်အမှုဆောင် အသင်းသူတစ်ဦးဖြစ်သည့် ကျောင်းသူလေး မခင်နွယ်ကို လက်ထပ်ယူလိုက်သည်ဟု သိရသည်။ ဇနီးငယ်ငယ်လေး ယူမိသူမို့ ဇနီးလေး အလိုလိုက် အကြိုက်ပေးပြီး ပေါင်းနေရသည်ဟု ဆိုပါသည်။ မခင်နွယ်က ဆေးလိပ်နံ့ မခံနိုင်ဆိုသောကြောင့် ဆေးလိပ်ဖြတ်၍ သက်သတ်လွတ်စားပြီး တရားထိုင်လာခဲ့သည်မှာ တစ်နှစ်ကျော်ပြီဟု ပြောပြသည်။ တစ်ခါတစ်ရံ သဘောချင်း မတိုက်ဆိုင်၍သော်လည်းကောင်း၊ စိတ်အခန့်မသင့်၍သော်လည်းကောင်း လင်မယားသတ်ကြပြီဆိုလျှင် မခင်နွယ်က ချည်း တွယ်သည်ကို ဦးညွန့်က သည်းခံ၍ အနာခံရာမှ အနာခံကြီးသို့မဟုတ် အနာဂါမ်ကြီးဟု အခေါ်ခံနေရတော့သည်။

အနာဂါမ်ကြီး အခေါ်ခံရသည့် အခြားအကြောင်းတစ်ခုကလည်း ရှိသေးသည်။ ဦးညွန့်သည် ကိုစိုးလှိုင်တို့ လမ်းထဲရောက်ပြီးမှ ဒုလ္လဘဝတ်ပြီး တရားရိပ်သာကြီးတစ်ခုတွင် ဝိပဿနာ ဆယ်ရက်စခန်းဝင်သည်။ ဒုလ္လဘ ထွက်ပြီးနောက် တရားရိပ်သာမှ သင်ကြားပြသပေးလိုက်သည့် ဝိပဿနာ ရှုမှတ်နည်းများအတိုင်း စဉ်ဆက်မပြတ် ရှုမှတ်လာခဲ့ရာ စတုတ္ထဈာန်ကိုရပြီဟု သတင်းထွက်နေ၍ အနာဂါမ်ကြီးဟု ခေါ်နေကြခြင်းလည်း ဖြစ်သည်။

တစ်ခါက ဦးညွန့်ကိုယ်တိုင် ကိုစိုးလှိုင်ကို ပြောပြဖူးသော စကားတစ်ခုကလည်း ရှိသည်။

'ကိုစိုးလှိုင်ရေ ကျွန်တော်တို့ကတော့ လူမှန်းသိတတ်စအရွယ်က စပြီး မိရိုးဖလာအရ ငါးပါးသီလမြဲတဲ့အပြင် သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်ပြီးဖြစ်လို့ သောတာပန်ဘဝနဲ့ ကြီးပြင်းလာခဲ့ရတာဗျ။ အရွယ်လေး ရလာတော့ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်ကို မြင်ပြီး နီဝရဏတွေ ကင်းစင်သွားတော့ သကဒါဂါမ်အဆင့်ကို လွယ်လွယ်လေးနဲ့ ရောက်သွားခဲ့တယ်၊ ဟော အခုတော့ ဆရာကောင်း သမားကောင်းနဲ့တွေ့ပြီး ရုပ်ခန္ဓာ နာမ် ခန္ဓာတို့ရဲ့ အနတ္တသဘာဝကို ဝိပဿနာတင်ပြီး ရှုလိုက်တော့ ဉာဏ်စဉ် ဆယ်ပါးလောက်ကို ရှင်းခနဲ မြင်ပြီး အနာဂါမ်အဆင့်ကို ရောက်သွားတော့တာပါပဲ၊ ဖြစ်ပျက်ကို ရှုမှတ်လို့ ပေါ်လာတဲ့ အာရုံတွေအပေါ်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကင်းစင်ပြီးသားဆိုတော့ စတုတ္ထဈာန်ကို ချက်ချင်း ဝင်စားလို့ ရတာပေါ့ဗျာ'



ကျွဲပါးစောင်းတီးသလို ကိုစိုးလှိုင်မှာ သူပြောတာတွေကို တစ်လုံးမျှ နားမလည်သော်လည်း အားနာ၍ မေးလက်ထောက်ပြီး နားထောင်ခဲ့ရသည်။ သူ့ဇနီး မခင်နွယ်ကိုပင် သားမယားအဖြစ် မဆက်ဆံတော့ဘဲ ပါရမီဖြည့်ဘက်အနေနဲ့ သီတင်းသုံးဖော်အဖြစ်သာ ပေါင်းသင်းနေသည်ဟု ဆိုပါသည်။ ခြင်ထောင်တစ်လုံးထဲမှာ နှစ်ယောက်အတူ အိပ်နေတာကိုတော့ ကိုစိုးလှိုင် သိသည်။ သူပြောသလို သားမယားအဖြစ် မဆက်ဆံဆိုတာကိုတော့ ချောင်းမကြည့်ရသေး၍ မသိရ ဖြစ်နေသည်။

ဦးညွန့်နှင့် မခင်နွယ်တို့ ပြောင်းလာစက လမ်းထဲက အမျိုးသမီးတွေက မခင်နွယ်ကို အားကျကြသည်။ လင်သူတော်ကောင်းကြီးကို ရထား၍ လင်ကံကောင်းသူ မခင်နွယ်ဘဝ အားကျဖို့ကောင်းသည်ဟု ပြောကြသည်။ မဖြူတုတ်ကတောင် ကိုစိုးလှိုင်ကို စကားနာထိုးဖူးသည် အထိ ဖြစ်ခဲ့ရသည်။

'ရှင်လဲ အသက် ငါးဆယ်ပြည့်တော့မယ်၊ အရက်ချည်းသောက် မနေနဲ့၊ ဥပုသ်ကလေးဘာလေး စောင့်ဖူးတယ်ရှိအောင် လုပ်ဦး' တဲ့။

မဖြူတုတ်တို့ အားကျလို့မှ ခြောက်လမပြည့်ခင်မှာပင် မခင်နွယ်နှင့် ဦးညွန့်တို့လင်မယား ရန်ဖြစ်ပြီး သတ်ကြတော့သည်။ မခင်နွယ်က ဖနော့ခွက်နဲ့ ပစ်ပေါက်လို့ ဦးညွန့် နဖူးကွဲသွားသည်။ အိမ်ခေါင်းရင်းပူတော့ အိမ်ခြေရင်း မနေသာ၍ ကိုစိုးလှိုင်နဲ့ လမ်းထဲက လူကြီးတွေ စုဝေးသွားရောက်ပြီး ဖြန်ဖြေပေးခဲ့ရသည်။ ဘယ်လိုဖြစ်ကြတာလဲဟု မေးရာ ပြဿနာ၏ အဖြေကို ရေရေရာရာ မတင်ပြနိုင်ခဲ့ကြ။ မခင်နွယ်က ဘာ စကားမှ မပြောဘဲ ခေါင်းငုံ့ပြီး ငိုနေသည်။ ဦးညွန့် ပြောပြတာကတော့ အရိယာသူတော်ကောင်းတို့ရဲ့ မဂ်ဖိုလ်ခရီးမှာ ကြုံတွေ့ရလေ့ရှိတဲ့ အနှောင့်အယှက် အဖျက်အဆီးတစ်ခုပါဟု ဆိုသည်။ သာဓကထုတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



တာကတော့ ရဟန္တာဟု သမုတ်ခံရသည့် စွန်းလွန်းဂူဆရာတော်လောင်းလျာ ဦးကျော်ဒင် ဘဝမှာတုန်းက တရားရှုမှတ်နေစဉ် ဇနီးသည် ဒေါ်ရွှေရည်က ခုတင်ပေါ်က တွန်းချပြီး ထုရိုက် ထိုးနှက် နှောင့်ယှက်ခဲ့ဖူးသည့်အကြောင်း ဖြစ်သည်။

ဦးကျော်ဒင် ရဟန်းဝတ်ပြီး ဘုန်းတော်ကြီး ဦးကဝိဖြစ်သွားသောအခါ ဒေါ်ရွှေရည်ခမြာ လင်ကို သံယောဇဉ်မပြတ်နိုင်၍ ဘုန်းကြီးကျောင်းကို လိုက်သွားပြီး ဝတ်ကြီးဝတ်ငယ် ပြုစုနေစဉ် ပေါင်းလို့သင်းလို့ရနိုင်သေးသည့် ကျောင်းကပ္ပိယ ဦးပြောင်းနဲ့ ညားခဲ့ရသည်ကိုတော့ ဦးညွန့် ထည့်မပြောခဲ့။ ဒေါ်ရွှေရည်သေတော့ အလိုမပြည့်တဲ့စိတ်၊ လင်အပေါ်မှာ မကျေနပ်တဲ့စိတ် တွေကြောင့် ပြိတ္တာမကြီးဖြစ်သွားရသည်ဟုဆိုကြသည်။ အဲဒီအကြောင်းကို မသိလို့ဘဲလား၊ သိလျက်နဲ့ ချန်ထားသလားတော့ မပြောတတ်။

ရန်ပွဲကို ဖြန်ဖြေရန် ရောက်လာကြသည့် လူကြီးတွေက မခင်နွယ်ကို လိမ်လိမ်မာမာနေရန် လင်သူတော်ကောင်းကြီးကို မပြစ်မှားရန် ဆုံးမသြဝါဒ စကားပြောကြားပြီး ဦးညွန့်ကို ကန်တော့ခိုင်းရာ မခင်နွယ်က မျက်ရည် စက်လက်ဖြင့် ကန်တော့ရသည်။ နဖူးကဒဏ်ရာကို ဆန်လွတ်နနွင်းမှုန့်နဲ့ သွေးဆေးရောသိပ်ပြီး လုံချည်စုတ်ဖြင့် ပတ်တီးစည်းထားသည့် ဦးညွန့်က 'နိဗ္ဗာန်မရမီစပ်ကြား ဘဝများစွာသံသရာမှာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ တော်လေးဝမည် မဟေသီတို့ပမာ ပါရမီဖြည့်ဖက်အဖြစ် အတူလက်တွဲပြီး သံသရာခရီး ဆက်လို၍ ခွင့်လွှတ်ပါတယ်ကွယ်' ဟု ဇာတ်မင်းသားလေသံ ဖြင့် ပြောလိုက်ရာ ကြွရောက်လာကြသည့် လမ်းလူကြီးများအားလုံးက သာဓု ခေါ်လိုက်ကြသည်။

လွန်ခဲ့သည့် ခြောက်လခန့်က ဖြစ်ခဲ့သည့် ဦးညွန့်နှင့် မခင်နွယ်တို့ လင်မယား ရန်ပွဲအကြောင်း ပြန်ပြောင်းတွေးမိ၍ ကိုစိုးလှိုင် စိတ်ညစ်ပြီး ခေါင်းခါလိုက်သည်။ ဖင်စီခံအထိ လောင်သွားပြီဖြစ်သည့် ဆေးပေါ့လိပ်တိုကို ပြာခံခွက်ထဲမှာ ထိုးချေပြီး ခြင်ထောင်ထဲ ပြန်ဝင်လိုက်သည်။



မဖြူတုတ်ကတော့ ခေါင်းရင်းအိမ်က အသံတွေကို ကြားအားပိုကောင်းစေရန် ပက်လက်လှန်ပြီး နားစွင့်နေသည်။ နားစွင့်ထောင်နေတော့ ကြားရပါပြီ။

'တရားထိုင်တာ ဘုရားစင်ရှေ့မှာ မထိုင်ဘဲ ဘာဖြစ်လို့ ခြင်ထောင်ထဲမှာ လာထိုင်ရတာလဲ၊ သွား မထိုင်နဲ့ ထွက် ထွက်'

'ဘုရားစင်ရှေ့မှာ ခြင်ကိုက်လို့ပါ မိနွယ်ရယ်၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး အိပ်နေပါလား'

ခြင်ထောင်ထဲက တွန်းထုတ်ပြီး ထုရိုက်နေဟန် ရှိသည်။ အုန်းအုန်း ဒုန်းဒုန်းနဲ့ ရှုန်းရင်းဆန်ခတ်ဖြစ်နေသည့် အသံတွေကို ကြားနေရသည်။ ဓာတ်ဘူးကို လွှင့်ပစ်၊ ရေနွေးကြမ်းဗန်းကို ကန်ပစ်တာတွေ ဖြစ်နိုင်သည့် အသံများ ဆက်လက် ထွက်ပေါ်လာသည်။

'ဒါလောက်တောင် တရားထိုင်ချင်ရင် ဘုန်းကြီးဝတ်ပါ့လား၊ ဘာဖြစ်လို့ သူများသားသမီးကို ယူထားသေးလဲ၊ မသာကြီး ကြောင်သူတော်ကြီး၊ သူများကို အဆီစား အသားမျိုဆို့ပြီး ဝသွားလို့ ဟီး ဟီး'

ရှိုက်ရှိုက်ပြီး ငိုလိုက်သော မခင်နွယ်၏ အသံကြီးက ကြက်သီးထစရာ။ အကာလ ညအခါကြီးမှာ မင်္ဂလာမရှိသလိုလို၊ ကြောက်စရာကောင်းသလိုလိုကြီး ဖြစ်နေသည်။

'ငါ့ကို မနှောင့်ယှက်ပါနဲ့ မိနွယ်ရယ်၊ နင် ငရဲကြီးမယ်နော်'

'ကြီးပါစေ၊ ရှင်နဲ့ညားနေတာ ငရဲကျနေတာနဲ့ အတူတူပဲ'

အတန်ကြာအောင် အသံတိတ်သွားပြီး အဝတ်ဘီရိုဖွင့်သံ၊ သေတ္တာကို ဆောင့်ပိတ်သံလို အသံမျိုးတွေ ကြားရသည်။

'ဒါက ဘာလုပ်မလို့လဲ'

'အမေတို့ဆီ သွားမလို့၊ ရှင် လိုက်မခေါ်နဲ့၊ ရှင်နဲ့ ကျုပ်နဲ့ အပြတ်ပဲ'

'မသွားရဘူး၊ ညကြီးသန်းခေါင် အချိန်မဟုတ် အခါမဟုတ်၊ မောင်အေး အောက်ကိုဆင်းခဲ့စမ်း'

ပြဿနာက လွယ်လွယ်ဖြင့် ပြီးတော့မည်မဟုတ်ဟု ကိုစိုးလှိုင်

www.burmeseclassic.com

www.burmeseclassic.com



နားလည်လိုက်သည်။ မောင်အေးဆိုတာက ထပ်ခိုးပေါ်မှာအိပ်နေသည့် ဦးညွန့်၏ တူအရင်း ဖြစ်သည်။ နာမည်နှင့်လိုက်အောင် အေးသည့် မောင်လူအေး ဖြစ်သည်။ ကန်တော်ကလေးဘက်က ဝပ်ရှော့တစ်ခုမှာ နေ့စားလုပ်ရင်း တက္ကသိုလ်စာပေးစာယူ တက်နေသူဖြစ်သည်။ ဦးညွန့် အိမ်မှာ အိပ်ရုံသာ အိပ်ပြီး နံနက်စာ ညစာကို သူ့ဟာသူ အလုပ်ထဲမှာ စားသည်။ တစ်နေကုန် အလုပ်လုပ်၍ ပင်ပန်းသော်လည်း ဦးညွန့်နှင့် မခင်နွယ်တို့ မကြာခဏရန်ဖြစ်ကြသဖြင့် ကောင်းစွာ မအိပ်ရ၍ အိပ်ရေးဝရှာသူ မဟုတ်။ ဒါပေမယ့် နေ့စဉ်မပျက် အလုပ်ဆင်းသည်။

'လက်နှိပ်ဓာတ်မီး ယူသွား၊ ကိုစိုးလှိုင်ကို သွားနှိုးချည်စမ်း'

'ဟိုက်၊ သောက်ကျိုးတော့နဲ့ပြီ' ဟု ကိုစိုးလှိုင် ညည်းလိုက်မိသည်။ တစ်ညလုံး အိပ်ရတော့မည် မဟုတ်။ မနက်ကျ အလုပ်ဆင်းရဦးမည်။ ကိုစိုးလှိုင် စိတ်ညစ်သွားသည်။ မဖြူတုတ်က အိပ်ဟန်ဆောင်နေဟု အကြံပေးသည်။ မကြာပါဘူး။ အိမ်ရှေ့ ခြံစည်းရိုးက မောင်အေး၏ ခေါ်သံကို ကြားရပါတော့သည်။

'အန်ကယ်ရေ'

'အန်ကယ် ဦးစိုးလှိုင်'

'အန်ကယ် ဦးစိုးလှိုင်'

အကြိမ်ပေါင်းများစွာ အကျယ်ကြီးအော်ခေါ်နေသည်ကို ပြန်မထူးပါက မကြားဟန်ဆောင်နေတာ သိသွားပေတော့မည်။ မသင့်တော်တော့၍ မဖြူတုတ်တောင် မနေသာတော့ဘဲ ကိုစိုးလှိုင်ကို ပြန်ထူးရန် ခွင့်ပြုလိုက်ရတော့သည်။

'အေ အယ် ဘယ် ဘယ်ဒူလဲ ဟေ့'

အခုမှ ရုတ်တရက် လန့်နိုးပြီး အိပ်မှုန်စုံမွှားဖြင့် ပြန်ထူးလေဟန်လေ သံကို အထူးပြုလုပ်၍ ဝူးဝူးဝါးဝါးဖြင့် ပြန်ထူးလိုက်သည်။

'ကျွန်တော်ပါ အန်ကယ်၊ မောင်အေးပါ၊ ဦးလေးက ခေါ်ခိုင်းလို့ အိမ်ကို ခဏကြွပါဦးတဲ့'



ပြာခွက်တွင်းရှိ ဆေးပေါ့လိပ်တိုတွေထဲက မီးရှို့လို့ ရနိုင်သေးသည့် အတိုတစ်တိုကို မီးညှိဖွာပြီး ထလိုက်သွားရတော့သည်။ သူတို့ အိမ်ပေါ် ရောက်တော့ ဦးညွန့်က ဧည့်ခန်းက ကုလားထိုင်ပေါ်မှာထိုင်ပြီး ပုတီးစိပ်နေသည်။ မခင်နွယ်က ခရီးဆောင်အိတ်တစ်လုံးထဲမှာ အဝတ်အစားတွေ ထိုးသိပ်ထည့်ထားပြီး အလှပြင်ပစ္စည်းမျိုးစုံကို ကြွပ်ကြွပ်အိတ်တစ်လုံးထဲ သိမ်းကြုံးထည့်နေသည်။

'လာ ထိုင် ကိုစိုးလှိုင်၊ ဒီမှာ ရောဂါ ပြန်ပေါ်နေပြန်ပြီ၊ သူ့အမေ အိမ်ကို ပြန်တော့မလို့တဲ့၊ ကြည့်ပြောပါဦး'



ကိုစိုးလှိုင်က ဦးညွန့်နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး အလိုက်သင့် နားထောင်နေလိုက်ရသည်။ မခင်နွယ်က ကိုစိုးလှိုင် ရောက်လာတော့ အားလည်းနာ၊ ရှက်လည်း ရှက်ဟန် တူသည်။ အတွင်းခန်းနှင့် ဧည့်ခန်းကို ခြားထားသည့် လိုက်ကာကို ဆွဲပိတ်ပစ်လိုက်သည်။ မကြာမီအထုပ်အပိုးတွေ အပြည့်အစုံဖြင့် အိမ်ရှေ့ဧည့်ခန်းကို ထွက်လာသည်။ ကိုစိုးလှိုင်က ဦးညွန့် ကျေနပ်အောင် ဝတ်ကျေဝတ်ကုန် မေးရသည်။

'ဘယ်လိုဖြစ်တာလဲ မခင်နွယ်ရယ်'

'ဘာမှမဖြစ်ဘူး ဦးစိုးလှိုင်၊ ကျွန်မကို ဘာမှ မမေးပါနဲ့'

'အချိန်မတော်ကြီးဗျာ၊ စဉ်းစဉ်းစားစားလုပ်ဖို့ ပြောတာပါ'

'ကျွန်မ စဉ်းစားပြီးပါပြီ၊ အချိန်က နောက်တောင်ကျနေပြီ'

ဦးညွန့်မှာ ဘာအပြစ်ရှိလို့လဲဆိုသည့် မေးခွန်းကိုတော့ ကိုစိုးလှိုင် မမေးရဲ။ မေးလျှင်လည်း မခင်နွယ်က 'ဒါ ကျွန်မတို့နှစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးကိုယ်တာပါ၊ ဦးစိုးလှိုင်နဲ့ မဆိုင်ပါဘူး' လို့ ပြန်ပြောမှာ သေချာသည်။ အဲဒီတော့ ဘာမှ ဆက်မပြောဘဲ ထိုင်ကြည့်နေရတော့သည်။

မခင်နွယ်က အထုပ်အပိုးတွေကို ညှော့ခန်းကြမ်းပြင်ပေါ်ပစ်ချလိုက်ပြီး ဦးညွန့် ထိုင်နေသည့် ကုလားထိုင်ရှေ့မှာ ထိုင်ချလိုက်သည်။ ဦးညွန့်၏ မျက်နှာကို မော့မကြည့်ဘဲ လက်ဆယ်ဖြာ နဖူးမှာမိုး၍ ရှိခိုးကန်တော့လိုက်သည်။

'ကျွန်မ ကာယကံ၊ ဝစီကံနဲ့ ပြစ်မှားခဲ့တာတွေအတွက် ရှိခိုးကန်တော့ပါတယ်'

ဦးသုံးကြိမ်ချပြီး ထိုင်ရာမှ ထသည်။ 'ပြစ်မှားမိတာတွေကို ခွင့်လွှတ်ပါ'ဟု လုံးဝမပြော။ တကယ်လုပ်တော့မည့်ဟန်ဖြစ်သည်။ ဦးညွန့်ကတော့ သာဓုလည်း မခေါ်နိုင်၊ ဆုလည်း မပေးနိုင်ဘဲ ပုတီးကြီးလက်မှာ ကိုင်ပြီး ငိုမဲ့မဲ့ကြီး ဖြစ်နေတော့သည်။ ကိုစိုးလှိုင်ရှေ့မှာမို့ ထဆွဲရမှာလည်း ခက်၊ လှမ်းဖက်ပြီး တောင်းပန်ရမှာလည်း ခက်နေသည်။ ရှက်နေသည်။ ကိုစိုးလှိုင်ကို ခေါ်ခိုင်းမိတာ မှားပြီဟုပင် တွေးမိနေဟန်တူသည်။ ဘာ အကူအညီမှ မရသည့်အပြင် ကိုယ့်မယား ကိုယ်ဆွဲရေး ဖက်ရေးကိစ္စ အတွက်ပင် အနှောင့်အယှက်ကြီး ဖြစ်နေတော့သည်။

'ကိုမောင်အေး၊ ကျွန်မကို ကားမှတ်တိုင် လိုက်ပို့ပေးပါ'

လေသံမာမာဖြင့် ခေါ်လိုက်တော့ မောင်အေးခမြာလည်း မနေသာတော့ပါ။ ထပ်ခိုးပေါ်က ဆင်းလာရပြန်ပြီး အထုပ်အပိုးတွေ ကူဆွဲရတော့သည်။ မခင်နွယ်နဲ့ သက်တူရွယ်တူဖြစ်သော်လည်း ဦးလေး၏ ဇနီးဖြစ်နေ၍ ရိုသေရသည်။ သူ့အရိပ်မှာ ခိုလှုံနေရ၍ သူ့ကို မလှန်ရဲ။ သူ့သြဇာကို မလွန်ဆန်ရဲ။ မခင်နွယ် အမိန့်ပေးသမျှ နာခံခဲ့ရသည်။

ဦးညွန့်မှာ မခင်နွယ်ကိုလည်း မတားဝံ့၊ မောင်အေးကိုလည်း ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပင် မခင်နွယ်က ဖိနပ်စီးပြီးအိမ်ပေါ်က ဆင်းသွားသည်။ မောင်အေးခမြာမှာလည်း စွပ်ကျယ်အင်္ကျီကိုလဲ



ဖို့ပင်အချိန်မရနိုင်တော့ဘဲ ထဘီထုပ်ကိုကောက်လွယ်ပြီး မခင်နွယ်ကို မီအောင်လိုက်ရတော့သည်။

'ဒီအချိန် တိုင်စီရပ့်ါမလား ကိုစိုးလှိုင်'

ဦးညွန့်က ပုတီးကို ပြောင်းဖူးစေ့ခွေသလို အမြန်စိပ်ရင်း အသံတုန် ကြီးဖြင့် မေးလိုက်သည်။ တိုင်စီမရလို့ ပြန်လာစေချင်ဟန်တူသည်။

'ဘယ်ရမလဲ၊ ဒီအချိန် ဘာကားမှ မရှိတော့ဘူး'

ဦးညွန့် စိတ်သက်သာမှု အနည်းအကျဉ်းရစေရန် အမှန်အတိုင်း ပြောလိုက်သည်။ သာကေတမြို့မှာ ည ၁၂ နာရီကျော်လျှင် ဆိုက်ကားလည်း မရှိ၊ ကားလည်း မရှိတော့။ ကီလိုမော်တင် ဈေးကြိုကားတွေက နံနက်လေးနာရီမှ ထွက်ကြမည်။ အခုမှ တစ်နာရီကျော်ကျော်ပဲ ရှိသေးသည်။ မောင်အေး ပြန်လာလျှင် အကျိုးအကြောင်း သိရမည်ဖြစ်၍ လမ်းမပေါ် မျှော်ရင်း စောင့်ကြရတော့သည်။

မခင်နွယ်၏ မိဘများက တာမွေမှာနေသည်ဟု ဦးညွန့်က ပြောပြသည်။ မခင်နွယ် သူနဲ့ ခိုးရာလိုက်ပြေးစဉ်က သဘောမတူ၍ အဆက်အသွယ် ဖြတ်ထားသည်မှာ ယနေ့အထိ သုံးနှစ်ရှိပြီဟုဆိုသည်။ ဦးညွန့်မှာ ပထမ အိမ်ထောင်နဲ့ သားသမီး သုံးယောက်ရခဲ့သော်လည်း မခင်နွယ်နဲ့ တစ်ယောက်မှ မရသည်မှာ မခင်နွယ်က မယူတာလား၊ မြူတာလား သူ အတိအကျမသိ။ မေးတောင် မေးမကြည့်မိဟု ဆိုသည်။ ကိုစိုးလှိုင် ပြုံးမိသည်။

သူ့အကြောင်း မခင်နွယ်အကြောင်းတွေပြောရင်း မောင်အေး ပြန်အလာကို မျှော်ပါသော်လည်း နံနက် သုံးနာရီထိုးသည်အထိ မောင်အေးလည်း ပေါ်မလာ၊ မခင်နွယ်လည်း ပြန်မလာသောအခါ တောင်တွေးမြောက်တွေး တွေးကြရတော့သည်။ ဘာယာဉ်ရထားမျှ မရှိ၍ တာမွေအထိ ကုန်းကြောင်းလျှောက်သွားကြလေပြီလား။ နံနက်လေးနာရီထွက်မည့် ကားတွေကို စောင့်စီးရန် ကားမှတ်တိုင်မှာ ထိုင်စောင့်နေကြလေသလား တွေးကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးလှိုင်မှာ မိုးလင်းလျှင် အလုပ်ဆင်းရဦးမည်ဖြစ်သည့်အပြင် အိပ်ချင်လှပြီဖြစ်၍ ဝါးခနဲ သမ်းပြလိုက်ရသည်။ မောင်အေးပါသွား၍ မစိုးရိမ်ပါရန်နှင့် မိုးလင်းမှ လိုအပ်သလို တိုင်ပင်ဆောင်ရွက်ကြတာပေါ့ဟု အားပေးစကားပြောခဲ့ပြီး အိမ်ပြန်လာခဲ့ရသည်။ အိမ်ပြန်ရောက်တော့ မဖြူတုတ်က မှတ်ချက်ပေးသည်။ 'သမီးအရွယ်လေးကို ယူထားပြီး တရားချည်းထိုင်နေတော့ ထွက်ပြေးတာ နောက်တောင်ကျသေးတယ်' တဲ့။ အရက်ချည်း သောက်နေတော့လည်း မကြိုက်။ တရားချည်းထိုင်နေတော့လည်း မကြိုက်။ အဲဒီတော့ ကျုပ်တို့ ယောကျ်ားတွေ ဘာလုပ်ရမလဲဟု ကိုစိုးလှိုင် စိတ်ထဲက ပြောလိုက်မိသည်။

နံနက်မိုးသောက် အလင်းရောက်၍ ကိုစိုးလှိုင် အိပ်ရာမှနိုးလာသောအခါ ကြားရသည့်သတင်းက 'မောင်အေး ပြန်ရောက်မလာသေး' ဟူ၍ဖြစ်သည်။ ညနေအလုပ်မှ အိမ်ပြန်ရောက်သောအခါ ကြားရသည့် သတင်းကတော့ 'မခင်နွယ်ရော မောင်အေးပါ ဘယ်ရောက်နေကြမှန်းမသိ' ဟူ၍ ဖြစ်သည်။ မခင်နွယ်လည်း တာမွေက သူ့အမေအိမ်ကို ရောက်မလာ။ မောင်အေးလည်း ဝပ်ရှော့မှာအလုပ်မဆင်းဟု စုံစမ်းသိရှိရသည်။ ဦးညွန့်မှာ တရားမထိုင်နိုင်တော့ဘဲ ရဲစခန်းမှာ လူပျောက်တိုင်ရမလို၊ သတင်းစာမှာ ကြော်ငြာထည့်ရမလို ဖြစ်နေသည်။

ဒီလိုနဲ့ သုံးလေးရက် ကြာသွားသောအခါ ဦးညွန့်သည် အိမ်တံခါး သော့ခတ်ပြီး သူ့ဇာတိမြို့ဖြစ်သော မောင်အေးမိဘများရှိရာ ဇီးကုန်းမြို့သို့ ခရီးထွက်သွားလေသည်။ ဇီးကုန်းမှ ပြန်ရောက်သည့်နေ့မှာပင် ထပ်ခိုးပေါ်က မောင်အေး၏ အဝတ်အစားတွေနဲ့ စာအုပ်တွေကို အိမ်ရှေ့မှာ ပုံပြီး မီးရှို့ပါတော့သည်။ မီးရှို့နေစဉ် အနာဂါမ် စရိုက်တွေ၊ စတုတ္ထဈာန်အင်္ဂါတွေ ပျောက်ပြီး ပါးစပ်က အယုတ္တအနတ္တ ဖရုသ ဝါစာတွေ ထွက်လာတော့သည်။

'ခွေးမနဲ့ တိရစ္ဆာန် ညားနေကြပြီလေ၊ ဇီးကုန်းမြို့နယ် တရားရုံးမှာ လူပျို အပျိုတွေပါလို့ ကျမ်းကျိန်ပြီး လက်ထပ်လိုက်ကြတယ်၊ ငါ့မိန်းမကို ခုနစ်ရက်အတွင်း ပြန်အပ်ရင်အပ်၊ မအပ်ရင် မယားခိုးမှုနဲ့ တရားစွဲပြီး အဲဒီ



ကောင်ကို ထောင်ကျအောင်လုပ်မယ်လို့ သူ့အဖေနဲ့အမေကို ပြောပစ်ခဲ့တယ်'

အန္တပုထုဇဉ်လောက်တောင် ဟန်မဆောင်နိုင်အောင် ဒေါသထွက်နေပြီး ဆောက်တည်ရာမရအောင် သောကဖြစ်နေမှန်း သိ၍ ကိုစိုးလှိုင်က ထိုက်သင့်သည့် ပဋိသန္ထာရလေးများဖြင့် အားပေးစကား ပြောရသည်။

'ဦးညွန့်က တရားရှိတဲ့ ပုဂ္ဂိုလ်ပဲဗျာ၊ အမိုက်အမဲတွေကို ခွင့်လွှတ်ပြီး တရားနဲ့နေလိုက်ပါ၊ မခင်နွယ် မရှိတော့ အနှောင့်အယှက်ပေးမယ့် သူလဲ မရှိတော့တဲ့အတွက် လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်အလုပ်ကိုယ်လုပ်လို့ ရပြီပေါ့၊ အဆိုးထဲက အကောင်းလို့ပဲ သဘောထားလိုက်ပါ'

'မကောင်းဘူးဗျ၊ ကိုယ့်အလုပ် ကိုယ်လုပ်ဖို့အတွက်က ပါရမီဖြည့်ဖက်ဆိုတာ လိုသေးတယ်'

ကိုစိုးလှိုင် ဘာဆက်ပြောရမှန်း မသိ၍ ပါးစပ်ပိတ်သွားသည်။ ဘာမှ မပြောတော့ဘဲ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းပီသစွာဖြင့် ခြင်ထောင်ထဲက အနာဂါမ်ကြီးအတွက် ပါရမီဖြည့်ဖက် ပြန်လည်ရရှိရေး အကူအညီ ပေးရဦးမည်ပါလား ဟုသာ နားလည်လိုက်ရပါတော့သည်။

'သဗ္ဗေ သင်္ခါရ အနိစ္စ'

**မှတ်ချက်။** ။စွန်းလွန်းဂူဆရာတော် ဦးကဝိ လောင်းလျာ ဦးကျော်ဒင် ဇနီး ဒေါ်ရွှေရည်၊ ကပ္ပိယ ဦးပြောင်းတို့အကြောင်း ခိုင်လုံသော အထောက်အထား ရှိပါသည်။ မြမှာစရိယ ဦးဌေးလှိုင်ရေးသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ် စွန်းလွန်းဂူ ဆရာတော် ကဏ္ဍမှာလည်း တွေ့နိုင်ပါသည်။ (စာရေးသူ)

[ ဒီလှိုင်း။ ။နိုဝင်ဘာ၊ ၁၉၉၅ ]

**အဏ္ဏဝါစိုးမိုး**

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏
## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၄၂ ။ရခိုင်ပြည်နယ်၊ ဂွမြို့နယ်အတွင်းရှိ ကျိန္နလီရွာ အဖ ဦးဘအေ အမိ ဒေါ်စိန်ဥ တို့၏ မွေးချင်းသုံးယောက်အနက်မှ အငယ်ဆုံး အမည်ရင်း မောင်စိုးမြင့်၊ ငယ်နာမည် မောင်ညီညီ ဖြစ်သည်။

၁၉၆၀ ။ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်သည်။

၁၉၆၃ ။တပ်မတော် ရေတပ်သို့ဝင်သည်။

၁၉၇၀ ။တပ်တွင်း ပညာရေးကျောင်းမှ ဆယ်တန်းအောင်သည်။

။လုပ်သားကောလိပ်တွင် ၇ နှစ် သင်ယူခဲ့သော်လည်း စာမေးပွဲကျ၍ မြန်မာစာနောက်ဆုံးနှစ် (စာတန်း တင်သွင်းပြီး)မှ ဆက်မဖြေတော့ပဲ သင်္ဘောသားဖြစ်ခဲ့သည်။

၁၉၇၅ ။တပ်ကြပ်(ဆက်သွယ်ရေး) ဘဝဖြင့် အငြိမ်းစားယူသည်။

Eastwind Shipmanagement Pte Ltd. Singapore ကုမ္ပဏီတွင် ရေဒီယိုဆက်သွယ်ရေးအရာရှိအဖြစ် အမှုထမ်းသည်။

၁၉၉၈ ။ပန်းပန်မှ နန်းဆန်တော့သည် လုံးချင်းဝတ္ထုရှည် ထုတ်ဝေသည်။


ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆ ရပ်ကွက်၊ အပိုင်း ၃ရှိ ပြည်သာယာလမ်း၊ အမှတ် ၃၅၇-က တွင် ဇနီး၊ သမီး ၃ ယောက်၊ သား ၁ ယောက်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။

## လတ်တလောရရှိနိုင်သည့် စာပေလောက စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | ညီတော်အာနန္ဒာတစ်သက်တာ | ဝဏ္ဏသီရိ | ၇၀၀ |
| ၂။ | မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း | မင်းလှအောင်ကြီး | ၃၀၀ |
| ၃။ | ဗုဒ္ဓဘာသာဝင်လက်စွဲ | အရှင်သေဋ္ဌိလ | ၁၂၅ |
| ၄။ | တိုးတက်ခြင်းဆုတ်ယုတ်ခြင်း | ချစ်ဦးညို | ၈၀ |
| ၅။ | သောကကင်းဝေးနေနိုင်ရေး | တက်တိုး | ၇၅၀ |
| ၆။ | အချစ်နှင့် စိတ်ပညာ | တက်တိုး | ၃၅၀ |
| ၇။ | ဂန္ထဝင်အချစ်ကဗျာ | မောင်ဇေ | ၂၅၀ |
| ၈။ | ယောနသံစင်ရော် | ဘသန်း(ခမ္မိက) | ၁၅၀ |
| ၉။ | အိမ်သုံးဆေးအသုံးနှင့်အပြစ် | ဉာဏ်မိုး | ၃၀၀ |
| ၁၀။ | အမွေ | ဦးအောင်သင်း | ၁၅၀ |
| ၁၁။ | ဝတ္ထုတို ၃ | မိုးမိုး(အင်းလျား) | ၂၅၀ |
| ၁၂။ | မဂ္ဂဇင်းဝတ္ထုရှည် | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၁၃။ | မှတစ်ပါးအခြားမရှိပြီ | မိုးမိုး(အင်းလျား) | ၂၀၀ |
| ၁၄။ | မသုဓမ္မစာရီ | မိုးမိုး(အင်းလျား) | ၂၅၀ |
| ၁၅။ | ညီမလေးကအချစ်ကိုကိုးကွယ်သတဲ့လား | ။ | ၂၅၀ |
| ၁၆။ | သမုဒ္ဒရာခုနစ်စင်းမြစ်မင်းတစ်ဆယ့်သုံးသွယ် | ။ | ၂၅၀ |
| ၁၇။ | မိတ္တဗလဋီကာ | ဦးနု | ၈၀၀ |
| ၁၈။ | အာဇာနည် | ဦးနု | ၁၅၀ |
| ၁၉။ | ချက်ပြုတ်နည်းစွယ်စုံ | ခင်(တိုင်းရင်းမေ) | ၃၅၀ |
| ၂၀။ | အာသာ အက်ရှ် | ကျောက်ဘီလူးတင်မောင်ဆွေ | ၄၀၀ |
| ၂၁။ | တစ်သက်တာမှတ်တမ်း | ရွှေဥဒေါင်း | ၁၀၀၀ |
| ၂၂။ | သားငယ်သမီးငယ်ထိန်းကျောင်းခြင်း | ဆူဒိုနင် | ၃၀၀ |
| ၂၃။ | ခေါင်းဆောင်မှုပညာ | ဦးလှမင်း | ၁၅၀ |
| ၂၄။ | မြန်မာ့အစားအစာနှင့်အာဟာရ | ဦးကျော်ဦး | ၃၀၀ |
| ၂၅။ | ကဗျာပေါင်းချုပ် | ဇော်ဂျီ | ၃၅၀ |

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com